ရင်ငြိမ်းစာပေ

# သူဌေးကြီး ဖြစ်နည်း



## စွမ်းထက်အောင်

Graphic Design: COBAIN 0973052581

# သူဌေးကြီးဖြစ်နည်း

---

စွမ်းထက်အောင်



ဖြန့်ချိရေး
ရင်ငြိမ်းစာပေ
ဖုန်း - ၀၉၅၁၀၀၅၅၂

# မာတိကာ

၁။ ချမ်းသာကြွယ်ဝခြင်း မြစ်ဖျားခံရာ
၂။ ချမ်းသာကြွယ်ဝခြင်းအတွက် နည်းလမ်း(၁၂)ချက်
၃။ အပြုစိတ်ရှင်သန်စေရန် လေ့ကျင့်နည်း
၄။ အနစ်နာခံပြီး ဆောင်ရွက်ပါ
၅။ အောင်မြင်မှုများကို လက်တွေ့ကွင်းဆင်းလေ့လာခြင်း
၆။ ယုံကြည်မှု စွမ်းအင်
၇။ ဆွဲငင်မှု
၈။ အတ္တစိတ်ကို ထိန်းချုပ်ခြင်း
၉။ စနစ်တကျဖြစ်ပေါ်လေ့ရှိတဲ့ စွမ်းအင်
၁၀။ သောကဆိုတာ
၁၁။ ချမ်းသာခြင်းသည် သင့်ခန္ဓာကိုယ်ထဲမှာရှိသည်
၁၂။ မိမိစိတ်ကို ဝေဖန်သုံးသပ်ခြင်း

## ချမ်းသာကြွယ်ဝခြင်း မြစ်ဖျားခံရာ

သူ့နာမည်က အင်ဒရူးကာနေဂျီ။

• သူဟာ သံမဏိနဲ့ ပတ်သက်တဲ့ စီးပွားရေးလုပ်ငန်းမှာ ကေရာဇ်တစ်ယောက်လို လွှမ်းမိုးချုပ်ကိုင် ထားနိုင်တဲ့သူဖြစ်တယ်။ သူ့အနေနဲ့ ဒါလာကုဋေပေါင်းများစွာ ပိုင်ဆိုင်ကြွယ်ဝခဲ့သူ တစ်ယောက်ပါပဲ။ သူဟာ အတွေးအခေါ် အမြော်အမြင် အင်မတန်ကောင်းတယ်။ ဒါကြောင့်လည်း အခုလို ကုဋေကုဋာချီပြီး ချမ်းသာလာခဲ့တာပါ။ နိုင်ငံတကာမှာ ရှိရှိသမျှ စီးပွားရေးလုပ်ငန်းရှင်တွေအားလုံးက လေးစားခြင်းကို ခံခဲ့ရသူဖြစ်တယ်။ စီးပွားရေးလောကို ခါးစောင်းတင်နိုင်တဲ့ အရည်အသွေး အမြင့်မားဆုံးပုဂ္ဂိုလ် ဖြစ်နေလို့ပါပဲ။

အင်ဒရူးကာနေဂျီဟာ သူ့လုပ်ငန်းကို အောင်မြင်စွာနဲ့ အထွတ်အထိပ်ရောက်နေချိန်မှာပဲအနားယူလိုက်တယ်။ တစ်ချိန်တည်းမှာပဲ သူဘာကြောင့်ချမ်းသာလာရတယ်။ ဘယ်လိုတွေးခေါ်မြော်မြင်လုပ်ကိုင်ဆောင်ရွက်မှုတွေကြောင့် ကြွယ်ဝလာရတယ် ဆိုတာတွေကို ပြန်လည်သုံးသပ်ကြည့်တယ်။ အဲဒီအခါမှာ တခြားလူတွေကိုလည်း သူ့လိုပဲ ချမ်းသာကြွယ်ဝစေချင်စိတ်ဖြစ်ပေါ်လာခဲ့တယ်။ ဒါကြောင့် လုပ်ငန်းနဲ့ပတ်သက်တဲ့ အတွေ့အကြုံတွေကို အရင်းတိုင်းပြန်လည်ဖော်ထုတ် လက်ဆင့်ကမ်းဖို့အတွက် မွန်မြတ်တဲ့စေတနာကိုအရင်းခံပြီးကြံစည်ခဲ့တာပါ။ အဲဒီအတွေ့အကြုံတွေကိုစနစ်တကျရေးသားပြုစုနိုင်မယ့် လူတစ်ယောက်လိုလာပြီ။

အင်ဒရူးကာနေဂျီရဲ့ ဖြစ်ရပ်မှန်ဆိုလိုရင်းကို...ကွက်ကွက်ကွင်းကွင်းရေးသားဖော်ပြနိုင်ဖို့က အင်မတန်အရေးကြီးပါတယ်။

**ဒါကြောင့် ဒီစာအုပ်ကိုစတင်ဖတ်ရှုနေတာ လူတစ်ယောက်ဟာ အမှန်တကယ် ချမ်းသာကြွယ်ဝချင်လို့ပဲဖြစ်ပါတယ်။**

ဒီစာအုပ်ကို ကျေကျေညက်ညက်ရှုလို့ ပြီးဆုံးသွားတာနဲ့ တစ်ပြိုင်နက်တည်း ချမ်းသာကြွယ်ဝမှုရဲ့ အခြေခံသဘောတရားဟာ သူ့ဦးနှောက်ထဲမှာ စိမ့်ဝင်စွဲမြဲသွားစေရမယ်။ နောက်ပြီး အဲဒီအခြေခံသဘောတရားကို သူကိုယ်တိုင်လက်တွေ့အကောင်အထည်ဖော်ကြည့်လိုတဲ့ ဆန္ဒတစ်ခု ဖြစ်ပေါ်လာရမယ်။ ဆန္ဒပြင်းပြမှုကို မထွက်ိုင်ထားပြီး လှုပ်ရှားလုပ်ကိုင်လိုက်တာနဲ့ တစ်ပြိုင်နက် အဆင်ပြေချောမွေ့အောင်မြင်စေရမယ်။ အဲဒါဟာ အင်ဒရူးကာနေဂျီရဲ့ဆန္ဒဖြစ်ပါတယ်။

နောက်ပြီး သံမဏိလုပ်ငန်းပိုင်ရှင် သူကြွယ်ကြီးအင်ဒရူးကာနေဂျီဟာ သူတစ်ယောက်တည်းရဲ့ ချမ်းသာကြွယ်ဝမှုသဘောတရားတစ်မျိုးတည်းမဟုတ်ဘဲ သူ့ထက်စောပြီးစီးပွားရေးလောကကို ကိုင်လှုပ်နိုင်တဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ အတွေ့အကြုံတွေကိုပါ အလျဉ်းသင့်သလို ဖော်ပြခဲ့ပါသေးတယ်။

အဲဒီပုဂ္ဂိုလ်ကြီးတွေထဲမှာ ကမ္ဘာကျော် ဟင်နရီဖို့ဒ်လည်း တစ်ယောက်အပါအဝင်ဖြစ်ခဲ့တယ်။ ဟင်နရီဖို့ဒ်ဟာအင်မတန်ဆင်းရဲနွံချာလှတဲ့ ဘဝနဲ့ကြီးပြင်းခဲ့ရသူပါ။ ကျောင်းစရိတ် မတတ်နိုင်လို့ ကျောင်းရဲ့ဝေယျာဝစ္စတွေကို ပင်ပန်းကြီးစွာလုပ်ကိုင်ပြီးမှ အဲဒီလုပ်အားခကို စာသင်ဖို့ စရိတ်အဖြစ် သတ်မှတ်ခဲ့ရတာပါ။ အင်မတန်ချမ်းအေးတဲ့ ရာသီဥတုဒဏ်ကိုမီးလှုံဖို့ ကျောက်မီးသွေးဖိုး မတတ်နိုင်တဲ့အတွက် သူ့တစ်ကိုယ်လုံးခိုက် ခိုက်တုန်နေတာကို လက်ဖဝါးတွေနဲ့နှာနှာပွတ်ပြီး အချမ်းဖြေခဲ့ရသူပါ။ ကျန်တဲ့ကျောင်းသားလေးတွေက မကြည့်ရက်လို့ တစ်ချိန်မှာ ချမ်းသာကြွယ်ဝသူဟင်နရီဖို့ဒ်ဖြစ်လာမယ့် ကောင်လေးကိုဝိုင်းပြီး ကူညီပံ့ပိုးပေးကြရတယ်။

အဲဒီအချိန်တုန်းက သူဟာ အချမ်းဒဏ်ကိုခံနိုင်ဖို့ အနွေးနွေးထည်ဝယ်ဖို့ မပြောနဲ့၊ တစ်နေ့တစ်နေ့ သူများ လွှတ်ပစ်ထားတဲ့ အာလူးအပုပ်အရိတွေကနေ ပုပ်တဲ့ရိတဲ့နေရာကိုလှီးပြီး ကျန်တဲ့အာလူးသားကိုမီးဖုတ်ပြီး သူ့ဝမ်းဗိုက်ကို အနိုင်နိုင်ဖြည့်ခဲ့ရသူပါ။

အဲဒီလို ငေါ်တစ်လှည့် ပြတ်တစ်လှည့်ဘဝနဲ့ ကျင်လည်ခဲ့ရတဲ့ ဟင်နရီဖို့ဒ်ဟာ တစ်ခေတ် တစ်ချိန်ခါမှာ မော်တော်ကားလောကကို ဦးဆောင်သူတစ်ယောက် ဖြစ်လာခဲ့ပါတယ်။

ဒါဆိုရင် စာဖတ်သူရဲ့လက်ရှိဘဝပေးအခြေအနေကို ဟင်နရီဖို့ဒ်ရဲ့ ငယ်စဉ်ကအခြေအနေနဲ့ နှိုင်းယှဉ်ကြည့်လိုက်ပါ။ ဘယ်နည်းနှင့်မဆို စာဖတ်သူကဖို့ဒ်ထက် သာလွန်နေမှာအမှန်ပါပဲ။ ဒါကြောင့် ဖို့ဒ်ဘယ်နည်းနဲ့ဘယ်လိုကြိုးစားတယ်။ ဘယ်လိုအတွေးအခေါ်တွေကြောင့် ချမ်းသာကြွယ်ဝလာတယ်ဆိုတာကိုသဘောပေါက်ဖို့ပဲ လိုအပ်ပါတယ်။ ဒါဆိုရင် စာဖတ်သူဟာ သူ့လိုပဲစီးပွားရေးလောကမှာ တိုးတက်အောင်မြင် လာဖို့ ရာနှုန်းပြည့် သေချာနေပါပြီ။

နောက်တစ်ယောက်က **အက်ဖ်ဒဗလျူဝူးဝေါ့သ်**ဆိုတဲ့ လူပါပဲ။ အဲဒီ ပုဂ္ဂိုလ်ကြီးရဲ့ ချမ်းသာကြွယ်ဝမှုသဘောတရားတွေဟာ အခြေအနေမဲ့ဘဝကနေရှန်းကန်ကြိုးပမ်းမှုနှင့်အတူ ရရှိလာတဲ့တွေးခေါ်မြော်မြင်မှုတွေကြောင့် နိုင်ငံတကာရဲ့ မြို့ကြီးပြကြီးတွေမှာဖွင့်လှစ်ထားတဲ့ **ဝူးလ်ဝေါ့သ်စတိုးဆိုင်**ကြီး တွေဖြစ်ပေါ်လာပါတယ်။ စတိုးဆိုင်ဆိုလို့ ပေါ့ပေါ့တန်တန် စတိုးဆိုင်မျိုး မဟုတ်ပါဘူး။ အထပ်ပေါင်းများစွာရှိပြီးကျယ်ဝန်းတဲ့အရောင်းခန်းမတွေနဲ့ဖြစ်တယ်။

အဲဒီအရောင်းခန်းမတွေမှာ လူသုံးပစ္စည်းမျိုးစုံကို လိုလေသေးမရှိပြည့်ပြည့်စုံစုံအလွယ်တကူဝယ်ယူရရှိနိုင်ပါတယ်။ ကြက်၊ ဝက်၊ သားငါးလတ်လတ်ဆတ်ဆတ်တွေ၊ စည်သွပ်တွေ၊ ဟင်းချက်စရာသီးနှံတွေ၊ အဝတ်အထည်တွေ၊အထည်အလိပ်တွေ၊ အလှပြင်ပစ္စည်းတွေ၊ စက်မှုပစ္စည်းတွေစတဲ့.... ဘာမဆိုလိုချင်တာ အားလုံးအပြည့်အစုံ ရောင်းချပါတယ်။ **ဝူးလ်ဝေါ့သ်**လို့ အမည်တပ်ထားတဲ့ စတိုးဆိုင်ထဲ ရောက်သွားတာနဲ့ တစ်ပြိုင်နက် အရောင်းခန်းမ အဆောင်ဆောင်ဟာ စာဖတ်သူရဲ့ဝယ်လိုစိတ်ကို ဖမ်းစားညှို့ယူနိုင်စွမ်းရှိတဲ့မွမ်းမံပြင်ဆင်မှုတွေကြောင့် တစ်ခုမဟုတ်တစ်ခုကိုတော့ ဝယ်ဖြစ်သွားတော့မှာ သေချာပါတယ်။

'အပ်'လောက် သေးမွှားတဲ့ပစ္စည်းကအစ၊ ကြီးမားတဲ့စက်မှုပစ္စည်းအထိ "မရှိဘူး" ဆိုတဲ့ စကားကို ပြောလို့မရလောက်အောင် ပြည့်ပြည့်စုံစုံ ရောင်းချနိုင်တဲ့ စတိုးဆိုင်ဖြစ်ပါတယ်။

**သောမတ်စ်အေအယ်ဒီဆင်**ဆိုတဲ့ပုဂ္ဂိုလ်ဟာ လျှပ်စစ်လောကကို စတင်တီထွင်ခဲ့သူပါ။ သူဟာဆိုးဆိုးရွားရွားငတ်မွတ်ခေါင်းပါးတဲ့ ဘဝကနေအစပြုခဲ့ရာက ကြိုးစားအားထုတ်မှုကြောင့်အောင်မြင်မှုပန်းတိုင်ကို ဆုပ်ကိုင်နိုင်ခဲ့သူဖြစ်ပါတယ်။

**ဟာဗေးဖိုင်ယားစတုံး** အပါအဝင် စီးပွားရေးလောကမှာ 'စံ'ထားလောက်တဲ့အထိ အောင်မြင်မှုသရဖူဆောင်းနေကြတဲ့အချို့ပုဂ္ဂိုလ်တွေရဲ့ (ပဓာနအကျဆုံး)ကိုယ်တိုင်ကိုယ်ကျ ကျင့်သုံးခဲ့တဲ့သဘောတရားတွေကိုပါ စုစည်းဖော်ပြဖို့ အင်ဒရူးကာနေဂျီကဆုံးဖြတ်လိုက်ပါတယ်။

ဒါပေမယ့် သူ့အနေနဲ့အဲဒီပုဂ္ဂိုလ်တွေကို သွားရောက်တွေ့ဆုံမေးမြန်းပြီး အချက်အလက် စုဆောင်းဖို့မဖြစ်နိုင်တော့ပါဘူး။ အဲဒီအချိန်မှာ သူဟာ အသက်(၇၀)ဝန်းကျင် ဖြစ်နေပါပြီ။ ဒါကြောင့်စိတ်ဓါတ်တက်ကြွစွာနဲ့ သူလိုချင်တဲ့အချက်အလက်တွေကို အာရုံစိုက်အချိန်ယူပြီး စုဆောင်းနိုင်မယ့် လူရွယ်တစ်ယောက်လိုအပ်လာပါတယ်။

အင်ဒရူးကာနေဂျီဟာ သူ့ပိုချင်တဲ့ အရည်အချင်းပြည့်ဝ 'စံ'မီတဲ့ လူရွယ်တစ်ယောက်ရဖို့အတွက် စာနယ်ဇင်းထဲမှာကြော်ငြာထည့်လိုက်ပါတယ်။လျှောက်ထားသူ(၂၅၀)ကျော်ကို အင်ဒရူးကိုယ်တိုင် အင်တာဗျူးလုပ်ခဲ့ပါတယ်။ အဲဒီ လူတွေထဲမှာ စိတ်တိုင်းကျဖြစ်မယ်လို့ယူဆရတဲ့ လူတစ်ယောက်ကို ရွေးချယ်လိုက်ပါတယ်။

အရွေးချယ်ခံလိုက်ရတဲ့လူရွယ်က **နပိုလီယံဟေးလ်**ဖြစ်ပါတယ်။ အင်ဒရူးကာနေဂျီဟာ နပိုလီယံဟေးလ်ကို သူ့အောင်မြင်မှုတွေနဲ့ပတ်သက်ပြီး ဖော်ထုတ်ပြောဆိုခဲ့တယ်။

နိုင်ငံတကာမှ အဲဒီလိုမျိုး အောင်မြင်နေကြတဲ့ ပုဂ္ဂိုလ်တစ်

ဦးချင်းစီရဲ့ လက်တွေ့အကောင်အထည်ဖော်လို့ရမယ့် အတွေးအခေါ် အမြော်အမြင်တွေကို စုဆောင်းဖို့အတွက် လူကိုယ်တိုင်သွားရောက်တွေ့ဆုံရမယ့် အကြောင်းကိုပါပြောပြခဲ့တယ်။

တစ်ဦးချင်းအလိုက် အောင်မြင်မှု သရုပ်ဖော်ဆောင်းပြီး ချမ်းသာကြွယ်ဝသူတွေဆီက အချက်အလက်တွေစုဆောင်းဖို့၊ အဖွဲ့တစ်ဖွဲ့ ဖွဲ့ပေးမယ့်အကြောင်းနဲ့ အဲဒီ အဖွဲ့ထဲမှာပါဝင်မယ့် အဖွဲ့ဝင်တွေကိုဦးဆောင်ပြီး လုပ်ငန်းအောင်မြင်စွာပြီးမြောက်တဲ့အထိ တာဝန်ယူဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိကိုမေးမြန်းလိုက်တယ်။ အဲဒီအခါမှာ နပိုလီယံဟေးလ်ဆိုတဲ့ လူရွယ်က အင်ဒရူးကာနေဂျီ ဖြစ်စေချင်တဲ့ သဘောတရားကိုစိတ်ဝင်စားတဲ့အတွက် အဲဒီလုပ်ငန်းအောင်မြင်စွာပြီးစီးတဲ့အထိ ဆောင်ရွက်နိုင်ကြောင်း ဝန်ခံကတိပေးလိုက်တယ်။

**အဲဒီ ရည်မှန်းချက်တိကျမှုဟာ အင်ဒရူးကာနေဂျီ လိုအပ်နေတဲ့အချက် ဖြစ်ပါတယ်။**

နောက်ထပ် မေးခွန်းတစ်ခုကို နပိုလီယံဟေးလ်က အင်ဒရူးကာနေဂျီကို ပြန်မေးပါတယ်။

"အဲဒီကြီးကျယ်တဲ့ လုပ်ငန်းကြီးတစ်ခုကို လုပ်ကိုင်မယ့်ကိစ္စမှာ ဘာကြောင့်ငွေပေးဖို့တုံ့ဆိုင်းရသလဲ" လို့ဆိုတော့ အင်ဒရူးကာနေဂျီက…

"သူပေးတဲ့တာဝန်ကိုဆောင်ရွက်ရင်းနဲ့ စီးပွားရေးအရင်းရှင်တွေ၊ ထိပ်တန်း စက်မှုလုပ်ငန်းရှင်ကြီးတွေဆီက ရလာမယ့်အတွေ့အကြုံတွေဟာ သူ့ဆီကရမယ့် လစာငွေထက် အဆပေါင်းများစွာ ပိုမိုဖြစ်ထွန်းလာနိုင်ကြောင်း၊ ပစ္စုပ္ပန်ကာလမှာ စီးပွါးရေးမအောင်မြင်ဘဲ ချွတ်ခြုံကျနေသူတွေဟာ အဲဒီအချက်အလက် အတွေ့အကြုံတွေ ရေးသားပြုစုထားတဲ့စာအုပ်ကိုဖတ်ပြီး သူတို့ကိုယ်တိုင်ကြိုးစားအားထုတ်ချင်စိတ်တွေ ဖြစ်ပေါ်လာနိုင်ကြောင်း၊ အနာဂတ်ကာလမှာ ဆက်လက်ထွန်းကားလာမယ့် လူငယ်လူရွယ်တွေဟာလည်း ကြွယ်ချမ်းသာခြင်း နည်းလမ်းတွေကြောင့် အကျိုးတရားတွေရရှိလာနိုင်တဲ့

အတွက် အဲဒီ လူတွေအားလုံးကို နပိုလီယံဟေးလ်က အကျိုးပြုရာရောက်ကြောင်း" ပြည့်ပြည့်စုံစုံ ရှင်းပြလိုက်တယ်။

အဲဒီအချိန်ကစပြီး နပိုလီယံဟေးလ်ဟာ အင်ဒရူးကာနေဂျီ ပေးအပ်လိုက်တဲ့တာဝန်ကို ဆောင်ရွက်လုပ်ကိုင်ခဲ့တယ်။ နှစ်ပေါင်း နှစ်ဆယ်ကြာတဲ့အခါမှာ ချမ်းသာကြွယ်ဝတဲ့ အောင်မြင်မှုနည်းလမ်းနဲ့ပတ်သက်ပြီးကျမ်းစာအုပ်တစ်အုပ်အောင်မြင်စွာပြီးမြောက်ခဲ့တယ်

အဲဒီကျမ်းမှာ အတွဲရှစ်တွဲ ပါဝင်ပါတယ်။

အဲဒီကြီးပွားချမ်းသာရေးကျမ်းကို နိုင်ငံတကာမှာဘာသာမျိုးစုံနဲ့ အကြိမ်ပေါင်းများစွာပြန်ဆိုရေးသား ထုတ်ဝေဖြန့်ချိခဲ့တဲ့အတွက် စောင်ရေသန်းပေါင်းများစွာ ပျံ့နှံ့သွားပါပြီ။ အဲဒီကျမ်းကိုဖတ်ရှုပြီး လက်တွေ့လိုက်နာကျင့်သုံး အကောင်အထည်ဖော် အားထုတ်လုပ်ကိုင်ကြသူတွေဟာလည်း ကမ္ဘာပေါ်မှာ အနမတဂ္ဂတိုးတက်ကြီးပွားချမ်းသာ နေကြပါတယ်။

နပိုလီယံဟေးလ်ဆိုတဲ့ လူရွယ်ဟာ ပထမဆုံးအတွေ့အကြုံနဲ့ပတ်သက်တဲ့ချမ်းသာကြွယ်ဝစေတဲ့သဘောတရားစာအုပ်ကိုထုတ်ဝေဖြန့်ချိခဲ့သေးတယ်။ အဲဒီခေတ်က ရောင်းအကောင်းဆုံးစံချိန်တင်ခဲ့ပြီး အသားတင်အမြတ်ငွေအဖြစ် (ပထမအကြိမ် ထုတ်)အတွက် အမေရိကန်ဒေါ်လာသန်းပေါင်း(၃၀)ကျော် ရရှိ ခဲ့ပါတယ်။

အခုချိန်မှာ အဲဒီစာအုပ်တစ်အုပ်တည်းကိုပဲ အကြိမ်ပေါင်းတစ်ဒါဇင်ထက်မနည်း ပြန်လည်ထုတ်ဝေ ဖြန့်ချိခဲ့ရာမှ ..အမေရိမေရိကန်ဒေါ်လာ သန်းပေါင်း(၅၀၀)ကျော်တဲ့အထိ အမြတ်ငွေရရှိခဲ့ပါပြီ။

.....

## ချမ်းသာကြွယ်ဝခြင်းအတွက် နည်းလမ်း (၁၂) ချက်

**၁။ စိတ်ကောင်းထားခြင်း**

ချမ်းသာကြွယ်ဝမှုတိုင်းဟာ ချမ်းသာချင်တဲ့ စိတ်ကိုအခြေခံနေတာ အမှန်ပါ။ ချမ်းသာချင်စိတ်ရှိသူဟာ ချမ်းသာအောင်လုပ်ဖို့ အာရုံစိုက်ရမှာ သေချာနေပါတယ်။ ချမ်းသာဖို့ အာရုံစိုက်လိုက်တဲ့အခါမှာ တခြားအာရုံတွေဆီကို လွင့်ပျံ့မသွားအောင် ထိန်းချုပ်လုပ်ကိုင်ရပါတယ်။

လူသားတွေရဲ့ ထူးခြားတဲ့စွမ်းရည်ဟာ စိတ်ကိုထိန်းချုပ်နိုင်နိုင်ခြင်းဖြစ်ပါတယ်။ စိတ်ကို ဦးနှောက်ရဲ့ဗဟိုချက်မတစ်နေရာမှာ စုစည်းလိုက်ပြီးမှ မိမိလိုအပ်တဲ့နေရာကို တွန်းပို့လိုက်တဲ့သဘောမျိုးပါပဲ။ အဓိကအရေးကြီးတာက စိတ်နေသဘောထားပဲ ဖြစ်ပါတယ်။ အဲဒါကလူသားတစ်ယောက်ရဲ့ လက်ရှိဘဝပေးအခြေအနေမှာ မျှော်မှန်းချက် ပန်းတိုင်ကိုရောက်အောင် တွန်းပို့နိုင်မယ့် အကြောင်းရင်းဖြစ်နေပါတယ်

စိတ်သဘောထားထားရမှာက အပြုစိတ်သဘောထားဖြစ်ရပါမယ်။ ဒါဟာ ချမ်းသာကြွယ်ဝမှုမှန်သမျှရဲ့ ရုပ်ပိုင်းနှင့်စိတ်ပိုင်းနှစ်မျိုးစလုံးနှင့် ပတ်သက်ဆက်နွယ်နေပါတယ်။ မိတ်ဆွေအစစ်အမှန်များ ရရှိလာခြင်း၊ နောင်ဖြစ်ပေါ်လာမယ့် အကျိုးတရားအတွက် ကြိုတင်ဝမ်းမြောက်ရခြင်း…စတဲ့ ခံစားမှုတွေဟာ **"အပြုစိတ်"** သဘောထားကြောင့် ဖြစ်ပါတယ်။

အပြုစိတ်သဘောထားနိုင်သူအတွက် ပတ်ဝန်းကျင်မှာ ရှိရှိသမျှအရာခပ်သိမ်းဟာ ကြည်နူးစရာတွေသာဖြစ်နေမှာပါ။

**၂။ ခန္ဓာကိုယ် ကြံ့ခိုင်ရေး**

ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ရေးအတွက်အာဟာရဖြစ်စေနိုင်စေနိုင်တဲ့အစားအစာကို လိုအပ်တဲ့အတိုင်းအတာ တစ်ခုအထိစား

သောက်ရပါမယ်။ ဒါမှသာကျန်းမာကြံ့ခိုင်စွာနဲ့ ရည်မှန်းချက်အောင်မြင်တဲ့အထိ လုပ်ကိုင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

**၃။ ပေါင်းသင်းဆက်ဆံရေး အဆင်ပြေခြင်း**

လူတိုင်းနဲ့ ဆက်ဆံပေါင်းသင်းတဲ့အခါမှာ အဆင်ပြေပြေဆက်ဆံနိုင်တဲ့ လူတွေဟာ အောင်မြင်နေကြသူတွေဖြစ်ပါတယ်။ဒါကြောင့်မိမိလုပ်ငန်းအောင်မြင်ဖို့ရာအဆင်ပြေပြေဆက်ဆံမှုဖြစ်မှာပါ

**၄။ စိုးရိမ်စိတ် ကင်းမဲ့ခြင်း**

ချမ်းသာချင်တဲ့လူဟာ လုံးဝ စိုးရိမ်သောက မရှိရပါဘူး။ တကယ်လို့ စိုးရိမ်စိတ်ဖြစ်ပေါ်လာရင်လည်း ဖြစ်ပေါ်နေတဲ့ အခြေခံအကြောင်းတရားကို မြန်မြန်ဆန်ဆန် ဖျောက်ပစ်ရ မှာပါ။

စိုးရိမ်သောက အမျိုးအစားတွေကတော့……

**ဆင်းရဲမှာကို စိုးရိမ်ခြင်း၊**

**သူများက အပြစ်ပြောမှာ စိုးရိမ်ခြင်း၊**

**မကျန်းမာဖြစ်မှာကို စိုးရိမ်ခြင်း၊**

**သူများ မုန်းမှာ စိုးရိမ်ခြင်း၊**

**လွတ်လပ်မှု မရရှိမှာ စိုးရိမ်ခြင်း၊**

**အိုမင်းသော အရွယ်ကိုရောက်တော့မှာ စိုးရိမ်ခြင်း၊**

**သေဆုံးရမှာကို စိုးရိမ်ခြင်း…..**

ဆိုတဲ့ စိုးရိမ်သောက ခုနစ်ချက်ရှိပါတယ်။ အဲဒီစိုးရိမ်စိတ်တွေဖြစ်ပေါ်နေသူဟာ ချမ်းသာကြွယ်ဝမှုကို မရရှိနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ချမ်းသာကြွယ်ဝခြင်းဆိုတဲ့အဓိပ္ပာယ်ကိုက စိတ်ရောကိုယ်ပါချမ်းသာမှုကို မဟုတ်ပါဘူး။ ဒါကြောင့် စိုးရိမ်စိတ်လုံးဝကင်းမဲ့အောင် ဖျောက်ပစ်ရပါမယ်။

**၅။ အောင်မြင်တော့မယ့် အလားအလာအတွက် မျှော်မှန်းခြင်း**

လူတိုင်းအတွက်ပျော်ရွှင်ကြည်နူးမှု အမျိုးမျိုးရှိကြတယ်။ နောင်တစ်ချိန်မှာ ဖြစ်ပေါ်လာတော့မယ့် အောင်မြင်မှုအတွက် ကြို တင်ပီတိဖြစ်ရခြင်းလောက် ကောင်းတာမရှိပါဘူး။ ကုန်လွန်ခဲ့တဲ့အ

ချိန်က ပျက်စီးဆုံးရှုံးခဲ့ရတာတွေကို တသသ ဖြစ်နေတာဟာ လုံးဝ အကျိုးမရှိပါဘူး။

**၆။ ယုံကြည်ချက်၏အတိုင်းအတာ**

ယုံကြည်ချက်ဆိုတာဟာ အသိစိတ်နဲ့အသိဉာဏ်ကိုပေါင်းစပ်ထားခြင်းဖြစ်ပါတယ်။ စိတ်ကူးဉာဏ်ကို အကောင်အထည်ဖော်ပေးနိုင်တဲ့ အတိုင်းအတာလည်းဖြစ်နေတယ်။ ယုံကြည်ချက်ကိုကြိုးပမ်း အားထုတ်ဆောင်ရွက်မှုနဲ့ တွဲဖက်လိုက်တဲ့အခါမှာ ချက်ချင်းလက်ငင်း အသိဉာဏ်တစ်ခုနဲ့ ဆက်သွယ်မိပါလိမ့်မယ်။ အဲဒီအသိဉာဏ်ဟာ လူတွေအတွက်ချမ်းသာကြွယ်ဝစေမယ့် အကျိုးတရားဖြစ်လာပါလိမ့်မယ်။ ဒါဟာ ယုံကြည်ချက်ရဲ့ အကျိုးပြု အတိုင်းအတာတစ်ရပ်ပါပဲ။

**၇။ စေတနာ အကျိုးပေး**

ချမ်းသာကြွယ်ဝသူဟာ တခြားချို့ငဲ့နွမ်းပါးနေကြသူတွေအပေါ်မှာစေတနာထားတတ်ဖို့လိုပါတယ်။ ကိုယ့်လိုပဲချမ်းသာကြွယ်ဝစေချင်တဲ့ စေတနာသဒ္ဒါတရားတွေဟာ ကိုယ့်ကိုပြန်ပြီးအကျိုးပေးမှာ မလွဲပါဘူး။ "စေတနာကောင်းရင် ကံကောင်းတယ်" ဆိုတဲ့ဆောင်ပုဒ်အတိုင်းပါပဲ။ တကယ်လို့ သာ ကိုယ့်ချမ်းသာကြွယ်ဝမှုကိုတခြားသူတွေအပေါ်မှာ ပြန်လည်အကျိုးရှိအောင် မလုပ်ဘဲနေခဲ့ရင်တော့ အဲဒီ ကြွယ်ဝချမ်းသာမှုဟာ အကျိုးမဲ့ဖြစ်သွားနိုင်ပါတယ်။

**၈။ လုပ်အားကို ချစ်မြတ်နိုးမှု**

မိမိလုပ်ငန်းမှာ စိတ်ရောခန္ဓာပါ အားကြိုးမာန်တက်လုပ်နေသူဟာ စိတ်ချမ်းသာနေပါတယ်။ အလုပ်ထဲမှာ နစ်မြုပ်လုပ်ကိုင်တာဟာ သူ့ဆန္ဒကိုထိထိရောက်ရောက် အကောင်အထည်ဖော်ခြင်းပါပဲ။ လုပ်အားကိုချစ်မြတ်နိုးတဲ့အတွက် တိုးတက်အောင်မြင်မှုကိုရရှိပြီး၊ ကျေနပ်အားရမှုကို ခံစားစံစားရမှာဖြစ်ပါတယ်။

**၉။ အရာရာကို ပွင့်လင်းပါ**

ဟန်ဆောင်မှုကင်းတဲ့ ပွင့်လင်းတဲ့သူအတွက် အရာရာဟာ

ကြည်လင်နေပါတယ်။ ဒါမှသာ ချမ်းသာကြွယ်ဝနိုင်တဲ့နေရာကိုအမြင်ရှင်းရှင်းနဲ့ မလွဲမသွေရောက်နိုင်မှာပါ။

**၁၀။ မိမိကိုယ်ကို ထိန်းသိမ်းခြင်း**

ချမ်းသာကြွယ်ဝချင်သူဟာ မိမိစိတ်ကိုထိန်းသိမ်းနိုင်ဖို့အရေးကြီးပါတယ်။ အဲဒီလို ထိန်းသိမ်းနိုင်မှသာ ကိုယ်မျှော်မှန်းတဲ့ပန်းတိုင်ကို မုချရောက်မှာပါ။ နောက်ပြီး အောင်မြင်မှုလမ်းစပေါ်ကို လျှောက်နေချိန်မှာ မောက်မောက်မာမာမပြောဆိုမိဖို့ အရေးကြီးဆုံးဖြစ်ပါတယ်။ တတ်နိုင်သမျှကိုယ်စိတ်နှလုံးကို ထိန်းသိမ်းရပါမယ်။

**၁၁။ သူတစ်ပါးအပေါ် နားလည်နိုင်ရန် အတိုင်းအတာ**

သူတစ်ပါးရဲ့အမူအကျင့်စရိုက်တွေကို သဘောပေါက်နားလည်ထားရပါမယ်။ လူတွေဟာပဓာနကျတဲ့ အချက်အလက်တွေပေါ်မှာမူတည်ပြီး ပြုမူဆောက်ရွက်ကြပါတယ်။

အဲဒီအချက်တွေကတော့....

**"မေတ္တာရဲ့ခံစားမှု၊ ဖိုမ ခံစားမှု၊ ကြွယ်ဝချမ်းသာခြင်းကိုပိုင်ဆိုင်လိုမှု၊ ဆန္ဒထိန်းသိမ်းစောင့်ရှောက်လိုမှု၊ စိတ်နှင့်ရုပ်ပိုင်းဆိုင်ရာ လွတ်လပ်လိုမှု၊ စိတ်နှင့်ရုပ်ပိုင်းဆိုင်ရာ ဆန္ဒထုတ်ဖော်လိုမှု၊သေလွန်ပြီးသည့်နောက်ပိုင်းမှာ ဘဝကိုအဆက်မပြတ်တည်ရှိလိုမှု၊ ဒေါသခံစားမှုနှင့် ကြောက်စိတ်ခံစားမှု"**....တို့ဖြစ်ပါတယ်။

ပဓာနအကျဆုံး သဘောတရားကတော့ ကိုယ့်ကိုယ်ကိုယ်အရင်ဆုံးနားလည်ထားရပါမယ်။ ဒါမှသာ သူများတွေအပေါ် နားလည်နိုင်ပါလိမ့်မယ်။

**၁၂။ စီးပွားရေး လုံခြုံမှု**

ချမ်းသာကြွယ်ဝခြင်း(၁၂)ရပ်ထဲမှာ အဓိကကျတဲ့အချက်တစ်ချက်ကတော့ စီးပွားရေးလုံခြုံမှုပဲဖြစ်ပါတယ်။ ငွေကြေးပိုင်ဆိုင်မှုဟာ စီးပွားရေးလုံခြုံစိတ်ချရတယ်လို့ ကွက်ကွက်ကလေးပြောလို့မရပါဘူး။

အကျိုးရှိတဲ့ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိနေမှသာ လုံခြုံ

စိတ်ချရတဲ့ စီးပွားရေးဖြစ်တည်နေမှာပါ။ အဲဒီ လုပ်ကိုင်ဆောင်ရွက်မှုမှာ ချမ်းသာကြွယ်ဝမှုမပါဘဲနဲ့လည်း လူတွေအတွက် အကျိုးစီးပွားကိုဖော်ဆောင်နိုင်ပါတယ်။

ဟင်နရီဖို့ဒ်ဆိုတဲ့ လူကြီးတစ်ယောက်ဟာ သူရဲ့စီးပွားရေးလုံခြုံစိတ်ချမှုတစ်ခုတည်းကြောင့် မဟုတ်ပါဘူး၊ အမျိုးသမီးတွေအမျိုးသားတွေအတွက်လည်း ဝန်ထမ်းတွေလုပ်သားတွေဖြစ်လာအောင် အကျိုးဆောင်ရွက်ပေးခဲ့ပါတယ်။ သူ့ကုမ္ပဏီက ထုတ်လုပ်ရောင်းချခဲ့တဲ့ မော်တော်ကားတွေဟာလည်း လူတွေကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့တဲ့အတွက် လွယ်ကူချောမောစွာ သွားလာနိုင်ခဲ့ပါတယ်။ အဲဒီအကျိုးပြုချက်တွေကြောင့် သူ့အတွက် စီးပွားရေးခိုင်မာတောင့်တင်းလာခြင်းဖြစ်ပါတယ်။

ငွေကြေးချမ်းသာကြွယ်ဝစေမယ့်နည်းလမ်းကောင်းများကို စာဖတ်သူအတွက် ဆက်လက်ဖော်ပြတော့မှာဖြစ်ပါတယ်။ စာဖတ်သူက ပထမဆုံးကြိုတင်ပြင်ဆင်ဖို့တော့ လိုပါလိမ့်မယ်။ အဲဒါကတော့…ဆက်လက်ဖော်ပြမယ့် နည်းစနစ်တွေကို လက်တွေ့အသုံးပြုပြီး အကောင်အထည်ဖော်ဖို့ ကြိုတင်ပြင်ဆင်ရမှာပါ။

အပင်မစိုက်ခင် စိုက်ပျိုးမယ့်မြေကို ပထမဆုံးကြိုတင်ပြင်ဆင်တဲ့သဘောမျိုးနဲ့ ထွန်ယက်ခြင်း၊ မြေဆွခြင်းတို့ကိုမလွဲမသွေလုပ်ရပါလိမ့်မယ်။ ဒါမှသာ အောင်မြင်တဲ့အသီးအနှံတွေ အလျှံပယ်ဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။

အဲဒီနည်းအတိုင်း....

ချမ်းသာကြွယ်ဝမှုအသီးအပွင့်တွေ အောင်မြင်ဖြစ်ထွန်းလာဖို့အတွက် မြေကို ကြိုတင်ပြင်ဆင်ထားသလို စာဖတ်သူရဲ့စိတ်ကိုလည်း ရှင်းရှင်းလင်းလင်းတဲ့ တည်တည်ငြိမ်ငြိမ် ထားလိုက်ပါ။

နောက်ပြီးတော့....

ဘယ်လိုကြိုးစားအားထုတ် လုပ်ကိုင်မယ်ဆိုတာကို ယတိပြတ်ဆုံးဖြတ်ချက်ချလိုက်ပါ။ ဒါဆိုရင် ချမ်းသာကြွယ်ဝခြင်းဟာ

သင့်ရှေ့မှောက်ကို မလွဲမသွေ ရောက်လာပါလိမ့်မယ်။

ဖြစ်ချင်လျှင်တကယ်လုပ်၊အဟုတ်ဖြစ်ရမည်။ လိုအပ်ချက်နဲ့ အဲဒီလိုအပ်ချက်ကို ရရှိနိုင်အောင် **ကြံတင်ပြင်ဆင်မှု** စပ်ကြားမှာ ကြားကာလတွေ ရှိနေတတ်ပါတယ်။

နပိုလီယံဟေးလ်ရဲ့ နည်းလမ်းတွေဟာ ကနဦးအစမှာကွင်းစိမ်းတစ်ခုကို ရောက်သွားသလိုဖြစ်လေ့ရှိပါတယ်။ ဒါဟာတိုးတက်ရှိန်အဟုန်ကို နှေးကွေးစေသလို ဖြစ်နေပါတယ်။

လိုအပ်ချက်တိုင်းဟာ အကြောင်းမဲ့သက်သက်ဖြစ်ပေါ်လာတာမဟုတ်ပါဘူး။ကြားကာလမှာခြားနားချက်တွေရှိနေပါလိမ့်မယ်။ အဲဒီခြားနားချက်ကိုသဘောပေါက်ရင် အကျိုးတရားကို မုချခံစားရမှာ အမှန်ပါ။

ဒါကြောင့်နပိုလီယံဟေးလ်တင်ပြမယ့် အတွေးအခေါ်သဘောတရားအသစ်အတွက်စိတ်ရှည်ရှည်ထားပြီးလက်ခံဖို့တိုက်တွန်းလိုက်ပါတယ်။ များပြားတဲ့ ချမ်းသာခနေတွေရရှိဖို့ဆိုရင် "ဖြစ်မှဖြစ်ပါ့မလား" ဆိုတဲ့ သံသယစိတ်ကို ပထမဦးဆုံးဖယ်ရှားပစ်ပါ။

ဆက်သွယ်ရေး စနစ်တီထွင်ခဲ့တဲ့ **ဆမ်မျူယယ်မ်ဝါဘစ်**။ နောက်ပြီး အဲဒီနည်းစနစ်ကိုအခြေခံပြီး ကြေးနန်းစနစ်တီထွင်ခဲ့သူ၊ ပြီးတော့..လျှပ်စစ်မီးလုံးတီထွင်ခဲ့တဲ့ **အယ်ဒီဆင်**။ မော်တော်ကားလုပ်ငန်းကိုစတင်ခဲ့တဲ့ ဖို့ဒ်။ လေယာဉ်တီထွင်ခဲ့တဲ့ ရိုက်စ်ညီနောင်စတဲ့တီထွင်သူတွေဟာ ကွင်းစိမ်းတစ်ခုကိုရောက်သွားတယ်။

အဲဒီပုဂ္ဂိုလ်တွေဟာ "ဒါ...ဖြစ်မှဖြစ်နိုင်ပါ့မလား" ဆိုတဲ့ သံသယစိတ်ကို ကျော်ဖြတ်နိုင်ခဲ့ကြပါတယ်။

အဲဒီအတိုင်းပါပဲ..နပိုလီယံဟေးလ်ဖော်ပြထားတဲ့ချမ်းသာကြွယ်ဝမှု၊ ဥစ္စာခနေအလျှံပယ်ပေါများမှု နည်းလမ်းကို အာရုံစိုက်ပြီးတော့ဆောင်ရွက်ပါ။ သူလမ်းညွှန်ထားတဲ့အတိုင်း လိုက်နာဆောင်ရွက်ပါ။ အဲဒီနည်းလမ်းတွေဟာ သူ့အတွက်အမှန်တကယ် အကျိုးဖြစ်ထွန်းခဲ့ပါတယ်။

စာဖတ်သူလည်း သူ့လိုပဲမလွဲမသွေ အကျိုးကျေးဇူးခံစားရမှာပဲလို့ စိတ်ချလက်ချ ယုံကြည်လိုက်ရမှာဖြစ်ပါတယ်။

**"ရောင်ပြန်ဟပ်မှု နိယာမ"** အရ နပိုလီယံဟေးလ်ကဝေငှပေးလိုက်တဲ့အတွက် အဲဒီအကျိုးတရားကိုစာဖတ်သူ ခံစားစံစားရမှာဖြစ်တယ်။ အဲဒီအတိုင်းလည်း စာဖတ်သူကိုဝေငှပေးလိုက်တဲ့ နပိုလီယံဟေးလ်လည်း ပတ်သက်ဆက်နွယ်မှုအရ ခံစားရပါလိမ့်မယ်။

ကမ္ဘာလောကကြီးမှာ ကိုယ့်အတွက် အကျိုးကျေးဇူးမရရှိဘဲ သူများအကျိုးအတွက်ကိုသာဆောင်ရွက်တဲ့သူ အင်မတန်ရှားပါးနေပါတယ်။ ဒါကြောင့် **အီမာဆန်း**ဆိုတဲ့ ပညာရှင်က "ဘာပဲဖြစ်ဖြစ် သင့်အနေနဲ့တစ်စုံတစ်ခုကို ပြုလုပ်ဆောင်ရွက်လိုက်ပါ၊ ဒါဆိုရင် အဲဒီလုပ်ကိုင်ဆောင်ရွက်မှုစွမ်းအင်ကို သင် တစ်ထစ်ချ ရရှိပါလိမ့်မယ်" လို့ပြောခဲ့တယ်။

**နေဥစ္စာပေါများ ချမ်းသာကြွယ်ဝသူများဟာ အခြားလူများရဲ့ ကူညီဆောင်ရွက်မှုများ မပါဘဲနဲ့ ဖြစ်မလာနိုင်ကြပါဘူး။ တကယ်တော့ အဲဒီလူချမ်းသာတွေဟာ လက်နှစ်ဖက်ကို အသုံးပြုပြီး လှေကားနဲ့တက်ခဲ့ကြပါတယ်။ သူ့လက်တစ်ဖက်ဟာ အပေါ်ကိုရောက်နေနှင့်တဲ့ လူကိုလှမ်းဆွဲပြီး အထက်ကိုဆက်တက်ဖို့ ဖြစ်ပါတယ်။ ကျန်တဲ့ လူ့လက်တစ်ဖက်ကတော့ မိမိနည်းတူ အောက်ကတက်လာတဲ့လူကိုလှမ်းဆွဲပြီး ကူညီပေးပါတယ်။**

အဲဒီနည်းလမ်းကို အသုံးပြုသူတိုင်းဟာ နပိုလီယံဟေးလ်တွေ့ခဲ့သမျှ နေဥစ္စာ ချမ်းသာကြွယ်ဝနေသူတွေသာဖြစ်တယ်လို့ အနိုင်အမာ သုံးသပ်ဆုံးဖြတ်လိုက်ပါတယ်။

ချမ်းသာကြွယ်ဝခြင်းလမ်းမပေါ်ကို ရောက်သွားတဲ့အခါအထူးသတိပြုရမှာက **တစ်စုံတစ်ယောက်ဆီက အကူအညီရဖို့နဲ့၊ တစ်စုံတစ်ယောက်ကိုလည်း ကူညီဖို့**ပဲဖြစ်ပါတယ်။ တခြားလူတွေကိုအကူအညီမပေးဘဲနဲ့ ခိုင်မာတဲ့ နေဥစ္စာချမ်းသာကြွယ်ဝမှုကို ရနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဘဝတစ်လျှောက်လုံး ချမ်းသာကြွယ်ဝမှု

ဖြစ်စေမယ့် အမှန်တရားကို စတင်ဖော်ပြလိုက်ပါပြီ။

အဲဒီကူညီမှုကို အကောင်အထည်ဖော်နိုင်ဖို့အတွက် သင့်ရဲ့ စိတ်နေသဘောထားကို ပြုပြင်ထိန်းသိမ်းရပါတော့မယ်။

ချမ်းသာကြွယ်ဝသူတိုင်းဟာ သူတစ်ပါးရဲ့အကူအညီ၊ အထောက်အပံ့တွေကို ရရှိခဲ့လို့ပဲဆိုတာ ဖော်ပြခဲ့ပြီးပါပြီ။ နပိုလီယံဟေးလ်နဲ့ ကြုံတွေ့ခဲ့တဲ့ အဆမတန် ချမ်းသာကြွယ်ဝနေကြတဲ့ လူတွေဟာ အဲလိုမျိုးချမ်းသာကြွယ်ဝဖို့အတွက် ထားရှိရမယ့် စိတ်နေသဘောထားနဲ့ပတ်သက်ပြီး အရေးပါဆုံး အချက်(၈)ချက်ရှိပါတယ် အဲဒီ အချက်(၈)ချက်ကို နပိုလီယံဟေးလ်က မင်းသား(၈)ယောက်လို့ တင်စားဖော်ပြထားပါတယ်။

အဲဒီအချက်(၈)ချက် လိုက်နာထိန်းသိမ်းလိုက်တာနဲ့ တစ်ပြိုင်နက် စိုးရိမ်သောကတွေ၊ မစ္ဆရိယ မနာလိုစိတ်တွေ၊ လောဘ၊ သံသယ၊ ဝေခွဲမရမှု၊ အလုပ်တာဝန် အချိန်ရွှေ့မှုတွေ ဖြစ်ပေါ်တော့မှာမဟုတ်ပါဘူး။ ဒါတင်မကသေးဘဲ ကိုယ့်စွမ်းရည်တွေကိုအသုံးပြုနိုင်ဖို့၊ စိတ်ကူးဉာဏ် ကွန့်မြူးလာစေဖို့၊ စိတ်ထက်မြက်ဖို့၊ မူလရည်မှန်းထားတဲ့အတိုင်း မုချဖြစ်လာရမယ်ဆိုတဲ့ ယုံကြည်သက်ဝင်စိတ်တွေကို ရရှိလာစေမှာဖြစ်ပါတယ်။ ဒါဟာ…လိုရင်းကိုပြောရရင် **အပြုစိတ်ရှင်သန်စေတဲ့** အချက်(၈)ချက်ပဲ ဖြစ်ပါတယ်။

အဲဒီ (၈) ချက်ကတော့…..

**(၁) ဥစ္စာစေ ချမ်းသာကြွယ်ဝမှု ပြင်းပြစေခြင်း၊**
**(၂) ခန္ဓာကိုယ် ကြံ့ခိုင်ကျန်းမာစေခြင်း၊**
**(၃) စိတ်သာယာ ချမ်းမြေ့မှု ဖြစ်စေခြင်း၊**
**(၄) မျှော်လင့်မှုကို ဖြစ်ပေါ်စေခြင်း၊**
**(၅) မိမိကိုယ်မိမိ ယုံကြည်မှု ပိုမိုခိုင်မာစေခြင်း၊**
**(၆) သန့်ရှင်းစင်ကြယ်သော မေတ္တာထားတတ်ခြင်း၊**
**(၇) စိတ်ကို အစဉ် နုပျိုလန်းဆန်း တက်ကြွစေခြင်း၊**
**(၈) အရာခပ်သိမ်းကို နှိုင်းယှဉ်ချင့်ချိန်စေခြင်း…** စတဲ့အကြောင်း

အချက်တွေ ဖြစ်ပါတယ်။ အဲဒီ(၈)ချက်ကို သင့်အတွက်အကျိုးဖြစ်ထွန်းလာအောင်ဆောင်ရွက်ရမယ့် နည်းလမ်းက မခက်ပါဘူး။

ဒါကြောင့် ကြီးပွားတိုးတက် ချမ်းသာကြွယ်ဝချင်သူမှန်သမျှ ရိုးရိုးသားသား မှန်မှန်ကန်ကန် ယုံကြည်မှုအပြည့်အဝနဲ့ လိုက်နာရပါမယ်။

တိတိကျကျ ကျင့်သုံးဖို့လည်း လိုပါလိမ့်မယ်။

ချမ်းသာကြွယ်ဝချင်သူ မှန်သမျှ ကိုယ့်စိတ်နေသဘောထားကိုပြုပြင်နိုင်ခြင်း ရှိ၊မရှိ ဆန်းစစ်ဖို့တော့လိုပါလိမ့်မယ်။ တကယ်လို့ စိတ်ဓါတ်ကျစရာဖြစ်လာခဲ့ရင် ရှေးဦးတီထွင်သူတွေဖြစ်ခဲ့ကြတဖို့ဒ် အပါအဝင် တီထွင်သူတွေအပေါ်မှာ ပတ်ဝန်းကျင်က ဘယ်လိုဆန့်ကျင်ကဲ့ရဲ့ ပြစ်တင်ရှုံ့ချခဲ့တယ်ဆိုတာတွေကို စဉ်းစားကြည့်လိုက်ပါ။

အဲဒီ ဆန့်ကျင်သူတွေကို တီထွင်သူတွေက ပမာမပြုဘဲ သူတို့လုပ်စရာရှိတာကို တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်ခဲ့ကြတဲ့အတွက် အခုအခါမှာ သူတို့ရဲ့ဆောင်ရွက်ချက်တွေကို ကမ္ဘာ့လူသားတွေ အားလုံး ခံစားစံစားနေကြရပါပြီ။ ဒါဟာ သင့်ကိုယ်တွေ့မျက်မြင်ဖြစ်ပါတယ်။

ဒါကြောင့် တကယ်လို့ သင့်အနေနဲ့ စိတ်ဓါတ်ကျစရာဖြစ်လာရင် အဲဒီရှေးဦးတီထွင်သူတွေနဲ့နှိုင်းယှဉ်ပြီးဖြေဖျောက် နှစ်သိမ့်လိုက်ရင် အဆင်ပြေသွားမှာ အမှန်ပါပဲ။

.....

## အပြုံစိတ် ရှင်သန်စေရန် လေ့ကျင့်နည်း

နပိုလီယန်ဟေးလ်က မင်းသား(၈)ယောက်လို့တင်စားဖော်ပြထားတဲ့ အပြုံစိတ်ကိုရှင်သန်အောင် လေ့ကျင့်ပျိုးထောင်ရမှာဖြစ်ပါတယ်။

(၁) ဥစ္စာဓနပေါများပြီး ချမ်းသာကြွယ်ဝမှုနဲ့ ပြည့်စုံလိုတဲ့ဆန္ဒရှိသူဟာ သူ့ရဲ့စိတ်ကို ဆန္ဒအတိုင်း ချမ်းသာကြွယ်ဝမှုအအကြောင်းတရားကိုသာ တစိုက်မတ်မတ် အာရုံပြုထားရမှာဖြစ်ပါတယ်။ ဆန့်ကျင်ဘက်အတွေးအခေါ်ဖြစ်တဲ့ဆင်းရဲမှု၊ ဆန္ဒမပြည့်ဝမှုတို့ကို လုံးလုံးလျားလျား ထည့်သွင်းစဉ်းစားဖို့မလိုပါဘူး။

(၂) ခန္ဓာကိုယ်ကျန်းမာစေမယ့် နေထိုင်မှု၊ စားသောက်မှု၊ ရာသီဥတုနဲ့သင့်တော်တဲ့ ဝတ်စားဆင်ယင်မှုတို့ကိုသာပြုလုပ်ရပါမယ်။ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်မှသာ စိတ်သွားတိုင်းကိုယ်ပါမှာဖြစ်ပါတယ်။ ဒါကြောင့် ချမ်းသာကြွယ်ဝချင်တဲ့လူဟာ ခန္ဓာကိုယ်ကိုလည်း ကြံ့ခိုင်ကျန်းမာအောင် အလေးထား နေထိုင်စားသောက်မှသာ ဖြစ်မှာပါ။

(၃) စိတ်ချမ်းမြေ့သာယာအောင် ပတ်ဝန်းကျင်နဲ့သဟဇာတဖြစ်ဖို့လိုပါတယ်။ ဒါမှ ပတ်ဝန်းကျင်ရဲ့ စိတ်အနှောင့်အယှက်ဖြစ်မှုတွေ မရှိဘဲ ချမ်းသာကြွယ်ဝမှုကို သောကကင်းစွာဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

(၄) ချမ်းသာကြွယ်ဝချင်တဲ့ ဆန္ဒရှိသူဟာ သူကိုယ်တိုင်လုပ်ရှားအကောင်အထည်ဖော်နေရတဲ့ ဆောင်ရွက်မှုအပေါ်မှာ အကျိုးဖြစ်ထွန်းတော့မယ့်အလားအလာကိုကြိုတင်မျှော်လင့်ထားမှသာ အဲဒီဆောင်ရွက်မှုဟာ ရာခိုင်နှုန်းပြည့်ဖြစ်ပေါ်လာမှာ သေချာပါတယ်။ ကိုယ်လုပ်ရမယ့်အလုပ်၊ ဒါမှမ

မဟုတ်လုပ်နေတဲ့အပေါ်မှာမှ မျှော်လင့်ချက်မထားရင်တော့ အကျိုးသက်ရောက်မှုရှိမှာ မဟုတ်ပါဘူး။ ဒါကြောင့်မျှော်လင့်မှုကို ဖြစ်ပေါ်နေရမယ်။

(၅) ကိုယ့်အတွက် အကျိုးသက်ရောက်စေမယ့် အလုပ်ကိုလုပ်နေတာဖြစ်တယ်။ အဲဒီအလုပ်ကို ငါ မုချ အောင်မြင်ရမယ်။ အဲဒီအလုပ်ပြီးပြည့်စုံတဲ့အခါမှာ ငါ့အနေနဲ့မလွဲမသွေချမ်းသာကြွယ်ဝမှုတွေကို ပိုမိုခိုင်မာသည်ထက် ခိုင်မာအောင်မြဲမြဲစွဲစွဲ ဆုပ်ကိုင်ထားရမှာဖြစ်ပါတယ်။ မိမိကိုယ်မိမိယုံကြည်မှုမရှိတဲ့လူအတွက် ချမ်းသာကြွယ်ဝမှုဟာလုံးဝဖြစ်မလာနိုင်ပါဘူး။ ဒါကြောင့် မိမိလုပ်တော့မယ့် ဒါမှမဟုတ်လုပ်နေတဲ့အလုပ်ကို ဖြစ်မြောက်အောင်မြင်တဲ့အထိ လုပ်နိုင်တယ်ဆိုတဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုခိုင်မာရမယ်။

(၆) ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်လုပ်ဖော်ကိုင်ဖက်တွေနဲ့၊ ကိုယ့်လုပ်ငန်းနဲ့ ပတ်သက်ဆက်နွယ်နေသူ မှန်သမျှအပေါ်မှာ စိတ်ကောင်းစေတနာကောင်း အမှန်အကန်ထားပြီးမေတ္တာပွားများပါ။ ဒါဆိုရင် အဲဒီသန့်စင်တဲ့မေတ္တာကြောင့် ချမ်းသာကြွယ်ဝဖို့လုပ်ကိုင်နေတဲ့ သင့်လုပ်ငန်းပါလွယ်ကူချောမောစွာ အောင်မြင်မှာ ကျိန်းသေပါတယ်။ တကယ်တော့မေတ္တာဆိုတာ ထုထည် အလျားအနံ မရှိပေမယ့် အသွားအပြန်တော့ရှိပါတယ်။ သန့်စင်တဲ့မေတ္တာထားသူကို ပတ်ဝန်းကျင် တစ်ခုလုံးကလည်း မေတ္တာရောင်ပြန်ဟပ်နေမှာသေချာပါတယ်။ ဒါဟာလည်း ချမ်းသာကြွယ်ဝမှု လုပ်ဆောင်ရာမှာမေတ္တာစိတ်ဟာ အရေးကြီးဆုံးတစ်ချက်ဖြစ်ပါတယ်။

(၇) အသက်ဟာစက္ကန့်ပိုင်း၊ မိနစ်ပိုင်းနဲ့အမျှ တစ်စတစ်စကြီးနေတာအမှန်ပါ။ ဒါကို ဘယ်သူမှဟန့်တားပိတ်ဆို့လို့ မရပါဘူး။ ဒါပေမယ့်အစဉ်သဖြင့် မိမိစိတ်ကိုနုပျိုတက်ကြွ

လန်းဆန်းနေအောင်နေတတ်ရပါမယ်။ ဒါမှသာပျော်ရွှင်စွာနဲ့ ချမ်းသာကြွယ်ဝမှု ပန်းတိုင်ကိုရောက်သွားမှာပါ။

(၈) တစ်ချိန်ကမှားယွင်းမှုကြောင့် ဆုံးရှုံးခဲ့ဖူးတဲ့ဆောင်ရွက်မှုတွေကိုသင်ခန်းစာအဖြစ်ထားပြီး အခုလုပ်နေတဲ့လုပ်ငန်းနဲ့ ချိန်ထိုးနှိုင်းယှဉ်ကြည့်တတ်ဖို့ လိုပါလိမ့်မယ်။ အဲဒီလိုနှိုင်းယှဉ်ချင့်ချိန်တဲ့အခါမှာ မှန်မှန်ကန်ကန် သုံးသပ်ဆုံးဖြတ်ပြီး မမှားမယွင်းရအောင် မဆုံးရှုံးအောင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

အဲဒီ အချက်(၈)ချက်ကို မမေ့မလျော့မပေါ့ဆဘဲ ဖြစ်ပေါ်လာတဲ့ အတွေ့အကြုံဗဟုသုတတွေနဲ့ အသုံးချခဲ့တဲ့လူတိုင်းဟာမျက်မှောက်ခေတ် ကမ္ဘာပေါ်မှာ ချမ်းသာကြွယ်ဝဆုံး သူကြွယ်ကြီးတွေဖြစ်နေကြပါပြီ။

ကိုယ်စိတ်နှစ်မျိုးစလုံး ကြွယ်ဝချမ်းသာသူတွေဆီက ဖြန့်ဝေပေးလိုက်တာကို လက်ခံရရှိတဲ့ နပိုလီယံဟေးလ်ဟာ အဲဒီအချက်(၈)ချက်ကို ခိုင်ခိုင်မြဲမြဲဆုပ်ကိုင်ထားသူ တစ်ယောက်ဖြစ်ပါတယ်။

ဒါကြောင့်မို့လည်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာသူတစ်ယောက် ဖြစ်သွားပါတယ်။ သူ့ကို ချမ်းသာကြွယ်ဝမှုတွေပေးဝေလိုက်တဲ့လူတွေရော၊ အဲဒီလူတွေ ကျင့်သုံးခဲ့တဲ့နည်းလမ်းတွေကိုကိုယ်တိုင်ကိုယ်ကျ အကောင်အထည်ဖော်ပြီးဆောက်ရွက်ခဲ့တဲ့ နပိုလီယံဟေးလ်ရော ချမ်းသာကြွယ်ဝသူဖြစ်နေပါပြီ။

**အခုအချိန်မှာ သင့်လက်ထဲကိုရောက်ရှိနေတဲ့ ကြွယ်ဝချမ်းသာစေတဲ့နည်းလမ်းတွေဟာ...နပိုလီယမ်ဟေးလ်ကိုယ်တိုင်ဆည်းပူးခဲ့တဲ့ အောင်မြင်စွာလုပ်ကိုင်နိုင်ခဲ့တဲ့နည်းလမ်းတွေပဲဖြစ်ပါတယ်။**

အဲဒီနည်းလမ်းတွေကို ရရှိလုပ်ကိုင်နိုင်ဖို့အတွက် ကမ္ဘာ့သန်းကြွယ်သူဌေးစာရင်းဝင် ပုဂ္ဂိုလ်ကြီးတွေဆီက နှစ်ရှည်လများစုဆောင်းခဲ့ရတဲ့အချက်အလက် အပိုင်းအစတစ်ခုချင်းစီကို နပိုလီယံဟေးလ်က ဆက်စပ်ပေါင်းစပ်ပြီး ဖော်ပြတင်ပြခဲ့ပါတယ်။ အခုဆို

ရင် သင့်အတွက်အဆင်သင့် ဖြစ်နေပါပြီ။

အဲဒီနည်းလမ်းတွေကို သင် လုပ်နိုင်ဖို့ မခဲယဉ်းပါဘူး။ ယုံကြည်စိတ်ချစွာနဲ့ အကောင်အထည်ဖော်ဖို့ပဲလိုပါတယ်။

.....

## စိတ်ချမ်းသာသူတစ်ယောက်ရဲ့ ဆန္ဒသဘောထား

တကယ်လို့သာ သူတစ်ယောက်တည်း စိတ်ချမ်းသာနေပြီး သူ့ပတ်ဝန်းကျင်မှာ ရှိရှိသမျှ ပတ်သက်ဆက်နွယ်နေသူအားလုံးစိတ်ဆင်းရဲနေကြမယ်ဆိုရင် သူ့စိတ်ချမ်းသာမှုဟာ ရာခိုင်နှုန်းပြည့် ဖြစ်တည်နေမှာ မဟုတ်ပါဘူး။ ပတ်ဝန်းကျင် စိတ်မချမ်းမြေ့မှုရဲ့ ရိုက်ခတ်မှုကြောင့် သူ့ပျော်ရွှင်မှုကို အထိုက်အလျောက် ထိခိုက်ခံစားစေမှာ အမှန်ပါပဲ။

ဒါကြောင့် သင့်ပတ်ဝန်းကျင်၊ သင်နဲ့ ပတ်သက်သမျှ လူတွေကိုသင့်လိုပဲ စိတ်ချမ်းသာမှုရရှိအောင် စေတနာထားပြီးညွှန်ပြပါ။ သူတို့အားလုံး စိတ်ချမ်းသာနေကြတဲ့အခါမှာ သင့်ညွှန်ပြမှုကြောင့် ဖြစ်နေတဲ့အတွက် သင်ကိုယ်တိုင်လည်း သူတို့နဲ့အတူရောပြီး စိတ်ချမ်းသာလာရမှာ သေချာပါတယ်။ စိတ်နှင့် ရုပ်ပေါင်းစပ်နေကြတဲ့ လူသားတွေ ဖြစ်နေကြပါတယ်။

ဒါကြောင့်မို့ ရုပ်ပိုင်းဆိုင်ရာမှာ ကျန်းမာပျော်ရွှင်မှုရရှိစေဖို့ တတ်နိုင်တဲ့ အတိုင်းအတာအတွင်း စားသုံးရပါတယ်။ စိတ်ပိုင်းဆိုင်ရာအတွက် သောကမှန်သမျှနည်းပါးအောင်၊ ဖြစ်နိုင်လျှင် သောကကင်းဝေးအောင် နေထိုင်ကျင့်ကြံရပါတယ်။ စိတ်သောကဆိုတာဟာ ချမ်းသာကြွယ်ဝမှုဆောင်ရွက်ရာမှာ ကြီးမားတဲ့အတားအဆီးဖြစ်နေပါတယ်။ ဒါကြောင့်သောကကို ပယ်ဖျောက်ပါ။

သင့်ပတ်ဝန်းကျင်မှာ ပေါင်းသင်းဆက်ဆံနေရတဲ့ လူတွေကို…ဒေါသစိတ်၊ မစ္ဆရိယစိတ်တွေနှင့် မကြည့်ပါနှင့်။ စစ်မှန်တဲ့ မေတ္တာတရားထားရှိပါ။ မိမိလုပ်ငန်းကိုလည်းလေးစားသလို၊ ကိုယ်ခန္ဓာကျန်းမာရေးကိုလည်း ဂရုစိုက်ပါ။ ဒါမှသာ အစဉ်တက်ကြွလန်းဆန်းပြီး အကြံဉာဏ်သစ်တွေ ပွားများလာမှာဖြစ်ပါတယ်။ အဲဒီအကြံဉာဏ်သစ်တွေကိုလည်း ပြီးမြောက် အောင်မြင်နိုင်တဲ့အထိ အ

ထိ အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ လူတန်းစားအမျိုးမျိုးက မွေးဖွားလာကြတဲ့လူတွေထဲမှာ အောင်မြင်ကျော်ကြားလာတဲ့လူကို လူအများအပြားက ကြည်ညိုလေးစားကြပါတယ်။ အဲဒီလို ရည်မှန်းချက်အတိုင်း အောင်မြင်လာကြတဲ့ပုဂ္ဂိုလ်တိုင်းမှာ တိကျတဲ့ရည်မှန်းချက်ရှိတာ သေချာပါတယ်။

ရည်မှန်းချက် မတိကျသူတွေဟာ အမြဲတမ်းဆုံးရှုံးမှုနဲ့သာ ရင်ဆိုင်ရလေ့ရှိပါတယ်။ အဲဒီလို ဆုံးရှုံးတဲ့လူတွေထဲမှာ တချို့က တော့ ပန်းတိုင်မရောက်ခင်အချိန်ကာလမှာ တွေ့ရကြုံရတတ်တဲ့ သာမန်အခက်အခဲလေးတွေကို အားသွန်ခွန်စိုက် မဖြတ်ကျော်ခဲ့ကြပါဘူး။ အဲဒီ အခက်အခဲအတားအဆီးကြောင့် ရပ်တန့်သွားတတ်ကြပါတယ်။ တစ်ခါတစ်လေ သူ့လုပ်ဆောင်မှုကို ဆန့်ကျင်ဘက်ပုတ်ခတ် အပြစ်ပြောသူတွေနဲ့ တွေ့ကြုံရလို့ စိတ်ဓါတ်ကျသွားတဲ့ လူတွေလည်းရှိပါတယ်။

ဥပမာပြောရရင် တစ်ချိန်က လေယာဉ်ပျံဖြစ်လာဖို့ ကြိုးပမ်းအားထုတ်တီထွင်ခဲ့ကြတဲ့ ရိုက်စ်ညီနောင်ကို ပတ်ဝန်းကျင်တစ်ရပ်လုံးက ပုတ်ခတ်အပြစ်တင်ကြပါတယ်။

**"ဘုရားသခင်ဟာလူကိုလေထဲမှာပျံသန်းနိုင်ဖို့ အတောင်ပံတွေမဖန်ဆင်းခဲ့ဘူး၊ ငှက်တွေကိုသာ လေထဲမှာ ပျံဝဲနိုင်အောင်အတောင်ပံတွေဖန်ဆင်းခဲ့တာပါ။ သူတို့ညီနောင်ဟာ ဘုရားသခင်ရဲ့အလိုတော်ကို ဆန့်ကျင်သူတွေဖြစ်တယ်"** လို့ … ပစ်ပစ်ခါခါ ကန့်ကွက်ခဲ့ကြသေးတယ်။ ဒါပေမယ့် သူတို့ညီနောင်ဟာ အသက်ဆုံးရှုံးသွားချိန်အထိ အလျှော့မပေးခဲ့ကြပါဘူး။ ဆက်လက်ကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့ကြပါတယ်။ အဲဒီ အားထုတ်ကြိုးပမ်းမှုရဲ့အသီးအပွင့်တွေကို မျက်မှောက်ခေတ်လူသားတွေ ခံစားစံစားနေကြရတယ် ဒါဟာ ကိုယ်တွေ့မျက်မြင် သာဓကတစ်ခုပါပဲ။

ကမ္ဘာကျော် သံမဏိလုပ်ငန်းကြီးရဲ့ ဧကရာဇ်ကြီးတစ်ယောက်လို့အမည်ပေးခံရတဲ့ ကုဋေကြွယ်သူဌေးကြီး အင်ဒရူးကာနေ

ဂျီဟာ သူ့လုပ်သားတွေကို အနစ်နာခံနိုင်မှုရှိ မရှိကိုလည်း စစ်ဆေးပါသေးတယ်။ နောက်ဆုံးအချက်က အဲဒီရည်မှန်းချက်အတိုင်း ဖြစ်မြောက်အောင်မြင်တဲ့အထိ ဆောင်ရွက်နိုင်ဖို့ ကြိုတင်ပြင်ဆင် ထားမထားဆန်းစစ်ပါတယ်။

အဲဒီအချက်တွေနဲ့ညီညွတ်ပြည့်စုံနေသူကိုသာ အင်ဒရူးကာနေဂျီက အဆင့်တိုးမြှင့်ပေးပါတယ်။ နောက်ပြီး အနစ်နာခံ ကြိုးစားလုပ်ကိုင်သူတွေကိုလည်း ဆုကြေး များများစားစားပေးလေ့ရှိတယ်။

တိကျတဲ့ ရည်မှန်းချက်တော့ ရှိပါရဲ့…

ဒါပေမယ့် အဲဒီရည်မှန်းချက် ပြီးပြည့်စုံတဲ့အထိဆောင်ရွက်ဖို့ ကြိုတင်ပြင်ဆင်မှု မရှိတဲ့လူဟာ ရည်မှန်းချက်ပန်းတိုင်အထိ မရောက်နိုင်တော့ပါဘူး။ လမ်းခုလတ်မှာတင် လမ်းကြောင်းပျောက်ပြီး မရေမရာဘဝနဲ့ နိဂုံးချုပ်လေ့ရှိပါတယ်။

ဒါကြောင့်ခိုင်မာတိကျတဲ့ ရည်မှန်းချက်ရှိရုံနဲ့မပြီးသေးပါဘူး။ အဲဒီ ရည်မှန်းချက်အရောက်သွားနိုင်အောင် ကြိုတင်ပြင်ဆင်မှုရှိဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့် အင်ဒရူးကာနေဂျီဟာတစ်ဦးချင်းချမ်းသာကြွယ်ဝပြီး စီးပွားရေးလုပ်ငန်း အောင်မြင်နေကြတဲ့ ပုဂ္ဂိုလ်တွေဆီကအကြံဉာဏ်ကို လေ့လာဆည်းပူးဖို့အတွက် နပိုလီယံဟေးလ်ဆိုတဲ့ လူရွယ်တစ်ယောက်ကို စိတ်တိုင်းကျ ရွေးချယ်ခဲ့တယ်။ အဲဒီ နပိုလီယံဟေးလ်နှင့်အတူ တွဲဖက်လုပ်ကိုင်ဖို့ အဖွဲ့အစည်းတစ်ခုကိုလည်း ဖွဲ့ပေးခဲ့ပါသေးတယ်။

ဒါဟာ အင်ဒရူးကာနေဂျီအနေနဲ့ တိကျတဲ့ရည်မှန်းချက်ရှိသူတစ်ယောက်ဖြစ်ရုံသာမက အဲဒီ ရည်မှန်းချက်လုပ်ငန်းကြီး ပြည့်စုံအောင်မြင်တဲ့အထိ ဆောင်ရွက်နိုင်မယ့် ကြိုတင်ပြင်ဆင်မှုပဲ ဖြစ်ပါတယ်။

ဒါကြောင့်လည်း အဲဒီလုပ်ငန်းကြီး အောင်မြင်ခဲ့တာပါပဲ။

အင်ဒရူးကာနေဂျီဟာ မိနစ်နဲ့အမျှ ငွေတွေတိုးပွားနေတဲ့ သံမဏိ လုပ်ငန်းကြီးကြောင့် အလျှံပယ် ချမ်းသာကြွယ်ဝနေသူတစ်

ယောက်ဖြစ်ပါတယ်။ သူနဲ့ခေတ်ပြိုင် ချမ်းသာကြွယ်ဝနေကြတဲ့ မစ္စတာဖို့ဒ်၊ မစ္စတာဝူးလ်ဝေါ့သ်တို့ကိုလည်း အလေးအနက်သတိပြုမိပါတယ်။ တခြားဆင်းရဲချို့တဲ့ နွမ်းပါးသူတွေကို အင်ဒရူးကာနေဂီက ဘယ်လိုစိတ်နေသဘောထားမျိုးထားပြီး ဘယ်လိုလုပ်ကိုင်ဆောင်ရွက်ရင် သူ့လိုပဲ ချမ်းသာကြွယ်ဝလာ နိုင်တယ်လို့ အကြံဉာဏ်ဝေငှပေးချင်တယ်။

အဲဒါဟာ သူ့ရဲ့ တိကျသေချာတဲ့ ရည်မှန်းချက်ပါပဲ။

အဲဒီ ရည်မှန်းချက်ကိုပြီးပြည့်စုံ အောင်မြင်တဲ့အထိဆောင်ရွက်ဖို့ နပိုလီယံဟေးလ်ဦးဆောင်တဲ့ အဖွဲ့အစည်းနဲ့ စူးစမ်းလေ့လာခဲ့တဲ့အတွက် "**ကြွယ်ဝချမ်းသာစေတဲ့နည်းလမ်းများ**" လို့ ခေါင်းစဉ်တပ်ထားတဲ့ စာအုပ်ဖြစ်ပေါ်လာတယ်။

အဲဒီစာအုပ်ဟာ အခုသင့်လက်ထဲရောက်နေတဲ့ စာအုပ်ပါပဲ။ ဒါကို သဘောပေါက်ကြေညက်လာတဲ့အထိ အချိန်ရတိုင်းဖတ်ပါ။ မှတ်ပါ။ အဲဒီစာအုပ်ထဲက လမ်းညွှန်တဲ့အတိုင်း မလွဲမသွေလုပ်ပါ။ ပတ်ဝန်းကျင်ရဲ့ ဆန့်ကျင်မှုတွေကိုလည်း တွေ့ချင်တွေ့ရလိမ့်မယ်။ ဒါပေမယ့်စိတ်ဓါတ်မကျဘဲ ကြိုးစားသွားတာနဲ့တစ်ပြိုင်နက်ချမ်းသာကြွယ်ဝမှုပန်းတိုင်ဟာ သင့်ရဲ့လက်တစ်ကမ်း အတိုင်းအတာတွင်းမှာ ရောက်နေပါလိမ့်မယ်။ မကြာခင် ဆုပ်ကိုင်နိုင်ပါပြီ။

သင့်လက်ထဲရောက်နေတဲ့ပန်းတိုင်ဟာ သင်မျှော်မှန်းထားခဲ့တဲ့ ချမ်းသာကြွယ်ဝမှုတွေပါပဲ။

.....

## ဖြူစင်သောမေတ္တာတရား၏ရောင်ပြန်ဟပ်မှု

ဖြူစင်သန့်ရှင်းတဲ့ မေတ္တာတရားဆိုတာဟာ တဏှာနဲ့ပတ်သက်တဲ့ရမ္မက်ဆန္ဒကိုလုံးဝဆန့်ကျင်နေပါတယ်။ သန့်စင်တဲ့မေတ္တာတရားဟာ အေးမြချမ်းမြေ့တယ်။ ရမ္မက် ဆန္ဒက ပူလောင်ပြင်းပြ

တယ်။ ဒါတင်မက သန့်စင်တဲ့ မေတ္တာတရားဟာ တစ်စုံတစ်ခုကို မျှော်မှန်းတောင့်တမှုလည်းကင်းရှင်းပါတယ်။ မိဘမေတ္တာနဲ့နှိုင်းယှဉ်လို့ ရနိုင်ပါတယ်။

မိခင်ဟာသားသမီးဆီက တုံ့ပြန်မှုကို ရလိုတဲ့ဆန္ဒနဲ့မွေးဖွားပြုစုပျိုးထောင်ခဲ့တာ မဟုတ်ပါဘူး။ ဒါဟာ ကြည်လင်အေးမြတဲ့ မေတ္တာသက်သက်ပါ။ အဲဒီလိုတုံ့ပြန်မှုကို မမျှော်လင့်ပေမယ့် တစ်ချိန်ချိန်မှာတော့ အလိုအလျောက် ပြန်လည်အကျိုးပေးတတ်ပါတယ်။

ဒါကြောင့် ဥပဒေတစ်ခုအနေနဲ့ ဖော်ပြရမယ်ဆိုရင် အမှန်တကယ် အောင်မြင်ကျော်ကြားတဲ့ စီးပွားရေးလုပ်ငန်းရှင်၊ ဒါမှမဟုတ် ချမ်းသာကြွယ်ဝသူဖြစ်ဖို့အတွက် လူအများအပေါ်မှာသန့်စင်တဲ့မေတ္တာတရား ထားရပါလိမ့်မယ်။

တစ်ခါတုန်းက **ပစ်စ်ဘာဂ်မြို့တော်** ကုန်တိုက်တစ်ခုထဲကို အိုမင်းတဲ့အမျိုးသမီးကြီးတစ်ယောက် ဝင်ရောက်လာတယ်။ သူမက အရောင်းကောင်တာ တစ်ခုပြီးတစ်ခု လျှောက်ကြည့်နေတယ်။

အဲဒီကောင်တာတွေနောက်မှာရှိနေကြတဲ့အရောင်းဝန်ထမ်းတွေက အမျိုးသမီးကြီးရဲ့ပုံစံကိုကြည့်ပြီး လုံးဝအထင်မကြီးကြဘူး။ သာမန်လမ်းကြုံလို့ဝင်လာပြီး ဟိုပစ္စည်း၊ ဒီပစ္စည်း လျှောက်ကြည့်နေတာလို့ပဲ ယူဆထားကြတယ်။

ဒါကြောင့် အမျိုးသမီးကြီးရောက်လာတဲ့ ကောင်တာက အရောင်းဝန်ထမ်းတွေက မသိမသာမျက်နှာလွှဲထားကြတယ်။

တစ်ခုခုတော့ စပ်စုတော့မှာပဲ…ဆိုတဲ့…အမြင်မျိုးနဲ့ပေါ့။

ဒါပေမယ့် အရောင်းကောင်တာတစ်ခုက အရောင်းစာရေးလူငယ်တစ်ယောက်ဟာ အမျိုးသမီးကြီးကို အပြုံးနဲ့နှုတ်ခွန်းဆက်တယ်။

"ကျွန်တော်ဘာများအကူအညီပေးနိုင်ပါမလဲခင်ဗျာ" လို့…လူငယ်က ဖော်ဖော်ရွေရွေ မေးလိုက်တယ်။

"ကျွန်တော် ဘာများအကူအညီ ပေးနိုင်ပါမလဲ ခင်ဗျာ"

လို့…လူငယ်က ဖော်ဖော်ရွေရွေ မေးလိုက်တယ်။

အမျိုးသမီးကြီးက….

"ကိစ္စမရှိပါဘူးကွယ်၊ ကျုပ်ကအပြင်မှာ မိုးရွာနေလို့ကုန်တိုက်ထဲဝင်ပြီး မိုးခိုရုံ သက်သက်ပါ" လို့ …

အမျိုးသမီးကြီးက ပြန်ဖြေတယ်။

သာမန် ဝယ်သူမဟုတ်တဲ့အတွက် ဆက်ပြီး မေးစရာမလိုတော့တဲ့အခြေအနေမျိုး ဖြစ်နေပါပြီ။ ဒါပေမယ့် အဲဒီ အရောင်းစာရေးလူငယ်က အမျိုးသမီးကြီးအတွက်ထိုင်ဖို့ ကုလားထိုင်တစ်လုံး ချပေးတယ်။ အဲဒီအမျိုးသမီးကြီးကို ပြုံးပြုံးရွှင်ရွှင်နဲ့ ထိုင်ခိုင်းတယ်။ အပြင်မှာမိုးစဲတော့ အမျိုးသမီးကြီးဟာ ထိုင်ရာကထပြီး ပြန်ဖို့ပြင်တယ်။ အရောင်းစာရေးလူငယ်က အမျိုးသမီးကြီးရဲ့လက်မောင်းကို ကြင်ကြင်နာနာ ယုယုယယနဲ့တွဲကိုင်ပြီး စတိုးဆိုင်အပြင်ဘက် ပလက်ဖောင်းအထိလိုက်ပို့ပေးခဲ့တယ်။ နောက်တော့ ချိုချိုသာသာ နှုတ်ဆက်လိုက်ပါသေးတယ်။

ဒါဟာ သန့်စင်တဲ့ မေတ္တာသက်သက်ပါ။

ဒီအမျိုးသမီးကြီးဆီက ဘာကိုမှ ပြန်လည်တောင်းတမှု မရှိပါဘူး။ နောင်ကိုလည်းထပ်ပြီးတော့ ကြုံဆုံစရာအကြောင်းရှိချင်မှ ရှိတော့မှာပါ။ ဒါပေမယ့် အဲဒီအမျိုးသမီးကြီးက အရောင်းစာရေးရဲ့ နာမည်နဲ့လိပ်စာကို တောင်းသွားခဲ့ပါတယ်။

ဒီလိုနဲ့ လအနည်းငယ် ကြာသွားတဲ့အခါမှာ ပစ်စ်ဘာဂ်မြို့တော်ရဲ့ကုန်တိုက်ပိုင်ရှင်ဟာ စာတစ်စောင်လက်ခံရရှိပါတယ်။ အဲဒီစာထဲမှာရေးသားထားတာက… အဆောက်အအုံတစ်ခုကို မွမ်းမံပြုပြင်ဖို့အတွက် အရောင်းစာရေးလူငယ်ကိုစေလွှတ်ပေးဖို့၊အရောင်းစာရေးလူငယ်ရဲ့နာမည်နဲ့ ဖော်ပြခဲ့တယ်။

တကယ်တော့ အဲဒီလူငယ်ဟာ အိမ်မွမ်းမံပြင်ဆင်တဲ့လုပ်ငန်းနဲ့ ဘယ်လိုမှမပတ်သက်ပါဘူး။ ဒါကြောင့်မို့ ပတ်သက်တဲ့ တခြားလူငယ်တစ်ယောက်ကို စေလွှတ်ပေးပါ့မယ်လို့ ကုန်တိုက်ပိုင်ရှင်

က. အကြောင်းပြန်စာရေးလိုက်ပါတယ်။ ဒါပေမယ့် အဲဒီလူငယ်က လွဲပြီး တခြားဘယ်သူ့ကိုမှမလွှတ်ဖို့ စာပြန်လာတယ်။

အဲဒီစာကို ရေးလိုက်တဲ့လူဟာ အင်ဒရူးကာနေဂျီဖြစ်တယ်။

ပြုပြင်မွမ်းမံ ခြယ်မှုန်းရမယ့် အဆောက်အအုံ ဆိုတာက လည်း စကော့တလန်ကရဲတိုက်ကြီးဖြစ်နေတယ်။ အဲဒီရဲတိုက်ကြီး ဟာ သန်းပေါင်းများစွာ တန်ဖိုးရှိပါတယ်။ အမျိုးသမီးကြီး တစ် ယောက်ကို ဖြူစင်တဲ့မေတ္တာနဲ့ အကူအညီပေးလိုက်တဲ့ စာရေးဝန် ထမ်းလူငယ်ဟာ တန်းဖိုးရှိတဲ့အလုပ်တစ်ခုကို မမျှော်လင့်ဘဲ လက် ခံရရှိလိုက်ပါတယ်။ ဒါတင်မကပါဘူး။ အဲဒီလူငယ်အလုပ်လုပ်တဲ့ ကုန်တိုက်ကြီးမှာလည်း အမျိုးသမီးကြီးက အစုရှယ်ယာ ဝင်လိုက် သေးတယ်။ အဲဒီအစုရှယ်ယာရဲ့ အချိုးအစားအရ ကုန်တိုက်ကရရှိ မယ့် အကျိုးအမြတ်ထဲက ငါးဆယ်ရာခိုင်နှုန်းကို အရောင်းဝန်ထမ်း လူငယ်လေးအား ခွဲဝေပေးခဲ့တယ်။

အဲဒီအမျိုးသမီးကြီးကတော့ သံမဏိသူဌေးကြီး အင်ဒရူး ကာနေဂျီရဲ့အမေ ဖြစ်ပါတယ်။ ဒါဟာ မမျှော်လင့်ဘဲဖြစ်ပေါ်လာတဲ့ သာမန်ကိစ္စတစ်ခုကို အခွင့်အရေးလို့သဘောမထားဘဲ သန့်စင်တဲ့ မေတ္တာတရားအရ ကူညီလိုက်တာပါ။ အဲဒီလိုအခွင့်အရေးပေါ်လာပေ မယ့် အလေးအနက်ထားပြီးမဆောင်ရွက်ခဲ့တဲ့ အရောင်းစာရေးတစ် ယောက်အကြောင်းလည်း ရှိပါသေးတယ်။

အမေရိကန်နိုင်ငံရဲ့နယူးယောက်မြို့တော်မှာရှိတဲ့မော်တော် ကား အရောင်းပြခန်းထဲကို လူကြီးတစ်ယောက် ဝင်လာတယ်။ သူ့ လက်ထဲမှာ လမ်းလျှောက်ရင်းကိုင်တဲ့ ကြိမ်တုတ်လေးတစ်ချောင်း လည်း ပါသေးတယ်။

သူက မော်တော်ကားတစ်စီးပြီးတစ်စီး လျှောက်ကြည့်ရှု တယ်။ အဲဒီ အရောင်းပြခန်းမှာရှိတဲ့ အရောင်းဝန်ထမ်းဟာ အဲဒီလူ ကြီးကို အမှုမဲ့အမှတ်မဲ့သဘောထားပြီး သတင်းစာတစ်စောင်ကိုထိုင် ဖတ်နေတယ်။

[illegible]တ်နဲ့ လူကြီးက ကားတစ်စီး ဝယ်မယ့်အကြောင်း ပြောတော့မှ အရောင်းဝန်ထမ်းဟာ ပျာပျာသလဲဖြစ်သွားတယ်။ အဲဒီလူကြီးကကားရဲ့တန်ဖိုးကို ချက်လက်မှတ်နဲ့ပေးချေပြီးသူရွေးချယ်ခဲ့တဲ့ကားကို နောက်တစ်နေ့မှာ သူ့အိမ်ပို့လိုက်ဖို့မှာ ကြားခဲ့တယ်။ လူကြီးကားတန်ဖိုးပေးချေသွားတဲ့ ချက်လက်မှတ်ပေါ်က နာမည်ကို ကြည့်လိုက်တော့မှ အဲဒီလူကြီးဟာ နာမည်ကျော်စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက်ဖြစ်နေတာကို သိလိုက်ရတယ်။ တကယ်လို့သာ အရောင်းဝန်ထမ်းအနေနဲ့ စကတည်းက ဖော်ဖော်ရွေရွေဆက်ဆံခဲ့ရင် အဖိုးတန်ဇိမ်ခံကားတွေဟာ ဒါထက်ပိုပြီး အရောင်းစွံနိုင်တဲ့အလားအလာရှိပါတယ်။ သူ့အတွက်လည်း အဲဒီလို ထင်ရှားကျော်ကြားတဲ့စီးပွားရေးလုပ်ငန်းရှင်ကြီးနဲ့ သိကျွမ်းခွင့် ရနိုင်ပါသေးတယ်။ အဲဒီလူကြီးရဲ့နာမည်က **ဟယ်ရီဝိမ်းဝှစ်တနီ**ဖြစ်ပါတယ်။ အခုလို ပေါ့ပေါ့ဆဆနေလိုက်တဲ့အတွက် သူရမယ့်အခွင့်အရေးတစ်ခု ဆုံးရှုံးသွားခဲ့ရတာပါပဲ။

**ဥပဒေကတော့၊ အသိပညာ မရှိသူဟာ ဘယ်လိုအခွင့်အအရေးမဆို လက်လွတ်ဆုံးရှုံးမှာပါပဲ။ ဒါကြောင့်ကုန်တိုက်ကြီးက အရောင်းစာရေးနဲ့ ကားပြခန်းက အရောင်းစာရေးတို့ကို နှိုင်းယှဉ်ကြည့်လိုက်မယ်ဆိုရင် သင့်အတွက် အဖြေတစ်ခုရမှာပါ။**ဝူးလ်ဝေါ့သ်စတိုးဆိုင်ကြီးတွေဟာ အင်္ဂလန်နဲ့အမေရိကန်နိုင်ငံသာမက နိုင်ငံတကာမှာ အင်မတန် ထင်ရှားအောင်မြင်နေတဲ့ ကုန်တိုက်ကြီးဖြစ်တယ်။

အဲဒီ ကုန်တိုက်ကြီးတွေဖြစ်ပေါ်မလာခင် လွန်ခဲ့တဲ့အနှစ်လေးဆယ်လောက်က ကုန်တိုက်တစ်တိုက်ထဲမှာနှစ်ချို့ ကုန်ပစ္စည်းတွေ စုပုံနေပါတယ်။ ရောင်းမစွံတဲ့ပစ္စည်းမျိုးစုံ ပါဝင်နေပါတယ်။ ဒါတွေကြောင့် ကုန်ပစ္စည်းအသစ်တွေကို ထပ်တင်ဖို့နေရာ မရှိတော့ပါဘူး။ ဂိုဒေါင်ကြီးတွေထဲ ထည့်ပိတ်ထားရင်ထား၊ ဒါမှမဟုတ်အမှိုက်ပုံမှာ စွန့်ပစ်ရမယ့် အခြေအနေမျိုးဖြစ်နေပါတယ်။

ဒါကိုသတိပြုမိတဲ့အရောင်းဝန်ထမ်းတစ်ဦးဟာ စတိုးဆိုင်

ရဲ့အလယ်တစ်နေရာမှာ စားပွဲကြီးတစ်လုံးချပြီး ရောင်းမစွံတဲ့ပစ္စည်းတွေကို **အထူးလျှော့စျေး**အနေနဲ့ တန်ဖိုးလျှော့ချ ကတ်ပြားချိတ်ဆွဲထားလိုက်ပါတယ်။ အဲဒီစျေးနှုန်းချထားတဲ့ အထူးလျှော့စျေးနဲ့ရောင်းချလိုက်တာဟာ နေ့ဝက်အတွင်း အဲဒီ ရောင်းမစွံတဲ့ကုန်ပစ္စည်းတွေအားလုံး ဝယ်သူတွေလက်ထဲ ရောက်သွားကြတယ်။ ဆိုင်မှာလည်း တစ်ခါမှမကြုံဖူးတဲ့အဖြစ်မျိုးနဲ့ တက်တက်ပြောင်သွားတော့တာပဲ။ အဲဒီအကြံအစည်ကို အကောင်အထည်ဖော်ခဲ့တဲ့ အရောင်းစာရေးဟာ **ဝူးလ်ဝေ့သ်** ဖြစ်ပါတယ်။

အဲဒီ နောက်ပိုင်းကျမှ ဒါတွေကို နမူနာယူပြီး ဝူးလ်ဝေ့သ် ကုန်တိုက်ကြီးတွေဖြစ်ပေါ်လာရတာပါ။ အဲဒီ ကုန်တိုက်ကြီးတွေဟာလည်း အဲ့ဒီနည်းကို ဆက်လက်အသုံးပြုနေတဲ့အတွက် ရောင်းမစွံတဲ့ပစ္စည်းရယ်လို့မရှိတော့ပါဘူး။ အရောင်းဝန်ထမ်းဘဝကနေ အမြော်အမြင်တစ်ခုကိုအရင်းပြုပြီးဆောင်ရွက်လိုက်တဲ့အတွက်သန်းပေါင်းများစွာ ချမ်းသာကြွယ်ဝတဲ့ သူကြွယ်ကြီးဘဝကိုရောက်ရှိသွားတယ်။

သံမဏိနဲ့ပတ်သက်တဲ့ စက်မှုလုပ်ငန်းအကျော်အမော် ဖြစ်နေတဲ့အင်ဒရူးကာနေဂျီဆီကို သတင်းစာတိုက်တစ်တိုက်က လူငယ်သတင်း သတင်းထောက်တစ်ယောက်စေလွှတ်ပြီး အင်တာဗျူးခိုင်းလိုက်ပါတယ်။ တကယ်တော့ကာနေဂျီရဲ့ ထူးခြားတဲ့ အောင်မြင်မှုဖြစ်တည်လာရခြင်း အတွေ့အကြုံကို သတင်းစာထဲမှာရေးသားဖော်ပြဖို့အတွက်ပါ။ အဲဒီလို ဗျူးနေတဲ့အခိုက်အတန့်မှာပဲ ကာနေဂျီကလူငယ်သတင်းထောက်ကို "မင်းငါ့ထက်ပိုပြီး ချမ်းသာကြွယ်ဝလာအောင် လုပ်နိုင်ပါ့မလား၊ နှစ်ပေါင်းနှစ်ဆယ် အချိန်ပေးလိုက်မယ်" လို့ သွေးတိုးစမ်းလိုက်တယ်။

သတင်းထောက်က ခေါင်းညိတ်လိုက်တယ်။

အဲဒီ လူငယ်သတင်းထောက်ဟာ နှစ်ပေါင်း နှစ်ဆယ်အတွင်းမှာ အင်ဒရူးကာနေဂျီနဲ့ တခြား ချမ်းသာကြွယ်ဝတဲ့ ထင်ရှားအောင်မြင်သူတွေဘယ်လိုကြိုးပမ်းဆောင်ရွက်ခဲ့ကြသလဲဆိုတဲ့နည်း

လမ်းတွေကို မေးမြန်းစုစည်းပြီး စာအုပ်စာတမ်းအဖြစ်နဲ့ ကမ္ဘာတစ်ဝှမ်းလုံးကို ဖြန့်ချိခဲ့ပါတယ်။

သတင်းထောက်ကလေးဟာ အကြီးအကျယ်ချမ်းသာကြွယ်ဝသူတစ်ယောက် ဖြစ်သွားပါတယ်။ တခြားသန်းကြွယ်သူဌေးတွေထက်ပိုပြီး စိတ်ငြိမ်းချမ်းမှုရရှိခဲ့ပါတယ်။ နောက်ပြီးတခြားသူကြွယ်ကြီးတွေနဲ့ မိတ်ဆွေအပေါင်းအသင်းဖြစ်ခဲ့ရတဲ့အတွက် လုပ်ငန်းလုပ်ကိုင်ရာမှာလည်း အကူအညီတွေရရှိခဲ့ပါတယ်။ ဒါကြောင့် သတင်းထောက်ကလေးဟာ နှစ်ပေါင်း နှစ်ဆယ်ကြာတဲ့အခါမှာ အင်ဒရူးကာနေဂျီလို ချမ်းသာကြွယ်ဝသူဖြစ်ရုံသာမက စိတ်ချမ်းသာမှုမှာသတင်းထောက်ကလေးက ပိုပြီးသာခဲ့ပါတယ်။

ဒါကြောင့် အခွင့်အလမ်းဆိုတာဟာ တခြားလုပ်ဖော်ကိုင်ဖက်တွေထက် နည်းနည်းလောက်ပိုပြီးအပင်ပန်းခံ၊ အနစ်နာခံလိုက်တာနဲ့ ဖော်ပြလို့မရနိုင်လောက်အောင် များပြားတဲ့အကျိုးကျေးဇူးတွေကို မုချခံစားရမှာ အမှန်ပါ။

နောက်ထပ်သံမဏိလုပ်ငန်းနဲ့ပတ်သက်တဲ့ သူဌေးကြီးတစ်ဦးဖြစ်တဲ့ **ချားလ်အမ်ရှဖ်**ဟာ သူရဲ့ကိုယ်ပိုင်မီးရထားနဲ့ ပင်ဆယ်လမ်ဗေးနီးယားမှာရှိတဲ့ သံမဏိစက်ရုံကိုသွားခဲ့ပါတယ်။ သူ့ကိုယ်ပိုင်မီးရထားဟာ သူပိုင်တဲ့သံမဏိစက်ရုံရဲ့ ဘေးဘက်ကိုရောက်ရှိရပ်တန့်လိုက်ပါတယ်။

သူဟာ ရထားပေါ်ကဆင်းပြီး စကြံပေါ်အရောက်မှာ ဝန်ထမ်းတစ်ယောက်ကို မြင်တွေ့လိုက်ရတယ်။ နှင်းထူထပ်စွာကျနေတဲ့အချိန်ဖြစ်နေတယ်။ အဲဒီဝန်ထမ်းရဲ့လက်ထဲမှာ မှတ်တမ်းစာအုပ်လေးကိုင်ထားတာကိုတွေ့ရတယ်။

အဲဒီ ဝန်ထမ်းက မစ္စတာရှဖ်အနားကို ချဉ်းကပ်လာပြီး "ကျွန်တော်ဒီသံမဏိစက်ရုံက**စတီနိုဂရပ်ဖာ**ဖြစ်ပါတယ်။ တကယ်လူကြီးမင်းအနေနဲ့ ကြေးနန်း ရိုက်စရာရှိရင် ရိုက်နိုင်ဖို့ ကျွန်တော်စောင့်နေပါတယ်" ....လို့ပြောပြတယ်။

"မင်းကို ငါနဲ့တွေ့ဖို့ ဘယ်သူကလွှတ်လိုက်တာလဲ" ရှစ်က ပြန်မေးတယ်။

"မစ္စတာ ရှစ်ရောက်မယ့် ကြေးနန်းကို ကျွန်တော်အရင်ဦးဆုံးဖတ်ခဲ့ရပါတယ်၊ ဒါကြောင့် မစ္စတာရှစ်အတွက် ဘာပဲဖြစ်ဖြစ် တစ်ခုခုလုပ်ပေးနိုင်ဖို့အတွက် ကျွန်တော့်ဖာသာ လာစောင့်နေတာပါ"

တကယ်တော့ စတီနိုဂရပ်ဖာ(လက်ရေးတို လက်နှိပ်စက်) စာရေးတစ်ယောက်ဟာ သူ့ကို ဘယ်သူမှ တာဝန်မပေးဘဲနဲ့ သူ့သဘောနဲ့သူ ကြိုတင်အမြော်အမြင်ရှိလို့ လာစောင့်နေတာပါ။

မစ္စတာရှစ်က "ကျေးဇူးတင်ကြောင်းနဲ့ လောလောဆယ်ဘာမှခိုင်းစရာမရှိကြောင်း" ပြောပြီး..အဲဒီစာရေးလေးရဲ့နာမည်ကို မေးမြန်းမှတ်သားလိုက်တယ်။ ပြီးတော့ ဌာနကို ပြန်သွားခဲ့တယ်။

စာရေးသူလေးရဲ့နာမည်က ဝီလျံ ဖြစ်ပါတယ်။

ညဘက်ကျတော့ နယူးယောက်ကို ဦးတည်ခုတ်မောင်းနေတဲ့ အမြန်ရထားကြီးပေါ်မှာလိုက်ပါသွားတဲ့ မစ္စတာရှစ်ကိုတွေ့လိုက်ရတယ်။ ရှစ်ရဲ့မျက်နှာချင်းဆိုင် ထိုင်ခုံနေရာမှာ ထိုင်လျက်သားနဲ့ လိုက်ပါလာသူကတော့ ဝီလျံဆိုတဲ့ စာရေးဝန်ထမ်းလေးပါပဲ။

နယူးယောက်မြို့တော်မှာဖွင့်လှစ်ထားတဲ့ မစ္စတာရှစ်ရဲ့ ရုံးခန်းအဆောက်အအုံကြီးမှာ ဝီလျံကို သူ့လက်အောက်မှာ အမှုထမ်းဖို့ ခေါ်သွားခဲ့တာပါ။ ဝီလျံဟာအပင်ပန်းခံကြိုး ပမ်းသားကြိုးစားစွာနဲ့နှစ်အတော်ကြာကြာ အမှုထမ်းခဲ့ပါတယ်။

သူ့ကို မစ္စတာရှစ်က အယုံကြည်ဆုံး၊ စိတ်အချရဆုံးအဖြစ် ရာထူးတိုးပေးခဲ့ရာက နောက်ဆုံးမှာ ဝီလျံဆိုတဲ့ သာမန်စာရေးလေး ဘဝကနေ သံမဏိသူဌေးကြီး မစ္စတာရှစ်ရဲ့ ကိုယ်ရေးအတိုင်ပင်ခံအရာရှိ ဖြစ်သွားတော့တာပါပဲ။

ဒါဟာလည်း ဝီလျံဟာ သူရဲ့တခြားလုပ်ဖော်ကိုင်ဖက်တွေ ထက်နည်းနည်းလောက်ပိုပြီး အနစ်နာခံ၊အပင်ပန်းခံလိုက်တဲ့အတွက်

အံ့ဩစရာကောင်းလောက်အောင် တိုးတက်ခဲ့ခြင်းဖြစ်ပါတယ်။

**မှတ်သားရမယ့်ဥပဒေက အနစ်နာခံပြီးကြိုးစားသူရဲ့နောက်ကွယ်မှာ အခွင့်အရေးကအရိပ်ပမာ ထက်ကြပ်မကွာ လိုက်ပါလာမြဲဖြစ်တယ်။**

အီမာဆန်က…

"တစ်စုံတစ်ခုကို ….မဖြစ်မနေ ကြိုးစားအားထုတ်လုပ်ကိုင်ပါ၊ ဒါဆိုရင် အဲဒီအရာကိုလုပ်နိုင်စွမ်းရှိတဲ့ အလေ့အကျင့်တစ်ခုကို ရရှိပါလိမ့်မယ်" လို့…ပြောခဲ့တယ်။

ဒါကြောင့် တစ်ခုခုကို လုပ်ကိုင်နိုင်စွမ်းရှိဖို့အတွက်မဖြစ်မနေလုပ်တဲ့အခါ အခွင့်အလမ်းတစ်ခုပွင့်သွားမှာ သေချာပါတယ်။

ရှင်းရှင်းပြောရမယ်ဆိုရင်တော့…

**"ဘာမှ မလုပ်ရင် ဘာမှ ဖြစ်လာမှာ မဟုတ်ပါဘူး" ဆိုတဲ့စကားလို မဖြစ်ရအောင်…**

**အမြော်အမြင်နဲ့ကြံစည်ပြီး အကောင်အထည်ဖော်ရပါမယ်။**

…..

## အနစ်နာခံပြီးဆောင်ရွက်ပါ

**သက်တံရောင်စုံရဲ့ အစွန်းတဖက်မှာရွှေအိုးများ မြှုပ်နှံထား** တယ်ဆိုတဲ့ အဆိုအမိန့်ဟာ ပုံပြင်ထဲက ဖြစ်ရပ်မဟုတ်ဘဲ၊ တကယ် တမ်း အနစ်နာခံဆောင်ရွက်ခြင်းဆိုတဲ့ သက်တံအစွန်းတစ်ဖက်ရောက် ခဲ့သူတိုင်း မြှုပ်နှံထားတဲ့ရွှေအိုးကို ရရှိခံစားနိုင်ပါတယ်။

အနစ်နာခံပြီးမဆောင်ရွက်တတ်တဲ့ လူတစ်ယောက်အတွက် ရွှေအိုးမြှုပ်နှံထားတဲ့ သက်တံအဆုံးကိုရောက်မှာမဟုတ်ပါဘူး။ ဒါ ကြောင့်ရွှေအိုးကိုရရှိဖို့ မဆိုထားနဲ့ မြင်ဖူးဖို့တောင်မဖြစ်နိုင်ပါ။ ရွှေ အိုးဆိုတာ အခွင့်အလမ်းတွေပါပဲ။

**မစ္စတာဒူးရန့်**ဆိုတဲ့ လူတစ်ယောက်ဟာ မော်တာလုပ်ငန်း ပိုင်ရှင်တစ်ယောက်ဖြစ်ပါတယ်။ သူဟာဘဏ်တိုက်ကိုအချိန်နောက် ကျပြီးမှရောက်သွားတယ်။ ဒါပေမယ့် ဘဏ်ဝန် ထမ်းတစ်ယောက်က သူ့ကိုအကူအညီပေးပြီး အနစ်နာခံဆောင်ရွက်လိုက်တဲ့အတွက် မစ္စ တာဒူးရန့်ဟာငွေထုတ်လို့ အဆင်ပြေပြေရသွားတယ်။ ဒါဟာ သိပ် ထူးခြားတဲ့ဖြစ်ရပ်တစ်ခု မဟုတ်ပါဘူး။ သာမန်အားဖြင့် ဘဏ်ပိတ် ချိန်မတိုင်မီ ငွေအထုတ်အသွင်းစာရင်းကို တစ်နာရီလောက်ကြိုတင် ပြီး စာရင်းပိတ်လေ့ရှိပါတယ်။ ဒါပေမယ့် **ကာရီးလ်**ဆိုတဲ့ ဘဏ် ဝန်ထမ်းက အလွယ်တကူနဲ့ "ဒီနေ့အတွက် ငွေသွင်းငွေထုတ်စာရင်း ပိတ်ချိန်ဖြစ်သွားပါပြီ" လို့ ပြောမထွက်ဘဲ ငွေထုတ်လို့ရအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီလိုလုပ်ပေးလိုက်ရတဲ့အတွက် ပိတ် ပြီးဖြစ်တဲ့ ငွေစာရင်းကိုပြန်ဖွင့်ပြီး ထုတ်ပေးငွေကို ထပ်ဖြည့်ပေါင်း ပေးလိုက်ရပါတယ်။ ဒါဟာကာရီးလ်က အနစ်နာခံပြီးအကျိုးဆောင် ပေးလိုက်တာပါ။

အဲဒါ လွန်ခဲ့တဲ့(၂၅)နှစ်က ဖြစ်ရပ်တစ်ခုပါ။

နောက်တစ်နေ့ကျတော့ မစ္စတာဒူးရန့်ဟာ ကာရီးလ်ဆိုတဲ့

ဘဏ်ဝန်ထမ်းကို သူ့ဆီမှာအလုပ်လုပ်ဖို့ ပြောတယ်။ ကာရီးကစဉ်းစဉ်းစားစားနဲ့ လက်ခံပြီး ဒူးရန့်ရဲ့ စီမံရေးရာဌာနမှာ အလုပ်လုပ်ရတယ်။

ပထမဆုံး အလုပ်ဝင်တဲ့နေ့မှာ ကာရီးလ်ဟာ ရုံးတက်ချိန်အတိအကျရောက်လာတယ်။ ညနေငါးနာရီခွဲ ရုံးဆင်းချိန်မှာတခြားဝန်ထမ်းတွေ ပြန်သွားကြပေမယ့် သူမပြန်ဘူး။ ရုံးဆင်းချိန်ပြီးလို့ ဆယ့်ငါးမိနစ်အကြာမှာ မစ္စတာဒူးရန့်ဟာ သူ့ အတွင်းရုံးခန်းထဲက ထွက်လာတယ်။ "ဘာကြောင့်မပြန်သေးတာလဲ" လို့ဒူးရန့်ကမေးတော့၊ "တခြားဝန်ထမ်းတွေအကုန်လုံး အလုပ်ဆင်းသွားပြီဖြစ်တဲ့အတွက် တကယ်လို့ မစ္စတာဒူး ရန့်အနေနဲ့ တစ်ခုခုလိုအပ်တဲ့ကိစ္စရှိရင် လုပ်ပေးဖို့ စောင့်နေတာပါ" လို့ ပြန်ဖြေတယ်။

ဒီလိုနဲ့ လပေါင်းအတော်ကြာသွားချိန်မှာ မစ္စတာဒူးရန့်ဟာ သူ့ရဲ့စက်ရုံအသစ်အတွက် စက်ပစ္စည်းတွေတပ်ဆင်ရာမှာ ကာရီးလ်ကို ကြီးကြပ်ရေးမှူးတာဝန်ပေးပြီး ခန့်အပ်လိုက်တယ်။ ကာရီးလ်က စက်တပ်ပစ္စည်းတွေကို မကျွမ်းကျင်ပေမယ့် မညည်းမညူဘဲ ကြိုးစား လေ့လာဆည်းပူးပြီး ဆောင်ရွက်ခဲ့တဲ့အတွက် နောက်တော့ ကျွမ်းကျင်သွားတာပဲ။ စက်ရုံသစ်တပ်ဆင်မှုလုပ်ငန်းက သတ်မှတ်ချိန်ကာလထက်စောပြီး စနစ်တကျပြီး စီးသွားတယ်။

ဒူးရန့်က… "စက်ရုံမှာ စက်ပစ္စည်းတပ်ဆင်တာကို မင်းအစကတည်းက တက်ခဲ့ဖူးသလား" လို့ မေးပါတယ်။

"ကျွန်တော်လုံးဝမတက်ပါဘူး။ ဒါပေမယ့် ကျွမ်းကျင်သူတွေကိုရအောင် ရှာဖွေခေါ်ယူခဲ့ပါတယ်။ သူတို့ကိုသေသေသပ်သပ်နဲ့ပြီးဆုံးအောင် ဆောင်ရွက်စေပါတယ်။ ကျွန်တော်က မစ္စတာဒူးရန့်ခိုင်းတဲ့ အလုပ်ကိုပဲ လုပ်ခဲ့တာပါ" မစ္စတာဒူးရန့်ရဲ့ မေးခွန်းကို ကာရီးလ်က ရိုးရိုးသားသားမှန်မှန်ကန်ကန် အဖြေပေးခဲ့တယ်။

"လူတော်တွေဆိုတာ နှစ်မျိုးပဲရှိတယ်။ တစ်မျိုးက ကိုယ်လုပ်ရမယ့်အလုပ်ကို ကျွမ်းကျွမ်းကျင်ကျင် နိုင်နိုင်နင်းနင်းလုပ်တတ်

တယ်။ နောက်တစ်မျိုးက ကိုယ်တိုင် မလုပ်တတ်ဘူး။ ဒါပေမယ့် လုပ်တတ်တဲ့လူကို သေသေသပ်သပ်နဲ့သတ်မှတ်ကာလအတွင်း ပြီး မြောက်အောင်ခိုင်းနိုင်တယ်၊ အခုဆိုရင် မင်းအနေနဲ့ လူတော်နှစ်မျိုး စလုံးရဲ့ အရည်အသွေးတွေ ပြည့်စုံသွားပြီပေါ့"

မစ္စတာဒူးရန့်က အားပါးတရ ချီးကျူးလိုက်တယ်။

"ဟုတ်ကဲ့ ...အခုလို ချီးကျူးတဲ့အတွက် ကျေးဇူးတင်ပါ တယ်ခင်ဗျား၊ လောလောဆယ် ကျွန်တော် လုပ်စရာလေးတွေရှိလို့ ခွင့်ပြုပါဦး မစ္စတာဒူးရန့်"

ကာရီးလ်က လေးလေးစားစားပြောပြီး ဒူးရန့်အနီးက ခွာ ထွက်ဖို့ ခြေလှမ်းလိုက်တယ်။

"နေပါဦးကွ၊ မင်းကို ကျုပ် ပြောစရာရှိသေးတယ်"

ဒူးရန့်စကားကြောင့် ကာရီးလ်ဟာ ခြေလှမ်းကိုတုံ့ခဲ့ရပ် ပြီး ဒူးရန့်ကို လှည့်ကြည့်လိုက်တယ်။

"အခု မင်းကိုယ်တိုင် ကြီးကြပ်ပြီး တည်ဆောက်ခဲ့တဲ့ စက်ရုံအသစ်စက်စက်ကြီးမှာ မန်နေဂျင်းဒါရိုက်တာအဖြစ်မင်းကို ငါခန့်လိုက်ပြီ၊ ပထမနှစ်အတွက် ဒေါ်လာငါးသောင်းက စပေး လျှာထားတယ်၊ မင်း လုပ်နိုင်မလား ကာရီးလ်"

ကာရီးလ်ဟာ ဒူးရန့်ရဲ့စကားကို အလေးအနက်လက်ခံလိုက် ပါတယ်။ အဲဒီနေ့ကစပြီး ဒူးရန့်နဲ့ကာရီးလ်တို့ နှစ်ယောက်ဟာ အ တူလက်တွဲပြီး မခွဲမခွာလုပ်ကိုင်ခဲ့ကြတယ်။ ပထမဆယ်နှစ်အတွင် မှာပဲ ကာရီးလ်ဟာ ဒေါ်လာ(၁၂)သန်းလောက် အကျိုးအမြတ်ရရှိ တယ်။ နောက်ပိုင်းမှာသူ့အနေနဲ့ ဒူးရန့်ရဲ့ အားအကိုးရဆုံးအကြံပေ အတိုင်ပင်ခံအဖြစ် တာဝန်ယူလုပ်ကိုင်ခဲ့ပါတယ်။

လူအများစုဟာ လူတစ်ယောက်ရဲ့ အောင်မြင်မှုကိုသ စိတ်အားထက်သန်စွာကြည့်ပြီးသူ့လိုပဲဖြစ်ချင်ကြတယ်။ ဒါပေမပ အဲလိုမျိုးအောင်မြင်ဖို့ ဘယ်လိုကြိုးစားပမ်းစား လှုပ်ရှားလုပ်ကိုင်ခဲ့ တယ်ဆိုတာကိုသိအောင် မလေ့လာကြဘူး။ သိတဲ့တိုင်အောင်လဉ

သူ့လိုလိုက်လုပ်ဖို့ စိတ်တောင်မကူးမိကြဘူး။

ကာရိုးလ်ကိုသူ့အပေါင်းအသင်းတစ်ယောက်ကနှစ်ပေါင်းများစွာ ကြာတဲ့အခါမှာ မေးခွန်းတစ်ခုထုတ်တယ်။

"ခင်ဗျားမစ္စတာဒူးရန့်လိုလူစားဆီက အဲဒီလိုအခွင့်အရေးတွေ ဘယ်လိုလုပ်ပြီး ရခဲ့တာလဲဗျ"

"အား…အဲဒီကိစ္စက သိပ်မခဲယဉ်းပါဘူးဗျာ၊ ကျွန်တော်က မစ္စတာဒူးရန့်နဲ့ မျက်နှာချင်းဆိုင်မိအောင် အမြဲတမ်းကြိုးစားခဲ့တယ်လေ၊ နောက်တော့ သူ တစ်ခုခုခိုင်းတော့မယ်ဆိုရင် သူနဲ့အနီးဆုံး လက်တစ်ကမ်းမှာ အမြဲရှိနေတဲ့ ကျွန်တော့်ကိုပဲ ခိုင်းတော့တာပေါ့၊ အဲဒီလိုခိုင်းရင်းနဲ့ သူ့လူယုံတော် ဖြစ်သွားတာပေါ့ကွာ"

ကာရိုးလ်က အမှန်တရားနဲ့ အနီးစပ်ဆုံး အဖြေတစ်ခုကို ကောက်ကာငင်ကာဖြေလိုက်ပါတော့တယ်။ တကယ်တော့မခဲယဉ်းတာ အမှန်ပါ။ ချမ်းသာကြွယ်ဝမှုတွေဖြစ်လာတဲ့ အခြေခံအချက်ဟာ မိမိရရှိခံစားနေရတဲ့ လုပ်အားခထက် ပိုပိုသာသာ လုပ်အားပေးလိုက်ခြင်းပါပဲ။

ဘဏ်ဝန်ထမ်းတစ်ယောက်သာဖြစ်တဲ့ ကာရိုးလ်ဟာ လအနည်းငယ်အချိန်အတောအတွင်း စက်မှုကြီးကြပ်သူဖြစ်လာခဲ့တယ် မှတ်သားလောက်အောင် အရေးကြီးတဲ့အချက်တစ်ချက်ကား သူ မကျွမ်းကျင်တဲ့အလုပ်ဖြစ်ပေမယ့် လုံးဝမညည်းညူဘူး၊ ငြင်းပယ်တာလည်းမရှိဘူး၊ မဖြစ်ဖြစ်အောင်ကျွမ်းကျင်သူတွေရှာပြီးလုပ်ခဲ့တယ်၊ သူ ကိုယ်တိုင်လည်းမျက်ခြည်မပြတ် လေ့လာဆည်းပူးတယ်၊ သတ်မှတ်ထားတဲ့ ကာလအတောအတွင်း (အားထုတ်ကြိုးပမ်းမှုကြောင့်) စက်ရုံသစ်တည်ဆောက်တပ်ဆင်မှု အောင်မြင်ခဲ့တယ်။

ဒါကို သဘောပေါက်အောင်စဉ်းစားကြည့်ရင် ကာရိုးလ်ရဲ့ အောင်မြင်မှုကို အတုယူနိုင်ပါတယ်။ သူ့လိုအနေအထားမျိုးမဟုတ်ပေမယ့် ဆင်တူယိုးမှားဆင့်ပွားပြီးလုပ်ဆောင်ကြည့်ရင် အောင်မြင်မှာပါ၊ စာရေးဆရာ **အဲလ်ဘတ်ဟားဘတ်** ရေးသားတဲ့ **ဂါဆီယာသို့**

စာလွှာဆိုတဲ့ ဝတ္ထုစာအုပ်ကို အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့တယ်၊ နိုင်ငံတစ်ကာမှာ ဘာသာအမျိုးမျိုးနဲ့ ထုတ်ဝေဖြန့်ချိခဲ့တယ်၊ မူရင်းစာရေးဆရာဟာ ကမ္ဘာကျော်ဖြစ် သွားတယ်။

အမေရိကန်နိုင်ငံက မီးရထားကုမ္ပဏီနဲ့အာမခံကုမ္ပဏီ စတဲ့ ကုမ္ပဏီကြီးတွေဟာ အဲဒီစာအုပ်တွေကိုဝယ်ပြီး သူ့ကုမ္ပဏီက ဝန်ထမ်းတွေ လုပ်သားတွေကိုအခမဲ့ ဖြန့်ဝေပေးခဲ့တယ်။ ရုရှားနဲ့စစ်ဖြစ်ခဲ့ချိန်က ဂျပန်အစိုးရဟာ အဲဒီဝတ္ထုကို ဂျပန်ဘာသာ ပြန်ဆိုရေးသားပုံနှိပ်တယ်။ အဲဒီကာလက ဂျပန်စစ်သားတိုင်း အခမဲ့ဖြန့်ဝေခဲ့သေးတယ်။ အဲဒီစာအုပ်မှာ ချမ်းသာကြွယ်ဝစေတဲ့ အဓိကအချက်ပါနေတယ်။

အဲဒီအချက်က **စာတ်လမ်းထဲမှာပါတဲ့ ရိုဝင်ဆိုတဲ့စစ်သားလေးတစ်ယောက်ဟာ သူ့ကိုပေးလိုက်တဲ့ တာဝန်ကိုအကောင်းဆုံးကျေပွန်အောင်ဆောင်ရွက်ခဲ့တယ်။ အဲဒီ စိတ်စွမ်းအားကြောင့်ဘယ်လိုအခက်အခဲ အတားအဆီးဖြစ်စေ ဖြတ်ကျော်နိုင်ခဲ့ပြီး နောက်ဆုံးမှာအောင်မြင်မှုရရှိခဲ့ပါတယ်** ဆိုတဲ့အချက်ဖြစ်ပါတယ်။ ဒါကိုဖော်ကျူးရေးသားထားတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် မီးရထားကုမ္ပဏီနဲ့အာမခံကုမ္ပဏီအပါအဝင် တခြားကုမ္ပဏီက အုပ်ချုပ်သူတွေဟာ သူ့တို့ဝန်ထမ်းတွေကို အဲလိုမျိုး စိတ်ဓါတ်ဖြစ်ပေါ်လာအောင် မြှင့်တင်ပေးလိုက်တာပါ။

အဆင့်အနိမ့်ဆုံးစက်ရုံလုပ်သား(၄၀)ကျော်ကို သန်းကြွယ်သူဌေးဖြစ်တဲ့အထိ တွန်းပို့ပေးခဲ့သူ တစ်ယောက်ရှိပါတယ်။ အဲဒီလူကတော့ သံမဏိဘုရင် အင်ဒရူးကာနေဂျီပါပဲ။ အင်ဒရူးဟာ အနစ်နာခံတတ်တဲ့ လုပ်သားရဲ့အရည်အသွေးကို သေသေချာချာနားလည်သဘောပေါက်ပါတယ်။

အဲဒီလို လုပ်သားတွေကို တွေ့တာနဲ့တစ်ပြိုင်နက် အင်ဒရူးက အဲဒီလိုလုပ်သားကို လုပ်ငန်းရဲ့အရေးကြီးဆုံးဌာနကို ပို့လိုက်ပါတယ်။ နောက်တော့ ထိုက်ထိုက်တန်တန် အခွင့်အရေးပေးလိုက်တော့

တာပါပဲ။ အဲဒီလုပ်သားတွေကို အလုပ်လုပ်စေခြင်းဟာ **တွန်းအား** ဖြစ်ပါတယ်။ အဲဒီ တွန်းအားရဲ့ ပို့ဆောင်မှုအတိုင်း အနစ်နာခံ လုပ်ကိုင်စိတ်ကြောင့် ရရှိလာတာက **"ခိုင်မာတဲ့ အကျိုးတရားများ"** ဖြစ်ပါတယ်။ အကျိုးတရားဟာအသွင်သဏ္ဌာန် အမျိုးမျိုးအထွေထွေနဲ့ ဖြစ်တည်နေပါတယ်။

လုပ်သားတစ်ယောက်ဟာ လက်ရှိခံစားနေတဲ့ လုပ်အားခထက်ပိုပြီး လုပ်အားခမပေးတဲ့အခါမှာ တကယ်လို့သူရရှိမယ့်အောင်မြင်မှုရှိခဲ့ရင်တောင်မှ ခိုင်မာစရာအကြောင်း မဖြစ်နိုင်ပါဘူး။ အနစ်နာမခံဘဲနဲ့ဖြစ်ပေါ်လာတဲ့အကျိုးအမြတ်ဟာယာယီမျှသာဖြစ်ပါလိမ့်မယ်။

အနစ်နာခံတာဟာ မှန်မမှန်၊ တကယ်တမ်းကောင်းကျိုးပြုမပြုဆိုတာကိုသိချင်ရင် သင် ကိုယ်တိုင်လက်တွေ့လုပ်ကြည့်မှ သိနိုင်မှာပါ။ မှန်ကန်ခြင်းဆိုတာက ကိုယ်တိုင်အတွေ့အကြုံနဲ့မှ သိနိုင်ပါတယ်။

အောင်မြင်ခြင်း ဖြစ်စေနိုင်မယ့် နည်းလမ်းနဲ့ပတ်သက်တဲ့ ဖြစ်ရပ်မှန်အကြောင်းတရားတချို့ကို ဖော်ပြလိုက်ပါပြီ။ ဒါတွေကို မှန်မှန်ကန်ကန် အဆင်ပြေအောင် မိမိ ကြုံတွေ့နေရတဲ့ဖြစ်ရပ်တွေနဲ့ လိုက်လျောညီထွေအောင် အသုံးချရပါတယ်။ ဖြစ်ရပ်တစ်ခုနဲ့နောက်တစ်ခုဟာ ထပ်တူထပ်မျှ မဖြစ်တဲ့တိုင်အောင် ဆင်တူယိုးမှားဖြစ်ရပ်တွေကို အနီးစပ်ဆုံးအသုံးပြုနိုင်ပါတယ်။

ဒါဆိုရင် သင်ဆန္ဒရှိတဲ့ ချမ်းသာကြွယ်ဝမှုကိုရရှိနိုင်တော့မှာပါ။

မော်တော်ကား လုပ်ငန်းပိုင်ရှင်ကြီးတစ်ဦးဖြစ်တဲ့ ကမ္ဘာကျော်ဟင်နရီဖို့ဒ်ဟာ သူ့လုပ်သားတွေ၊ ဝန်ထမ်းတွေအကြောင်းကို ကောင်းကောင်းကြီးသိအောင် လေ့လာခဲ့ပါတယ်။ တခြားလုပ်ရိုးလုပ်စဉ်လုပ်ကိုင်နေကြတဲ့ လုပ်သားများထဲမှ ထူးထူးခြားခြား အနစ်နာခံခြင်း နည်းလမ်းကို ကျင့်သုံးဆောင်ရွက်တတ်တဲ့ လုပ်သား

တွေကိုမှတ်ထားလိုက်ပါတယ်။ အဲဒီ လုပ်သားမျိုးဟာ သူ့အတွက် မရှိရင်မဖြစ်တဲ့ စံပြလုပ်သားကောင်းဖြစ်နေပါတယ်။

ဒါကြောင့် အဲဒီလုပ်သားကို မူလပေးထားတဲ့ နေ့စား(အနိမ့်ဆုံး) လုပ်အားခကို တစ်ဆ တိုးမြှင့်ပေးလိုက်ပါတယ်။ အဲဒီအချက်ကိုကြည့်ရင် သင်ဟာ လုပ်ငန်းရှင်တစ်ယောက် ဖြစ်နေခဲ့ရင် ဖို့ဒ်ရဲ့နည်းလမ်းကို အသုံးပြုပါ။

ဒါမှမဟုတ် သင်ဟာ လုပ်သားတစ်ယောက်ဆိုရင်တော့ မရှိမဖြစ် လုပ်သားဖြစ်အောင် ကြိုးစားပါ။ ဒါဆိုရင် သင်ဟာ ချမ်းသာကြွယ်ဝမှုတွေကိုပိုင်ဆိုင်ရမယ့် လမ်းကြောင်းပေါ်မှာ စပြီး လျှောက်နေပြီလို့ တစ်ထစ်ချသတ်မှတ်နိုင်ပါပြီ။ ဖို့ဒ်ဟာ အဲဒီနည်းလမ်းတွေကို လုပ်သားအနေနဲ့ရော လုပ်ငန်းရှင်အဖြစ်နဲ့ပါ ကျင့်သုံးလိုက်နာခဲ့ပါတယ်။

ဒါကြောင့် သူဟာ ကမ္ဘာကျော်ချမ်းသာကြွယ်ဝသူတွေထဲမှာ ထိပ်ဆုံးကတစ်ယောက်အပါအဝင်ဖြစ်ခဲ့ရပါတယ်။ သူ့လုပ်ငန်းကိုဦးစီးလုပ်ကိုင်ခဲ့တဲ့ နှစ်ပေါင်း(၅၀)ကျော်အတွင်းမှာ ဘယ်လိုအလုပ်သမားပြဿနာနဲ့မှ မတွေ့ခဲ့ရပါဘူး။

သံမဏိလုပ်ငန်းပိုင်ရှင်- အင်ဒရူးကာနေဂျီဟာလည်း**အနစ်နာခံဆောင်ရွက်ခြင်း** ဆိုတဲ့ သဘောတရားကို ကိုယ်တိုင်ကိုယ်ကျ အသုံးပြုခဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့် သူ့ခေတ် အချိန်ကာလမှာ ကုဋေပေါင်းများစွာကြွယ်ဝချမ်းသာသူတစ်ယောက်ဖြစ်သွားတယ်။

တချို့က အင်ဒရူးကာနေဂျီကို လုပ်ငန်းနဲ့ ပတ်သက်လို့ လောဘကြီးသူလို့သတ်မှတ်ကောင်း သတ်မှတ်ကြပါလိမ့်မယ်။ ဒါပေမယ့် သူ့လုပ်သားတွေ ဝန်ထမ်းတွေအပေါ်မှာ အုပ်ချုပ်မှုအတော်ဆုံးလို့ချီးကျူးခံရပါတယ်။ သူ့လုပ်ငန်းမှာငွေတွေ ကုဋေပေါင်းများစွာ တိုးတက်ရရှိလာဖို့အတွက် **မရှိမဖြစ်လုပ်သားမျိုး**ကိုမြေတောင်မြှောက်ပေးပြီး အနစ်နာခံ ဆောင်ရွက်တဲ့ လုပ်သားတွေကိုလည်း နှစ်စဉ်ဒေါ်လာများကိုသန်းနှင့်ချီပြီးအပိုဆုကြေးတွေ့ပေးခဲ့ပါတယ်။

အဲလိုမျိုးပေးတဲ့ ရည်ရွယ်ချက်က သူ့လုပ်ငန်းထဲမှာရှိတဲ့ လုပ်သားတွေဟာ သူ့အတွက်အနစ်နာခံပြီး ဆောင်ရွက်တတ်တဲ့မရှိမဖြစ်လုပ်သားမျိုးတွေဖြစ်လာအောင် ဖန်တီးလိုက်တာပါပဲ။ အလုပ်ကို အနှံ့အတာခံလုပ်တဲ့ လုပ်သားတိုင်းကို အခွင့်အရေးပေးလိုက်တဲ့ သဘောမျိုးဖြစ်တယ်။

နောက်ပြီးအဲလိုမျိုး ထူးချွန်တဲ့လုပ်သားတွေကိုသူ့လုပ်ငန်းမှာ ဆက်လက် တည်မြဲနေအောင် အမြင့်ဆုံးအခွင့်အရေး၊ လစာနဲ့ အပိုဆုကြေးတွေကို မတန်တဆ ပေးလေ့ရှိပါတယ်။ ဒါကြောင့် အနစ်နာခံပြီး လုပ်ငန်းဆောင်ရွက်တတ်တဲ့ ထူးချွန်လုပ်သားတွေဟာ အင်ဒရူးကာနေဂျီရဲ့ လုပ်ငန်းကြီးတစ်ခုလုံးမှာ နှစ်စဉ်တိုးတက်လာတယ်။ တခြားလုပ်ငန်းရှင်တွေဆီကကိုပြောင်းပြီး လုပ်ကိုင်ဖို့ စိတ်မကူးကြတော့ပါဘူး။

အဲဒီလို လုပ်သားကောင်းတွေရဖို့ စွမ်းဆောင်တဲ့ လုပ်ငန်းရှင်ကြီးတွေထဲမှာ အင်ဒရူးကာနေဂျီနဲ့ဟင်နရီဖို့ဒ်ဟာ ထိပ်ဆုံးက နေရာယူထားကြပါတယ်။

အဲဒီလို လုပ်ငန်းရှင်မျိုးရဲ့ လက်အောက်မှာ လုပ်ရတာကို ပျော်နေကြတဲ့ လုပ်သားတွေဖြစ်လာပါတယ်။ လုပ်သားအချင်းချင်းတွေထဲမှာပိုပြီးကြိုးစားဖြစ်ရုံသာမက ပိုပြီးအနစ်နာခံဆောင်ရွက်တာကို အသိအမှတ်ပြုခံရတာတွေ၊ ဆုကြေးနဲ့လစာ အဆင့်တိုးမြှင့်ခံရတာတွေဟာ လုပ်သားတွေကို ဆွဲဆောင်နိုင်တဲ့အချက်တွေပါပဲ။

အဲဒီလို ဆွဲဆောင်နိုင်အောင် ငွေကြေးအကုန်ခံပြီး ဖန်တီးကြတဲ့ ဟင်နရီဖို့ဒ်နဲ့အင်ဒရူးကာနေဂျီလို ပုဂ္ဂိုလ်မျိုးတွေအတွက် သူတို့လုပ်ငန်း ဝင်ငွေပမာဏထဲမှာ နောက်ထပ် ကုဋေပေါင်းများစွာ ဝင်ငွေတိုးလာပါတယ်။ **ဒါဟာ ချမ်းသာကြွယ်ဝစေတဲ့ သော့ချက်တစ်ခုပါပဲ။**

နပိုလီယံဟေးလ်ဟာ ဖြစ်ရပ်မှန်တစ်ခုချင်း၊ အကြောင်းအရာတစ်ခုပြီးတစ်ခု၊ ချမ်းသာကြွယ်ဝမှုတွေကို ပိုင်ဆိုင်စေနိုင်တဲ့

နည်းလမ်း တစ်လမ်းပြီးတစ်လမ်း၊ စာကြောင်းတိုင်းစာကြောင်းတိုင်းမှာ ဖော်ပြထားပါတယ်။ ဒါတွေကို သင် လေးလေးနက်နက်ဖတ်၊ ရင်းနဲ့ ဆင်ခြင်သုံးသပ်ကြည့်ပါ။ သင့်ဦးနှောက်ထဲကို စာပိုဒ်တစ်ပိုဒ်ချင်း စိမ့်ဝင်သွားအောင်မှတ်သားပါ လက်တွေ့အကောင်အထည်ဖော်ဖို့ ကြိုးစားပါ။

ဒါဆိုရင် သင်ဟာ ချမ်းသာကြွယ်ဝသူတစ်ယောက်ဖြစ်ဖို့ သေချာနေပါပြီ။ ပေါ့ပေါ့တန်တန်စာလုံးတွေပဲဆိုတဲ့ ထင်မြင်ယူဆချက်နဲ့ ကျော်လွှားဖတ်ရှုသွားမယ်ဆိုရင်တော့ အချိန်ကုန်ရုံပဲဖြစ်နေပါလိမ့်မယ်။ ဒါကြောင့် ဒီစာအုပ်ကို အဖွင့်စာမျက်နှာကစပြီး နောက်ဆုံးအပိတ်စာမျက်နှာအထိ နှစ်နှစ်ကာကာ အာရုံစိုက်ဖတ်ပြီး ဆင်ခြင်သုံးသပ်ပါ။ အလွယ်တကူ သဘောမပေါက်သေးရင် ထပ်ကာတလဲလဲပြန်ဖတ်ပါ။ တစ်စတစ်စနဲ့ သင့်ဦးနှောက်ထဲမှာ အဖြေပေါ်လာမှာ သေချာပါတယ်။

ဟင်နရီဖို့ဒ်နဲ့ကာနေဂျီ အပါအဝင် စီးပွားရေးလုပ်ငန်းရှင်ကြီးတွေဟာ လုပ်သားပေါင်းများစွာတို့ကို ဆွဲဆောင်နိုင်တဲ့နည်းလမ်းတွေနဲ့ စွမ်းဆောင်ခဲ့ပါတယ်။ ဒေါ်လာတွေကိုသန်းနဲ့ချီပြီး အသုံးပြုလို့၊ အဲဒီလုပ်သားတွေဆီက လုပ်အားတွေကို ညှစ်ထုတ်သုံးစွဲခဲ့ပါတယ်။ ဒါကြောင့် အဲဒီလုပ်သားတွေဟာ အခွင့်အရေးတွေ ပိုပိုလျှံလျှံရလာကြတယ်။

ဆုကြေးတွေ တစ်ထောကြီး ပိုင်ဆိုင်လာကြတယ်။

ဒါကြောင့် တစ်ယောက်ထက်တစ်ယောက် ပိုပြီး ကြိုးစားခဲ့ကြတယ်။ အနစ်နာခံပြီး ထိုက်သင့်တာထက် ပိုစေတနာထားဆောင်ရွက်ကြတဲ့အတွက် လုပ်ငန်းရှင်ကြီးတွေရဲ့ ဘဏ်အပ်ငွေစာရင်းမှာ ဒေါ်လာတွေ ကုဋေကုဋာ တိုးလာကြတော့တာပါပဲ။

လုပ်ငန်းရှင်ကြီးတွေက သူ့လုပ်သားတွေအတွက်ဆုကြေးတွေ လစာတွေတိုးပေးလိုက်ရတဲ့အတွက် ကုန်ကျသွားတဲ့ငွေပမာဏထက်ပိုပြီး ဝင်လာတဲ့ငွေကြေးပမာဏဟာ အဆပေါင်းများစွာ သာ

လွှန်နေကြပါတယ်။

**အနစ်နာခံခြင်း**

အနစ်နာခံခြင်းဆိုတဲ့ ဖြစ်စဉ်ကို သဘောပေါက်ဖို့အတွက် သိပ်မခဲယဉ်းပါဘူး။ မိမိကိုယ်တိုင် ပါးပါးနပ်နပ်နဲ့ထက်ထက်မြက်မြက် အသုံးပြုတတ်ဖို့ပဲလိုအပ်ပါတယ်။ အဲဒီအချက်ကိုတိတိကျကျ အသုံးပြုပြီး ဆောင်ရွက်လိုက်တာနဲ့ တစ်ပြိုင်နက် ချမ်းသာကြွယ်ဝမှုတွေ မလွဲမသွေရရှိနိုင်ပါတယ်။

အဲဒီ အနစ်နာခံခြင်းကို အသုံးပြုလိုက်တဲ့အတွက် သင့်အပေါင်းအသင်းတွေ၊ တခြားအပေါင်းအသင်း ဆက်ဆံရေး အသိုက်အဝန်းတွေ၊ လုပ်အားတွေ၊ နားလည်မှုရှိသူတွေစသည်ဖြင့် အဲဒီလိုပတ်ဝန်းကျင်က အကျိုးတရား ဖြစ်ထွန်းလာတတ်ပါတယ်။ အဲဒီအကျိုးတရားတွေဟာ ချမ်းသာကြွယ်ဝခြင်းပါပဲ။

တစ်ခါကကယ်လီဖိုးနီးယားပြည်နယ်၊လော့စ်အိန်ဂျယ်လိစ်မြို့တော်မှာ အသက်အာမခံ ကိုယ်စားလှယ်တစ်ယောက် ရှိတယ်။ သူဟာချမ်းသာကြွယ်ဝမှုကို ပိုင်ဆိုင်တဲ့နည်းလမ်း ရရှိသွားပါတယ်။

သူ့နာမည်က **အက်ဒဝမ်** ဖြစ်ပါတယ်။ အက်ဒဝမ်ရဲ့အသက်အာမခံကိုယ်စားလှယ်ဝင်ငွေဟာ အစတုန်းကဆိုရင် သူ့အတွက်စားလောက်သုံးလောက်ရုံပဲ ရှိပါတယ်။ ဒါကြောင့် သူဟာအပြုစိတ်သဘောထားကို အရင်းတည်ပြီး သူ့ကိုယ်သူဆင်ခြင်သုံးသပ်ခဲ့ပါတယ်။

အင်ဒရူးကာနေဂျီရဲ့ ချမ်းသာကြွယ်ဝခြင်းအကြောင်းတရား (၁၂)ချက်ကို အသုံးချတတ်ဖို့ စတင်ပြင်ဆင်လိုက်ပါတယ်။

အက်ဒဝမ်ဟာ တစ်စုံတစ်ယောက်အပေါ်မှာ အနစ်နာခံပြီး ကူညီဆောင်ရွက်နိုင်မယ့်အခွင့်အလမ်းကို မျှော်လင့်စောင့်စားနေပါတယ်။ သူစောင့်ဆိုင်းနေတဲ့ အချိန်ကာလအတွင်းမှာ အခွင့်အလမ်းတစ်ခုပေါ်လာပါတယ်။ အဲဒီအချိန်ကာလသတ္တုသိုက်တွေ ရှာဖွေတူးဖော်နေတဲ့အချိန်ကာလဖြစ်ပါတယ်။ လူရွယ်တစ်ယောက်ဟာကယ်လီဖိုးနီးယားပြည်နယ်ရဲ့ကန္တာရထဲမှာသတ္တုတူးဖော်ရေးလုပ်ငန်းလုပ်ရင်းနဲ့

အဆင်မပြေဖြစ်နေတယ်။ နောက်ဆုံးငတ်ပြတ်ပြီး ဒုက္ခရောက်နေပါတယ်။

အဲဒီ လူငယ်ကို အက်ဒဝမ်တွေ့တဲ့အခါမှာ အနစ်နာခံပြီး ကူညီဆောင်ရွက်ဖို့ အခွင့်အလမ်းပွင့်သွားပါတယ်။ အဲဒီလို ဒုက္ခရောက်ပြီး ငတ်ပြတ်နေတဲ့လူရွယ်ကို အက်ဒဝမ်ကစေတနာထားပြီး အိမ်ခေါ်သွားခဲ့တယ်။ ကျွေးမွေးခဲ့တယ်။ အဲဒီလူရွယ်အတွက်ထိုက်သင့်တဲ့အလုပ်တစ်ခုကိုလည်း ရှာပေးခဲ့တယ်။

ဒါဟာ အက်ဒဝမ်က တစ်ပါးသူအပေါ်အနစ်နာခံပြီးကူညီဆောင်ရွက်ခြင်းဆိုတဲ့ အချက်ကို လေ့ကျင့်အကောင်အထည်ဖော်လိုက်တာပါ။နောက်ပိုင်းအဲဒီလူရွယ်လိုဒုက္ခရောက်နေကြတဲ့သတ္တုရှာဖွေရေးတူးဖော်သမားတွေတစ်ယောက်ပြီးတစ်ယောက်အက်ဒဝမ်ရဲ့ကူညီမှုကြောင့် အဆင်ပြေသွားကြတယ်။

နောက်သိပ်မကြာမြင့်တဲ့ အချိန်ကာလအတွင်းမှာအပြောင်းအလဲတစ်ခု သိသိသာသာကြီး ဖြစ်ပေါ်လာတယ်။ အက်ဒဝမ်ရဲ့အသက်အာမခံပေါ်လစီရောင်းချနှုန်းဟာ တခြားသောအသက်အာမခံပေါ်လစီရောင်းချနှုန်းထက် လိုက်မမီအောင် အမြင့်ဆုံးအဆင့်ကိုရောက်ရှိသွားတယ်။ နောက်ပြီးအဲဒီအမြင့်ဆုံးအဆင့်မှာ ဆက်လက်တည်မြဲနေတယ်။ ရှင်းရှင်းပြောရရင် အက်ဒဝမ်လောက် ဘယ်သူမှ ဒီလောက်များများ အသက်အာမခံပေါ်လစီကို မရောင်းချနိုင်ခဲ့တဲ့အဖြစ်မျိုးကိုရောက်ရှိသွားတော့တာပါပဲ။ဒါတင်မကပါဘူး။ ပထမဆုံးအက်ဒဝမ်ကယ်ဆယ်ခဲ့ဖူးတဲ့ သတ္တုတွင်း အလုပ်သမားလူရွယ်ရဲ့လုပ်ငန်းရှင်ဟာ အက်ဒဝမ်ရဲ့ အာမခံပေါ်လစီဝယ်ယူရာမှာ အာမခံငွေအများဆုံးဖြစ်နေတာ အံ့ဩစရာပါပဲ။

အက်ဒဝမ်ဟာ အဲဒီအလုပ်ရှင်ကိုတစ်ခါမျှ အသက်အာမခံပေါ်လစီဝယ်ဖို့အကြောင်းနဲ့ စကားမစပ်မိခဲ့ဖူးပါဘူး။

အက်ဒဝမ်ဟာ ဒီအရင်တုန်းကဆိုရင် အသက်အာမခံပေါ်လစီတစ်ခု ရောင်းရဖို့အတွက် လျှာထွက်မတတ် ပြောခဲ့ရပေမယ့်

လက်တွေ့မှာတစ်စောင်မျှ မရောင်းခဲ့ရပါဘူး။ တစ်ခါတလေရောင်းရပြန်တော့လည်း အလုပ်ဖြစ်ရုံ အဆင့်လောက်ပဲရှိပါတယ်။

အခုလို သတ္တုတွင်းလုပ်သားကလေးရဲ့ ဒုက္ခကို ပထမဆုံး စပြီးကူညီလိုက်ရတဲ့ နောက်ပိုင်းမှာ အက်ဒဝမ်ဟာ အသက်အာမခံပေါ်လစီ ရောင်းချတဲ့လုပ်ငန်းမှာ အရမ်းအောင်မြင်ထင်ရှားလာခဲ့တယ်။

အဲဒီလိုဖြစ်ပြီးတဲ့နောက်ပိုင်းမှာကယ်လီဖိုးနီးယားပြည်နယ်က ဒေါ်လာတွေ များများစားစား ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေကြတဲ့ စီးပွားရေးသမားကြီးတွေနဲ့၊ တခြားအရေးကြီး ပုဂ္ဂိုလ်ကြီးတွေဟာ အက်ဒဝမ်ကို လေးလေးစားစားခေါ်တွေ့ကြတယ်။ အသက်အာမခံကိစ္စနဲ့ပတ်သက်ပြီး အက်ဒဝမ်ရဲ့ အကြံဉာဏ်ကို အလေးအနက်ထားပြီး ဆွေးနွေးတိုင်ပင်ကြတယ်။ အက်ဒဝမ်ရဲ့ အကြံပေးချက်တွေကို ယုံယုံကြည်ကြည်နဲ့ လက်ခံကြတယ်။

ဒီလိုနဲ့ပဲ အက်ဒဝမ်ဟာ အသက်အာမခံလောကမှာ အရှိန်အဟုန်နဲ့ တိုးတက် အောင်မြင်လာခဲ့တယ်။ အသက်အာမခံပေါ်လစီရောင်းချရာမှာ စံသတ်မှတ်ထားတာက တစ်နှစ်အတွက် တစ်သန်းဖိုးရောင်းချနိုင်ရမယ်။ အဲလိုမျိုး သုံးနှစ်ဆက်တိုက်ရောင်းချနိုင်တဲ့လူက ရာသက်ပန်အဖွဲ့သားဖြစ်နိုင်တယ်။ အက်ဒဝမ်ဟာရာသက်ပန်အဖွဲ့သား ဖြစ်သွားပါတယ်။ အဲဒီလို အဖြစ်မျိုးကို အသက်အာမခံကိုယ်စားလှယ်တိုင်း ဖြစ်ချင်လွန်းလို့ အက်ဒဝမ်ကို အားကျတယ်။ အက်ဒဝမ်ဟာ ဘာကြောင့်အဲ့ဒီ အခြေအနေမျိုး ရောက်ရှိသွားတယ်ဆိုတာကို တခြားအသက်အာမခံကိုယ်စားလှယ်တွေ သိနေကြတာပါပဲ။ ဒါပေမယ့် သူတို့က အဲလိုမျိုးအနစ်နာခံပြီး ကူညီဆောင်ရွက်မှု မလုပ်ခဲ့ကြပါဘူး။ ဖြစ်ချင်တာပဲရှိပြီးဖြစ်အောင်လုပ်တတ်တဲ့အလေ့အကျင့်မရှိသူဟာ ဒုံရင်းဘဝမှာပဲ အရိုးဆွေးတဲ့အထိနေသွားရမှာပါ။ ဒါဟာ သင်ခန်းစာတစ်ခု ဖြစ်နေပါပြီ။

အက်ဒဝမ်ဟာသူတစ်ပါးစိတ်ချမ်းသာအောင်ကူညီအနစ်နာခံ

ဆောင်ရွက်ခဲ့တဲ့အတွက် သူကိုယ်တိုင်လည်း စိတ်ချမ်းသာခဲ့ရပါတယ်။ နောက်တော့ခြောက်နှစ်အတွင်း အာမခံပေါ်လစီတွေဒေါ်လာသန်းနဲ့ချီပြီး ရောင်းချလိုက်ပါတယ်။ အက်ဒဝမ်ရဲ့အောင်မြင်ထင်ရှားမှုက တစ်နိုင်ငံလုံးကျော်ကြားပြီး အသက်အာမခံဌာနတွေကကျင်းပတဲ့စည်းဝေးပွဲတွေမှာ သူ့ကိုဦးစားပေး ဖိတ်ကြားခြင်းခံခဲ့ရပါတယ်။

အက်ဒဝမ်ရဲ့ ဟောပြောပွဲတွေကို အရေးကြီးပုဂ္ဂိုလ်တွေကိုယ်တိုင်တက်ရောက်အားပေး ဆွေးနွေးကြပါတယ်။ အဲဒီအခါမျိုးမှာ သူ့ရဲ့အောင်မြင်မှုကို ဘယ်တော့မှထိမ်ချန်လျှို့ဝှက်မထားဘဲ အရင်းတိုင်း ဖော်ထုတ်တတ်ကြပါတယ်။

ဒါပေမယ့် အက်ဒဝမ်ကတော့ တခြားလူတွေကိုလည်း သူ့လို အောင်မြင်ထင်ရှား ကြွယ်ဝချမ်းသာလာစေချင်တဲ့ ဆန္ဒရှိပါတယ်။ ဒါကြောင့် ပွင့်ပွင့်လင်းလင်း၊ ရိုးရိုးသားသား၊ မှန်မှန်ကန်ကန် တင်ပြခဲ့ပါတယ်။ အက်ဒဝမ်ဟာ ချမ်းသာကြွယ်ဝခြင်းကြောင်းအရာ(၁၂)ချက်ကိုအသုံးပြုပြီး ကြွယ်ဝချမ်းသာသွားသူဖြစ်ပါတယ်။

**အသိဉာဏ်ပေါင်းစပ်ခြင်း**

ဒါဟာ အသိစိတ်ဓါတ်တစ်ခုထက် ပိုပြီးပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အဲလိုမျိုးပူးတွဲဆောင်ရွက်ရာမှာရည်မှန်းချက်ကို တစ်သားတည်းဆောင်ရွက်တဲ့ စိတ်ဓါတ်ဖြစ်ပေါ်ဖို့လိုပါတယ်။

မဟာရည်မှန်းချက်တစ်ခုကိုအကောင်အထည်ဖော်တဲ့အခါမှာ တစ်ဦးတစ်ယောက်ကောင်း ဆောင်ရွက်ခြင်းထက် ညီညွတ်တဲ့ပူးပေါင်းဆောင်ရွက်မှုဟာ မဟာရည်မှန်းချက်ဖြစ်ပေါ်လာဖို့ ပဓာနကျတဲ့ အချက်ဖြစ်ပါတယ်။

စိတ်ဓါတ်ပိုင်းဆိုင်ရာ တညီတညွတ်တည်းဆောင်ရွက်ရာမှာ ဖော်ပြပါအချက်တွေကိုသတိပြုသင့်ပါတယ်။ တူညီသောစိတ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမှာ.....

(၁) ပါဝင်သည့်လူတစ်ဦးချင်း၊အတွေ့အကြုံ၊လေ့ကျင့်မှု၊ကျွမ်းကျင်

မှုနဲ့စွမ်းအားကို ပူးပေါင်းဆောင်ရွက်တဲ့ရာမှာ တစ်သားတည်း(တစ်စိတ်တစ်ဝမ်းတည်း) ဖြစ်စေရပါမယ်။

(၂) အဲဒီလို ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ တိတိကျကျ မဟာရည်မှန်းချက်အောင်မြင်ဖို့အတွက်စိတ်ဓါတ်ခြင်း အပြန်အလှန် ယုံကြည်သက်ဝင်မှု နက်နက်ရှိုင်းရှိုင်း ရှိနေရပါမယ်။ အဲလိုမျိုးစိတ်ဓါတ်ဟာ တစ်ယောက်နဲ့တစ်ယောက်အကျွမ်းတဝင်ရှိနေကြတဲ့ လူအချင်းချင်းမှာ ဖြစ်ပေါ်နိုင်ပါတယ်။

(၃) အသိဉာဏ်ပေါင်းစပ်ခြင်းနဲ့ ပတ်သက်တဲ့ ဦးနှောက်ပိုင်းဆိုင်ရာလုပ်ဆောင်မှုမှာ ပူးပေါင်းအသိစိတ်ဓါတ်က ထုတ်လွှင့်လိုက်တဲ့ အရာတွေကိုလက်ခံပြီး စိတ်ကူးဉာဏ် ကွန့်မြူးမှုကို တပေါင်းတစည်းတည်းဖြစ်အောင် ထုတ်လွှင့်ရပါမယ်။ အဲဒီနည်းလမ်းကိုအသုံးပြုခဲ့ကြတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေအတွက် အောင်မြင်တိုးတက်ခဲ့ကြပါတယ်။ တစ်ဦးကောင်း ဆောင်ရွက်တာမျိုးထက် အခုလို မဟာရည်မှန်းချက်ကို အကောင်အထည်ဖော်တဲ့အခါမျိုးမှာ အဲဒီအသိဉာဏ်ပေါင်းစပ်မှုကို အသုံးပြုကြပါတယ်။ အဲဒီအချက်ကိုအသုံးပြုတဲ့အခါတိုင်း အောင်မြင်မှုဟာ မုချမသွေ ဖြစ်ပေါ်ခဲ့ကြပါတယ်။

(၄) လူ့ရဲ့အသိစိတ်သန္တာန်မှာ မသိစိတ်နဲ့သိစိတ် နှစ်မျိုးနှစ်စားရှိတဲ့အနက် အသိဉာဏ်ပေါင်းစပ်ခြင်း ဆောင်ရွက်တဲ့အခါမှာ သိစိတ်ရောမသိစိတ်ပါ အလိုလို ပူးပေါင်းဆက်စပ်သွားတဲ့ ဖြစ်ရပ်တစ်ခုပေါ်ပေါက်လာလေ့ရှိပါတယ်။ ဒါဟာ ထူးခြားဆန်းသစ်တဲ့စိတ်ပိုင်းဆိုင်ရာ ဖြစ်ပေါ်မှုတစ်ခုကြောင့် အကျိုးဖြစ်ထွန်းခြင်းပါပဲ။

(၅) ဖော်ပြခဲ့တဲ့ အသိဉာဏ်ပေါင်းစပ်ခြင်းစိတ်ဓါတ်ကို စီးပွားရေးနယ်ပယ်မှာသာမက လူမှုဆက်ဆံရေး နယ်ပယ်မှာလည်း ကျင့်သုံးနိုင်ပါတယ်။ အဲဒီလိုမျိုး ကျင့်သုံးခဲ့ကြလို့ အကျိုးဖြစ်ထွန်းခဲ့ဖူးတဲ့ သာဓကပေါင်းများစွာထဲက ဖြစ်ရပ်မှန်တစ်ခုကိုဖော်ပြပါ့မယ်။

ကမ္ဘာကျော်တီထွင်သူတစ်ယောက်ဖြစ်သွားခဲ့တဲ့ သောမတ်စ်

အယ်ဒီဆင်ဟာ အသိဉာဏ်ပေါင်းစပ်ခြင်းစိတ်ဓါတ်ကိုနိုင်နိုင်နင်းနင်းအသုံးချပြီးအကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ အယ်ဒီဆင်အနေနဲ့ သိပ္ပံ၊ စက်မှု၊ ရူပဗေဒပညာတွေကို ပြည့်ပြည့်ဝဝမတတ်ကျွမ်းခဲ့တာအမှန်ပါ။ ဒါပေမယ့် အဲဒီပညာရှင်တွေ ကျွမ်းကျင်သူတွေရဲ့ အကူအညီတွေနဲ့ တီထွင်မှုတစ်ခုကို အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။

အသိဉာဏ်ပေါင်းစပ်ခြင်းကို အယ်ဒီဆင်က ပိုင်ပိုင်နိုင်နိုင် အသုံးချခဲ့တာပါ။ မျက်မှောက်ခေတ်ပို့ဆောင်ဆက်သွယ်ရေးအပိုင်းတွေမှာလည်း အဲလိုမျိုး ပူးပေါင်းအသိစိတ် အကောင်အထည်ဖော်မှုတွေနဲ့ပတ်သက်ဆက်နွယ်ပြီး အပြန်အလှန် အကျိုးပြုနေကြတာတွေ အများကြီးရှိပါတယ်။

ဥပမာ··ပို့ဆောင်ဆက်သွယ်ရေးအနေနဲ့ဆိုရင် မီးရထားဌာနနဲ့ လေကြောင်းပို့ဆောင်ရေး၊ တယ်လီဖုန်းနဲ့ ကြေးနန်းဆက်သွယ်ရေး၊ ရေဒီယိုစတဲ့အကြောင်းအရာတွေသာမက တခြားစီးပွားရေးလောကမှာလည်း အထူး အောင်မြင်ခဲ့ကြပါတယ်။ စက်မှုလုပ်ငန်းတွေမှာလည်းအသိဉာဏ်ပေါင်းစပ်ခြင်းစိတ်ဓါတ်ကိုအသုံးပြုနေကြပါတယ် အဲလိုမျိုး အသုံးချနိုင်တဲ့အတွက် ဖြစ်ပေါ်လာတဲ့ အကျိုးစီးပွားတွေဟာ မဟာရည်မှန်းချက်ကို ထင်ထင်ရှားရှားနဲ့ သိသိသာသာကြီး တိုးတက်အောင်မြင်စေခဲ့ကြပါတယ်။

အဲဒီ အသိဉာဏ်ပေါင်းစပ်ခြင်း စိတ်ဓာတ်ကိုဆောင်ရွက်နိုင်ခဲ့တဲ့ လူတွေထဲမှာ အပါအဝင်ဖြစ်တဲ့ အင်ဒရူးကာနေဂျီက သူကိုယ်တိုင်ဖွင့်ဟဖော်ထုတ်ခဲ့ရပါတယ်။အဲဒီအသိဉာဏ်ပေါင်းစပ်မှုကြောင့် သူ့စက်မှုလုပ်ငန်းဟာ နိုင်ငံရဲ့အကြီးဆုံး စက်မှုလုပ်ငန်းအဖြစ်ကို ရောက်ရှိခဲ့ကြောင်း ဝန်ခံခဲ့ပါတယ်။

အဲဒီလို အသိဉာဏ်ပေါင်းစပ်မှုကိုဖော်ထုတ်ရာမှာ သူ့လုပ်ငန်းမှာလုပ်ကိုင်နေကြတဲ့လုပ်သားတွေဟာ အနိမ့်ဆုံးအဆင့်ကနေအမြင့်ဆုံးအဆင့်အထိ တိုးတက်အောင်မြင်ခဲ့ကြတာကိုလည်း ဆက်လက်

ပြောပြခဲ့ပါတယ်။

တစ်ဦးချင်း ချမ်းသာကြွယ်ဝသူများရဲ့ သဘောတရားကို စုဆောင်းပြုစုဖို့အတွက် အင်ဒရူးကာနေဂျီကတာဝန်ပေးအပ်တဲ့ နပိုလီယံဟေးလ်ဟာ နှောင်တစ်ချိန်မှာအကျိုးအမြတ်တွေကို ထုနဲ့ထည်နဲ့ရရှိခံစားစံစားသွားရပါတယ်။ စီးပွားရေးလောကမှာ အင်ဒရူးကာနေဂျီနဲ့ ခေတ်ပြိုင်လုပ်ငန်းအောင်မြင်သူ ပုဂ္ဂိုလ်များနဲ့ တွေ့ကြုံဆုံစည်းခဲ့ရပါတယ်။

အဲဒီ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ ကိုယ်တွေ့ကျင့်သုံးခဲ့ကြတဲ့ နည်းလမ်းတွေ သဘောတရားကြီးတွေကို မှတ်သား လေ့လာဆည်းပူးခွင့်ရရှိခဲ့ပါတယ်။ သူရရှိခဲ့တဲ့နည်းလမ်းတွေကို ဖော်ထုတ်အသုံးချနိုင်ခဲ့ပါတယ်။ လုပ်ငန်းရှင်ကြီးတွေရဲ့ အောင်မြင်မှုအတိုင်းအတာဟာ ဘယ်လောက်ပဲကြီးမားပါစေ၊ လုပ်ငန်းချင်းမတူညီကြပါပါစေ၊ အောင်မြင်မှုတွေဖြစ်ပေါ်လာခဲ့တဲ့ အခြေခံအကြောင်းတရားသုံးချက်ကတော့ တစ်သဝေမတိမ်း တူညီကြပါတယ်။

အဲဒီသုံးချက်ကတော့....

(၁) **တိကျနိုင်မာတဲ့ ရည်မှန်းချက်ရှိဖို့ရယ်၊**

(၂) **အနစ်နာခံပြီး ဆောင်ရွက်နိုင်ဖို့ရယ်၊**

(၃)**အသိဉာဏ်ပေါင်းစပ်ခြင်းရယ်....** စတဲ့ အချက်တွေဖြစ်ပါတယ်။

ဒီသုံးချက်ကိုလက်တွေ့တွေကို လေ့လာကြည့်ရပါ့မယ်။

.....

## အောင်မြင်မှုများကို လက်တွေ့ကွင်းဆင်းလေ့လာခြင်း

မော်တော်ကားထုတ်လုပ်ရာမှာ ပထမဦးဆုံး ဆောင်ရွက်ခဲ့တဲ့ စက်မှုလုပ်ငန်းရှင်တွေထဲကတစ်ယောက်ကို နပိုလီယံဟေးလ်က သွားရောက်တွေ့ဆုံခဲ့ပါတယ်။ သူ့ကို အင်ဒရူးကာနေဂျီက ရွေးချယ်စေလွှတ်လိုက်လို့ပဲ ဖြစ်ပါတယ်။

အဲဒီ စက်မှုလုပ်ငန်းရှင်ကတော့ **ဟင်နရီဖို့ဒ်** ဖြစ်ပါတယ်။

ဟင်နရီဖို့ဒ်ရဲ့ မော်တော်ကားထုတ်လုပ်မှု လုပ်ငန်းထဲမှာ သုတေသနပညာရှင်တွေ၊ ဓာတုဗေဒပညာရှင်တွေ၊ စက်ပြင်မကၠင်းနစ်တွေ၊ အင်ဂျင်နီယာတွေ၊ ငွေကြေးနဲ့ပတ်သက်သူတွေ၊ အရောင်းကိုယ်စားလှယ်တွေ၊ နိုင်ငံတကာ မော်တော်ကားဈေးကွက်တွေကို ကြိုတင်လေ့လာသုံးသပ်နိုင်တဲ့ ပညာရှင်တွေအများကြီး ပါဝင်ပတ်သက်ဆက်နွှယ်နေကြတယ်။ လုပ်ငန်းကြီးကျယ်ခိုင်မာတောင့်တင်းလာတာနဲ့အမျှ အဲဒီ ကျွမ်းကျင်သူတွေ အများအပြား ရှိနေရမှာပါ။ ဟင်နရီဖို့ဒ်ဟာ အဲဒီလူတွေဆီက အသိဉာဏ်ပေါင်းစပ်ခြင်းစိတ်ဓါတ်ကို ပြည့်ပြည့်ဝဝ ရရှိခဲ့ပါတယ်။

တကယ်လို့သာသူတစ်ယောက်တည်း တစ်ဦးကောင်းတစ်ယောက်ကောင်း လုပ်ကိုင်ဆောင်ရွက်ခဲ့ရင် သူ့လုပ်ငန်းဟာ သာမန်အဆင့်ပဲရှိနေမှာပါ။ ဒါပေမယ့် ဟင်နရီဖို့ဒ်ဟာ **မဟာရည်မှန်းချက်** အောင်မြင်စေဖို့အတွက် ဘယ်လိုလူတွေကို ခေါ်ယူ အသုံးပြုသင့်တယ်။ အဲဒီလို လူတွေကို ဘယ်လိုအသိဉာဏ်ပေါင်းစပ်ခြင်း စိတ်ဓာတ်ဖြစ်ပေါ်လာအောင်ဖန်တီးပေးရမယ်ဆိုတာကိုနားလည်သဘောပေါက်ခဲ့တယ်။

ဟင်နရီဖို့ဒ်ဟာ သူ့လုပ်ငန်းထဲမှာ ရှိရှိသမျှ ကျွမ်းကျင်သူတွေအားလုံးကိုလည်း အကျိုးအမြတ် ဖြစ်ပေါ်လာအောင် ဖန်တီးဆောင်ရွက်ခဲ့တယ်။ ဒါ့ကြောင့် သူ့ရဲ့မော်တော်ကား ထုတ်လုပ်ရေး

လုပ်ငန်းကြီးတွေဟာ နှစ်ပေါင်းများစွာ တည်တံ့ခိုင်မြဲအကျိုးသက်ရောက်မှု ရှိနေခဲ့တာဖြစ်ပါတယ်။

တကယ်လို့ သင့်အနေနဲ့ အသိဉာဏ်ပေါင်းစပ်ခြင်း စိတ်ဓာတ်နဲ့ ဆောင်ရွက်တော့မယ်ဆိုရင် ပထမဆုံးခိုင်မာတိကျတဲ့ ရည်မှန်းချက်ရှိရမှာဖြစ်ပါတယ်။ အဲဒီရည်မှန်းချက်ကို အကောင်အထည်ဖော်တဲ့အခါမှာလည်း ပူးပေါင်းပါဝင်ပတ်သက် လုပ်ကိုင်ကြမယ့် ကျွမ်းကျင်သူ လုပ်သားများအတွက် အကျိုးခံစားခွင့်တွေကို သတ်မှတ်ခံစားစေရပါမယ်။

အဲဒီ လုပ်သားတွေထဲက အနစ်နာခံပြီး စွမ်းစွမ်းတမံလုပ်နိုင်တဲ့မရှိမဖြစ် လုပ်သားတွေရှိမရှိ ဆန်းစစ်ပြီး စံပြလုပ်သားအဖြစ် မြှင့်တင်ပေးဖို့လိုပါလိမ့်မယ်။ နောက်ပြီး ကြီးကျယ်တဲ့ ရည်မှန်းချက်အကောင်အထည်ဖော်ဖို့ဆိုရင်တော့ အသိဉာဏ်ပေါင်းစပ်ခြင်း စိတ်ဓာတ်စွမ်းအင်နဲ့မဟာရည်မှန်းချက်ကိုအောင်မြင်စေမှာဖြစ်ပါတယ်။

ဒါဟာ ... ခန့်မှန်းချက် မဟုတ်ပါဘူး။ တကယ်တမ်းလက်တွေ့ လုပ်ကိုင် ဆောင်ရွက်ခဲ့ကြတဲ့ စီးပွားရေးလောကကြီးရဲ့ သမိုင်းကြောင်းတစ်လျှောက် အောင်မြင်ထင်ရှားခဲ့ကြတဲ့ သူတွေဆီကရရှိခဲ့တဲ့ အတွေ့အကြုံတွေဖြစ်ပါတယ်။

တကယ်လို့ သင်ကိုယ်တိုင်ဖော်ပြခဲ့တဲ့ နည်းလမ်းအတိုင်း လုပ်ကြည့်တာနဲ့ တစ်ပြိုင်နက် အဲဒီပုဂ္ဂိုလ်တွေလိုပဲ သင်လည်းအောင်မြင်သူတစ်ယောက်အဖြစ်နဲ့ ကြွယ်ဝချမ်းသာမှုတွေကို ပိုင်ဆိုင်ရမှာမလွဲပါဘူး။

ဟင်နရီဖို့ဒ်ဟာ ကမ္ဘာကျော်မော်တော်ကား စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက်၊ ကြွယ်ဝချမ်းသာမှုများကို အလုံးစုံပိုင်ဆိုင် ပြည့်စုံနေသူတစ်ယောက်လို့ စီးပွားရေးလောကတစ်ခုလုံးက အသိအမှတ်ပြုထားကြတယ်။ သူ့မှာ ဩဇာအာဏာတွေ ပြည့်ဝနေပေမယ့် ဘယ်တော့မှ အဲဒီအရှိန်အဝါကို မသုံးခဲ့ပါဘူး။ လူမှုဆက်ဆံရေးပြေပြစ်တဲ့အတွက် သူနဲ့ ခေတ်ပြိုင်ဖြစ်နေကြတဲ့ လုပ်ငန်းရှင်

တွေက လေးစားကြတယ်။

စီးပွားရေးသမားအချင်းချင်း အတူတူ ဟင်နရီဖို့ဒ်ကိုပိုပြီး တော့ လေးစားကြတယ်။ သူဟာ ဥစ္စာခနကြွယ်ဝချမ်းသာရုံသာမက စိတ်ရဲ့ချမ်းသာခြင်းနဲ့လည်းပြည့်စုံသူတစ်ယောက်ဖြစ်ပါတယ်။ သူ့ မျက်နှာဟာအစဉ်အမြဲပြုံးနေတယ်လို့ထင်ရတယ်။ ငွေကြေးချမ်းသာ ကြွယ်ဝပြီး စိတ်မချမ်းသာတဲ့လူတွေဟာ သူ့လိုမပျော်ရွှင်နိုင်ကြပါ ဘူး။ အဲဒီလိုလူမျိုးရဲ့မျက်နှာဟာ တင်းမာနေလိမ့်မယ်။ ဒါမှမဟုတ် ညှိုးနွမ်းနေပါလိမ့်မယ်။ဖို့ဒ်ကအဲဒီလိုလူစားမျိုးထဲမှာမပါဝင်ပါဘူး။

တစ်ခါတလေ သူပြောတဲ့စကားလုံးတွေဟာ ရယ်စရာလို့ ထင်ရပေမယ့် ရယ်စရာသက်သက်မဟုတ်ပါဘူး။ အဲဒီရယ်စရာထဲ မှာ ဒဿနတွေပါတယ်။ သင်ခန်းစာလည်းပါနေတယ်။ တစ်ခါက သတင်းစာတိုက်တစ်တိုက်ရဲ့ အယ်ဒီတာတစ်ယောက်နဲ့ ဖို့ဒ်နဲ့ဆုံကြ တယ်။

သတင်းစာ အယ်ဒီတာက....

"မစ္စတာဖို့ဒ်ခင်ဗျား...မစ္စတာဖို့ဒ်ရဲ့သားဟာနိုင်ငံတကာ ကို ခရီးထွက်တဲ့အခါမှာ ရောက်တဲ့မြို့တော်တွေရဲ့ အကောင်းဆုံး ကြယ်ငါးပွင့်အဆင့်ရှိတဲ့ ဟိုတယ်ကြီးတွေမှာ တည်းခိုလေ့ရှိတယ်။ မစ္စတာဖို့ဒ်ကတော့ ဒုတိယတန်းစား ဟိုတယ်လောက်မှာပဲ တည်း လေ့ရှိပါတယ်။ အဲဒါ ဘာကြောင့်လဲခင်ဗျာ" လို့...

လျှပ်တစ်ပြက် မေးခွန်းထုတ်လိုက်ပါတယ်။

ဖို့ဒ်က စဉ်းစားမနေဘဲ ချက်ချင်းပြန်ဖြေတယ်။

**"သူက သူဌေးသားဗျ၊ ကျွန်တော်နဲ့မတူဘူး၊ ကျွန်တော် က သူဌေးအဆင့်ပဲ ရှိပါတယ်"**

ဖို့ဒ်ရဲ့စကားကို အမှတ်တမဲ့ကြားလိုက်ရင် ရယ်စရာပြော နေတာလားလို့ ထင်မိမှာပါ။ ဒါပေမယ့် သူဆိုလိုတာက ရှင်းရှင်း လေးပါ။

နောက်ပြီး အမှန်တရားလည်း ပါနေတယ်။

တကယ်တော့ သူဟာ သူဌေးတစ်ယောက်ဖြစ်ဖို့အတွက် သာမန်ထက်အဆင့်နိမ့်တဲ့ အောက်ခြေဘဝကနေ အနစ်နာခံမှု၊ ဖွဲ့လုံ့လရှိမှု၊ ဝီရိယနဲ့ထိုးထွင်းဉာဏ်၊ တိကျတဲ့ ရည်မှန်းချက် ဆိုတဲ့ သဘောတရားတွေနဲ့ ခက်ခဲပင်ပန်းစွာ ရုန်းကန်လှုပ်ရှားခဲ့ရသူပါ။

နှစ်ပေါင်းများစွာ ကြိုးစားအားထုတ်ခဲ့လို့ သူဌေးဆိုတဲ့ ချမ်းသာကြွယ်ဝတဲ့ဘဝကို ရောက်ရတာပါ။

ဖို့ဒ်ရဲ့သားကတော့ မွေးကတည်းက သူဌေးသားအဖြစ်နဲ့ ငွေဇွန်းကိုက်ပြီး ကြီးပြင်းခဲ့သူဖြစ်လေတဲ့အတွက် လူမမည်ဂုဏ်လေး ဘဝထဲက လက်ညှိုးညွှန်ရာ ဘာမဆိုရရှိနိုင်တဲ့ လိုတရမင်းသားလေး တစ်ယောက် မဟုတ်ပါလား။ ဒါကြောင့် သူဌေးသားဆိုတာဟာ သူဌေးထက်ပိုပြီး စည်းစိမ်ခံနိုင်သူဖြစ်တယ်လို့ ဖို့ဒ်ကဆိုလိုတာပါ။

ဟင်နရီဖို့ဒ်ဟာ အရမ်း ချမ်းသာကြွယ်ဝသူဖြစ်နေတဲ့ အတွက် သူ့ပတ်ဝန်းကျင်မှာရှိရှိသမျှ အပေါင်းအဖော်တွေနဲ့ပတ်သက်ပြီးတော့တွေးတောဆင်ခြင်ခဲ့တယ်။သူ့အပေါ်မှာအမြဲတမ်းလေးလေးစားစားဆက်ဆံနေတဲ့ လူတွေရဲ့စိတ်နေသဘောထား အစစ်အမှန်ကို ဆန်းစစ်သုံးသပ်ကြည့်လေ့ရှိတယ်။

သူ့ကို မဂ္ဂဇင်းပင်တိုင်ဆောင်းပါးရှင်တစ်ဦးက "မစ္စတာဖို့ဒ်ကိုကျွန်တော်တစ်ခုလောက်မေးပါရစေ" လို့စကားပလ္လင်ခံလိုက်တာနဲ့....

"ဟာ... မေးပါဗျာ မေးနိုင်ပါတယ်၊ ကျွန်တော်ဖြေဖို့ အသင့်ပါပဲ" လို့...

ဖို့ဒ်ကလှိုက်လှိုက်လှဲလှဲ တရင်းတနှီးပြန်ပြောတတ်တတ်။

**"ကျွန်တော်သိချင်တာက မစ္စတာဖို့ဒ်ဟာ ကမ္ဘာပေါ်မှာ အချမ်းသာဆုံး၊ အကြွယ်ဝဆုံး ပုဂ္ဂိုလ်တစ်ယောက်လို့ စီးပွားရေးလောကရဲ့ လုပ်ငန်းရှင်ကြီးတွေက သတ်မှတ်ထားကြပါတယ်။ ဒီတော့ မစ္စတာဖို့ဒ်မှာ အရင်းနှီးဆုံး မိတ်ဆွေ အစစ်အမှန်ရယ်လို့ ဘယ်နှစ်ယောက်များ ရှိနေပါသလဲ"**

ဖို့ဒ်မှာ တစ်နပ်ပွတ်ဦးဉာဏ်နဲ့ ဇဝနဉာဏ်ရှိတယ်။

မေးခွန်းတိုင်းကိုချက်ချင်း ပေါ့ပေါ့ပါးပါး ဖြေနိုင်စွမ်းရှိတယ်။

**"ခင်ဗျားရဲ့ မေးခွန်းကိုဖြေဖို့အတွက် ကျွန်တော်ချမ်းသာကြွယ်ဝသမျှ ဒေါ်လာတွေအားလုံးကုန်အောင် သုံးပစ်ရပါဦးမယ်။ အဲ ကျွန်တော့်လက်ထဲမှာ တစ်ဒေါ်လာတောင်မကျန်တဲ့အခါကျတော့မှ ခင်ဗျားရဲ့မေးခွန်းကို ဖြေနိုင်ပါလိမ့်မယ်"**

တကယ်တော့ ဖို့ဒ်ပြောတာ အမှန်ပါ။ အခု လက်ရှိ သူ့အပေါင်းအသင်းတွေနဲ့ သူ့ပတ်ဝန်းကျင်တစ်ခုလုံးဟာ သူ့ချမ်းသာကြွယ်ဝမှုတွေနဲ့ ပတ်သက်ပြီး အကြောင်းအမျိုးမျိုးကြောင့် ပတ်သက်ဆက်နွယ်နေကြတာပါ။ ဘယ်သူဟာအစစ်အမှန်၊ဘယ်သူဟာအတုအယောင်ဆိုပြီး ခွဲခြားသတ်မှတ်ဖို့ မလွယ်ပါဘူး။ သူ့လက်ထဲမှာ တစ်ပြားတစ်ချပ်မျှ မရှိတော့တဲ့ အချိန်ကျရင်တော့ ငွေကြေး၊ အရှိန်အဝါ၊ ဩဇာသက်ရောက်မှုတွေကြောင့် ပေါင်းသင်းနေကြတဲ့ မိတ်ဆွေတွေဟာ သူ့ကိုခွာသွားကြမှာသေချာပါတယ်။ အဲဒီလိုအခြေအနေအချိန်အခါမှာ သူ့ကိုအလေးအနက်ထားပြီး ဆက်လက်ပေါင်းသင်းကူညီနေကြသူတွေ ကျန်နေခဲ့သေးရင်တော့ အဲဒီမိတ်ဆွေအမျိုးအစားဟာ မိတ်ဆွေစစ် မိတ်ဆွေမှန် ဖြစ်ပါလိမ့်မယ်။

ဒါပေမယ့်...ဖို့ဒ်ဟာအမေရိကန်နိုင်ငံရဲ့ စက်မှုလောကမှာ သူ့လောက် အပေါင်းအသင်း ဝင်ဆံ့သူဆိုလို့ တစ်ယောက်မျှ မရှိကြောင်း စီးပွားရေးပညာကျွမ်းကျင်သူ အက်ဲခတ်လေ့လာရေးသမားတွေက တညီတညွတ်တည်း အခိုင်အမာထုတ်ဖော် ဝန်ခံကြပါတယ်။

သူ့ စက်မှုလုပ်ငန်းမှာရှိတဲ့ လစာအနိမ့်ဆုံး လုပ်သားတစ်ယောက်အဆင့်က အစ၊ နိုင်ငံမှာ အမြင့်ဆုံးနေရာမှာရှိတဲ့ လူအထိ၊ အားလုံးနဲ့အဆင်ပြေအောင် ထိတွေ့ ဆက်ဆံတတ်သူဖြစ်ပါတယ်။ သူ့ဆီက အကြံဉာဏ် ရရှိသွားသူတိုင်းဟာ အောင်မြင်သွားကြတယ်။ အကျိုးဖြစ်ပေါ်သွားကြတယ်။ ဒါ့ကြောင့် သူဟာ ဆယ်စုနှစ်ပေါင်း

ငါးကြိမ်ကျော်တဲ့အထိ လျှမ်းလျှမ်းတောက် ပြဇာသက်ရောက်ခဲ့သူ ဖြစ်ပါတယ်။ အဲဒီအချိန်ကာလရဲ့ နောက်ပိုင်းမှာလည်း သူ့ဆီ အကြံဉာဏ်အကူအညီယူပြီး ချမ်းသာကြွယ်ဝလာသူတွေဟာအလွန် တရာ များပြားလှပါတယ်။

ဖို့ဒ်ဟာ အသိဉာဏ်ပေါင်းစပ်ခြင်းစိတ်ဓာတ်ကို ဖန်တီးတဲ့ အခါမှာ အင်မတန်ကို ညင်သာပါတယ်။ တခြားလူတွေကို သူလို ချင်တဲ့ပုံစံရောက်အောင် ဆွဲဆောင်ရာမှာ ဘယ်လောက်ညင်သာသလဲ ဆိုရင် အဆွဲခံရသူဟာ ဆွဲလို့ဆွဲမှန်း မသိလောက်အောင် ပါသွား ပါတယ်။

ရှင်းရှင်းပြောရရင်တော့ အသိဉာဏ်ပေါင်းစပ်ခြင်း စိတ် ဓာတ်အတွက် တစ်စုံတစ်ယောက်ကို ဖို့ဒ်က ပူးပေါင်းအကြံဉာဏ်နဲ့ အကောင်အထည်ဖော်တဲ့အခါမှာ အဲဒီလူဟာဖို့ဒ်ရဲ့ဆန္ဒအတိုင်း မလွှဲ မသွေလုပ်ရတယ်။ အဲဒီလို လုပ်ရတာကိုလည်း သူ့ဆန္ဒအလျောက် လုပ်တာလို့ထင်မြင်ယူဆနေတယ်။ ဖို့ဒ် ဆန္ဒအတိုင်းလုပ်ပေးတယ် လို့တောင် မထင်မိဘူး။ အဲဒါဟာ ဖို့ဒ်ရဲ့ ပါးနပ်ကျွမ်းကျင်မှုပါပဲ။

တစ်ပါးသူကို မိမိလုပ်ချင်သလို ကိုင်တွယ်အသုံးချတဲ့ အခါမှာ အသုံးချခံရသူ ကိုယ်တိုင်မသိလိုက်ဘဲ အသုံးချခံပြီးသား ဖြစ်သွားစေပါတယ်။ တကယ်တော့ ဖို့ဒ်ဟာ ရှေ့ပိုင်းမှာဖော်ပြခဲ့တဲ့ တိကျခိုင်မာတဲ့ ရည်မှန်းချက်ရှိခြင်း၊ အနစ်နာခံပြီး ဆောင်ရွက်နိုင် ခြင်းနဲ့ အသိဉာဏ်ပေါင်းစပ်ခြင်း စတဲ့အချက် သုံးချက်စလုံးကို ကျေကျေညက်ညက် အသုံးပြုနိုင်လို့ပဲဖြစ်ပါတယ်။

အသိဉာဏ်ပေါင်းစပ်ခြင်းနဲ့ပတ်သက်လို့ အသုံးပြုတဲ့အခါ မှာ အကျိုးသက်ရောက်မှုဖြစ်ထွန်းလာမှာ သေချာပါတယ်။ အဲဒီလို အကျိုးဖြစ်ထွန်းဖို့အတွက် ပဓာနကျတဲ့အချက်က တိကျ ခိုင်မာတဲ့ ရည်မှန်းချက်ရှိဖို့ လိုအပ်ပါတယ်။

အဲဒီ တိကျခိုင်မာတဲ့ ရည်မှန်းချက်ကို အကောင်အထည် ဖော်ဖို့ ဆုံးဖြတ်ထားသူဟာ သူ့ပတ်ဝန်းကျင်နဲ့ လုပ်ငန်းလုပ်ရာမှာ

ထိတွေ့ဆက်ဆံရသူတွေကို လေ့လာစိစစ် သုံးသပ်ရပါတယ်။ မိမိအကောင်အထည်ဖော်တော့မယ့် ရည်မှန်းချက်အတွက် အသိဉာဏ်ပေါင်းစပ်ခြင်းဖြစ်နိုင်မယ့် လူတွေကို ရွေးချယ်ရပါမယ်။ အဲဒီလိုရွေးချယ်တဲ့အခါမှာ မှန်မှန်ကန်ကန် သဘောထားပြီး ရွေးချယ်ရမှာဖြစ်ပါတယ်။ ဘယ်လုပ်ငန်းကိုမဆို အလေးအနက်မထားတတ်သူတွေ၊ ဒေါသကိုမထိန်းနိုင်သူတွေ၊ အမူအကျင့်စရိုက်ကို ဥပေက္ခာပြုတတ်သူတွေကို သိမ်းသွင်းရမှာဖြစ်ပါတယ်။

ပညာရှင်တစ်ယောက်ရဲ့အဆိုအမိန့်ကိုဖော်ပြရမယ်ဆိုရင်··

**"သင့်အနေနဲ့ ပေါင်မုန့်ထောပတ်သုတ်ကို ကြိုက်ပေမယ့်...သင် ငါးမျှားတဲ့အခါမှာ ငါးတွေကြိုက်တဲ့တီကောင်ကိုအသုံးပြုပြီး မျှားမှငါးတွေရမှာပါ"** တဲ့ အဲဒီ အဆိုအမိန့်အတိုင်း လိုက်နာဆောင်ရွက်မယ်ဆိုရင် ပူးပေါင်းအသိစိတ်ဓါတ်အတွက်၊ သင်ပါဝင်စေချင်တဲ့ လူတွေကိုရွေးချယ်နိုင်ပါပြီ။

**ဘဝရဲ့အောင်မြင်မှုအစဉ်ထာဝရတည်မြဲဖို့ဆိုရင် မိတ်ဆွေကောင်းရှိဖို့လိုတယ်** ဆိုတဲ့ ဆိုရိုးစကားဟာ နေရာတိုင်းမှာ မှန်ကန်နေပါတယ်။ စားသောက်ဆိုင်တစ်ဆိုင်မှာ ဖြစ်စေ၊ လမ်းဘေးကလက်ဖက်ရည်ဆိုင်လို နေရာမျိုးမှာဖြစ်စေ စကားဝိုင်းဖြစ်ပေါ်နေမှာပါ။ တစ်ခါတစ်လေ ဖြစ်ရပ်တစ်ခုအပေါ်မှာ၊ စုပေါင်းဆွေးနွေးချက်တွေထဲမှာ၊ ကိုယ့်အသိဉာဏ်နဲ့ ကိုယ်၊ သူ့ အကြံဉာဏ်နဲ့ သူ၊ ထွက်ပေါ်လာတဲ့ ဆွေးနွေးချက်တွေထဲမှာ၊ အသိဉာဏ်ချင်း ဖလှယ်ရာရောက်တဲ့အတွက် အကျိုးအမြတ် ဖြစ်ထွန်းလာနိုင်ပါတယ်။ မိမိသဘောမပေါက်သေးတဲ့ ဗဟုသုတတွေလည်း မိမိထက်ပိုပြီးသိနေတဲ့ လူတွေဆီကရရှိနိုင်ပါတယ်။

အဲလိုမျိုး စုပေါင်းဆွေးနွေးကြတဲ့အခါမှာ ဗဟုသုတတွေရရှိရုံသာမက စိတ်ပိုင်းဆိုင်ရာ၊ တက်ကြွရှင်သန်မှု စိတ်စွမ်းအင်ကိုလည်း မုချရရှိနေမှာဖြစ်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက်ပေါက်ဖွားပုံခြင်း ဘယ်နည်းနဲ့မှမတူနိုင်ပါဘူး။ ပတ်ဝန်းကျင် ရိုက်ခတ်မှု

ချင်းလည်း မတူနိုင်ပါဘူး။

ဒါကြောင့် ဘဝပေး အသိဉာဏ်ချင်းမတူနိုင်တာ သေချာပါတယ်။

ဒါကြောင့် ဘဝ ဖြစ်စဉ်ဟာ လေ့လာလို့ မဆုံးနိုင်တဲ့ တက္ကသိုလ်တစ်ခုလို့ သတ်မှတ်ရင်လည်းရပါတယ်။ အသိပညာ၊ အတွေးအခေါ်ပညာရှင်လို့ ကမ္ဘာတစ်ဝှမ်းကသတ်မှတ်ထားတဲ့ **ဆိုကရေးတီးစ်က....**

**"လောကမှာ ငါသိတာတစ်ခုပဲရှိတယ်။ အဲဒါက ငါဘာမှမသိသေးဘူး"** ဆိုတဲ့အချက်ပဲတဲ့။

တကယ်လို့လောကကို အင်မတန်ကျယ်ပြန့်တဲ့ သစ်တောအုပ်ကြီးတစ်ခုလို့ သတ်မှတ်ထားပါစို့။ လူတစ်ယောက်ရဲ့ဘဝသက်တမ်းတစ်လျှောက်၊ သူ လေ့လာဆည်းပူးသိရှိနိုင်တာဟာ အဲဒီသစ်တောကြီးထဲမှာကြွေကျနေတဲ့ သစ်ရွက်တစ်ရွက်ရဲ့ အတိုင်းအတာပမာဏလောက်ကိုပဲသိနိုင်မှာဖြစ်ပါတယ်။ သူမသိသေးတဲ့သစ်ရွက်ပေါင်းများစွာဟာ သစ်ပင်ပေါင်းများစွာပေါ်မှာ ကျန်ရှိနေပါသေးတယ်။

ဒါကြောင့် စုပေါင်းဆွေးနွေးခြင်းဟာ တစ်ယောက်နဲ့တစ်ယောက် အသိဉာဏ်ချင်း ဖလှယ်ရာရောက်တဲ့အတွက် အကျိုးဖြစ်ထွန်းပါတယ်။

တစ်ခါတလေ မထင်မှတ်တဲ့ သာမန်လူတစ်ယောက်ဆီကဘဝပေးအသိဉာဏ်အရ ထူးခြားပြောင်မြောက်တဲ့ဗဟုသုတကို ရရှိနိုင်ပါတယ်။ အဲဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး ဖြစ်ရပ်မှန်တစ်ခုကိုဖော်ပြရမယ်ဆိုရင် **ရပ်ဆဲလ်ကွန်းဝယ်လ်**ဆိုတဲ့ တရားဟောဆရာတစ်ယောက်ဟာ ကျောင်းတစ်ကျောင်းတည်ဆောက်ဖို့ ဒေါ်လာတစ်သန်းကျော်ကျော်လောက် လိုအပ်နေပါတယ်။ အဲဒီအချိန်မှာရပ်ဆဲလ်ဟာအသင်းတော် ဝင်းထဲရောက်သွားတယ်။ ဝင်းထဲကမြက်တွေကိုနီဂရိုးတစ်ယောက်က ဖြတ်ညှပ်နေတာ တွေ့ရတယ်။ ရပ်ဆဲလ်က

နီဂရိုးတစ်ယောက်က ဖြတ်ညှပ်နေတာ တွေ့ရတယ်။ ရပ်ဆဲလ်က တစ်ဖက်ခြံဝင်းထဲကိုဖျတ်ကနဲလှမ်းကြည့်ပြီး ဟိုဘက်ခြံထဲကမြက်တွေက အသင်းတော်ခြံဝင်းထဲက မြက်တွေထက် စိမ်းနေကြောင်း ပြောလိုက်တယ်။ နီဂရိုးက "ဒီခြံဝင်းထဲက မြက်တွေဟာမြင်နေကျ ဖြစ်နေပြီလေ။ ဒါကြောင့်ရိုးနေလို့ ဖြစ်ပါလိမ့်မယ်" လို့ ဖြေလိုက်တယ်။ နီဂရိုးကသာမန် ပြောရိုးပြောစဉ်ပြောလိုက်တာပါ။ ရပ်ဆဲလ်ရဲ့ဦးနှောက်ထဲမှာ လင်းကနဲဖြစ်သွားတယ်။

အဲဒီ စကားလေးတစ်ခွန်းကို အရင်းတည်ပြီး ရပ်ဆဲလ်က ဆွဲဆန့်ရေးသားခဲ့တယ်။ နီဂရိုးပြောလိုက်တဲ့ အကြောင်းအရာက တစ်ဆင့်ပွားလိုက်တဲ့ ဟောပြောချက်ကို ရပ်ဆဲလ်ကအကြိမ်ပေါင်း များစွာ အသုံးပြုခဲ့တယ်။ ရပ်ဆဲလ်ဟာ စိတ်ကူးဉာဏ်ကွန့်မြူးနိုင်တဲ့ အရည်အချင်းရှိတယ်။ ဒါကြောင့် "လူသားတစ်ယောက်ဟာ ရပ်ဝေးတစ်နေရာကိုသွားပြီး အခွင့်အလမ်း ရှာနေစရာမလိုပါဘူး။ အဲဒီအခွင့်အရေးဟာ သူ့ခြေဖဝါးအောက်မှာပဲရှိနေပါတယ်။ တစ်ဖက်ခြံက မြက်ပင်တွေဟာသူ ရပ်နေတဲ့နေရာက မြက်နဲ့အစိမ်းရောင်ချင်း အတူတူပါပဲ" လို့ဟောပြောခဲ့တယ်။ သာမန်လူတွေနားလည်သဘော ပေါက်နိုင်တဲ့ နှိုင်းယှဉ်ချက်တွေ ဖြစ်သွားတော့တာပါပဲ။

အဲဒီ ဟောပြောချက်တွေအတွက် ရပ်ဆဲလ်အနေနဲ့ဒေါ်လာ ခြောက်သန်းမကရရှိခဲ့တယ်။ အဲဒီဟောပြောချက်အပါအဝင် ဟောပြောချက်တွေစုပေါင်းပြီး စာအုပ်တစ်အုပ် ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့ပါတယ်။ အဲဒီစာအုပ်ဟာရောင်းအစွံဆုံးစာအုပ်တစ်အုပ်အဖြစ် အောင်မြင်ကျော်ကြားခဲ့ပါတယ်။

စာအုပ် ရောင်းလို့ရတဲ့ငွေနဲ့ ပင်ဆယ်လ်ဗေးနီးယားမှာ တင်ပယ်လ်ယူနီဗာစီတီ တည်ဆောက်နိုင်ခဲ့ပါတယ်။

**ဒါဟာ အမှတ်မထင်ရရှိလိုက်တဲ့ အသိဉာဏ်ပေါင်းစပ်မှုကနေ တန်ဖိုးတစ်ခု ဖြစ်ပေါ်လာတာပါ။**

အဲဒီအဖြစ်မျိုးနဲ့ ဆင်တူယိုးမှားဖြစ်ရပ်တစ်ခုကို အင်ဒရူး

ကာနေဂျီလည်းရရှိခဲ့ဖူးပါတယ်။ အင်ဒရူးကာနေဂျီဟာ ချာလီဆိုတဲ့ လူတစ်ယောက်နဲ့ ဂေါက်သီးရိုက်နေတဲ့အချိန်မှာ ချာလီ့ဆီက အကြံဉာဏ်တစ်ခုနဲ့ ပတ်သက်တဲ့ စကားတစ်ခွန်းကို အမှတ်မထင်ကြားလိုက်ရတယ်။ ချာလီပြောလိုက်တဲ့ စကားတစ်ခွန်းကို အင်ဒရူးက ညအိပ်ရာဝင်တော့မယ့် အချိန်မှာ ပြန်စဉ်းစား သုံးသပ်လိုက်တယ်။ အဲဒီအကြံပေးချက်ဟာအင်ဒရူးကာနေဂျီရဲ့ ပဓာနရည်မှန်းချက်အဖြစ် ပြောင်းလဲလိုက်တယ်။

ရက်သတ္တတစ်ပတ်အကြာမှာ နယူးယောက်မြို့တော်မှာရှိတဲ့ ဘဏ်လုပ်ငန်းရှင်တွေကိုဖိတ်ခေါ်ပြီး ဆွေးနွေးပွဲကျင်းပလိုက်တယ်။ အဲဒီဆွေးနွေးပွဲက "**ယူနိုက်တက်စတိတ် စတီးလ်ကော်ပိုရေးရှင်း**" ဖွဲ့စည်းဖို့အတွက်ပါပဲ။ ဒါဆိုရင် သူတို့ သံမဏိစက်ရုံတွေအားလုံးစုပေါင်းပြီးသား ဖြစ်သွားပါလိမ့်မယ်။ အင်ဒရူးကာနေဂျီအနေနဲ့လည်း ဒေါ်လာတွေ အစုလိုက်အပုံလိုက် လက်ထဲရောက်ပြီး အေးအေးဆေးဆေး စိတ်ချလက်ချအနားယူလို့ရသွားမှာပါ။

ဒါကြောင့် အမှုမဲ့အမှတ်မဲ့ တခြားလူတစ်ယောက်ဆီကရလိုက်တဲ့ အကြံဉာဏ်ကို ပေါ့ပေါ့ဆဆသဘောထားပြီး မေ့မေ့လျော့လျော့နေလိုက်မယ်ဆိုရင် အဲဒီ မေ့လျော့ပစ်လိုက်တဲ့လူဟာ တစ်သက်လုံး ဆင်းရဲနွံထဲက တက်နိုင်ဖို့မလွယ်ပါဘူး။

ရုတ်တရက်ကြားသိလိုက်တဲ့ အကြံဉာဏ်ကို မိမိရဲ့ပင်ကိုအသိစိတ်နဲ့ပေါင်းစပ်ပြီး အသုံးပြုလိုက်တဲ့အခါမှာ အကြံဉာဏ်သစ်တစ်ခု ဖြစ်ပေါ်လာလေ့ရှိပါတယ်။ အဲဒီ အကြံဉာဏ်သစ်ကို ခိုင်မာတိကျတဲ့ရည်မှန်းချက်အဖြစ်အသွင်ပြောင်းလိုက်ရပါမယ်။ ပြီးတော့ အသိဉာဏ်ပေါင်းစပ်ခြင်းနဲ့အကောင်အထည်ဖော်လိုက်ရင် ချမ်းသာကြွယ်ဝမှုဟာ ချောချောမောမော ဖြစ်ထွန်းလာပါတော့တယ်။

လူတစ်ယောက်ရဲ့ အကြံဉာဏ်တစ်ခုတည်းကို အသုံးပြုဆောင်ရွက်တာဟာ အတိုင်းအတာတစ်ခုအထိ အဆင့်တစ်ခုအထိတော့ အောင်မြင်နိုင်ပါတယ်။ ဒါပေမယ့် အဲဒီဆောင်ရွက်မှုကရတဲ့

အကျိုးအမြတ်ကို ဒါ့ထက်မက အဆပေါင်းများစွာ တိုးပွားလာစေချင်ရင်၊ တစ်နည်းအားဖြင့် အတိုင်းအဆမရှိ အလျှံပယ်ချမ်းသာကြွယ်ဝဖို့ဆိုရင်တော့ တခြားလူတွေရဲ့အကြံဉာဏ်တွေ၊ အသိဉာဏ်ပေါင်းစပ်ခြင်းတွေနဲ့ အကောင်အထည်ဖော်ဖို့ လိုအပ်နေတာအမှန်ပါ။

အဲဒီအချက်ကို ဦးနှောက်ထဲမှာ စိမ့်ဝင်စွဲမြဲနေအောင် မှတ်ထားဖို့အတွက် အင်ဒရူးကာနေဂျီက လှိုက်လှိုက်လှဲလှဲ တိုက်တွန်းခဲ့ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အောင်မြင်မှုအတိုင်းအတာရဲ့ ထိပ်ဆုံးမှာနေရာယူချင်သူမှန်သမျှဟာဖော်ပြခဲ့တဲ့ အသိဉာဏ်ပေါင်းစပ်မှုဆိုတဲ့လုပ်ဆောင်ချက်တစ်ခုတည်းနဲ့တင်ပြည့်စုံလုံလောက်နေပါပြီ။

အများအားဖြင့်လူတိုင်းဟာ အောင်မြင်ပြီးချမ်းသာကြွယ်ဝဖို့အတွက်အဝေးကြီးကိုလှမ်းမျှော်ပြီးကြံစည်စိတ်ကူးနေကြပါတယ်။ နောက်ပြီး ကံတရားအတိုင်းပါပဲလို့ အလွယ်ဓာကူ စိတ်လျှော့တတ်ကြတယ်။ မဆီမဆိုင် အကြောင်းအရာ အချက်အလက်တွေကို ယုံစားပြီး ရောနှောလုပ်ကိုင် ဆောင်ရွက်ကြတယ်။ အဲဒီ မမှန်ကန်တဲ့ အတွေးအခေါ်၊ အယုံအကြည်၊ အစီအမံတွေနဲ့ဆောင်ရွက်ကြတာတွေဟာ ဘယ်တော့မှမှန်ကန်တဲ့ အကျိုးကျေးဇူးကို ခံစားစံစားကြရမှာ မဟုတ်ပါဘူး။

အကျိုးကျေးဇူး ဖြစ်ထွန်းနိုင်မယ့် နည်းလမ်းဟာ မိမိပတ်ဝန်းကျင်မှာရှိနေကြတဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ စုပေါင်းဆွေးနွေးတိုင်ပင်ရင်းနဲ့လည်း အကြံကောင်းဉာဏ်ကောင်းတွေ ပေါ်လာနိုင်ပါတယ်။

ဒါကြောင့်တရားဟောဆရာ ရပ်ဆဲကွန်းဝယ်လ်ရဲ့ အတွေ့အကြုံတစ်ခုက တစ်ဆင့် ဖြစ်ပေါ်လာတဲ့အကြံဉာဏ်အရ··

**"လူသားတစ်ယောက်ဟာ ရပ်ဝေးတစ်နေရာကို သွားပြီး အခွင့်အလမ်းရှာနေစရာ မလိုပါဘူး။ အဲဒီ အခွင့်အရေးဟာ သူ့ခြေဖဝါးအောက်မှာပဲရှိနေပါတယ်"** ···ဆိုတာကိုသဘောပေါက်ကြပါ။

အင်ဒရူးကာနေဂျီဟာ ချမ်းသာကြွယ်ဝမှုတွေကို ရရှိဖို့အတွက် တခြားဝေးလံတဲ့ နေရာဒေသတွေမှာ သွားမရှာခဲ့ပါဘူး။ သူ့မျက်စိရှေ့က သံအရည်ကျိုတဲ့မီးတောက်မီးလျှံကြီးတွေကိုကြည့်ပြီး သဘောပေါက်ခဲ့ရတာပါ။ သူ့အနေနဲ့ သံမဏိလုပ်ငန်းမှာ လုပ်သားတစ်ယောက်အနေနဲ့ အရိုးထုတ်မယ့်အစား **ကျုပ်ကိုယ်တိုင်ဦးစီးပြီး လုပ်မယ်ဆိုတဲ့စိတ်** ဖြစ်ပေါ်ခဲ့ရတာပါ။ အဲဒီဖြစ်ရပ်ကိုအင်ဒရူးကာနေဂျီက သူ့ နောက်ဆုံးထွက်သက်အထိ မေ့မှာမဟုတ်ပါဘူး။

အင်ဒရူးကာနေဂျီက သူရဲ့စိတ်ဆန္ဒကို စစချင်း ဦးနှောက်ထဲမှာပဲ သိမ်းဆည်းထားတယ်။ ဒါကြောင့် စိတ်ကူးသက်သက်ပဲဖြစ်နေသေးတာပေါ့။ အဲဒီစိတ်ကူးကို အချိန်တိုင်းမှာသတိရနေတယ်။ ဒါဟာ အင်ဒရူးကာနေဂျီဟာ သူ့စိတ်ကူးကို အကောင်အထည်ဖော်ဖို့ထက် စိတ်ကူးက သူ့ကိုပြန်ပြီး ဖိအားပေးနေတယ်။

ဒါကြောင့်အင်ဒရူးကာနေဂျီဟာ တိကျခိုင်မာတဲ့ ရည်မှန်းချက်ရရှိတဲ့အခါမှာ အသိဉာဏ်ပေါင်းစပ်ခြင်းဆိုတဲ့ အချက်ကိုတွေ့ရှိခဲ့တယ်။ မိမိအသိဉာဏ်နဲ့ တခြားအသိဉာဏ်တွေ ပေါင်းစပ်ဖို့ဆုံးဖြတ်လိုက်တယ်။

တခြား အသိဉာဏ်ဆိုတာက သူ့လုပ်ဖော်ကိုင်ဖက်တွေဆီက ရယူရမှာဖြစ်ပါတယ်။ ဒါကြောင့် သူ့လုပ်ဖော်ကိုင်ဖက်တွေရဲ့ အရည်အချင်းတွေကို တိကိကျကျ၊ မှန်မှန်ကန်ကန် ရွေးချယ်လိုက်တယ်။ တကယ်လို့ ရွေးချယ်တာမှားသွားရင်တော့ သူ့အကျိုးစီးပွားဖြစ်ထွန်းမှာမဟုတ်ဘူး။လုပ်သားတိုင်းဟာအသိဉာဏ်ရှာဖွေတဲ့ကိစ္စကို ကိုယ့်အလုပ်ထဲမှာပဲ ရှာဖွေရမှာဖြစ်ပါတယ်။ အလုပ်လုပ်တယ်ဆိုတာ လုပ်အားခရခြင်းတစ်ခုတည်း မဟုတ်ပါဘူး။ အလုပ်ကရလာတဲ့ အတွေ့အကြုံကို ကျွမ်းကျင်မှုအဆင့် ဖြစ်ပေါ်စေပါတယ်။ လုပ်သားအချင်းချင်း အနစ်နာခံ ဆောင်ရွက်ခြင်းကြောင့် ပိုမိုတိုးတက်လာစေပါတယ်။

“**အသိဉာဏ် ပေါင်းစပ်ခြင်း**”ဆိုတဲ့အချက်မှာ တကယ်

လို့ မိမိမှာအိမ်ထောင်ရှိနေရင်၊ နောက်ပြီး သားသမီးတွေရှိနေရင်၊ အဲဒီဇနီးသားသမီးတွေဟာလည်း ရည်မှန်းချက်အောင်မြင်ဖို့အတွက် မိသားစုရဲ့ အသိဉာဏ်ပေါင်းစပ်ခြင်းကြောင့် စိတ်စွမ်းအင်တွေဖြစ်လာနိုင်ပါတယ်။

ဘာကြောင့်လဲဆိုတော့ အောင်မြင်မှုအတွက် ရည်မှန်းချက်တွေပြည့်ဝနေပေမယ့် အိမ်ထောင်ရေးပြဿနာဖြစ်နေရင် သင့် ရည်မှန်းချက်အောင်မြင်မှာမဟုတ်ပါဘူး။ ဒါကြောင့် အိမ်ထောင်ရှင်တစ်ယောက်ဖြစ်နေရင်တော့ မိမိ အိမ်ထောင်စု၊ မိသားစုရဲ့ ပေါင်းစပ်မှုဘဝ သာယာချမ်းမြေ့နေရင် ရည်မှန်းချက်ကိုအကောင်အထည်ဖော်ဖို့ ထိရောက်မှုရှိမှာပါ။ ဒါပေမယ့် **"ချို့ငဲ့နွမ်းပါးခြင်းက အိမ်ရှေ့ပေါက်က ဝင်လာတာနဲ့ တစ်ချိန်တည်း အိမ်ထောင်ရေးသာယာမှုဟာ ပြတင်းပေါက်က ခုန်ချထွက်ပြေး သွားတာပါပဲ"** ဆိုတဲ့ စကားလိုဆင်းရဲမွဲတေနေတဲ့ အိမ်ထောင်ရေးဟာ မသာယာနိုင်ပါဘူး။ ဒါကြောင့် တိုးတက်ကြီးပွားဖို့ ခက်ခဲနေမှာပါ။

ဒါကြောင့်မို့ အရည်အချင်းပြည့်ဝတဲ့ အိမ်ထောင်ရှင်မဟာ အိမ်ထောင်ဦးစီးဖြစ်နေတဲ့လင်ယောကျ်ားကိုအစဉ်သဖြင့်သာယာပြေပြစ်စွာဆက်ဆံပြီးထိန်းသိမ်းသင့်ပါတယ်။ ဒါမှသာလင်ယောကျ်ားရဲ့ တိုးတက်အောင်မြင်မှုကို အထောက်အကူပြုရာ ရောက်ပါလိမ့်မယ်။

အဲဒီ အိမ်ထောင်ရေးသာယာမှုနဲ့ ပတ်သက်လို့ အင်ဒရူးက...

**"အိမ်ထောင်ရေးသာယာမှုရှိမှသာ ချမ်းသာကြွယ်ဝမှုတွေကို အလျှံပယ်ရနိုင်တယ်ဆိုတာ ကျွန်တော့်ကိုယ်တွေ့ပါ။ကျွန်တော့်မိသားစုအပေါ်မှာ အချင်းချင်းအဆင်ပြေအောင် စည်းရုံးနိုင်ခဲ့တဲ့အတွက် အောင်မြင်မှုတွေရရှိလာတာပါ"** လို့ ထုတ်ဖော်ပြောဆိုခဲ့တယ်။

ယုံကြည်ချက်

*"Self true is the first secret of success"*

ဆိုတဲ့... တွေးခေါ်ပညာရှင်တစ်ဦးရဲ့ အဆိုအမိန့်ကို တင်ပြရမယ် ဆိုရင် မိမိကိုယ်မိမိယုံကြည်ခြင်းဟာ အောင်မြင်မှုအတွက် ပထမ သော့ချက်ဖြစ်တယ် ဆိုတဲ့စကားပါပဲ။

ဒါဟာ အမှန်တရားပါ။ မိမိကိုယ်ကိုမှမိမိ မယုံကြည်ရင် အရာခပ်သိမ်းကို ဝေခွဲနိုင်စွမ်းရှိမှာမဟုတ်ပါဘူး။ ဘာလုပ်လို့ ဘာ ကိုင်ရမှန်းမသိ၊ တိုးတက်ကြီးပွားချမ်းသာဖို့ဆိုတာ ဝေလာဝေးဖြစ် နေရမှာပါ။

စီးပွားရေးလောကမှာထိပ်ဆုံးရောက်နေတဲ့ ပုဂ္ဂိုလ်တွေဟာ တစ်ချိန်ကဆိုရင် အင်မတန် ဆင်းရဲနွမ်းပါးခဲ့ကြတဲ့ လူတွေ ဖြစ်ပါ တယ်။

ဒါပေမယ့် အဲဒီလူတွေဟာ သူတို့ကိုယ်သူတို့ ယုံကြည်မှု စွမ်းအားအပြည့်အဝနဲ့ရုန်းကန်လှုပ်ရှားခဲ့တဲ့အတွက် ကြွယ်ဝချမ်းသာ မှုအလုံးစုံကို ရရှိပိုင်ဆိုင်နေကြတာပါ။

**ဤလောက၌ပြင်းပြသည့်စိတ်ဆန္ဒမရှိဘဲ ထူးခြားတောက် ပြောင်သည့် အကြောင်းအရာများကို လုံးဝမပြုလုပ်နိုင်။**

အဲဒီ အဆိုအမိန့်ကိုပြောကြားသူကတော့ ဂျာမန်တွေးခေါ် ပညာရှင် **ဟေဂယ်လ်**ဖြစ်ပါတယ်။ ဒါကြောင့်မိမိကိုယ်မိမိယုံကြည် ချက်နဲ့ပြင်းပြတဲ့ စိတ်ဆန္ဒကို အချိုးညီညီပေါင်းစပ်လိုက်ရင် ဘာမ ဆိုဖြစ်နိုင်ပါတယ်။

ရှေ့ပိုင်းကတင်ပြခဲ့တဲ့ အကြောင်းအရာတွေနဲ့ဆပ်စပ်ကြည့် မယ်ဆိုရင် တိကျခိုင်မာတဲ့ရည်ရွယ်ချက်၊ အနစ်နာခံဆောင်ရွက်ဖို့နဲ့ အသိဉာဏ်ပေါင်းစပ်ခြင်းစတဲ့ အကြောင်းတရားတွေကို ယုံကြည် ချက်နဲ့အတူတူ လုပ်ကိုင်ဖို့ပဲဖြစ်ပါတယ်။

**"He who has begun half done."**

ဆိုတဲ့စကားဟာ တွေးခေါ်ပညာရှင်ကဗျာစာဆိုဟိုရေ့စ်ရဲ့ အဆိုအမိန့်ကို ဖြစ်ပါတယ်။ ဆိုလိုတဲ့အဓိပ္ပာယ်က "**စတင်လုပ်ဆောင်သူသည် တစ်ဝက်ပြီးစီးသူ ဖြစ်သည်**" တဲ့။ အဲဒါဟာ လိုရင်းတိုရှင်းပါပဲ။

ဒါကြောင့် **"ဘာမှ မလုပ်တဲ့သူဟာ ဘာမှပြီးမှာမဟုတ်ဘူး"** လို့လည်း ထပ်ဆင့်တွေးကြည့်လို့ ရပါတယ်။

တစ်ချိန်လုံး မုတ်ဆိတ်ကလေးကို ဆွဲဆွဲကြည့်နေတဲ့ လူတစ်ယောက်အကြောင်းကို စာဖတ်သူလည်း ကြားဖူးကောင်းကြားဖူးပါလမ့်မယ်။ ဒါပေမယ့် မကြားဖူးသေးသူတွေအတွက် အလျဉ်းသင့်သလို ဖော်ပြပါရစေ။

ရွာတစ်ရွာမှာ လူတစ်ယောက်ဟာ သူ့မုတ်ဆိတ်ကလေးကို အားအားရှိရင်ဆွဲဆွဲကြည့်ပြီး နက်နက်ရှိုင်းရှိုင်း စဉ်းစားနေလေ့ရှိသတဲ့။ ဒါကိုမြင်တဲ့ ကြေးရတတ်သူဌေးတစ်ယောက်က "ဒီသူငယ်မှာ အကြံအစည်ကောင်းတော့ရှိမှာပဲ။ သူ့မှာ ငွေကြေးချို့တဲ့လို့သာ ဘာမှအကောင်အထည် မဖော်နိုင်တာဘဲဖြစ်ရမယ်။ ဒါကြောင့်သမီးနဲ့ပေးစားပြီး တို့မှာရှိတဲ့ ဓနအင်အားတွေတိုးပွားလာအောင် အကြံအစည်လုပ်နိုင်ဖို့ငွေအရင်းအနှီးထုတ်ပေးမှပဲ" လို့ဆုံးဖြတ်လိုက်တယ်။

သမီးနဲ့အိမ်ထောင်ကျသွားတော့လည်း အဲဒီလူဟာအိမ်ရှေ့ခပြင်မှာထွက်ထိုင်ပြီး မုတ်ဆိတ်ကလေးပဲဆွဲနေတုန်းပဲ။ ဒါနဲ့ယောက္ခမကြီးက "ငါ့သား မင်း ဘာစိတ်ကူးများရှိသလဲ၊ မင်းစိတ်ကူးကို အကောင်အထည်ဖော်ဖို့တို့မှာ ငွေအင်အား အလုံအလောက်ရှိတယ်၊ မင်းဘာတွေစဉ်းစားနေသလဲ ပြောစမ်း" လို့မေးတာပေါ့။ ဒီတော့ သမက်ကပြန်ဖြေတယ်။ အဲဒီအဖြေကို ကြားလိုက်ရတဲ့ ယောက္ခမကြီးက ဒေါသတကြီးနဲ့သမက်ကို အိမ်ရှေ့ခင်းကနေ ကန်ချလိုက်ပါရော။

သမက်အဖြေက…"ကျွန်တော်အခုဆွဲကြည့်နေတဲ့ မုတ်ဆိတ်ဟာ တကယ်လို့သာ အခုလို မေးစိအပြင်ဘက်မှာမပေါက်ဘဲ အတွင်းဘက်မှာပေါက်နေရင် ဘယ်လောက်ခံရခက်မလဲ" ဆိုတာ စဉ်းစားနေတာပါပဲတဲ့။

ဒါကြောင့် စာဖတ်သူအနေနဲ့ ဒီစာမျက်နှာအထိ ရောက်အောင်ဖတ်နေပြီဆိုရင်…မိမိရဲ့ ချမ်းသာကြွယ်ဝမှု အလုံးစုံပြည့်ဝ

စေနိုင်မယ့်သဘောတရားတွေကို အတော်အတန်သိရှိနေပြီလို့ ယူဆပါတယ်။

ဒါကြောင့် မှတ်ဆိတ်မွေးဆွဲပြီး စဉ်းစားနေတဲ့လူထက် အဆပေါင်းများစွာ အသိပညာတွေရနေပါပြီ။ ဒါကိုဆက်လက် အကောင်အထည်ဖော်နိုင်ဖို့ ရှေ့ဆက် ဖတ်ဖို့လိုပါတယ်။

.....

# ယုံကြည်မှု စွမ်းအင်

တွေးခေါ်ပညာရှင်တစ်ဦးလို့ ကမ္ဘာကျော် အသိအမှတ်ပြုထားခြင်းခံရတဲ့ သောမတ်စ်ဟော့ဘတ်စ်က **"အရိုန်နဲ့ကြိုးစားအားထုတ်မှုဟာ နေ့စဉ် အသိအမြင်သစ်ကိုပေးတယ်"** လို့ ဆိုပါတယ်။ လုပ်ကိုင်ဆောင်ရွက်ရင်းနဲ့ဖြစ်ပေါ်လာတဲ့ အကျိုးတရားတွေကိုခံစားစံစားရမယ့်လူဟာ မိမိကိုယ်တိုင်ပဲဖြစ်ပါတယ်။ စာပေပညာရှင်တစ်ဦးဖြစ်တဲ့ ဆမ်မြူယယ်ဂျွန်ဆင်ရဲ့ သုံးသပ်ချက်တစ်ခုကို ဖြည့်စွက်ဖော်ပြရမယ်ဆိုရင် **"ပြောင်မြောက်သည့် ဆောင်ရွက်ချက်များသည် ခွန်အားဖြင့်ပြုလုပ်ခြင်း သက်သက်မျှသာမဟုတ်ပါ၊ စွဲလွဲ့လဖြင့်လည်း ပြုလုပ်ထားခြင်းဖြစ်သည်"** တဲ့။

ဒါကြောင့် သင့်အနေနဲ့စပြီး လုပ်ကိုင်ဆောင်ရွက်ဖို့ တိကျတဲ့ရည်မှန်းချက်ကို လျာထားပြီးတာနဲ့တစ်ပြိုင်နက် ရှေ့ပိုင်းမှာဖော်ပြထားတဲ့သဘောတရားတွေကို အသုံးချလိုက်မယ်ဆိုရင် ချမ်းသာကြွယ်ဝမှုအလုံးစုံကို တစ်စုံတစ်ခုသာ အတိုင်းအတာအတွင်းမှာ ရရှိနိုင်တော့မှာပါ။

**ယုံကြည်ချက်ဆိုတာ** ရုပ်ဒြပ်တစ်ခု မဟုတ်ပါဘူး။ ဒါကြောင့် ယုံကြည်မှုစွမ်းအား ဆိုတာကိုလည်း လက်နဲ့ထိတွေ့ ကိုင်တွယ်လို့မရဘူး။ ဒါပေမယ့် လက်နဲ့ထိတွေ့ ကိုင်တွယ်လို့ရနိုင်တဲ့အရာအားလုံးထက်ပိုပြီး (အဆပေါင်းများစွာ) စွမ်းရည်ရှိနေတာ အမှန်ပါ။ ထိတွေ့လို့ရတဲ့ အပ်သေးသေးမျှင်မျှင်လေးကအစ ဒုံးပျံအထိ ဖန်တီးတည်ဆောက်နိုင်တာ **ယုံကြည်မှုစွမ်းအင်** ပဲဖြစ်ပါတယ်။ အဲဒီလို တီထွင်ကြံဆဖန်တီး တည်ဆောက်ခဲ့ကြတဲ့ ပညာရှင်တွေအနေနဲ့ သူတို့ကိုယ်သူတို့ယုံကြည် မှုစွမ်းအင်သာမရှိခဲ့ရင် ဘာမှဖြစ်လာနိုင်မှာ မဟုတ်ပါဘူး။

ယုံကြည်မှုစွမ်းအင်ဟာ တကယ်တော့ စိတ်ပိုင်းဆိုင်ရာ စွမ်းအားပါပဲ။ ဒါကြောင့် ရှေ့ပိုင်းကဖော်ပြခဲ့တဲ့ ပဓာနအကျဆုံး အချက်သုံးချက်ကို ဖွင့်ဆိုရာမှာ···

**(၁) တိကျခိုင်မာတဲ့ ရည်မှန်းချက် ရှိဖို့၊**

**(၂) အနစ်နာခံပြီး ဆောင်ရွက်နိုင်ဖို့၊**

**(၃) အသိဉာဏ် ပေါင်းစပ်ခြင်းရှိဖို့**····ဆိုတဲ့အချက်တွေကို ကိုယ်တိုင်ကိုယ်ကျ လက်တွေ့အသုံးချခဲ့တဲ့အတွက် ကြီးပွားချမ်းသာနေကြတဲ့ ပုဂ္ဂိုလ်တွေက ထောက်ခံပြောဆိုခဲ့ကြပါတယ်။ အဲဒီသုံးချက်ကို အသုံးပြုတဲ့အတွက် အင်မတန်ထက်မြက်တဲ့ **ယုံကြည်မှုစွမ်းအင်**ကို ရရှိခဲ့ကြောင်း အဲဒီပုဂ္ဂိုလ်တွေက ဝန်ခံကြပါတယ်။

သာမန်လူသားတစ်ယောက်အဖို့ ချမ်းသာကြွယ်ဝမှုအလုံးစုံကို ပိုင်ဆိုင်ဖို့ဆိုရင် အဲဒီအချက်သုံးချက်နဲ့ ကင်းကွာလို့မရပါဘူး။ မေ့ထားလို့လည်း မဖြစ်ပါဘူး။ အဲဒီ အချက်သုံးချက်စလုံးမှာ တစ်ချက်လျော့နေလို့လည်းပြည့်ပြည့်ဝဝ အောင်မြင်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် အဲဒီအချက်သုံးချက်ကို သင့်ဦးနှောက်ထဲမှာ၊ သင့်အသိဉာဏ်ထဲမှာ၊ သင့်နှလုံးသားထဲမှာစိမ့်ဝင်နေဖို့လက်တွေ့ဖြစ်ရပ် သာဓကတွေနဲ့တင်ပြနေတာပါ။ တစ်ကြိမ်တစ်ခါရှင်းပြတာထက် နှစ်ကြိမ်နှစ်ခါပြောတာက ပိုရှင်းတယ်။ ဒါထက်ပိုပြီး လိုအပ်တဲ့အခါတိုင်း ကြိမ်ဖန်များစွာ သိမြင်စေရအောင် တင်ပြတဲ့အခါမှာ ကျက်မှတ်ဖို့မလိုတော့ဘဲ ကိုယ်ပိုင်အသိဉာဏ်တစ်ခုအဖြစ် ရောက်ရှိသွားပါလိမ့်မယ်။

ယုံကြည်မှုစွမ်းအင်ဆိုတဲ့ စွမ်းအားတစ်ခုအကြောင်းကို စတော့မယ်ဆိုရင် ဦးဆုံး ယုံကြည်မှုဆိုတဲ့ အဓိပ္ပာယ်သဘောတရား အခြေခံကိုရှင်းရှင်းလင်းလင်း သဘောပေါက်ထားမှဖြစ်မှာပါ။ ယုံကြည်မှုဟာ စိတ်ပိုင်းဆိုင်ရာတစ်ခုဖြစ်ပါတယ်။ အဲဒီစိတ်မပျံ့လွင့်အောင် ထိန်းချုပ်နိုင်မှသာ မိမိလိုရာဆန္ဒကို စွမ်းအင်တစ်ခုအဖြစ် ဖန်တီးနိုင်မှာဖြစ်တယ်။

အဲဒီလိုစိတ်ကို ထိန်းချုပ်နိုင်စွမ်းနဲ့ မိမိလိုရာဆန္ဒကိုဖော်ထုတ် ဆောင်ရွက်ခဲ့ကြတဲ့ လူတွေဟာ အချမ်းသာ အကြွယ်ဝဆုံးပုဂ္ဂိုလ်များအဖြစ်ကို ရောက်ရှိနေကြပါပြီ။ အဲဒီ ပုဂ္ဂိုလ်တွေထဲက ကမ္ဘာကျော်စက်မှုလုပ်ငန်းရှင်တစ်ယောက်ဖြစ်တဲ့ ဟင်နရီဖို့ဒ်က…

"စံပြပုဂ္ဂိုလ်" ဆိုသည်မှာ အခြားသူများကို ကြီးပွားချမ်းသာလာစေရန်အကူအညီပေးသူဖြစ်တယ်လို့ခံယူထားပါတယ်။ အဲဒီခံယူချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ဟင်နရီဖို့ဒ်လိုပဲ တခြားစက်မှုလုပ်ငန်းရှင်ကြီးတွေအပါအဝင် ချမ်းသာကြွယ်ဝမှုအလုံးစုံကို ရရှိပိုင်ဆိုင်နေသူ လူပေါင်း(၅၀၀)ကျော်ကို တွေ့ဆုံဆွေးနွေးခဲ့ပြီး သူတို့ကိုယ်တွေ ချမ်းသာကြွယ်ဝစေတဲ့နည်းလမ်းတွေကို အရင်းတိုင်း ဖော်ပြနေတာပါ။

အဲဒီသူကြွယ်ကြီးတွေ၊ လုပ်ငန်းရှင်တွေကို သူတို့ရဲ့ လုပ်နည်းလုပ်ကိုင်၊ လက်တွေ့သဘောတရား စတဲ့အချက်အလက်တွေရဖို့အတွက်နပိုလီယံဟေးလ်ဟာနှစ်ပေါင်းများစွာလှုပ်ရှားခဲ့ပါတယ်။ ဒါတွေကို သင့်အနေနဲ့နာရီပိုင်းအတွင်း လွယ်လင့်တကူ ဖတ်ရှုနိုင်ပါပြီ။ ဒီသဘောတရားတွေဖြစ်ရပ်တွေဟာ အမှန်တကယ်လိုက်နာဆောင်ရွက်ခဲ့ပြီး ချမ်းသာကြွယ်ဝမှု အစစ်အမှန်ကို ရရှိခံစားနေကြသူတွေက အခြားသူများကိုပါ သူတို့လိုကြီးပွားချမ်းသာလာအောင်၊ အကူအညီပေးလိုက်တဲ့ လက်ဆောင်ပစ္စည်းလို့ သဘောထားရင်လည်းရပါတယ်။

ဒါပေမယ့် အဲဒီသဘောတရားတွေကိုဖတ်ပြီး သဘောပေါက်အောင် စူးစမ်းလေ့လာ လုပ်ကိုင်ဆောင်ရွက်သူမရှိတဲ့ လက်ထဲကိုတော့ ဘယ်လို ကြွယ်ဝချမ်းသာခြင်းကမှ အလိုအလျောက်ရောက်လာမှာမဟုတ်ပါဘူး။

**"တောင်ကြီးကို မိမိအနားရောက်စေချင်ရင်တော့ တောင်ကြီးကမိမိအနားကို လာမှာမဟုတ်ပါဘူး။ မိမိကသာတောင်ကြီးရှိရာကို သွားရမှာဖြစ်ပါတယ်။"**

ဒါကြောင့် ချမ်းသာကြွယ်ဝမှု အလုံးစုံကို ပိုင်ဆိုင်ချင်သူ မှန်သမျှဟာ ဖော်ပြခဲ့တဲ့အချက်အလက်သဘောတရားတွေကို ကျေကျေကျေညက်ညက်ဖြစ်အောင် ဖတ်ရှုလေ့လာဆင်ခြင် သုံးသပ်ရပါတယ်။

နောက်တစ်ဆင့်က····

လှေကားတက်ဖို့ကြိုးစားသူလို လှေကားတစ်ထစ်ပြီးတစ်ထစ်တက်လိုက်ရင်တော့ သင်ဟာထိပ်ဆုံးတစ်နေရာကို ရောက်သွားပါလိမ့်မယ်။

ဒီနည်းအတိုင်းပါပဲ။ အလွန်တရာမြင့်မားတဲ့ တောင်ထိပ်ကိုမော့ကြည့်ပြီး ငါတက်နိုင်မှာ မဟုတ်ပါဘူးလို့ စိတ်ပျက်အားငယ်တဲ့သူဟာ ဘယ်တော့မှ တောင်ထိပ်ကိုရောက်နိုင်စရာ အကြောင်းမရှိတော့ပါဘူး။ **တောင်ပေါ်ကိုတက်ဖို့ ပထမဆုံးလှမ်းတဲ့ခြေလှမ်းဟာ တောင်ထိပ်ကိုရောက်ဖို့ အစပျိုးခြင်း** ဖြစ်ပါတယ်။ စနစ်တကျခြေလှမ်းမှန်မှန်နဲ့သာ တက်သွားပါ။ ထိပ်ဆုံးတစ်နေရာဆိုတဲ့ ချမ်းသာကြွယ်ဝမှု အလုံးစုံကိုပိုင်ဆိုင်မှာ အမှန်ပါ။

တစ်ခု သတိထားရမှာက သင့်ကိုဆန့်ကျင်သူတွေ၊ အပြစ်တင်သူတွေကြောင့် လမ်းခုလတ်မှာ ရပ်တန့်စရာမလိုပါဘူး။ အဲလိုမျိုး အပြစ်တင်ဆန့်ကျင်သူတွေဟာ သင် ထိပ်ဆုံးရောက်သွားတဲ့အချိန်မှာ သင့်ကိုအလိုအလျောက် အံ့သြချီးကျူး ဩဘာပေးကြပါလိမ့်မယ်။

ယုံကြည်မှုဆိုတဲ့အချက်ဟာ အပျက်စိတ်ထားနဲ့ ဆန့်ကျင်ဘက်ဖြစ်ပါတယ်။

ဒါကြောင့် အပြုစိတ်ထားကို ယုံကြည်မှုနဲ့ ပေါင်းသင်းဆက်နွှယ်နိုင်ပါတယ်။ ယုံကြည်မှုက အပြုစိတ်ထားကို ဆွဲငင်နိုင်စွမ်းရှိသလို အပြုစိတ်ထားကလည်း ယုံကြည်မှုကိုအပြန်အလှန်ဆွဲငင်နိုင်တဲ့အတွက် ယုံကြည်မှုစွမ်းအင်ဖြစ်ပေါ်လာဖို့ အထောက်အကူဖြစ်စေပါတယ်။

ဘ၀ပေးအခြေအနေ အမျိုးမျိုး ရှိတဲ့အထဲမှာ မိမိအတွက် သင့်တင့်လျောက်ပတ်တဲ့အခွင့်အလမ်းကို ရွေးချယ်ရယူနိုင်တာဟာ ယုံကြည်မှုရဲ့ဖန်တီးချက်ပါ။ ယုံကြည်မှုရဲ့အစွမ်းဟာ သင့်ဆုံးရှုံးမှုတွေကိုတောင်မှ အောင်မြင်မှုဖြစ်အောင် ဆောင်ရွက်နိုင်ပါတယ်။

လူသားတွေအတွက်အကျိုးပြုတဲ့ တီထွင်မှုတွေဟာ ပေါင်းသင်းဆက်ဆံရေး ပြေလည်စေတဲ့အတွက် သက်သာချောင်ချိစွာနေနိုင်ပါတယ်။ ဒါတင်မကသေးဘဲ လူတစ်ယောက်ရဲ့ အာရုံမှာ ဖြစ်ပေါ်စွဲလမ်းနေတဲ့ လိုအပ်ချက်ကို ယုံကြည်မှုက ပြည့်ပြည့်၀၀ဖြည့်ဆည်းပေးနိုင်တယ်။

ဥပဒေသအနေနဲ့ ယုံကြည်မှုနဲ့ပတ်သက်တဲ့ ဖြစ်ရပ်မှန်တွေကို ဖော်ပြတဲ့အခါမှာ လျှပ်စစ်မီးသီးစတင်တီထွင်ခဲ့တဲ့ သောမတ်အယ်ဒီဆင်၊ ဝိုင်ယာကြိုးမပါဘဲ အသံလှိုင်းပို့ဆောင်မှုကို တီထွင်ခဲ့တဲ့ မာကိုနီ…စတဲ့ လူတွေကိုစံထားလေ့ရှိတယ်။ တကယ်တော့အဲဒီလူတွေကို ယုံကြည်မှုပျက်စီးအောင်၊ တီထွင်မှုတွေ မအောင်မြင်အောင်၊ အနှောင့်အယှက်ဆန့်ကျင်မှုတွေက ဟန့်တားကြတယ်။ ဒါပေမယ့် အဲဒီအဖျက်သဘောထားတွေကို ယုံကြည်မှုနဲ့ကျော်လွှားနိုင်ခဲ့လို့လည်း အောင်မြင်မှုသရဖူကို ဆောင်းနိုင်ခဲ့ကြပါတယ်။ ဒါဟာ လူတွေရဲ့ ပြင်းပြတဲ့ဆန္ဒတွေကို ယုံကြည်မှုက ဖြည့်ဆည်းပေးလိုက်နိုင်တယ်ဆိုတာ အခိုင်အမာ သက်သေပြသခြင်းဖြစ်ပါတယ်။

ဒါဆို သင် ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်နေပါပြီ။ ဒါကြောင့် ယုံကြည်မှုစွမ်းအင် ဖော်ထုတ်ရယူနိုင်မယ့်နည်းလမ်းတွေကို ဆက်လက်ဖော်ပြပါတော့မယ်။

သင် ဘာလိုချင်တယ်၊ ဘာဖြစ်ချင်တယ်ဆိုတာကို ပထမဆုံး ရေရေရာရာ သိဖို့လိုအပ်ပါတယ်။ အဲဒီ လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ဖို့ သင်က ဘာပြန်ပေးနိုင်မလဲ၊ ဘာကို စွန့်လွှတ်နိုင်မလဲဆိုတာကို ပြတ်ပြတ်သားသားဆုံးဖြတ်ပါ။ သင်လိုချင်တာ ဘာလဲဆိုတာ ရေရေရာရာသိတာနဲ့ တစ်ပြိုင်နက် သင်လိုချင်တာရနေပြီလို့

စိတ်ထဲက စွဲစွဲမြဲမြဲမှတ်လိုက်ပါ၊ ယုံကြည်မှုဆိုတာ အတွင်းစိတ်ရဲ့ စွမ်းဆောင်မှုဖြစ်ပါတယ်။ အဲလိုမျိုးစွမ်းဆောင်မှုဟာ အတိုင်းမသိ ကျယ်ပြန့်ပါတယ်။ အလွန်တရာ နက်ရှိုင်းပါတယ်။ အထက်မြက်ဆုံး ထိရောက်စွမ်းရှပါတယ်။ နပိုလီယံဧကရာဇ်၊ အာဏာရှင်ဟစ်တလာတို့ဟာ အင်မတန် ကျော်ကြားထင်ရှားတဲ့ ခေါင်းဆောင်တွေဖြစ်ခဲ့ကြပါတယ်။

သူတို့ နှစ်ယောက်စလုံးဟာ အတွင်းစိတ် စွမ်းဆောင်မှုကို သဘောပေါက် နားလည်ကြသူတွေ ဖြစ်ခဲ့ကြပါတယ်။ အဲဒီ စွမ်းဆောင်မှုကို လက်တွေ့အသုံးချပြီး ထိပ်ဆုံးကိုရောက်လာခဲ့ကြသူတွေပါ။ သူတို့နှစ်ယောက်ဟာ ခေတ်ချင်းမတူကြပေမယ့် အတွင်းစိတ်စွမ်းဆောင်မှု လေ့ကျင့်ပုံချင်း ထပ်တူထပ်မျှ နီးပါးဖြစ်ခဲ့ကြပါသည်။

မနက်နေအရုဏ်တက်ချိန်မှာ ရှေ့မျက်နှာမူရာမြင်ကွင်းတစ်ခုလုံးကို အထက်စီးကမြင်နိုင်တဲ့ အမြင့်ပိုင်းမှာ မတ်မတ်ရပ်ပါတယ်။ နောက်ပြီး လေကိုတစ်ဝကြီး ရှုရှိုက်လိုက်တယ်။ "ငါဟာကမ္ဘာကြီးကို လွှမ်းမိုးပိုင်ဆိုင်ရသူဖြစ်တယ်"လို့ ရင်ထဲက ဦးနှောက်ထဲက လှိုက်လှိုက်လှဲလှဲ ပိုင်ပိုင်နိုင်နိုင်ရွတ်ဆိုခဲ့ကြတယ်။ တစ်ချိန်မှာ သူတို့ဆန္ဒရှိတဲ့အတိုင်း ကမ္ဘာကြီးကိုထက်ဝက်နီးပါး လွှမ်းမိုးပိုင်ဆိုင်ခဲ့ကြပါတယ်။ ဒါပေမယ့် သူတို့နိဂုံးချုပ် မလှမပ ရတာက သူတို့အကြောင်းနဲ့ သူတို့ဖြစ်ပါ တယ်။ အခုဖော်ပြတာက အတွင်းစိတ်ရဲ့ စွမ်းဆောင်မှုဖြစ်ပါတယ်။

အတွင်းစိတ် စွမ်းဆောင်မှုနဲ့ပတ်သက်ပြီး ထူးခြားချက်ကို အစဉ်သဖြင့် သုံးသပ်နေရပါတယ်။ တကယ်လို့ သင့်လိုအပ်ချက်အတွက် ပိုမိုကောင်းမွန်လာမယ့် စိတ်ကူးပေါ်လာတဲ့အခါမှာအဲဒီအကြံဉာဏ်သစ်ကို အမြန်ဆုံးဆောင်ရွက်ရမှာဖြစ်ပါတယ်။ တကယ်လို့ အောင်မြင်မှု မဖြစ်ပေါ်သေးတဲ့ကာလမှာ စိတ်ပျက်အားငယ် လက်လျှော့ဖို့ လုံးဝမတွေးပါနဲ့၊ သင့်ယုံကြည်မှုအပေါ်မှာ ဖွဲ့ ရှိ မရှိ မှတ်

ကျောက်တင်နေတဲ့ အခိုက်အတန့် ကာလလေးတစ်ခုလို့ပဲ ပေါ့ပေါ့ဆဆ သဘောမျိုးထားလိုက်ပါ။

အဲဒီကာလလေးတစ်ခုကို ကျော်ဖြတ်လိုက်တာနဲ့ တစ်ပြိုင်နက် မြင့်မားတဲ့အားထုတ်ဆောင်ရွက်မှုတစ်ခု ပြုလုပ်နိုင်ခဲ့ပါပြီလို့ ယူဆလိုက်ပါ။ ယုံကြည်မှုကိုမှတ်ကျောက်ခံပြီးတဲ့ အဆင့်ကိုရောက်သွားတဲ့အတွက် အောင်မြင်ရေးဟာ လက်တစ်ကမ်းမှာရှိနေပြီ။ အချိန်မရွေး လှမ်းယူဆုပ်ကိုင်နိုင်တော့မယ်လို့ ကျိန်းသေကောက်ချက်ချလိုက်ပါ။

သင့်စိတ်ဓါတ်ကို အောင်နိုင်စိတ်မွေးမြူပြီး ယုံကြည်မှုစွမ်းအားကို ပျက်စီးအားယုတ်စေအောင် ဖန်တီးတာမှန်သမျှ သင့်အတွေး အာရုံထဲမှ၊ တနည်းအားဖြင့် သင့် ပတ်ဝန်းကျင်တစ်ခုလုံးမှ အဝေးဆုံးသို့ရောက်သွားအောင် ဖယ်ရှားပစ်ပါ။

သင့် ရည်မှန်းချက်အောင်မြင်တာနဲ့ တစ်ပြိုင်နက် ခံစားစံစားရမယ့် အကျိုးအမြတ်တွေကို စာရွက်တစ်ရွက်ပေါ်မှာရေးချလိုက်ပါ။ အချိန်မှန်ထပ်ကာတလဲလဲဖတ်ပြီး အသိဉာဏ်မှာစွဲမြဲနေအောင် ပြုလုပ်ပါ။ ဖတ်ရတာကို ငြီးငွေ့လာခဲ့ရင်…အဲဒီရရှိလာမယ့်အကျိုးအမြတ်တွေကို ကက်ဆက်ခွေထဲမှာ အစ အဆုံးတစ်ခေါက်ဖတ်ပြီး သွင်းထားလိုက်ပါ။ သင့် တစ်ကိုယ်လုံး အကြောလျှော့တဲ့အနေနဲ့ အိပ်ရာပေါ်မှာလဲလျောင်းပြီး သင်သွင်းထားတဲ့ စကားလုံးများကို အစအဆုံးဖွင့်ပြီး စိတ်ပါဝင်စားစွာ နားထောင်မှတ်သားပါ။ ပြီးဆုံးသွားတာနဲ့ တစ်ပြိုင်နက် အစထိပြန်ရစ်ပြီး နောက်တစ်ကြိမ်ပြန်ဖွင့်ပါ။ ဒါဟာသင့်ရဲ့စိတ်အာရုံထဲမှာ စွဲစွဲမြဲမြဲ မပြယ်မပျက်တမ်းထင်ရှားနေစေပါတယ်။ ဒါဟာ…အောင်မြင်မှုရရှိဖို့ ကိုယ့်ကိုယ်ကိုယ်တွန်း အားပေးခြင်းဖြစ်ပါတယ်။

နောက်တစ်ခု အရေးကြီးတဲ့အချက်က သင့်ရည်မှန်းချက်အတွက် သင့်အပေါ်မှာ စိတ်ကောင်းနှလုံးကောင်းရှိသူများရဲ့ ကူညီအားပေးမှုကိုရရှိစေရန် ဆောင်ရွက်ပါ။ ပိုပြီးအရေးကြီးတာက သင့်

ရည်မှန်းချက်ဆိုင်ရာလုပ်ဆောင်မှုကို နေ့စဉ်နေ့တိုင်း မပျက်မကွက် လုပ်ဆောင် အကောင်အထည်ဖော်ဖို့ပါပဲ။ လက်တွေ့လုပ်ဆောင်မှု မပါဝင်တဲ့ယုံကြည်မှုဟာ ဘယ်တော့မှအောင်မြင်မှာမဟုတ်ပါဘူး။ ဒါကြောင့် လုပ်စရာရှိတာကို မပြတ်တမ်း အားကြိုးမာန်တက် ဇွဲနဲ့ လုပ်နေမှ အကျိုးဖြစ်ထွန်းလာမှာပါ။

သင့် ရည်မှန်းချက်နဲ့ပတ်သက်လို့ အတုယူ စံထားလောက်တဲ့ စံပြပုဂ္ဂိုလ်တစ်ယောက်ကို ရွေးလိုက်ပါ။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ မိမိဟာ သူ့ထက်ကျော်လွန်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ရမယ်လို့ အဓိဋ္ဌာန်မြုပါ။ အဲဒီစိတ်ထားနဲ့ဆောင်ရွက်နေတာကို သင့်ပတ်ဝန်းကျင်သိအောင် ထုတ်ဖော်ကြွားဝါစရာမလိုပါ။ လူဟာ ချစ်ခင်သူနဲ့ မုန်းတီးမှုများအကြားမှာ ပေါက်ဖွားရတဲ့ သတ္တဝါဖြစ်တဲ့အတွက် မလိုမုန်းထားသူတွေရဲ့ အတင်းအဖျင်း ပြောစရာမဖြစ်ပါစေနဲ့။

အဲဒီအကြောင်းတရားတွေကို မမေ့မလျော့ မပေါ့မဆလုပ်မှုဖြစ်ပါလိမ့်မယ်။ သင့်ဖြစ်ချင်တဲ့ အလုံးစုံ ချမ်းသာကြွယ်ဝမှုအတွက် သင်ကတန်ဖိုးတစ်ခုတော့ မလွှဲမသွေပေးရပါလိမ့်မယ်။ အဲဒီတန်းက ဖော်ပြခဲ့တဲ့ အချက်အလက်များကို မပျက်မကွက် ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။

အဲဒီလို ဆောင်ရွက်လုပ်ကိုင်မှသာ မိမိအလိုရှိအပ်တဲ့ အလုံးစုံချမ်းသာကြွယ်ဝခြင်းကို ပိုင်ဆိုင်မှာပါ။

တစ်ချိန်တုန်းက ဟင်နရီဖို့ဒ်ဟာ ဖို့ဒ်မော်တော်ကားနဲ့ပတ်သက်ပြီးပိုကောင်းစေမယ့် တီထွင်မှုတစ်ခုကိုကြံဆခဲ့တယ်။ သူ့ကြံစည်ချက်ကိုပုံစံငယ်အဖြစ် စတင်ဖန်တီးဖို့ကိစ္စနဲ့ပတ်သက်လို့ သူ့ရဲ့ အင်ဂျင်နီယာတွေကိုစေခိုင်းခဲ့တယ်။ အင်ဂျင်နီယာတွေက မဖြစ်နိုင်ကြောင်း ရှင်းပြကြတယ်။

ဒါပေမယ့် ဖို့ဒ်က သူတို့ရှင်းပြတာကို လက်မခံဘူး။ မဖြစ်ဖြစ်အောင် ကြိုးစားဖို့တိုက်တွန်းခဲ့တယ်။ နောက်ဆုံးကျတော့ သူခိုင်းသလိုလုပ်တာ ဖြစ်မလာတဲ့အကြောင်း အင်ဂျင်နီယာတွေက

ပြန်လည်တင်ပြကြတယ်။ ဖို့ဒ်က သူ့ကိုယ်သူစိတ်ချယုံကြည်မှုရှိနေတယ်။ ဖြစ်ကိုဖြစ်ရမယ်လို့ ယုံကြည်ထားတယ်။ အင်ဂျင်နီယာတွေမှာ အဲလိုမျိုးစိတ်ဓါတ်မရှိကြဘူး။ "ဖို့ဒ်ခိုင်းလို့ လုပ်ရတာပါ။ သူခိုင်းတဲ့အတိုင်း ဖြစ်မှာမဟုတ်ပါဘူး" ဆိုတဲ့ အပျက်စိတ်ထားဖြစ်နေကြတာကိုး။ ဖို့ဒ်က မဖြစ်မနေလုပ်ရမယ်လို့ ထပ်ပြီးအမိန့်ပေးလိုက်တယ်။

အင်ဂျင်နီယာတွေဟာ ဖို့ဒ်ကိုအလွယ်တကူ ဆင်ခြေပေးလို့မရတော့ဘူးဆိုတာ သဘောပေါက်သွားကြတယ်။ ဒါကြောင့်သူတို့ဟာတစ်နည်းမဟုတ်တစ်နည်းနဲ့ အကြိမ်ကြိမ်ကြိုးစားကြတယ်။ အဲဒီဖြစ်ရပ်ကို နိဂုံးချုပ်လိုက်တဲ့အခါ ဖို့ဒ်ရဲ့ယုံကြည်မှုဟာ အကောင်အထည်ပေါ်သွားတော့တာပါပဲ။

လူ့ရေတွေရဲ့ စကားသံကိုဖမ်းပြီး ပြန်လည်လွှင့်ထုတ်နိုင်မယ့်စက်တစ်ခု တီထွင်ဖို့အတွက် သောမတ်စ်အယ်ဒီဆင်က ကြံစည်ခဲ့တယ်။ သူ့ခေတ် အချိန်ကာလ အဲလိုစက်မျိုးလုံးဝမမြင်လည်း မမြင်ဖူးကြဘူး၊ ကြားလည်းမကြားဖူးကြဘူး။ အဲဒီစက်မျိုး ဖြစ်နိုင်မှာမဟုတ်ဘူးလို့ ယူဆကြတယ်။ အယ်ဒီဆင်ကတော့ ဘယ်သူဘာပြောပြော သူ့ရဲ့ ယုံကြည်ချက်ကို အားကိုးအားထားပြုပြီး ဆောင်ရွက်ခဲ့တယ်။ နောက်ဆုံးကျတော့ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့တယ်။

**ဂျိမ်းစ်**ဆိုတဲ့ ကြေးနန်းသမားလေးဟာ အမေရိကတိုက်ကိုဖြတ်သန်းတဲ့ မီးရထားလမ်းဖောက်ဖို့စိတ်ကူးခဲ့တယ်။ အဲဒီအချိန်ကဆိုရင် အမေရိကတိုက်နောက်ဘက်အခြမ်းဟာ လုံးဝခေတ်နောက်ကျနေတယ်။ မဖွံ့ဖြိုးမတိုးတက်တဲ့အခြေအနေမျိုးဖြစ်နေတယ်။နောက်ပြီးတော့ အဲဒီဒေသမှာ အဖိုးထိုက် အဖိုးတန်သယံဇာတ တူးဖော်ရရှိနိုင်ကြောင်း ဂျိမ်းစ်ကမျှော်မှန်းထားတယ်။

ဒါပေမယ့် သူ့မှာဒေါ်လာငွေကြေး မရှိဘူး။ အရှိန်အဝါဩဇာရှိတဲ့ မိတ်ဆွေလည်း တစ်ယောက်မျှမရှိကြဘူး။ တကယ်တော့

သူဟာ သာမန်လူတစ်ယောက်ပဲဖြစ်ပါတယ်။ သူ့မှာ တခြားအောင်မြင်မှုအတွက် ဆောင်ရွက်ခဲ့ဖူးတာမျိုးလည်းမရှိခဲ့ပါဘူး။ ဒါပေမယ့် သူ့မှာ ယုံကြည်မှုတစ်ခုတော့ ရှိနေပါတယ်။

ဂျိမ်းစ်က တိကျခိုင်မာတဲ့ အဓိကရည်မှန်းချက်ကို အစီအစဉ်အလိုက် စာရွက်ပေါ်မှာရေးမှတ်တယ်။ ပြီးတော့ အမေရိကတိုက်ရဲ့ မြေပုံပေါ်မှာ လမ်းကြောင်းတစ်ကြောင်း ရေးဆွဲလိုက်တော့တာပါပဲ။ အဲဒီအဓိက ရည်မှန်းချက် အစီအစဉ် စာရွက်နဲ့မြေပုံကို သူသွားလေရာမှာ သယ်ဆောင်ယူသွားလေ့ရှိတယ်။ အချိန်ရတိုင်း ဒါကိုပဲထပ်တလဲလဲကြည့်ပြီး သူ့ဦးနှောက်ထဲမှာ စွဲစွဲမြဲမြဲရောက်ရှိနေအောင် တွန်းပို့လေ့ရှိပါတယ်။ နောက်ဆုံးမီးရထားလမ်းဖော်လုပ်နိုင်တဲ့အထိ ဦးနှောက်ထဲမှာရှိနေခဲ့တယ်။

ရှီကာဂိုမြို့တော်မှာ မီးလောင်မှုတစ်ခု အကြီးအကျယ်ဖြစ်ပွားခဲ့တယ်။ မြို့တော်ရဲ့စီးပွားရေးရပ်ကွက်မှာ မီးလောင်ခံလိုက်ရတယ်။ အဲဒီရပ်ကွက်ထဲမှာရှိတဲ့ စတိုးဆိုင်တွေ၊ ကုန်စုံဆိုင်တွေ မီးထဲပါသွားကြတယ်။

မာရှယ်ဖီးလ်ဆိုတဲ့ လူဟာ မီးလောင်ပြာကျသွားတဲ့ သူ့ကုန်စုံဆိုင်လေးရှိရာကို သွားကြည့်တယ်။ သူ့လိုပဲစတိုးဆိုင်တွေ၊ ကုန်စုံဆိုင်တွေမီးလောင်ခံရသူတွေဟာ အဲဒီ အနီးအနားတဝိုက်မှာ မျက်နှာငယ်လေးတွေနဲ့ ညည်းကွားနေကြပါတယ်။

တကယ်တော့ သူတို့တွေရဲ့စီးပွားရေးဟာ ပျက်သွားတာပါပဲ။ ဒါကြောင့် ဒီနေရာမှာထပ်ပြီးတည်ထောင်ဖို့ စိတ်ပျက်သွားကြတယ်။ သူတို့အထဲက အများစုဟာ အနောက်ပိုင်းဒေသကိုရွှေ့ပြောင်းသွားကြဖို့ပြောနေကြတယ်။ ဒါကို ဖီးလ်ကသိရတဲ့အတွက် မိမိအနားမှာရှိတဲ့ ဆိုင်ရှင်တစ်ယောက်ကို လှမ်းပြောတယ်။

"ခင်ဗျားတို့သဘောကျသလို လုပ်ပေါ့ဗျာ၊ ကျုပ်ကတော့ မီးလောင်သွားတဲ့ ကျုပ်ဆိုင်နေရာမှာပစ္စည်းအစုံရတဲ့ ပဒေသာဆိုင်ကြီးတစ်ခုဖြစ်လာအောင် လုပ်ရတော့မှာပဲ"

မာရှယ်ဖီးလ်ဟာ သူ့ယုံကြည်ချက်နဲ့ပြောလိုက်တာပါ။ အခုဆိုရင် သူ့ဆိုင်ကြီးဟာ ရှီကာဂိုမြို့ရဲ့မူလနေရာမှာ ပစ္စည်းမျိုးစုံရတဲ့ကုန်ပဒေသာတိုက်ကြီး ဖြစ်နေပါပြီ။ အဲလိုမျိုးအတွေးအခေါ်ရှိတဲ့လူတွေဟာ စီးပွားရေးလောကရဲ့ ဦးဆောင်သူတွေပါပဲ၊ ရှေ့ပိုင်းက ဖော်ပြခဲ့တဲ့အကြောင်းအရာအချက်အလက်တွေကိုကျေညက်အောင် ဖတ်ဖို့နဲ့ မှတ်မိအောင်လုပ်ဖို့က အရေးကြီးပါတယ်။ ဒါ့ထက်ပိုပြီး အရေးကြီးတာက လက်တွေ့ အကောင်အထည်ဖော်ဖို့ပါပဲ။

တစ်ခါက ကောလိပ်ကျောင်းတစ်ကျောင်း တည်ဆောက်ဖို့ဆန္ဒဖြစ်နေတဲ့ ဖရင့်ဆိုတဲ့ပုဂ္ဂိုလ်တစ်ယောက်ရှိတယ်။ ဖရင့်ဟာ ဘာသာရေးဆိုင်ရာ ဆရာတစ်ယောက်ဖြစ်တယ်။ ဖရင့်အနေနဲ့သူ့လိုအပ်ချက် သူဖြစ်ချင်တာကို ပိုင်ပိုင်နိုင်နိုင်သိထားတယ်။ ဒါပေမယ့် သူဖြစ်ချင်တာကို အကောင်အထည်ဖော်နိုင်ဖို့ သူ့မှာ ဒေါ်လာတစ်သန်းတောင်မရှိဘူး။ ဒေါ်လာတစ်သန်းရှိမှ ကျောင်းဆောက်ဖို့မတည်ငွေရမှာ။

ဒါကြောင့် လာမယ့်တနင်္ဂနွေနေ့ကျရင် အသင်းတော် (Church)မှာ သူ့ဆန္ဒကိုထုတ်ဖော်ဖို့ ခေါင်းစဉ်တစ်ကြောင်းရေးလိုက်တယ်။ အဲဒီခေါင်းစဉ်နဲ့အတူ တနင်္ဂနွေနေ့မနက်ပိုင်းမှာ ဟောပြောမယ့်အကြောင်း သတင်းစာထဲမှာ ကြော်ငြာထည့်လိုက်တယ်။

အဲဒီခေါင်းစဉ်က **"လက်ထဲမှာ ဒေါ်လာတစ်သန်းရှိရင် ကျုပ်လုပ်ချင်သော အလုပ်တစ်ခု"** လို့ဖြစ်ပါတယ်။ ဖရင့်ကသူလိုချင်တာကို လှိုက်လှိုက်လှဲလှဲဟောပြောခဲ့တယ်။ ဟောပြီးတဲ့အခါကျတော့ နှုတ်ဆက်နေကြတဲ့ ပရိသတ်ထဲက လူတစ်ယောက်ထွက်လာတယ်။ ဖရင့်ရှိရာကို တည့်တည့်မတ်မတ်လျှောက်လာတာပါပဲ။ အဲဒီလူကို ဖရင့် တစ်ခါမှမတွေ့ဖူးဘူး။ ဒါပေမယ့် အဲဒီလူက ဖရင့်ကို ဒေါ်လာတစ်သန်းပေးဖို့ ကတိပြုတယ်။ နောက်တစ်နေ့ မနက်ပိုင်းကျရင် သူ့ရုံးမှာလာယူဖို့ မှာကြားလိုက်တယ်။

အဲဒီလူဟာဖီးလစ်ဖြစ်ပါတယ်။ သူဟာ ပစ္စည်းထုပ်ပိုးရေး

စက်ရုံပိုင်ရှင်ပါ။ ဖရင့်ဟာ ဖီးလစ်ပေးလိုက်တဲ့ ဒေါ်လာတစ်သန်းနဲ့ မတည်ပြီး သူဖြစ်ချင်တဲ့ဆန္ဒကို အကောင်အထည်ဖော်နိုင်ခဲ့တယ်။ အဲဒီ ကောလိပ်ကျောင်းကြီးဟာ အခုထက်တိုင် အမေရိကန်နိုင်ငံမှာ ကျော်ကြားတဲ့ စက်မှုလက်မှုကောလိပ်ကျောင်းအဖြစ် တည်ရှိနေဆဲ ဖြစ်ပါတယ်။

ဒီလိုအောင်မြင်လာတာဟာ ဖရင့်ရဲ့ ခိုင်မာတိကျတဲ့ ရည်မှန်းချက်ကစတင်ခဲ့တာပါ။ အဲဒီရည်မှန်းချက်ကို အကောင်အထည် ဖော်နိုင်ဖို့အတွက် အတွင်းစွမ်းအင်ကို အသုံးချခဲ့တာဖြစ်ပါတယ်။

နေ့စဉ် တွေ့ကြုံနေရတဲ့ အတွေ့အကြုံတွေထဲက ယုံကြည်မှုလမ်းကြောင်းအတိုင်း ပြတ်သားစွာဆုံးဖြတ်နိုင်စွမ်းတဲ့လူတွေဟာ လူတော်တွေဖြစ်ပါတယ်။ အဲဒီ အတွေ့အကြုံထဲကနေ စိတ်အနေအထားကို တဖြည်းဖြည်းချင်း ပြုစုပျိုးထောင်ပြီး အပြုသဘောဖြစ်အောင် ဖန်တီးလိုက်ကြတာပါပဲ။

လူတစ်ယောက်ဟာ ဝါရှင်တန်မြို့တော်မှာ သူတောင်းစားအဖြစ် ဝမ်းစာရှာစားခဲ့ရပါတယ်။ သူဟာ ဘီးတပ်ကုလားထိုင်အညံ့နဲ့ခွက်တစ်လုံးပဲ ပိုင်ဆိုင်ပါတယ်။ တစ်နေရာက တစ်နေရာသွားလာလှုပ်ရှားဖို့ရာခြေနှစ်ဖက်စလုံးမသန်တဲ့အတွက်အသုံးချလို့မရပါဘူး ငယ်စဉ် လူမမည်အရွယ်ထဲက လေဖြတ်ခံရလို့အောက်ပိုင်းချည့်နဲ့နေပါတယ်။ ခြေထောက်နှစ်ဖက်ကလွဲရင် ဦးနှောက်နဲ့တခြားခန္ဓာကိုယ်အစိတ်အပိုင်းတွေ အားလုံးကောင်းမွန်နေပါတယ်။

အဲဒီမသန်စွမ်းတဲ့လူဟာ တုန်လှုပ်ချောက်ချားစရာဝေဒနာကိုခံစားတဲ့ အချိန်ကစပြီး အရာရာကို ကြောက်ရွံ့စိတ်နဲ့ပဲ အထိတ်တလန့်ကြည့်တယ်။ သူ့အနေနဲ့ ဦးနှောက်ကောင်းနေပေမယ့် အသုံးမချခဲ့ရတဲ့အတွက် သူတောင်းစားဘဝနဲ့ပဲ လောကကိုလျှောက်လှမ်းနေရပါတယ်။

အဲဒီ သူတောင်းစားလိုပဲ တခြားဆင်ခြေဖုံးရပ်ကွက်တစ်ခုမှာသူတောင်းစားတစ်ယောက်ရှိနေပါသေးတယ်။အဲဒီသူတောင်းစား

ဟာလည်း ပထမသူတောင်းစားလိုပဲ ခြေနှစ်ဖက်မသန်မစွမ်းဖြစ်နေပါတယ်။ ဒုတိယသူတောင်းစားဟာ ဦးနှောက်ကို အသုံးချပြီး သူဖြစ်ချင်တဲ့ဆန္ဒကို ရွေးချယ်ခဲ့ပါတယ်။ အဲဒီ ဆန္ဒကို ယုံကြည်မှုနဲ့ အကောင်အထည်ဖော်ခဲ့တယ်။ နောက်ဆုံးကျတော့ဒုတိယသူတောင်းစားဟာ သမ္မတတစ်ယောက်အဖြစ် အိမ်ဖြူတော်ကိုရောက်ရှိသွားခဲ့ပါတယ်။ သူဟာ ခြေနှစ်ဖက်မသန်စွမ်းတဲ့ ဟန့်တားမှုကိုကျော်ဖြတ်ပြီး ဦးနှောက်ပိုင်းဆိုင်ရာ စိတ်ရဲ့စွမ်းအားကို အသုံးချနိုင်ခဲ့တဲ့အတွက် အမေရိကန်နိုင်ငံရဲ့အမြင့်ဆုံးနေရာတစ်နေရာကိုရောက်ရှိခဲ့ရတာပါ။ ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းချွတ်ယွင်းပြီး စနအားလည်း လုံးဝမရှိတဲ့ ဓနအားလည်း လုံးဝမရှိတဲ့ သူတောင်းစားတစ်ယောက်ကိုတောင်မှ ယုံကြည်မှုစွမ်းအားက ထိပ်ဆုံးကို ပို့ပေးနိုင်တယ်ဆိုတာ အံ့ဩစရာတော့ မရှိပါဘူး။

ဒါဟာ သူတောင်းစားနှစ်ယောက်စလုံးရဲ့ ဆန္ဒအတိုင်း သူတို့ဖြစ်ချင်တာ ဖြစ်သွားကြတာပါ။

လျှပ်စစ်မီးသီးကို ပထမဆုံးတီထွင်ခဲ့တဲ့ အယ်ဒီဆင်ဟာ ကျောက်နေစဉ် ဘဝမှာ အင်မတန် ဉာဏ်ထိုင်းလွန်းတဲ့အတွက် စာသင်ဖို့မဖြစ်နိုင်တော့ပါဘူးဆိုပြီး ကျောင်းဆရာက မှတ်ချက်ရေးပေးလိုက်တယ်။ သူဟာ မိဘကချမ်းသာတဲ့ ကလေးတစ်ယောက်လည်း မဟုတ်ပါဘူး။ ဒါကြောင့်သူ့ဝမ်းရေးအတွက်အလုပ်မျိုးစုံကိုကျပန်းလှည့်လည်လုပ်ကိုင် ရှာဖွေစားသောက်ခဲ့ရသူ တစ်ယောက်ဖြစ်ခဲ့ပါတယ်။ အလုပ်မျိုးစုံအောက်ခြေသိမ်းလုပ်ခဲ့ပေမယ့် ဘယ်အလုပ်ကိုမျှ ကျွမ်းကျွမ်းကျင်ကျင် မဖြစ်ခဲ့ပါဘူး။

ဒါပေမယ့်အယ်ဒီဆင်ဟာ လျှို့ဝှက်စွာကြံစည်စိတ်ကူးနေခဲ့ပါတယ်။ သူ့စိတ်ကူးကို တစ်ယောက်တည်းကျိတ်ပြီး လုပ်ကိုင်နေနေရင်းနဲ့ အခက်အခဲအမျိုးမျိုးကိုဖြတ်ကျော်နိုင်ခဲ့တဲ့ စိတ်စွမ်းအင်ကို ရရှိသွားပါတယ်။ အဲဒီ စွမ်းအင်ကို အသုံးပြုပြီး၊ သူ့ လုပ်ငန်းကို အကောင်အထည်ဖော်လိုက်ပါတယ်။ မျက်မှောက်ခေတ်မှာ လျှပ်စစ်

မီးရဲ့အလင်းရောင်ကို ရရှိနေသူတိုင်းဟာ အယ်ဒီဆင်ရဲ့ တီထွင်မှုကြောင့်ဖြစ်ပါတယ်။

လျှပ်စစ်မီးသီးကတာဆင့်အခြေခံပြီး ရေဒီယို၊ ကက်ဆက်၊ ရုပ်ရှင်ပြစက်၊ ရုပ်မြင်သံကြားစက် စတဲ့ဖြစ်ပေါ်မှုတွေ အားလုံးဟာ အယ်ဒီဆင်ရဲ့စိတ်စွမ်းအားက စခဲ့တာဖြစ်ပါတယ်။ စိတ်စွမ်းအားရဲ့ ထူးခြားချက်ဟာ အံ့သြစရာကောင်းနေပါတယ်။

လူသားတစ်ယောက်ရဲ့ စိတ်ဆန္ဒမှာ စိုးမိုးနေတဲ့အကြောင်းအရာကို ကြိုးပမ်းအားထုတ်မှုရဲ့ ရလဒ်အဖြစ် လက်တွေ့အကောင်အထည် ဖြစ်ပေါ်လာခြင်းပါပဲ။

လွန်ခဲ့တဲ့နှစ်ဆယ့်ငါးနှစ်လောက်တုန်းကတောမြို့လေးတစ်မြို့မှာရှိတဲ့ ကုန်စုံဆိုင်ထဲကို ကလေးငယ်တစ်ယောက်ဝင်လာတယ်။ ကလေးငယ်ရဲ့အသက်ဟာ ကိုးနှစ်လောက်ပဲရှိမှာပါ။ အခြေအနေမဲ့လူတစ်ချို့ဟာ မီးဖိုဘေးမှာထိုင်နေကြတယ်။ လူတစ်ယောက်ကအဲဒီကလေးငယ်ကို "ကြီးလာရင် မင်းဘာလုပ်မှာလဲ" လို့ မေးလိုက်တယ်။ ကလေးငယ်က "သိပ်တော်တဲ့ ဥပဒေအကျိုးဆောင်တစ်ယောက် ဖြစ်ချင်တယ်" လို့ ပြေလိုက်ပါတယ်။

ကလေးငယ်တစ်ယောက်ရဲ့အဖြေကို အခြေအနေမဲ့လူတစ်စုက ပြက်လုံးတစ်ခုလို သဘောထားပြီး အူလှိုက်သည်းလှိုက်ရယ်ကြတယ်။

ကလေးငယ်ကတော့ သူဝယ်ချင်တဲ့ပစ္စည်းကို ကုန်စုံဆိုင်ထဲကဝယ်ပြီး ပြန်ထွက်သွားတာပါပဲ။ နောက်ပိုင်းမှာအခြေအနေမဲ့လူတစ်စုဟာ အခြေအနေမဲ့ဘဝနဲ့ပဲ အရှုံးထုတ်သွားကြတယ်။ ဒါပေမယ့် အဲဒီလူတွေရဲ့ ဝိုင်းဟားခြင်းခံခဲ့ရတဲ့ကလေးဟာ တစ်ချိန်မှာ တရားဥပဒေဆိုင်ရာကိစ္စရပ်တွေမှာ အင်မတန်အောင်မြင်ကျော်ကြားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လာတယ်။

သူနဲ့အတူ ဥပဒေကျောင်းတက်ခဲ့တဲ့ ကျောင်းသားတွေဟာ ကျောင်းကသင်ပေးလိုက်တဲ့ ဥပဒေပညာကိုပဲ တတ်သွားကြ

ပါတယ်။ သူကတော့ အတွင်းစွမ်းအင်ကိုမသင်ဘဲနဲ့ တတ်မြောက်မြောက်ခဲ့ပါတယ်။ ဒါကြောင့် **မာတင်ဒဗလျူလစ်တစ်တန်** ဆိုတဲ့ ပုဂ္ဂိုလ်က အထူးအောင်မြင်ကျော်ကြားသူ ဖြစ်သွားပါတယ်။

အတွင်းစွမ်းအင်ရဲ့ သဘောသဘာဝဟာ ခန္ဓာကိုယ်တွင်းက နေ ထွက်ပေါ်လာတဲ့ စွမ်းအင်တစ်ခုဖြစ်ပါတယ်။ ဘယ်လိုပိတ်ပင်တားဆီးမှုမျိုးကိုမဆို ကျော်ဖြတ်နိုင်စွမ်းရှိပါတယ်။ မအောင်မြင်မှုဖြစ်ပေါ်နေပေမယ့် အဲ့ဒီ မအောင်မြင်မှုကိုဖြတ်ကျော်နိုင်တဲ့ ကြိုးစားအားထုတ်မှုကို အဆတိုးပြီး တွန်းပို့နိုင်စွမ်းရှိပါတယ်။

အတွင်းစွမ်းအင်ကို ပိုင်ပိုင်နိုင်နိုင်အသုံးချသူက နေ့စဉ်နေ့တိုင်းအောင်မြင်မှု အခွင့်အလမ်းများကို ဆက်တိုက်ရရှိခံစားရမှာဖြစ်ပါတယ်။ အရင်က မအောင်မြင်မှုတွေကို လုံးလုံးလျားလျား ပယ်ဖျက်လိုက်ပြီးသားဖြစ်ပြီး ထပ်မံရရှိတဲ့ အခွင့်အလမ်းမျိုးဖြစ်တယ်။

ဒါကြောင့် အတွင်းစိတ်စွမ်းအင်ကို စနစ်တကျ လေ့ကျင့်ပြုစုပျိုးထောင်ရပါလိမ့်မယ်။ ဒါဆိုရင်ဆုံးရှုံးမှုမှန်သမျှဟာ အောင်မြင်မှုများအဖြစ် ပြောင်းလဲသွားမှာသေချာပါတယ်။ အတွင်းစိတ်စွမ်းအင်ကိုရရှိဖို့အတွက် ပင်ကိုစိတ်ရိုးသားဖြောင့်မတ်မှုနဲ့ အပျက်စိတ်ထား ဖယ်ရှားရပါလိမ့်မယ်။

သင့်အတွက် ကြွယ်ဝချမ်းသာမှုအလုံးစုံရနိုင်မယ့် အောင်မြင်ရေးနည်းလမ်းတွေဟာ ထူးခြားဆန်းသစ်တဲ့ သဘောတရားတစ်ခုမဟုတ်ပါ။ အဓိကကျတဲ့ အတွင်းစိတ်စွမ်းအင်ကို ဖော်ထုတ်နိုင်တာနဲ့ အောင်မြင်မှုပန်းတိုင်ကို ဆုပ်ကိုင်နိုင်ပါပြီ။ သင်ဖြစ်ချင်တဲ့ ချမ်းသာကြွယ်ဝမှု အလုံးစုံကိုလည်း ရရှိကော့မှာဖြစ်ပါတယ်။

ဟင်နရီဖို့ဒ်၊ အယ်ဒီဆင် ..စတဲ့ ကမ္ဘာကျော်ကြီးတွေဟာလည်း တစ်ချိန်တစ်ခါကဆိုရင် မအောင်မြင်မှု၊ တစ်ခုမဟုတ်တစ်ခုကို ရင်ဆိုင်ခဲ့ရမှာပါ။ ဒါပေမယ့်သူတို့ဟာ အဲဒီမအောင်မြင်မှုကို ယာယီအတားအဆီးတစ်ခုလိုပဲ သဘောထားလိုက်ကြပါတယ်။

နောက်ပြီးအဲ့ဒီအတားအဆီးမှန်သမျှကို စိတ်တွင်းစွမ်းအား

အသုံးပြုပြီး အဆတိုးစွမ်းရည်နဲ့ ကျော်ဖြတ်ခဲ့ကြတာပါ။ ကမ္ဘာ့စီးပွားရေး သမိုင်းကြောင်းတစ်လျှောက်မှာ အတွင်းစိတ်စွမ်းအင်ဟာ လွတ်လပ်စွာတည်ရှိနေပါတယ်။ဒါကိုရှာဖွေတွေ့ရှိသွားသူတိုင်းဟာ သူတို့ဖြစ်စေချင်တဲ့နေရာကို ရောက်ဖို့အတွက်အသုံးချခဲ့ကြပါတယ်။ အဲဒီပုဂ္ဂိုလ်တွေရဲ့အောင်မြင်မှုဟာ အတွင်းစိတ်စွမ်းအင်ကြောင့်ပါပဲ။

သင်လည်း ဒီအတွင်းစိတ်စွမ်းအင်ကိုရနိုင်သူဖြစ်နေပါပြီ။

.....

# ဆွဲငင်မှု

လူသားဟာ သူ့ရဲ့ပင်ကိုရှိရင်းစွဲထက် အဆပေါင်းများစွာ သာလွန်တဲ့ စွမ်းအင်ကို ဖန်တီးနိုင်စွမ်းရှိတယ်။ အဲဒီသဘောသဘာဝသုံးသပ်ချက်ဟာ အစစ်အမှန်ဖြစ်ပါတယ်။ ကုန်းပေါ်မှာဥဒဟိုသွားနေကြတဲ့ မော်တော်ကားတွေ၊ ကျယ်ပြန့်နက်ရှိုင်းတဲ့ ပင်လယ်သမုဒ္ဒရာထဲမှာ ခုတ်မောင်းနေတဲ့သင်္ဘောကြီးတွေ၊ မိုးကောင်းကင်မှာပျံသန်းနေတဲ့ လေယာဉ်ပျံတွေကိုကြည့်ရင် သိနိုင်ပါတယ်။

အဲဒီ မော်တော်ကား၊ သင်္ဘော၊ လေယာဉ်ပျံစတဲ့ အကျိုးတရားတွေဟာ လူသားတစ်ယောက်ထက် အဆပေါင်းများစွာသာလွန်တဲ့ စွမ်းအင်တွေနဲ့ လှုပ်ရှားသွားလာနေကြပါတယ်။ ဒါပေမယ့် အဲဒီစက်တပ်ယာဉ်တွေကို လူသားရဲ့စွမ်းရည်နဲ့ ဖန်တီးခဲ့ကြပါတယ်။ တစ်နည်းအားဖြင့် လူသားက သူ့အကျိုးအတွက် ခိုင်းစေခဲ့တာပါ။ ဝန်ချီစက်ကြီးတွေ ဖန်တီးတပ်ဆင်ပြီး လူသားတစ်ဦးသယ်နိုင်တဲ့ အလေးချိန်ထက်အဆပေါင်းများစွာကို အဲဒီ ဝန်ချီစက်နဲ့သယ်ခိုင်းခဲ့တယ်။ မျက်မှောက်ခေတ်မှာ သံမဏိတွေကို အရည်ကျိုတဲ့အခါ အင်မတန် ပူပြင်းတဲ့အပူရှိန် ဖြစ်ပေါ်လာပေမယ့် အဲဒီအပူရှိန်ကိုခံနိုင်ရည်ရှိတဲ့စက်ရုံတွေကို ဖန်တီးတည်ဆောက်ပြီး လူသားတွေရဲ့ကိုယ်စားခိုင်းစေနိုင်ပါပြီ။

တချို့နိုင်ငံတွေမှာဆိုရင်လည်း ကျည်ဆန်ရထားနဲ့တစ်နာရီမိုင်ခြောက်ရာခိုင်နှုန်း ခရီးသွားနေကြပါပြီ။ ဒါကြောင့် ကမ္ဘာကြီးမှာ အလိုအလျောက် အဆင့်ဆင့်ဖြစ်ပေါ်နေတဲ့ ရုပ်ဝတ္ထုတွေကို လူသားရဲ့တွေးခေါ်တီထွင်မှု စွမ်းအားတွေနဲ့ လူ့အကျိုးဖြစ်ပေါ်စေဖို့ ဖန်တီးအသုံးချနေကြပါတယ်။

ဒါကြောင့်ကြွယ်ဝချမ်းသာမှုအလုံးစုံကို ပိုင်ဆိုင်ဖို့အတွက်

လူသားတစ်ယောက်ရဲ့ အသိဉာဏ်စွမ်းအင်ကိုအသုံးပြုပြီး လုပ်ရမှာ သိပ်ခက်ခဲတဲ့အကြောင်းအရာ မဟုတ်တော့ပါဘူး။ လောကမှာ ရှိရှိသမျှအရာခပ်သိမ်းဟာ သူ့သဘောသဘာဝနဲ့ သူဖြစ်တည်နေကြတယ်

မျိုးစေ့က ပေါက်ဖွားလာတဲ့ သီးနှံပင်ဟာ အချိန်အခါအလိုက်အပင်ဖြစ်လာတယ်၊ အဖူးအဖြစ်ကနေ သီးပွင့်လာကြတယ်။ စားသုံးဖို့အတွက်နဲ့ နောက်ထပ် မျိုးဆက်သစ်အတွက်မျိုးပွားဖို့ မျိုးစေ့ကိုပါဖန်တီးနေတယ်။ ဒါဟာ သီးနှံပင်ရဲ့ သဘောသဘာဝတစ်ခုပဲ ဖြစ်တည်နေကြတယ်။

မျိုးစေ့က ပေါက်ဖွားလာတဲ့ သီးနှံပင်ဟာ အချိန်အခါ အလိုက်အပင်ဖြစ်လာတယ်။ အဖူးအဖြစ်ကနေ သီးပွင့်လာကြတယ်။ စားသုံးဖို့အတွက်နဲ့ နောက်ထပ်မျိုးဆက်သစ်အတွက် မျိုးပွားဖို့မျိုးစေ့ကိုပါ ဖန်တီးနေတယ်။ ဒါဟာ သီးနှံပင်ရဲ့သဘောသဘာဝတစ်ခုပဲ ဖြစ်ပါတယ်။

လူသားအနေနဲ့ကျတော့ သူ့မှာ တွေးခေါ် ကြံစည်နိုင်တဲ့ အသိဉာဏ်ရှိလာတယ်။ သူရဲ့ တွေးခေါ်ကြံစည်မှု အတိုင်းအတာအရ အဆင့်တစ်ခုအထိရောက်ရှိနေကြတယ်။ ရှင်းရှင်းပြောရရင်သက်သက်သာသာနဲ့ သာမန်လောက်အဆင့်အထိ ကြိုးစားတဲ့လူဟာ အဲဒီအဆင့်မှာပဲနေရတယ်။ ဒါ့ထက်ပိုပြီး အဆင့်မြင့်မြင့်နေချင်တဲ့လူတစ်ယောက်အနေနဲ့ သာမန်ရဲ့ အထက်ကိုရောက်အောင် ကြံစည်စိတ်ကူးကြတယ်။

အဲဒီ ကြံစည်စိတ်ကူးခြင်းကို မဖြစ်မနေ အကောင်အထည်ဖော်ကြတယ်။ ရရှိလာတဲ့အကျိုးသက်ရောက်မှု အသီးအပွင့်ကိုရရှိခံစားနိုင်ကြတယ်။ လူသားရဲ့ဖြစ်တည်မှုချင်းကတော့ အတူတူပါပဲ။ ဘယ်သူမှဦးနှောက်တွေ ပိုများမနေပါဘူး။ ဒါပေမယ့်ကွာခြားတာက လက်ရှိအနေအထားနဲ့ ရောင့်ရဲတင်းတိမ်နေကြတဲ့လူတွေရှိသလို လက်ရှိအဆင့်ထက်ပိုပြီး မြင့်တဲ့အဆင့်ကိုရောက်ချင်တဲ့လူတွေ ရှိနေကြပါတယ်။

ဆင်းရဲမွဲတေနေတဲ့လူသားတစ်ယောက်အတွက် ဒီအတိုင်းနေတဲ့အခါ ဆင်းရဲဒုက္ခရဲ့ ဖိစီးနှိပ်စက်မှုကိုသာ ထပ်ကာတလဲလဲ ဆက်လက်ခံစားသွားရမှာဖြစ်ပါတယ်။ ချမ်းသာကြွယ်ဝတဲ့လူသားဟာ သူ့မှာရှိနေတဲ့ချမ်းသာကြွယ်ဝမှုအတိုင်းအတာကို တိုးပွားအောင် ဆောင်ရွက်ရင်းနဲ့ ချမ်းသာသည်ထက် ပိုပြီးကြွယ်ဝချမ်းသာလာတယ်

အဲဒီနည်းအတိုင်းပဲရှုံးနိမ့်တဲ့လုပ်ဆောင်မှုစိတ်သဘောထားဟာ ရှုံးနိမ့်မှုကိုပဲဖြစ်စေပါတယ်။ အောင်မြင်မှုလုပ်ဆောင်မှု စိတ်သဘောထားကြောင့် ပိုပြီး အောင်မြင်သည်ထက် အောင်မြင်နိုင်ပါတယ်။

အဲဒီသဘောတရားကို ဆွဲငင်မှုတရားလို့ သတ်မှတ်ယူဆနိုင်ပါတယ်။ အဆိုးဟာဆိုးတဲ့ဘက်ကိုဆွဲငင်သွားပြီး အဆိုးဆုံးဘဝကိုရောက်ရှိစေပါတယ်။ ဒါကြောင့် အောင်မြင်ချင်တဲ့လူသားဟာ အောင်မြင်မှုကိုသာ တွေးတောကြံစည်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

သိသာထင်ရှားတဲ့ အချက်တစ်ချက်အနေနဲ့ ဖော်ပြရမယ်ဆိုရင် ဆုံးရှုံးမှုတွေနဲ့ရင်ဆိုင်နေရတဲ့ လူတစ်ယောက်ဖြစ်နေပေမယ့် အောင်မြင်ရေးကို ရှေးရှုလုပ်ကိုင်သူတစ်ယောက်နဲ့ ပတ်သက်ဆက်နွယ်မိတဲ့အခါမှာအဲဒီအောင်မြင်သူထက်ပိုပြီး ထူးထူးခြားခြားအောင်မြင်သွားလေ့ရှိတယ်။ ဘာကြောင့်လဲဆိုတော့ ဆုံးရှုံးမှုအတွေ့အကြုံကို ခါးသီးအောင် ခံစားတဲ့အတွက် အဲဒီလိုအခြေအနေမျိုးကို ပြန်ရောက်မသွားရအောင် (မူလ အောင်မြင်နေသူထက်) ပိုပြီး ကြိုးစားရုန်းကန်လှုပ်ရှား ဆောင်ရွက်လို့ပါပဲ။

အောင်မြင်သူနဲ့ ဆုံးရှုံးသူ၊ တစ်ယောက်နဲ့ တစ်ယောက် ပတ်သက်ဆက်နွယ်ကြတဲ့အခါမှာ စနစ်တကျဆောင်ရွက်တဲ့အလေ့အကျင့်စွမ်းအင်တစ်ခု ရရှိလာတယ်။ အဲဒါဟာ**အောင်မြင်မှု သတိမူစိတ်** ဖြစ်ပါတယ်။ အဲဒီစိတ်ဟာ အောင်မြင်နေတဲ့လူရဲ့စိတ်ကတဆင့် ထုတ်လွှင့်လိုက်တဲ့အခါမှာ ဆုံးရှုံးသူရဲ့စိတ်ထဲကို ရောက်ရှိသွားတာပဲဖြစ်ပါတယ်။

အဲဒီအချက်ကို ရှင်းလင်းလွယ်ကူသွားအောင် ဖော်ပြရမယ်ဆိုရင် ဆုံးရှုံးနေသူဟာ နိုင်စိတ်ရှိသူနဲ့ ပေါင်းစပ်လိုက်တဲ့အခါမှာ အနိုင်စိတ်ဓါတ်ကူးသွားခြင်း ဖြစ်ပါတယ်။ အရှုံးစိတ်နဲ့အနိုင်စိတ်နှစ်ခုပေါင်းလိုက်ကြတဲ့အခါမှာ ပိုပြီးစွမ်းအားရှိတဲ့ အနိုင်စိတ်ဘက်ကို ဆွဲဆောင်သွားတာဖြစ်ပါတယ်။

အဲဒီ ဆွဲဆောင်မှုသဘောတရားကို ကိုယ်တွေ့ခံစားသိရှိခဲ့ကြတဲ့ လူတွေကမဟုတ်ကြောင်း ဖော်ထုတ်ပြောဆိုခဲ့ကြပါတယ်။ သူတို့အနေနဲ့ သိစိတ်နဲ့ဖြစ်စေ၊ မသိစိတ်နဲ့ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခဲ့တဲ့အတွက် အောင်မြင်ခဲ့တယ်လို့ မှတ်မှတ်ရရပြောပါတယ်။

မသိစိတ်ဆိုတဲ့ အသုံးအနှုန်းကို သုံးစွဲလိုက်ရတဲ့အကြောင်းကတော့ အဲဒီစနစ်တကျဖြစ်ပေါ်လေ့ရှိတဲ့ စွမ်းအင်ဆိုတာက အာရုံခံစားမှုငါးမျိုးနဲ့ ခံစားနိုင်တာမျိုးမဟုတ်လို့ပါပဲ။ လူတွေဟာကိုယ်တိုင်မြင်တွေ့သိရှိတဲ့ အကြောင်းအရာမျိုး မဟုတ်ရင် သိပ်ပြီးလက်မခံတတ်ကြပါဘူး။ ဒါပေမယ့် အဲဒီစွမ်းအင်တွေဟာ ကမ္ဘာပေါ်မှာအနံ့အပြား ဖြစ်တည်နေကြပါတယ်။ ဒါတွေဟာ စိတ်ပိုင်းဆိုင်ရာအခြေခံတွေဖြစ်နေတဲ့အတွက် ဆုပ်ကိုင်ပြသလို့မရနိုင်ဘူး။ ဒါကြောင့် မသိစိတ်နဲ့ ပတ်သက်နေတယ်လို့ ဖော်ပြလိုက်ရတာပါ။

စနစ်တကျဖြစ်ပေါ်လေ့ရှိတဲ့စွမ်းအင်နဲ့ ပတ်သက်လို့ လက်ခံနိုင်လောက်တဲ့အခြေခံသဘောတရားကိုဖော်ပြရမယ်ဆိုရင် ကမ္ဘာကြီးရဲ့ ဆွဲငင်အားကို နှိုင်းယှဉ်ပြရမှာ ဖြစ်ပါတယ်။ အဲဒီအတိုင်းပဲ စကြဝဠာထဲမှာရှိတဲ့ ဂြိုဟ်တွေဟာ တစ်ခုနဲ့တစ်ခု ဆွဲငင်သွားလာနေကြတယ်။ အဲဒီဆွဲငင်မှုဟာ ပရမ်းပတာမဟုတ်ကြဘူး။ စနစ်တကျဖြစ်ပေါ်လို့သာ ပုံမှန်အတိုင်း လှည့်လည်သွားလာနေတာပါ။

အဲဒီ သဘောတရားကို နှိုင်းယှဉ်ကြည့်ရင် လူသားတစ်ယောက်နဲ့တစ်ယောက် ပတ်သက်ဆက်နွယ်နေကြတာတွေဟာလည်း စနစ်တကျဖြစ်ပေါ်လေ့ရှိတဲ့စွမ်းအင်ကို သဘောပေါက်ပါလိမ့်မယ်။ ဒါကြောင့် လူတစ်ယောက်အနေနဲ့ ဘဝမှာ ကိုယ်ဖြစ်စေချင်သလို

ဖြစ်တည်နိုင်တဲ့ အခွင့်အလမ်းတွေ ရှိနေပါတယ်။ စနစ်တကျဖြစ်လေ့ရှိတဲ့စွမ်းအင်ကို မိမိရဲ့အသိဉာဏ်နဲ့ဆက်စပ်ပြီး သဘောကျသလို လူနေမှုအဆင့်ကို ဖန်တီးလို့ရပါတယ်။

လိုရင်းကိုပြောရရင် ဖြစ်သလိုနေတတ်တဲ့ သူတွေအတွက်ရော၊ ဖြစ်ချင်တဲ့အတိုင်း ဖန်တီးသူတွေအတွက်ရော၊ စနစ်တကျဖြစ်ပေါ်လေ့ရှိတဲ့ စွမ်းအင်ဟာ သူတို့ပတ်ဝန်းကျင်မှာ ရှိနေပါတယ်။ ဒါကြောင့် လူတစ်ယောက်ဟာ ချမ်းသာကြွယ်ဝမှုအလုံးစုံကို ပိုင်ဆိုင်ချင်တဲ့ ဆန္ဒဖြစ်ပေါ်လိုက်တာနဲ့ တစ်ပြိုင်နက် စနစ်တကျဖြစ်ပေါ်လေ့ရှိတဲ့ စွမ်းအားဟာ အဲဒီလူဆီကိုချဉ်းကပ်သွားပါတယ်။ အဲဒီစွမ်းအင်ဟာခိုင်မြဲတဲ့ အလေ့အကျင့်ဖြစ်သွားအောင် တာဝန်ယူသွားမှာသေချာပါတယ်။ ဒါ့ထက်ပိုပြီး အကောင်အထည် ဖော်နိုင်မယ့်အဆင့်ကို ရောက်တဲ့အထိ ဆက်လက်ဖြစ်တည်နေမှာ အမှန်ပါ။

စနစ်တကျဖြစ်လေ့ရှိတဲ့ စွမ်းအင်ကို သဘောပေါက်ထားတဲ့ လူတစ်ယောက်မှာ ကြားခံစားမှုတွေဖြစ်တဲ့ စိတ်ဓါတ်ကျစရာ အကြောင်းအရာတွေကို အလွယ်တကူ ကျော်ဖြတ်နိုင်မှာဖြစ်ပါတယ်။ အဲဒီစွမ်းအင်ကပဲ သူ့ကို အောင်မြင်မှုဖြစ်နိုင်တဲ့ အလေ့အကျင့်အထိ တွန်းပို့ပါလိမ့်မယ်။ ကိုယ့်ရည်မှန်းချက် အောင်မြင်မှုကိုပဓာနထားပြီး လုပ်ရှားဆောင်ရွက်နေသူအတွက် စိတ်ဓါတ်ကျစရာ ဖြစ်ရပ်တွေကို အလေးအနက်မထားဘဲ သူ လိုချင်တဲ့ပန်းတိုင်ကို ရောက်သွားမှာပါ။

ဒုက္ခဆင်းရဲ ဝေဒနာစိတ်ကို အကျယ်ချဲ့ပြီး တွေးတောပူပင်သူဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အဲဒီဝေဒနာ၊ ဒုက္ခတွေ မလွဲမသွေဖြစ်လာပါလိမ့်မယ်။ ဒါပေမယ့်အဲဒီလိုဖြစ်နေသူတွေကို စနစ်တကျဖြစ်ပေါ်လေ့ရှိတဲ့ စိတ်စွမ်းအင်က အပြောင်းအလဲ ဆောင်ရွက်ပေးနိုင်စွမ်းရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စိတ်ထဲမှာအကြောင်းအရာတစ်ခုခုကို မကြာခဏတွေးနေခဲ့ရင် အဲဒီအတွေးကတစ်ဆင့် တစ်ချိန်ချိန်မှာ တကယ်ဖြစ်လာလေ့ရှိလို့ပါပဲ။

ဒီအတိုင်းပဲ ချမ်းသာကြွယ်ဝမှုအပေါင်းကိုပိုင်ဆိုင်ဖို့ ထပ်

တလဲလဲတွေးတောနေလေ့ရှိသူဟာ တစ်ချိန်မှာ သူ့အတွေးအတိုင်းဖြစ်လာမှာ သေချာနေပါတယ်။

နောက်တစ်ချက်က ကျောက်ခဲတစ်လုံးကို အထက်သို့ပစ်တင်လိုက်တဲ့ ဥပမာအရဆိုရင် အမြင့်ဆုံးကို ရောက်ပြီးတဲ့အခါမှာ တစ်ရှိန်ထိုးပြန်ကျလာတာကို တွေ့ရပါတယ်။ ဒါကိုဆင်ခြင်သုံးသပ်ခြင်းအားဖြင့် ဆင်းရဲမွဲတေနေသူဟာလည်း ဆင်းရဲမွဲတေမှုဒဏ်ကို ခံရလွန်းအားကြီးတဲ့အခါမှာ ထွက်ပေါက်ကို ရှာကြပါတယ်။ အဲဒီထွက်ပေါက်ဟာ ချမ်းသာကြွယ်ဝခြင်းပါပဲ။ အဲဒီလိုအပြောင်းအလဲဖြစ်ဖို့အတွက် စနစ်တကျဖြစ်ပေါ်လေ့ရှိတဲ့ စိတ်စွမ်းအင်က တာဝန်ယူဆောင်ရွက်သွားပါလိမ့်မယ်။

တစ်ချိန်က နိုင်ငံတစ်နိုင်ငံမှာရှိတဲ့ မြစ်ကနှစ်စဉ်ရေလျှံပြီး မြစ်နဲ့နီးတဲ့ ကျေးရွာတွေအားလုံး ရေလွှမ်းမိုးခံရတယ်။ ကျေးရွာသူ၊ ရွာသားတွေ အိုးမဲ့အိမ်မဲ့ အတိဒုက္ခ ရောက်ကြရတယ်။ လူတွေရဲ့အသက်တွေလည်း ဆုံးရှုံးကြတယ်။

အဲဒီဖြစ်ရပ်နဲ့ပတ်သက်ပြီး ခေတ်မမီသေးတဲ့အတွေးအခေါ်အရ မြစ်စောင့်နတ်ကြီးစိတ်ဆိုးလို့ ဒဏ်ခတ်တာလို့ယူဆကြတယ်။ ဒါကြောင့် မြစ်ကမ်းနဖူးမှာ မြစ်စောင့်နတ်ကြီးအတွက် နတ်ကွန်းတစ်ခုဂေည်ဆောက်ပြီး ပူဇော်ပသကြတယ်။

ဒါပေမယ့် မြစ်ရေကတော့ မိုးရာသီရောက်တိုင်း ရေလျှံစမြဲပါပဲ၊၊ ဒါဟာလည်း တစ်ခုခုအမှားအယွင်းပြုမိလို့ မြစ်စောင့်နတ်ကြီး နောက်ထပ် စိတ်ဆိုးပြန်ပြီလို့တွေးကြတယ်။ ဒေါသပြေအောင်တောင်းပန်ကြတယ်။ ဘယ်လိုပဲတောင်းပန်ပေမယ့် အဆိုးဝါးဆုံးဒုက္ခနဲ့ကြုံတွေ့နေရတုန်းပါ။ နောက်ဆုံးကျတော့ အဲဒီလိုနှစ်စဉ်ဖြစ်နေတဲ့အတွက်အတွေးသစ်အမြင်သစ်ရှိတဲ့ခေါင်းဆောင်ကမြစ်စောင့်နတ်ကို ပူဇော်ထား၊ တောင်းပန်ထားတာတွေကို လျစ်လျူရှုပြီး မိုးရာသီမတိုင်ခင် လူ့အင်အား၊ ပစ္စည်းအင်အားနဲ့ ရေလျှံတဲ့မြစ်ကမ်းခြေတစ်ခုလုံး ကျောက်တာတွေ တည်ဆောက်တယ်။ တမံတွေတုပ်တယ်။

ရေနုတ်မြောင်းတွေ ဖောက်တယ်။ အဲဒီလိုကြိုတင်ကာကွယ်လိုက်တဲ့ အခါမှာ အဲဒီနှစ်ကစပြီး မြစ်ရေမလျှံတော့ပါဘူး။ အဲဒီအခါကျတော့မှ အတွေးအခေါ်ကောင်းတဲ့ ခေါင်းဆောင်ကြီးက မြစ်ရေလျှံတာဟာ မြစ်စောင့်နတ်စိတ်ဆိုးလို့ ဒဏ်ခတ်တာမဟုတ်ကြောင်း လူ့စွမ်းအား နဲ့ရေလျှံတာကိုကာကွယ်နိုင်ကြောင်း လက်တွေ့ သာဓကပြခဲ့တယ်။

ဒီဖြစ်ရပ်ကိုကြည့်ရင် ဆင်းရဲဒုက္ခရောက်လွန်းလာတဲ့အခါ မှာ လူသားဟာ အဲဒီ အခက်အခဲအကျပ်အတည်းက လွတ်မြောက်ဖို့ ထွက်ပေါက်ရှာကြတာ ဓမ္မတာပါပဲ၊ အမြော်အမြင်ရှိတဲ့ခေါင်း ဆောင်ကို စနစ်တကျဖြစ်လေ့ရှိတဲ့ စိတ်ဓာတ်စွမ်းအင် ဝင်ရောက်ကူညီ လိုက်တာပါပဲ။ ဒါကိုပဓာနကျတဲ့အချက်သုံးချက်နဲ့ ပေါင်းစပ်ကြည့် ကြစို့။

ပထမအချက်က မြစ်ရေလျှံပြီး ကျေးရွာတွေမှာရှိတဲ့ လူ တွေရဲ့အသက်အိုးအိမ်တွေ နှစ်စဉ်ဆုံးရှုံးရတဲ့ဖြစ်ရပ်ကိုရပ်တန့်သွား စေရမယ်ဆိုတဲ့ တိကျခိုင်မာတဲ့ရည်မှန်းချက်ရှိနေပြီ။ နှစ်စဉ်အသက် အိုးအိမ်တွေဆုံးရှုံးရတဲ့ကိစ္စကို လက်ပိုက်ကြည့်နေရင်၊ ဒါမှမဟုတ် ရှောင်ထွက်သွားရင် အကျိုးဖြစ်ထွန်းမှာ မဟုတ်တဲ့အတွက်၊ အနှစ် နာခံပြီးဆောင်ရွက်ဖို့ ဆိုတဲ့ ဒုတိယအချက်ပြည့်စုံခဲ့တယ်။ တတိယ အချက်ဖြစ်တဲ့ အသိဉာဏ်ပေါင်းစပ်ခြင်းအချက်ကို ကျေးရွာတွေမှာ ရှိတဲ့ လူအင်အား၊ အသိဉာဏ်အင်အား၊ ပစ္စည်းအင်အားတွေ ထပ် ဖြည့်ပေါင်းစည်းလိုက်တဲ့အခါမှာ အလုံးစုံချမ်းသာမှုကို ရရှိသွားစေ ခဲ့ပါတယ်။ ကျေးရွာသူ ကျေးရွာသားတွေဟာ အဲဒီခေါင်းဆောင် ကြောင့် သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ တည်တံ့ခိုင်မြဲရတယ် ဆိုတာဟာသားစဉ်မြေးဆက်စွဲ၍မှတ်သားကြတဲ့အတွက် အဲဒီခေါင်း ဆောင်ကြီးဟာ နိုင်ငံတစ်နိုင်ငံလုံးရဲ့ အကြည်ညို အလေးစားဆုံး ပုဂ္ဂိုလ်ဖြစ်သွားပါတော့တယ်။ ဒါဆိုရင် ရှေ့ပိုင်းမှာဖော်ပြခဲ့တဲ့ပဓာန ကျတဲ့ အချက်သုံးချက်ဟာ အလုံးစုံကြွယ်ဝချမ်းသာခြင်းကို ဖြစ် ပေါ်စေနိုင်ပါတယ်ဆိုတာ သိသာထင်ရှားနေပါပြီ။

ကျန်းမာရေးချို့တဲ့မှုဟာလည်းတခြားလုပ်ချင်ကိုင်ချင်စိတ်များကို တက်တက်ကြွကြွ မလုပ်နိုင်အောင်၊ အကျိုးစီးပွားပျက်ပြားအောင် ဖန်တီးလေ့ရှိပါတယ်။ ငါ…ဝေဒနာဖြစ်ပြီ၊ ရောဂါဘယစွဲကပ်နေပြီဆိုတဲ့ အကျယ်ချဲ့ ထင်မြင်ယူဆနေသူဟာ ထင်ယောင်ထင်မှားအဖြစ်ကနေ တစ်နေ့နေ့မှာ တကယ်ဖြစ်သွားလေ့ရှိပါတယ်။ ဒါဟာ ဥပါဒါန်ဆိုတဲ့အစွဲအလမ်းကြောင့် ဥပဒ်ရောက်ဆိုတဲ့အတိုင်းဘေးဥပဒ်ဖြစ်သွားတာပါ။

လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုအတွင်းမှာ ဖြစ်ပေါ်ခဲ့ရတဲ့ ဖြစ်ရပ်မှန်တစ်ခုကို သာဓကအဖြစ်တင်ပြရရင်တော့ အင်မတန်တိုးတက်နေတဲ့ ဂျပန်နိုင်ငံရဲ့ မြို့ကြီးပြကြီးတွေမှာနေထိုင်ကြတဲ့ အိမ်ရှင်မရာနိုင်နှုန်းကိုးဆယ်လောက်ဟာ ရောဂါဝေဒနာတစ်ခု ကူးစက်ပျံ့နှံ့သလိုမျိုး ဖြစ်ခဲ့ကြရပါတယ်။ ခေါင်းကိုက်သလိုလို မိုက်အောင့်သလိုလို ခြေတွေလက်တွေမသယ်နိုင်သလိုလို လှုပ်ရှားမှု နှေးကွေးလေးကန်လာကြတယ်။

စိတ်အနေနဲ့လည်း အရာရာကို ငြီးငွေ့လာကြတယ်။ ပျော်ရွှင်မှုဆိတ်သုန်းပြီး အမြဲတမ်းစိတ်တိုလာကြတယ်။ အဲဒီဖြစ်ရပ်နဲ့ပတ်သက်ပြီး အကျွမ်းကျင်ဆုံး သမားတော်ကြီးတွေနဲ့ သွားတွေ့ကြတယ်။ သမားတော်ကြီးတွေဟာ အဲဒီအိမ်ရှင်မတွေကို နဖူးဆံစပ်ကနေခြေဖျားအထိ ကိုယ်ခန္ဓာအတွင်းအပြင် သေသေချာချာစစ်ဆေးပြီးရောဂါရှာဖွေကြတယ်။

ဒါပေမယ့် ဘာရောဂါဝေဒနာတစ်ခုခုမှ မဖြစ်ကြောင်းသိရတယ်။ ဒါပေမယ့် အဲဒီအိမ်ရှင်မတွေခံစားနေရတဲ့ ဝေဒနာကတော့ပျောက်မသွားဘူး၊ ဖြစ်မြဲပါပဲ။

ဒါနဲ့ နောက်ဆုံးကျတော့ တွေးခေါ်မြော်မြင်မှုနဲ့ ဆုံးဖြတ်တတ်တဲ့ ဆရာဝန်က အဲဒီအိမ်ရှင်မတွေကို အနည်းဆုံးခြောက်လတစ်ကြိမ်၊ ဒါမှမဟုတ် တစ်နှစ်တစ်ကြိမ် အိမ်ရှင်မနေထိုင်ရာအိမ်နဲ့ အတော်ဝေးဝေးကို (ဥပမာ..တောင်ခြေလိုနေရာမျိုး၊ စမ်းရေစီးနေတဲ့

တောအုပ်ကိုနေရာမျိုး ယာခင်းတွေရှိတဲ့နေရာမျိုး) ခရီးထွက်နိုင်းတယ်။ အဲဒီလို နေရာဒေသတွေမှာ တစ်ပတ်လောက် သွားရောက်အနားယူပြီး ပြန်လာတဲ့အခါမှာ အဲဒီအိမ်ရှင်မတွေ အာလုံးဖြစ်ပေါ်ခံစားနေရတဲ့ ဝေဒနာတွေဟာယူပစ်သလို လုံးဝကင်းစင် ပပျောက်သွားခဲ့တယ်။ ဒါဟာသူတို့နေထိုင်ရတဲ့အိမ်အတွင်းအပြင်ဝန်းကျင်ကိုနေ့စဉ်နဲ့အမြဲတွေ့နေရတဲ့အတွက် ငြီးငွေ့မှုဟာမသိစိတ်မှာစွဲကပ်ပြီးဖြစ်ရတဲ့ ရောဂါဝေဒနာဖြစ်ပါတယ်။

ဒါကြောင့် မြင်ကွင်း အပြောင်းအလဲလုပ်လိုက်တာနဲ့ အဲဒီဝေဒနာပျောက်သွားတော့တာပါ။ အဲဒီဝေဒနာကို "Home Fever"လို့ခေါ်ပါတယ်။ ဒါကြောင့် ဝေဒနာတစ်ခုဖြစ်တယ်လို့ ထင်ယောင်ထင်မှားဖြစ်နေရင် အကျယ်မချဲ့ပါနဲ့။ ငါ ကျန်းမာသန်စွမ်းနေတုန်းပဲ အားတင်းလိုက်ရင် အလိုလို ပျောက်ကင်းသွားမှာပါ။

ဒါမှသာ ချမ်းသာမှုအပေါင်းကိုရရှိအောင် ဆောင်ရွက်နိုင်မှာပါ။

စနစ်တကျယုံကြည်မှုစွမ်းအင်နဲ့ပတ်သက်လို့ ချမ်းသာမှုအအလုံးစုံကို ပိုင်ဆိုင်နေကြရာမှာ သူတို့ရဲ့ ပညာအရည်အချင်းကြောင့်ဒါမှမဟုတ် ပင်ကိုစွမ်းရည်ကြောင့် ချမ်းသာကြွယ်ဝခြင်းမဟုတ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ပညာတတ်တွေဖြစ်ပေမယ့် ဆင်းရဲနေတဲ့လူတွေ ရှိနေကြပါတယ်။

နောက်ပြီး ပင်ကိုစွမ်းရည်ရှိပြီး ကြိုးစားအားထုတ်လုပ်ကိုင်ခြင်းမရှိတဲ့အတွက် ချမ်းသာကြွယ်ဝမှုအလုံးစုံကို မရရှိကြတဲ့လူတွေတစ်ပုံတစ်ခေါင်းကြီးပါ။ ဒါကြောင့် ပင်ကိုစွမ်းရည်တွေ မှိတက်လျက်ပျက်ယွင်းနေပါတယ်။

လူသားတွေဟာ အများအားဖြင့် လက်ရှိနေထိုင်စားသောက်နေရတဲ့အဆင့်ကိုတော်လောက်ပါပြီဆိုပြီး အဲဒီအဆင့်မှာပဲ ကျောက်ချနေလေ့ရှိပါတယ်။ ဒါပေမယ့် အဲဒီဘဝထက်ပိုပြီး အဆင့်မြင့်မြင့်ဖြစ်ချင်တဲ့လူတွေဟာ ပိုပြီးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမှာ

မလွဲပါဘူး။ စနစ်တကျဖြစ်လေ့ရှိတဲ့စွမ်းအင်ကို ပိုင်ပိုင်နိုင်နိုင် နားလည်သဘောပေါက်မှသာ လက်ရှိလူနေမှုအဆင့်ထက် ပိုပြီးမြင့်မားလာမှာပါ။

ဘယ်အရာမျိုးမဆို ရရှိပိုင်ဆိုင်ချင်တယ်ဆိုရင် ပိုင်ဆိုင်ဖို့အတွက် ထိုက်သင့်တဲ့တန်ရာတန်ကြေးကို ပေးမှရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် စနစ်တကျဖြစ်လေ့ရှိတဲ့ စွမ်းအင်အတွက် ဖွဲလုံ့လအားထုတ်မှုဆိုတာတွေကို မိမိကလုပ်ဖို့တော့လိုပါလိမ့်မယ်။ အဲဒီလုပ်ဆောင်ချက်တွေကိုလုပ်တဲ့အခါ လုပ်ရိုးလုပ်စဉ် သဘာဝတစ်ခုလို စွဲစွဲမြဲမြဲ အလိုအလျောက်ဖြစ်နေသလို ဖြစ်ရပါ့မယ်။

အရှင်းဆုံးနဲ့အလွယ်ကူဆုံး ဥပမာတစ်ခုနဲ့ဖော်ပြရရင် လူတစ်ယောက်ဟာ ထမင်းစားတိုင်းညာလက်ကိုအသုံးပြုပြီး ဟင်းကိုဇွန်းနဲ့ ခပ်တဲ့အခါကျတော့ ဘယ်လက်နဲ့ကိုင်လေ့ရှိပါတယ်။ လမ်းလျှောက်တဲ့အခါကျပြန်တော့လည်း ဘယ်ခြေတစ်လှည့်၊ ညာခြေတစ်လှည့် လှမ်းပြီး သွားလာကြပါတယ်။ ဒါဟာ သာမန်လူတစ်ယောက်ရဲ့ လုပ်ရိုးလုပ်စဉ်သဘာဝဖြစ်ပါတယ်။ လုပ်သားကျလာတဲ့အခါကျတော့ အလေ့အကျင့် ဖြစ်သွားတော့တာပါပဲ။

အဲဒီလို လုပ်လေ့လုပ်ထအရ ဆောင်ရွက်တဲ့အခါမှာ မိမိအတွက်ပြုလုပ်ဆောင်ရွက်ခြင်း(အတ္တသဘောတစ်ခု)ပါလာပါတယ် အတ္တမပါဘဲနဲ့ ဘယ်လိုဆောင်ရွက်မှုမျိုးမှ မအောင်မြင်နိုင်ပါဘူး။ အလွယ်ကူဆုံးသာဓကတစ်ခုနဲ့ ဖော်ပြရမယ်ဆိုရင် မြို့နဲ့အလှမ်းကွာပြီး အင်မတန်ဝေးလံတဲ့ နယ်စွန်နယ်ဖျားဒေသက ကလေးတွေဟာ စာပေသင်ကြားဖို့ အခက်အခဲရှိနေတယ်။ ဒါကို စေတနာထားပြီး ကူညီချင်တဲ့ လူတစ်ယောက်အနေနဲ့ သူကိုယ်တိုင်က စာတတ်မှ၊ နောက်ပြီး သူတတ်ထားတဲ့စာကို ကလေးတွေကို နားလည်သဘောပေါက်အောင် ရှင်းပြနိုင်မှသာ သူ့စေတနာဟာ အကျိုးသက်ရောက်မှုရှိမှာပါ။

ဒါကြောင့် သူဟာအနည်းဆုံး မူလတန်းကျောင်းဆရာဖြစ်

အောင် ဦးစွာကြိုးစားရပါလိမ့်မယ်။ "ငါ ဆရာဖြစ်မှ"ဆိုတဲ့ ရည်မှန်းချက်က"အတ္တ"ပါလာပါတယ်။ ဒါပေမယ့်ဘာပဲဖြစ်ဖြစ်ကိုယ့်အတွက်ပဲ ကိုယ်ရှေ့တန်းတင်တဲ့အတ္တနဲ့တော့ နှိုင်းယှဉ်လို့မရပါဘူး။ သူ့ရည်မှန်းချက်က ဝေးလံသီခေါင်တဲ့ဒေသက ကလေးတွေကို စာသင်ပေးချင်နေတဲ့ ဆန္ဒမဟုတ်လား။

အဲဒီလို အများအကျိုးအတွက် ဆောင်ရွက်မယ့် လူတစ်ယောက်တောင်မှ အတ္တဆိုတာပါနေပါတယ်။ ဒါကြောင့်မို့ ချမ်းသာကြွယ်ဝမှု အလုံးစုံရရှိဖို့အတွက် ယုံကြည်ချက်အဖြစ်ဖော်ဆောင်တဲ့အခါမှာ အတ္တကိုစွမ်းအင်တစ်ခုအဖြစ် ကျောထောက်နောက်ခံပြုရမှာဖြစ်ပါတယ်။

အတ္တကို သူ့နေရာနဲ့သူ အသုံးချတတ်ရင် အံဝင်ခွင်ကျဖြစ်လေ့ရှိပါတယ်။ အဲဒီအတ္တကိုပဲ မှားယွင်းတဲ့နေရာမှာ အသုံးပြုခဲ့ရင်တော့ လမ်းမှားဘက်ကိုရောက်သွားမှာဖြစ်ပါတယ်။ ဒါပေမယ့် မိမိချမ်းသာကြွယ်ဝမှုအပေါင်းကို ထိန်းသိမ်းမှုတစ်ခု အလိုလိုဖြစ်လာနိုင်ပါတယ်။ အဲဒီထိန်းသိမ်းလမ်းပြမှုဟာ စွမ်းရည်တစ်ခု ဖြစ်ပေါ်လာနိုင်ပါတယ်။

အဲဒီစွမ်းရည်ကို ဖော်ထုတ်နိုင်ဖို့အတွက် အလေ့အထတစ်ခုလိုဖြစ်နေအောင် လေ့ကျင့်ဖို့လိုပါတယ်။ အဲဒီ အလေ့အကျင့်ကို လုပ်ရိုးလုပ်စဉ် အလေ့အထတစ်ခုလိုဖြစ်နေအောင် ထိန်းသိမ်းနိုင်သူတွေဟာ ကမ္ဘာမှာကြွယ်ဝချမ်းသာမှုကို ပိုင်ဆိုင်နေကြသူတွေဖြစ်ပါတယ်။

ထိန်းသိမ်းဆောင်ရွက်မှု နိယာမ အစဉ်အလာတစ်ရပ်ဟာ လူ့သမိုင်းအစကတည်းက ရှိနေခဲ့ပါတယ်။ ဒါပေမယ့် အတ္တနဲ့ပတ်သက်လို့ မထိန်းသိမ်းဘဲ စိတ်လွတ်ကိုယ်လွတ်နေထိုင်ခဲ့ကြတာဟာလည်း သမိုင်းဦးအစကတည်းက မျက်မှောက်ခေတ် ကာလအထိဖြစ်နေဆဲပါ။

ဒါပေမယ့် မမှန်ကန်တဲ့အတ္တကို မထိန်းသိမ်းဘဲလွှတ်ထား

လိုက်ကြတဲ့ လူတွေဟာဆင်းရဲဒုက္ခနဲ့နိဂုံးချုပ်ရပါတယ်။ ထိန်းသိမ်းနိုင်တဲ့စွမ်းအင်ကို အသုံးချတဲ့လူတွေဟာ တခြားလူတွေရဲ့အထက်အဆင့်မှာ နေရာရနေကြပါတယ်။

လူသားတွေမှာ စွမ်းအားနှစ်ခုရှိပါတယ်။ တစ်မျိုးကတော့ သာမန်အားဖြင့် မြင်တွေ့နိုင်တဲ့စွမ်းအားနဲ့၊ နောက်တစ်မျိုးက မမြင်နိုင်တဲ့ အတွင်းစိတ်စွမ်းအားဖြစ်ပါတယ်။

အလွယ်ဆုံးဥပမာတစ်ခုနဲ့တင်ပြရရင် လူသားတစ်ယောက်ဟာ သာမန်အခြေအနေမှာ ပုံမှန်သွားလာလှုပ်ရှားကြပါတယ်။ ဒါပေမယ့် တောထဲမှာကျားလိုက်လို့ အသက်လုပြေးရတဲ့အခါမျိုးမှာ အတွင်းစိတ်စွမ်းအင်ကို အပြည့်အဝ အသုံးချပါတယ်။ အဲဒီကျားလိုက်လို့ပြေးရတဲ့ အရှိန်အဟုန်က အိုလံပစ် တာတိုချန်ပီယံကတောင် မမီနိုင်လောက်အောင် လျှင်မြန်လွန်းပါတယ်။

တစ်ခါတစ်လေ ရပ်ကွက်မှာမီးလောင်တော့ ကိုယ့်အိမ်နားကို မီးရောက်ခါနီးလို့ အင်မတန်လေးတဲ့ သံသေတ္တာကြီးကိုထမ်းပြီး လှေကားထစ်တွေပေါ်ကဆင်းပြေးသွားတဲ့လူဟာ မီးအန္တရာယ်ကင်းရှင်းသွားတဲ့အချိန်မှာ စောစောက အလွယ်တကူသယ်ချခဲ့တဲ့သေတ္တာကြီးကိုမဖို့မပြောနဲ့ ရွှေ့လျားအောင်တောင် မတတ်နိုင်တော့တဲ့ အဖြစ်မျိုးဖြစ်ခဲ့ပါတယ်။

အဲဒီ ကျားလိုက်လို့ပြေးတဲ့အခါမျိုး၊ မီးလောင်လို့သေတ္တာသယ်ချလာတဲ့အချိန်မျိုးမှာ အဲ့ဒီလူတွေဟာ သူပိုင်အသက်အတွက်သူပိုင်ပစ္စည်းအတွက် မမြင်ရတဲ့အတ္တနဲ့ အတွင်းစိတ်စွမ်းအင်ကိုထုတ်ယူအသုံးပြုသွားကြတာပါပဲ။

ဒါကြောင့် သင့်အနေနဲ့ ချမ်းသာကြွယ်ဝမှုအလုံးစုံကို ပိုင်ဆိုင်ဖို့အတွက်မမြင်ရတဲ့စွမ်းအင်ကိုထုတ်ယူအသုံးချနိုင်မယ့် အလေ့အထတစ်ခုကို စွဲစွဲမြဲမြဲဖြစ်နေအောင် ဆောင်ရွက်ရပါလိမ့်မယ်။

အသိဉာဏ်ပေါင်းစပ်မှုဖြစ်စဉ်ကိုလည်း နားလည်ဖို့လိုပါတယ်။ အဲဒီလို နားလည်ဖို့အတွက် အတ္တရဲ့သဘောသဘာဝ အစစ်

အမှန်ကိုသိမှဖြစ်မှာပါ။ အသိဉာဏ်ပေါင်းစပ်မှုဖြစ်စဉ်ဟာ သင့်ကို ပြည့်ပြည့်ဝဝအထောက်အကူဖြစ်စေပါလိမ့်မယ်။ အသိဉာဏ်ပေါင်းစပ်မှုနဲ့ ပတ်သက်ဆက်နွှယ်နေသူတွေဟာ သင်နဲ့စိတ်သဘောထားချင်း ထပ်တူထပ်မျှဖြစ်နေမှသာသင့် ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

အသိဉာဏ်ပေါင်းစပ်မှုနဲ့ ပတ်သက်ဆက်နွှယ်တဲ့ လူတိုင်းဟာ သင်အကောင်အထည်ဖော်နေတဲ့ ရည်မှန်းချက်ကို လုံးလုံးလျားလျား ယုံကြည်စိတ်ချနေသူတွေ ဖြစ်ပါတယ်။ သင့်အနေနဲ့ အောင်မြင်တဲ့တစ်ချိန်မှာ သူတို့ကိုအကျိုးဖြစ်ထွန်းစေဖို့ ဖန်တီးနိုင်စွမ်းရှိရမယ်။ အဲဒီလိုမှ မအောင်မြင်ဘဲ သင့်ဆောင်ရွက်မှုဟာ လမ်းခုလတ်မှာရပ်တန့်သွားခဲ့ရင်တော့ သင့်အပေါ်မှာ သူတို့ရဲ့ယုံကြည်ကိုးစားမှုတွေဟာ ပျောက်ပျယ်သွားမှာသေချာနေပါတယ်။ ဒီအချက်ကိုသင့်အဖို့ကြိုတင်ပြီး နားလည်ထားရပါမယ်။

အောင်မြင်မှုအထွတ်အထိပ်ကို ရောက်ရှိနေသူတွေရဲ့ကိုယ်တွေ့ဖြစ်ရပ်ကို ပြောပြကြရာမှာ အတ္တကို သူတို့ဖြစ်စေချင်တဲ့ ပုံသဏ္ဍာန်ဖန်တီးပြီး အဲဒီဖန်တီးချက်ကိုပိုင်ပိုင်နိုင်နိုင် ထိန်းသိမ်းနိုင်ကြတယ်လို့ဆိုပါတယ်။ ဒါကြောင့် လူသားတိုင်းဟာ ကိုယ့်အတ္တကို စိတ်ကြိုက်ဖန်တီးလို့ရတယ် ဆိုတဲ့အချက်ဟာ ခိုင်မာနေပါတယ်။

မိမိသဘောကျ ဖန်တီးပြီးတဲ့အခါကျတော့မှ စနစ်တကျဖြစ်လေ့ရှိတဲ့စိတ်စွမ်းအင်နဲ့ တာဝန်ယူ...အောင်မှုဖြစ်သွားမှာ အမှန်ပါပဲ။ သတိထားရမှာကအတ္တကို လိုအပ်သလို ထိန်းသိမ်းနိုင်ဖို့ပါပဲ။ တကယ်လို့မထိန်းသိမ်းနိုင်ရင်တော့ အပ္ပကာ သင့်ရည်မှန်းချက်ကို ပျက်စီးစေမှာသေချာပါတယ်။ သင်နဲ့အတူ အသိဉာဏ်ပေါင်းစပ်မှုမှာ ပါဝင်မယ့်လူတွေဟာ သင်နဲ့အစဉ်ထာဝရ လိုက်လျောညီထွေ အဆင်ပြေမယ့်လူများဖြစ်နေရပါမယ်။

သင်အပါအဝင် အဲဒီအဖွဲ့တစ်ခုလုံးအတွက် ဦးတည်ချက်မှန်မှန်ကန်ကန်နဲ့ ရည်မှန်းချက်အောင်မြင်နိုင်မယ့်အစီအစဉ်ကို သင်

ကဦးဆောင်ပြီး စုပေါင်းပါဝင်သူအားလုံး အကြံပြုရေးဆွဲနိုင်ပါတယ် အဲဒီလိုရေးဆွဲရာမှာ လိုအပ်ချက် တစ်ခုခုဖြစ်ခဲ့ရင်လည်း ဦးတည်ချက်သွေဖီမသွားဘဲ ဖြည့်စွက်ပြင်ဆင်နိုင်ပါတယ်။

ဥပမာတစ်ခုတင်ပြရရင်အိမ်တစ်အိမ်ထဲမှာ မိန်းမသားတစ်ယောက်နဲ့ လူမမည်ကလေးတစ်ဦးရှိနေတယ်။ အဲဒီအချိန်မှာ ပြစ်မှုကြီးကျူးလွန်ခဲ့တဲ့ ရာဇဝတ်သားတစ်ကောင်က အဲဒီအိမ်ထဲမှာရောက်နေပြီး မိန်းမသားနဲ့ကလေးငယ်ကို အချိန်မရွေးအန္တရာယ်ပေးနိုင်တဲ့ အနေအထားမှာဖြစ်နေပါတယ်။

ပြစ်မှုကျူးလွန်သူ ရောက်နေတဲ့အိမ်က ကုန်းမြင့်ကလေးတစ်ခုအပေါ်မှာ တည်ဆောက်ထားတဲ့အတွက် အိမ်ရဲ့ပတ်ပတ်လည်တစ်ခုလုံးမြင်ကွင်းရှင်းနေတယ်။ ဒါကြောင့် အိမ်ထဲမှာရောက်ရှိနေတဲ့လူဆိုးက အသာစီးရနေပါတယ်။ သူ့မှာလည်း ကျည်အပြည့်နဲ့ အော်တိုမစ်တစ်သေနတ်တစ်လက်ရှိနေတယ်။သင်ဟာအက်ဖ်ဘီအိုင်စုံထောက်ဌာနရဲ့စေလွှတ်ချက်အရ အိမ်ထဲမှာ တန်ခံဆခံဖြစ်နေတဲ့ အမျိုးသမီးနဲ့ကလေးငယ်ကို လုံးဝအန္တရာယ်မဖြစ်စေဘဲ၊ အဲဒီလူဆိုးကိုမိမိရရဖမ်းနိုင်ဖို့ဌာနဆိုင်ရာအကြီးအကဲက ညွှန်ကြားလိုက်တယ်။ အဲဒါဟာ ရည်မှန်းချက် ဒါမှမဟုတ် ဦးတည်ချက်အတိအကျပါပဲ။

သင်နဲ့အတူထည့်ပေးလိုက်တဲ့ ကွန်မန်ဒိုတပ်ဖွဲ့ဝင်တွေဟာ လူဆိုးရဲ့သေနတ်ကျည်ဆန် မထိရောက်နိုင်တဲ့ အကွာအဝေးကနေ တဖြည်းဖြည်းချင်းရှိနေတဲ့ တောင်ကုန်းပတ်လည်မှာ နေရာယူဖို့ချဉ်းကပ်လာကြပြီ။ သင့်အစီအစဉ်ကဘာလဲ၊ အိမ်ပြတင်းပေါက်ထဲကို ဓာတ်ငွေ့ကျည်ပစ်ထည့်လိုက်ဖို့နဲ့၊ဓာတ်ငွေ့တွေအိမ်ထဲမှာပျံ့နှံ့အသွားမှာ ကွန်မန်ဒိုတွေက အတင်းဝင်ရောက်စီးနင်းပြီး လူဆိုးကိုအမိအရဖမ်းဖို့ စီစဉ်ထားတယ်ဆိုပါတော့။ ဒါပေမယ့်အဲဒီအစီအစဉ်ကိုပြန်လည်ပြင်ဆင်ရေးဆွဲရတော့မယ်။ ဘာကြောင့်လဲဆိုရင်တော့..ဓာတ်ငွေ့ကျည်ကထွက်တဲ့ ဓါတ်ငွေ့အဆိပ်ခိုးအငွေ့တွေဟာ အသက်နှစ်နှစ်တောင် မပြည့်သေးတဲ့ကလေးငယ်အတွက် အသက်အန္တရာယ်ဖြစ်

စေနိုင်တယ်။ ဒါဆိုရင် သားအမိနှစ်ယောက်စလုံးအတွက် လုံးဝ အန္တရာယ်မဖြစ်စေဘဲ လူဆိုးကိုမိမိရရ ဖမ်းဆီးနိုင်ဖို့ဆိုတဲ့ ဦးတည် ချက်ပျောက်သွားတော့မယ်။

ဒါကြောင့် အဲဒီပဓာနကျတဲ့ ဦးတည်ချက်မပျောက်ပျက် အောင် တခြားအစီအစဉ်တစ်ခု ထပ်မံဖြည့်စွက် ပြင်ဆင်ရမှာဖြစ်ပါ တယ်။ လူဆိုးကြားလောက်အောင် **Transhailer** နဲ့အော်ပြော ပြီး အပေးအယူတစ်ခုလုပ်ရတော့မယ်။ သားအမိကိုအိမ်ထဲမှာပဲထား ခဲ့ပြီး ထွက်လာရင် လူဆိုးလွတ်လွတ်ကျွတ်ကျွတ် ထွက်ပြေးလွတ် မြောက်နိုင်ဖို့အတွက် ကားတစ်စီး၊ (လိုအပ်ရင် ငွေအပါအဝင်) အ သင့်စီစဉ်ပေးမယ်။ပြေးလမ်းကိုလည်းဖွင့်ထားပေးမယ်လို့ပရိယာယ် ဆင်ရလိမ့်မယ်။ နောက်တော့မှ ရဟတ်ယာဉ်နဲ့လူဆိုးနောက်ကိုလိုက် ရမယ်။

အဲဒီအပေးအယူကိုမှလက်မခံရင် သင်တို့က ရေရှည်အစီ အစဉ်နဲ့လူဆိုးထွက်မလာမချင်း လုံခြုံစိတ်ချရတဲ့တစ်နေရာက စိတ် ရှည်ရှည်စောင့်ဆိုင်းနေမယ်ဆိုတဲ့ အစီအစဉ်၊ ဒါမှမဟုတ် ဓါ့ထက် ပိုကောင်းမယ့်အစီအစဉ်တစ်ခုခုကို ပြောင်းလဲရေးဆွဲကြတဲ့ သဘော မျိုးဖြစ်ပါတယ်။ ဒါက မှုခင်းဆိုင်ရာ ဖြစ်ရပ်တစ်ခုပါ။

ချမ်းသာကြွယ်ဝမှု ဆောင်ရွက်တဲ့အခါမျိုးမှာ (မှုခင်းဖြစ် ရပ်ထဲက လူဆိုးက မောင်းပြန်သေနတ်တစ်လက်နဲ့ ရင်ဆိုင်သလို) သင့်ပတ်ဝန်းကျင် လုပ်ဖော်ကိုင်ဖက်တွေ ထဲမှာ သင့်ကို အပြစ်တင် ဆန့်ကျင်တဲ့လူတွေလည်း ပေါ်ပေါက်နိုင်ပါတယ်။ အဲဒီလိုလူစားတွေ ကို လုံးဝမဆက်ဆံပါနဲ့။

ဒါကို သင့်အနေနဲ့လုံးဝအမှုမထားဘဲ မိမိသွားရမယ့် ဦး တည်ချက်လမ်းကြောင်းအတိုင်းမျက်ခြေမပြတ်အောင်ဆက်လျှောက် ဖို့ အရေးကြီးပါတယ်။ တကယ်လို့ သင့်စိတ်ဓါတ်ပျက်ပြားသွားရင် တော့ ဆုံးရှုံးမှုကလွဲလို့ ဘယ်လိုမှအဖတ်ဆယ်လို့ ရမှာမဟုတ်တော့ ဘူး။ ဒါကြောင့် သင့်ဦးတည်ချက်ကို မှန်မှန်ကန်ကန်ဆက်သွားဖို့

အရေးကြီးပါတယ်။

နောက်တစ်ချက်က သင့်အနေနဲ့တစ်ချိန်တစ်ခါကဆုံးရှုံးမှု၊ မှားယွင်းမှုကို တစ်ခုမဟုတ်တစ်ခု တွေ့ကြုံခဲ့ဖူးပါလိမ့်မယ်။ အဲဒီ ဆုံးရှုံးမှုမှားယွင်းမှုတွေကို လုံးဝပယ်ဖျောက်လိုက်ပါ။ အဲဒါတွေကို တသသဖြစ်နေသမျှ ဘာအကျိုးမှဖြစ်လာမှာမဟုတ်ပါဘူး။

ဒါကြောင့် ကြွယ်ဝချမ်းသာမှုအပေါင်းကိုရရှိအောင် ကြိုးစားနေတဲ့အချိန်ကာလမှာ လွန်ခဲ့တဲ့အမှားတွေကို လုံးဝဖယ်ထုတ်ထားရမှာဖြစ်ပါတယ်။ မဖြစ်ပေါ်သေးတဲ့မျှော်မှန်းချက်ကိုရရှိတော့မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့လူသားတွေ ဆက်လက်ရှင်သန်နေကြတာပါ။ စနစ်တကျဖြစ်လေ့ရှိတဲ့စွမ်းအင်ဟာအကျိုးပြု အတ္တကိုရဲတိုက်ကြီးတစ်တိုက်ပမာထားပြီး တည်ဆောက်ဖို့ဆိုရင် ဘက်စုံပေါင်းစပ်ပြီးတော့ တည်တံ့ခိုင်မာအောင် ဆောင်ရွက်ပေးနိုင်ပါတယ်။

ဟင်နရီဖို့ဒ်ဟာ သူ့လုပ်ငန်းထဲမှာ ရှိရှိသမျှလုပ်သားတွေရဲ့ ဖြစ်ရပ်တွေ၊ အမှုအကျင့်စရိုက်တွေအားလုံးကို ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်ထားပါတယ်။ တကယ်လို့လုပ်ငန်းဆိုင်ရာကိစ္စတွေမှာ အပြုသဘောမဆောင်ဘဲ အပျက်သဘောမျိုးဖန်တီးတဲ့ လုပ်သားတွေကို ပြတ်ပြတ်သားသား ဖယ်ရှားပေးလေ့ရှိပါတယ်။

အသိဉာဏ်ပေါင်းစပ်မှုအတွက် ပတ်သက်ဆက်နွှယ်နေသူတွေမှန်သမျှကို ပြေပြေလည်လည် ဖန်တီးဆက်ဆံနိုင်သူကတော့ အင်ဒရူးကာနေဂျီပဲဖြစ်ပါတယ်။ သူ့လုပ်ငန်းထဲမှာရှိကြတဲ့လုပ်သားတွေ၊ တစ်နည်းအားဖြင့်လုပ်ဖော်ကိုင်ဖက်တွေအားလုံးကို သူ့အပေါ်မှာ ယုံကြည်ကိုးစားမှု၊ လေးစားချစ်ခင်မှုတွေ ဖြစ်ပေါ်နေအောင် ဆောင်ရွက်နိုင်စွမ်းရှိသူ တစ်ယောက်ပါ။

ဒါကြောင့်လည်း အင်ဒရူးကာနေဂျီ ဦးစီးဆောင်ရွက်ခဲ့တဲ့ အချိန်ကာလအတောအတွင်း သူနဲ့ပတ်သက်သမျှ သံမဏိလုပ်ငန်းတွေမှာ လုပ်သားပြဿနာဆိုတာ လုံးဝမဖြစ်ပေါ်ခဲ့ဖူးပါဘူး။ အဲဒီအချက်ကို အင်ဒရူးကာနေဂျီက ဂုဏ်ယူပြောကြားခဲ့ပါတယ်။

သူကိုယ်တိုင်လည်း စက်ရုံလုပ်သား ဖြစ်ခဲ့ဖူးတဲ့အတွက် စက်ရုံလုပ်သားတွေရဲ့ စိတ်နေသဘောထားကို စာနာစိတ်နဲ့သိနေလို့ ဖြစ်ပါတယ်။

.....

# အတွက်ကို ထိန်းချုပ်ခြင်း

လူတစ်ယောက်ဟာ ချမ်းသာကြွယ်ဝမှု အလုံးစုံကို ရရှိဖို့ ဆောင်ရွက်ရာမှာ သူ့ရဲ့စိတ်၊ သူလုပ်ဆောင်ရမယ့် ရည်မှန်းချက်သဘောတရားနဲ့ သူပူပေါင်းလုပ်ကိုင်ရမယ့် လူတွေရဲ့စိတ်သဘောထား စတဲ့အချက်တွေကို ရှေ့ပိုင်းမှာဖော်ပြခဲ့ပြီးပါပြီ။ ဆက်လက်ဖော်ပြမှာကတော့ သူအလုပ်လုပ်တဲ့ရုံးခန်းနဲ့ပတ်သက်လို့ မွမ်းမံဆောင်ရွက်ရမယ့် အချက်အလက်တွေပဲဖြစ်ပါတယ်။

ရုံးခန်းဟာ သူ့အတွက်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်တွေကိုတွေးတောကြံဆခြင်း၊ စီမံခန့်ခွဲခြင်း၊ ရေးမှတ်ခြင်းဆိုတာတွေကိုလုပ်ရပါတယ်။ အဲဒီအချိန်မှာ ရုံးခန်းစားပွဲပေါ်က စာအုပ်၊ စာရွက်စာတမ်းတွေ၊ ဖောင်တိန်၊ ကလောင်တံ၊ ဘောလ်ပင်၊ မင်အိုး၊ ခဲတံ၊ မင်နှိပ် …စသည်ဖြင့် ရုံးသုံးပစ္စည်းတွေ ဖရိုဖရဲ ဖြစ်နေရင်၊ ဒါမှမဟုတ် အဆီအငေါ်မတည့် ဖြစ်ကတတ်ဆန်းထားခဲ့မိရင် လူက အမှုမဲ့အမှတ်မဲ့နေလို့ရဖေမယ့်လည်း အတွင်းစိတ်ထက်သန်ထူးချွန်မှုဟာ အဲ့ဒီပစ်စလက်ခတ်အနေအထားတွေကြောင့် မှေးမှိန်သွားတတ်ပါတယ်။

တစ်ခါက သန်းကြွယ်သူဌေးကြီးတစ်ယောက်ဟာ အင်မတန်ချမ်းသာကြွယ်ဝအောင်မြင်နေတယ်။ သူနေတဲ့အိမ်ကိုမဂ္ဂဇင်းပင်တိုင်ဆောင်းပါးရှင် အမျိုးသမီးတစ်ယောက်က အဲဒီသူဌေးကြီးဆီကိုသွားပြီး အင်တာဗျူးလုပ်ပါတယ်။ သူဌေးကြီးက ဆောင်းပါးရှင်ကိုသူ့စံအိမ်ထဲကအခန်းတွေကို တစ်ခန်းပြီးတစ်ခန်း လိုက်ပြတယ်။

အခန်းတစ်ခန်းနဲ့တစ်ခန်း နံရံမှာသုတ်ထားတဲ့ ဆေးရောင်ချင်းမတူညီကြပါဘူး။ ထမင်းစားခန်းမှာ အဝါဖျော့ဖျော့အရောင်၊ ဧည့်ခန်းမှာ ကြက်ဥရောင်၊ မီးဖိုခန်းမှာ အဖြူရောင်၊ စတိုခန်းမှာ ခရမ်းရောင်၊ သူဌေးကြီးစာရေးစာဖတ်တဲ့အခန်းမှာ မိုးပြာရောင် စ

သည်ဖြင့်တွေ့ရပါတယ်။ အဲဒီအရောင်တွေကို ဆောင်းပါးရှင်ကစပ် စုတဲ့အခန်းမှာ အခန်းကိုအသုံးချမှုအလိုက် ဆေးရောင်သုတ်ထားတာ ဖြစ်ကြောင်းသူဌေးကြီးကရှင်းပြတယ်။

စာရေးစာဖတ်ခန်းမှာ စိတ်ကူးဉာဏ်ထက်မြက်အောင်နက် ရှိုင်းတဲ့ အတွေးအခေါ်ပမာဏမြင့်မားအောင် မိုးပြာရောင်သုတ်ထား ကြောင်း၊ ထမင်းစားခန်းမှာ ဝါဖျော့ဖျော့အရောင် သုတ်ထားခြင်း ကြောင့် အစာစားရတာ ပိုပြီးမြိန်ရှက်ကြောင်းစသည်ဖြင့် တစ်ခုပြီး တစ်ခု ဆေးရောင်ရဲ့အားပေးကူညီမှုကြောင့် စိတ်ပိုင်းဆိုင်ရာတည်ငြိမ် မှု၊ တက်ကြွမှုနဲ့ စိတ်ချမ်းမြေ့မှုတွေအကြောင်း ပြောပြခဲ့တယ်။

တစ်ခါက ဘုရားကလင်တံတားကြီးကို ခြယ်သထားတဲ့ ဆေးရောင်ကြောင့် မကြာခဏကားရောလူပါ မြစ်ထဲကျပြီးသေကြ တဲ့အတွက် မူလအရောင်ကိုပြောင်းလဲလိုက်တော့မှ အဲဒီဖြစ်ရပ်တွေ နောက်ထပ်ဖြစ်မလာတော့ကြောင်း သူဌေးကြီးကဗဟုသုတကြွယ်ဝ စွာ ရှင်းပြလိုက်တယ်။

ဒါနဲ့နောက်ဆုံးကျတော့ မဂ္ဂဇင်းပင်တိုင်ဆောင်းပါးရှင်က သူဌေးကြီးနဲ့စံအိမ်ထဲက ထွက်လာခဲ့တယ်။ သူဌေးကြီးကဆောင်းပါး ရှင်အမျိုးသမီးကို အိမ်ရှေ့အထိလိုက်ပို့ခဲ့တယ်။ အိမ်ရှေ့တံခါးပေါက် နေ ကားရပ်ရန်နေရာအထိ လမ်းဘေးတစ်ဖက်တစ်ချက်မှာ စိမ်းမြ နေတဲ့ မြက်ခင်းပြင်ကြီးကို တွေ့လိုက်ရတယ်။ ဒီတော့ ပင်တိုင် ဆောင်းပါးရှင်က....

"အဲဒီ မြက်ခင်းပြင်တွေနေရာမှာ လှပမွှေးပျံ့တဲ့ပန်းခင်းက လေးစိုက်ထားရင် မကောင်းဘူးလား" လို့ အကြံပြုမေးခွန်းထုတ် လိုက်တယ်။ သူဌေးကြီးက ဦးခေါင်းကိုညင်သာစွာ ခါပြတယ်။

"မတူဘူး ဆရာမ...ပန်းစိုက်ထားရင် ပန်းရဲ့အရောင်အ သွေး၊ အသွင်သဏ္ဌာန်နဲ့ ချိုမွှေးတဲ့ရနံ့တွေဟာ လူကိုစိတ်ပျော်ရွှင်စေ တယ်။ တစ်ခါတစ်ရံ စိတ်ညစ်ညူးစေတယ်။ အဲဒါကျုပ်ကိုယ်တိုင် တွေ့ပါ။ ပင်ကိုစိတ်ကပျော်ရွှင်နေရင် ပန်းခင်းကအဲဒီ ပျော်ရွှင်မှုကို

ပိုပြီးပျော်ရွှင်အောင် ဖန်တီးလေ့ရှိတယ်။ ဒါပေမယ့် ပင်ကိုစိတ်က အကြောင်းတစ်ခုခုကြောင့်ညစ်ညျူးနေရင် အဲဒီပန်းခင်းကတစ်ဆတိုးပြီး စိတ်ကိုညစ်ညျူးစေတယ်။ တကယ်လို့ဒေါသဖြစ်နေတဲ့အခိုက်အတန့်မှာ အဲဒီပန်းခင်းကိုတွေ့လိုက်ရရင် ပန်းပင်တွေကိုအမြစ်ကဆွဲနုတ်ပြီး ချေမွပစ်ချင်စိတ်တောင်ဖြစ်စေတယ်၊ မယုံမရှိနဲ့ အဲဒါအမှန်အကန်ပဲ''

''ဒါဆိုရင် သူဌေးကြီးရဲ့မြက်ခင်းက ဘယ့်လိုများစိတ်ကိုလှုံ့ဆော်ပါသလဲ''

ဆောင်းပါးရှင် အမျိုးသမီးက ထပ်မေးတယ်။

''မြက်ခင်းက စိတ်ကိုဘယ်လို လှုံ့ဆော်မှုမှမပေးပါဘူး''

''ဒါဖြင့် အကျိုးအမြတ်မရှိဘဲ သက်သက်မဲ့စိုက်ထားတာပေါ့နော်၊ ဟုတ်လားသူဌေးကြီး''

အမျိုးသမီးရဲ့မေးခွန်းကြောင့်သူဌေးကြီးကပြုံးပြီးဖြေတယ်။

''မြက်ခင်းတွေက စိတ်ကို လှုံ့ဆော်မှု မပေးဘူးလို့သာ ကျုပ်ပြောခဲ့ပါတယ်။ အကျိုးသက်ရောက်မှုမရှိဘူးလို့မပြောခဲ့ဘူး''

သူဌေးကြီးရဲ့စကားကြောင့် အမျိုးသမီးတွေခနဲ ဖြစ်သွားတယ်။

''ဒါဖြင့်....''

အမျိုးသမီးရဲ့စကားမဆုံးခင် သူဌေးကြီးက လက်ဝါးကာပြီး တားလိုက်တယ်။

''ကျုပ်ပြောတာ မဆုံးသေးပါဘူး ဆရာမ...ကျုပ်စကားဆုံးမှ ထပ်မေးစရာရှိရင် မေးနိုင်ပါတယ်'' လို့ပြောတော့ ပင်တိုင်ဆောင်းပါးရှင်အမျိုးသမီးက သူဌေးကြီးပြောမယ့်စကားကို အာရုံစိုက်ပြီးနားထောင်လိုက်တယ်။ သူဌေးကြီးက ဆက်ပြောတယ်။

''ကျုပ်တို့ နေ့စဉ်နဲ့အမျှ ဟော့ဒီလူသွားလမ်းကလေးပေါ်က အသွားအပြန်သွားနေကြတယ်။ မြက်ခင်းကို ကျုပ်ကအာရုံစိုက်စရာအကြောင်းမရှိသလို၊ မြက်ခင်းကလည်း သူ့ဟာ သူ စိမ်းမြနေ

တာပါပဲ။ လူနဲ့မြက်ခင်းအပြန်အလှန် အနှောင့်အယှက်မပေးတမ်းနေခဲ့ကြတယ်…ဒါပေမယ့်မြက်ခင်းနစ်ခင်းရဲ့အလယ်က လူသွားလမ်းလေးအတိုင်း ဖြတ်လျှောက်သွားစဉ်မှာ ဘေးတစ်ဖက်တစ်ချက်မှာရှိနေတဲ့ မြက်ခင်းရဲ့စိမ်းမြတဲ့အရောင်ဟာ အစဉ်သဖြင့် မျက်လုံးထဲကိုနူးညံ့တဲ့ အရောင်ကလေးတစ်ခု မသိမသာ ထင်ဟပ်သွားလေ့ရှိတယ်။ အဲလိုမျိုးစိမ်းမြတဲ့ ,အရောင်ထင်ဟပ်တာက အထင်ဟပ်ခံရတဲ့ လူကိုမသိစေရလောက်အောင်ညင်သာတယ်။ ဒါပေမယ့် အဲဒီစိမ်းမြနေတဲ့အရောင်ကလေးကြောင့် ကျုပ်ရဲ့စိတ်ဘဝင်မှာ စွန်းထင်းပေကျံနေတဲ့အရာတွေအားလုံးကို ဆေးကြောပစ်လိုက်သလို ကြည်လင်သန့်စင်သွားပါတယ်။ အဲဒါကမြက်ခင်းရဲ့ အကျိုးသက်ရောက်မှုပါပဲ။ ဒါကိုကျုပ် နေ့စဉ်နေ့တိုင်း မသိစိတ်ကခံစားရတာပါ။

ဖြစ်ရပ်ကတော့ဒါပါပဲ။ ဒါကြောင့် ကြီးပွားတိုးတက်ချမ်းသာကြွယ်ဝချင်စိတ်ရှိတဲ့လူအနေနဲ့ သင့်ရုံးခန်းကို ခြယ်ထားတဲ့ဆေးရောင်၊ ချိတ်ဆွဲထားတဲ့ နံရံကပ်ပန်းချီ၊ ဓါတ်ပုံစတဲ့မွမ်းမံမှုတွေဟာလည်း ချမ်းသာကြွယ်ဝမှုအပေါင်းကိုရရှိပိုင်ဆိုင်နေတဲ့ ပုဂ္ဂိုလ်တွေရဲ့ပုံနဲ့ ဒါမှမဟုတ်သင့်လုပ်ငန်းဆိုင်ရာမှာ တိုးတက်ဖွံ့ဖြိုးစိတ်ဖြစ်ပေါ်စေမယ့် အကြောင်းတရားတွေပါဝင် ပတ်သက်နေတဲ့ အဆင်အပြင်တွေပဲဖြစ်သင့်ပါတယ်။

အဲလိုမျိုးပြင်ဆင်မွမ်းမံထားတဲ့ ရုံးခန်းထဲမှာသင်ရောက်ရှိနေချိန်အတောအတွင်း စနစ်တကျဖြစ်ပေါ်လေ့ရှိတဲ့ စိတ်စွမ်းအင်ဟာသင့်ဆီကို ချဉ်းကပ်နေတော့မှာဖြစ်ပါတယ်။ မသိစိတ်ရဲ့သယ်ဆောင်မှုအဖြစ် သင့်စိတ်ဘဝင်မှာ တွယ်ငြိလိုက်ပါနေပါလိမ့်မယ်။ ဒါဆိုရင် သင်ဟာ အဲ့ဒီစိတ်စွမ်းအင်နဲ့အတူ ချမ်းသာကြွယ်ဝမှုအပေါင်းရရှိရေးအတွက် တွန်းအားတစ်ခုကိုရရှိနိုင်ပါပြီ။ အဲဒါဟာ သင့်ရဲ့အကျိုးပြုအတွက်အတွက် အမွန်းတင်ခြင်းဖြစ်နေပါတယ်။

ပညာရှင်တစ်ဦးက မိန့်ကြားဖူးပါတယ်။

"အကြင်သူသည်ထိုအလုပ်ကိုလုပ်သည့်အခါတိုင်းအောင်

မြင်မှုကိုရရှိနေပါတယ်။ ထိုအလုပ်ကိုမလုပ်သည့်အခါတိုင်း ဆုံးရှုံးမှုနှင့်သာ ရင်ဆိုင်ရတတ်ပါတယ်။ သို့စဉ်လျက် ထိုအလုပ်ကိုလုပ်ရန် မေ့လျော့နေလေ့ရှိတယ်။ ထိုအလုပ်ကား မိမိကိုယ်မိမိအမှန်အတိုင်း (အရှိကိုအရှိအတိုင်း)ဝေဖန်ရေးဖြစ်ပါတယ်။ မိမိကိုယ်မိမိဝေဖန်ရေး မလုပ်သောကာလတွင် အကျိုးစီးပွားပျက်စီးနေသောအတ္တက ဝင်ရောက်စိုးမိုး ချယ်လှယ်ထားပါတယ်...တဲ့။

ဒါကြောင့် အတ္တဟာ နိုင်နိုင်နင်းနင်း မထိန်းချုပ်နိုင်ရင် ဒုက္ခပေးတတ်ပါတယ်။ "ငါ သိပ်တော်တာပဲ၊ ငါလုပ်တာဟုတ်နေပြီ။ ငါ့ကိုဘယ်သူမှ မယှဉ်နိုင်ဘူးဟေ့..."ဆိုတဲ့ အတ္တဝါဒီတွေဟာ သူ့ကိုယ်သူအမွန်းတင်ရင်းက၊ သူ့ထက်သာသူတွေကို ပါ"ငါ့ထက်သာတာ မရှိစေရ"ဆိုတဲ့စိတ်ဓါတ်ဆိုးဆိုးဝါးဝါးတွေ ဝင်လာတတ်ပါတယ်။ အဲဒီလိုဖြစ်ရပ်မျိုးဟာ နာဇီအာဏာရှင်ဟစ်တလာကိုဆိုးဝါးတဲ့နိဂုံးချုပ်နဲ့ ဇာတ်သိမ်းစေခဲ့ပါတယ်။

ဟစ်တလာရဲ့တပ်တွေဟာ ဒုတိယကမ္ဘာစစ် အစပိုင်းက နိုင်ငံတစ်ခုပြီးတစ်ခု၊ နယ်မြေတစ်ခုပြီးတစ်ခု ဆက်တိုက်သိမ်းပိုက်နိုင်ခဲ့ပါတယ်။ အဲဒီလို တိုက်ခိုက်တိုင်း အောင်နိုင်လာတဲ့အခါမှာ ဟစ်တလာအနေနဲ့ သူ့စီမံခန့်ခွဲမှုကြောင့်ဆိုတဲ့ အတ္တဝင်လာတယ်။ တကယ်တော့ နာဇီတပ်တွေနဲ့အတူဦးဆောင်ပါဝင်တိုက်ခိုက်နေကြတာက ရွှန်းမဲလ်တို့လိုဗိုလ်ချုပ်ကြီးတွေပါ။ ရွှန်းမဲလ်ရဲ့ စစ်ဗျူဟာတွေကြောင့် အနိုင်ရလာတာကို ဟစ်တလာက မလိုမုန်းထားစိတ်ဝင်လာတယ်။သူ့ထက်ပိုပြီးရွှန်းမဲလ်အောင်မြင်ကျော်ကြားနေတဲ့အတွက် ဟစ်တလာကရွှန်းမဲလ်ကို (လက်ရှိအောင်ပွဲတွေရနေတဲ့ စစ်မျက်နှာကနေ) တခြားစစ်မျက်နှာကို ပို့လိုက်တယ်။ မကျွမ်းကျင်တဲ့နယ်မြေဒေသကိုရောက်သွားတဲ့ ရွှန်းမဲလ်ဟာအရေးနိမ့်သွားရတော့တာပါပဲ။ ဒါကိုဟစ်တလာကသဘောကျသွားတယ်။ "မင်းအခုဘာတတ်နိုင် သေးလဲ ရွှန်းမဲလ်ရယ်"လို့ ကျိတ်ပြီး ဝမ်းမြောက်ဝမ်းသာဖြစ်သွားတယ်။ တကယ်တော့ ရွှန်းမဲလ်အရေးနိမ့်တာဟာ နာဇီတပ်တွေ

အရေးနိမ့်သွားခြင်းဖြစ်ပါတယ်။ နာဇီတပ်တွေ ရှုံးနိမ့်အရေးနိမ့်ရတာဟာ ဟစ်တလာရဲ့ကျဆုံးခန်းပါပဲ။ ဒါကြောင့် အတ္တကြီးမားလွန်းတဲ့ ဟစ်တလာကို တကိုယ်ကောင်းဆန်တဲ့အတ္တက နောက်ဆုံးသူ့ကိုယ်သူ စီရင်သွားရလောက်အောင် ဖျက်ဆီးလိုက်တော့တာပါပဲ။

ဒါကြောင့် "ငါ လုပ်တာမှန်မှ မှန်ပါ့မလား၊ ဘယ်နေရာမှာ အုံ့ချော်နေပါလိမ့်" ဆိုတဲ့ ပြန်လည်သုံးသပ်ဝေဖန်ချက်မှာတောင်မှ "ငါလုပ်တာ" ဆိုတဲ့ အတ္တပါလာတတ်ပါတယ်။ "ငါ" ဆိုတဲ့စကားလုံးကြောင့် ဝေဖန်ရာမှာတစ်ဖွတ်ထိုးလိုစိတ်နဲ့ မှန်တယ်လို့မိမိလိုရာဆွဲတွေးတဲ့အခြေအနေမျိုးဖြစ်လေ့ဖြစ်ထရှိပါတယ်။ ဒါပေမယ့် မှန်ကန်တဲ့ဝေဖန်သုံးသပ်ချက်ဖြစ်အောင် အရှိကိုအရှိအတိုင်း အမြင်ကြည်လင်စေရမှာဖြစ်တယ်။ တိကျတဲ့ရည်မှန်းချက်၊ ဖွဲ့လုံ့လနဲ့ သူ့ကိုယ်သူ ယုံကြည်မှုအတ္တကို ထိန်းချုပ်နိုင်မှုတွေဟာ ဟင်နရီဖို့ဒ်ရဲ့ အရည်အချင်းတွေပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ သူဟာခြေသလုံးအိမ်တိုင် အခြေအနေမဲ့အဖြစ်ကနေ မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းရှင်၊ နောက်တော့ ချမ်းသာကြွယ်ဝမှုအပေါင်းကို ပိုင်ဆိုင်သူ တစ်ယောက် ဖြစ်လာခဲ့တာပါ။

သူ့ရဲ့အတ္တဟာ တခြားမက်စ်ဖက်တာတို့၊ ရက်ဗလွန်စတဲ့ အလှအပ၊ အမွေးအကြိုင်၊ လူသုံးပစ္စည်းထုတ်လုပ်တဲ့ လုပ်ငန်းရှင်နဲ့ သဘောသဘာဝချင်း မတူညီနိုင်ပါဘူး။ ဒါကြောင့်ဖို့ဒ်ရဲ့ရုံးခန်းမှာ ဘယ်လိုအလှအပမွန်းမံပြင်ဆင်မှုမျိုးကိုမှမတွေ့ရပါ။ တကယ်တော့ ဖို့ဒ်ဟာ အကြီးအကျယ် အောင်မြင်ဖြစ်ထွန်းနေတဲ့အတွက် သူ့ကိုတွေ့ဖို့ (အကြောင်းအမျိုးမျိုးကြောင့်) ရောက်လာသူတွေဟာ ဖို့ဒ်ကိုမြင်လိုက်တာနဲ့ တစ်ပြိုင်နက် ပြီးပြည့်စုံနေတဲ့အရာတစ်ခုကို တွေ့လိုက်ရသလို အလိုလိုနေရင်း သူ့ဩဇာ သက်ရောက်မှုကိုခံကြရပါတယ်။

ဒါကြောင့်ဖို့ဒ်ကိုသူ့အတ္တထိန်းသိမ်းနိုင်တဲ့ စွမ်းအားကြောင့် ကျေနပ်နေသူတစ်ဦးလို့ သတ်မှတ်နိုင်ပါတယ်။ သူဟာစက်မှုပညာ

မှာ ကျွမ်းကျင်သူဖြစ်တယ်။ နိုင်ငံရဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်သူ့စက်မှုလုပ်ငန်းကအကျိုးပြုနိုင်ခဲ့တယ်။ ဒါတင်မကသေးဘူး။ အဲဒီ သယ်ယူပို့ဆောင်ရေး လုပ်ငန်းမှာ အလုပ်လုပ်နေကြတဲ့ လုပ်သားတွေ၊ ဝန်ထမ်းတွေအတွက်ကိုလည်း(တစ်နည်းမဟုတ်တစ်နည်းနဲ့)အလုပ်ပေးထားရာ ရောက်နေပါတယ်။ အဲဒီလုပ်သားတွေ ဝန်ထမ်းတွေဟာ ဖို့ဒ်နဲ့တိုက်ရိုက် (ဒါမှမဟုတ်) သွယ်ဝိုက်ပြီး ပတ်သက်နေကြသူတွေပါ။ ဒါကြောင့် အဲဒီလူတွေသန်းပေါင်းများစွာကို အလုပ်ပေးနိုင်ခဲ့တဲ့အတွက် ဖို့ဒ်ဟာ သူ့ကိုယ်သူကျေနပ်နေခြင်းဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဖြစ်ရပ်တစ်ခုပါ။

ဒါဟာကောင်းမွန်တဲ့အကျိုးပြု အတ္တစိတ်ပါပဲ။ ငါ့ကြောင့် သူတို့ အစာစားနေရတာ။ ငါ့ကြောင့် သူတို့အိုးနဲ့အိမ်နဲ့နေကြရတာ။ နိုင်ငံမှာ ငါ့လို စက်မှုစီးပွားရေးလုပ်ငန်းရှင်ကြီး မပေါ်ထွန်းခဲ့ရင် သူတို့အားလုံး ခြေသလုံးအိမ်တိုင်ဘဝနဲ့ ငတ်တစ်လှည့် ပြတ်တစ်လှည့်နေရလိမ့်မယ်ဆိုတဲ့ အတ္တမာနအတွေးမျိုး တစ်ခါမှမဖြစ်ပေါ်ခဲ့ဖူးတာ သေချာပါတယ်။

ဒါကြောင့် ဖို့ဒ်ဟာ သူ့အတ္တကိုထိန်းသိမ်းနိုင်ခဲ့လို့ သူ့လုပ်ငန်းအကြီးအကျယ် အောင်မြင်ခဲ့ရုံသာမက အဲဒီအတ္တကြောင့်ကျန်တဲ့ ဝန်ထမ်းတွေ လုပ်သားတွေအတွက်ပါ အကျိုးဖြစ်ထွန်းခဲ့ပါတယ်။ အဲဒီအကြောင်းနဲ့ပတ်သက်ပြီးလုပ်ဖော်ကိုင်ဖက်လုပ်ငန်းရှင်ကြီးတွေ စီးပွားရေးဆိုင်ရာ စာနယ်ဇင်းတွေက သူ့ကို အလေးအနက်ချီးကျူးဂုဏ်ပြုခဲ့ကြပါတယ်။ အဲလိုမျိုးဂုဏ်ပြုတာကို ဖို့ဒ်က ကျေကျေနပ်နပ်ခံယူခဲ့ပါတယ်။ ဒါပေမယ့် တကယ်တော့ သူလုပ်သမျှ အလုပ်တွေဟာ ဂုဏ်ပြုခံချင်လို့လုပ်တာ မဟုတ်ပါဘူး။

ကမ္ဘာကျော်စီးပွားရေးလုပ်ငန်းရှင်ကြီးတွေထဲမှာ အင်ဒရူးကာနေဂျီ၊ ဝူးလ်ဝေါ့သ်စတဲ့ ပုဂ္ဂိုလ်တွေလည်းပါဝင်ပါတယ်။ ဒါပေမယ့်သူတို့ဟာတစ်ယောက်နဲ့တစ်ယောက်လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းချင်းမတူကြပါဘူး။တစ်ယောက်နဲ့တစ်ယောက်ကွဲပြားခြားနား

ပါတယ်။ ဒါပေမယ့် အတ္တကိုထိန်းသိမ်းနိုင်ခြင်း၊ အကျိုးပြုဖြစ်စေခြင်းတို့မှာအတူတူပါပဲ။ ဟင်နရီဖို့ဒ်အပါအဝင်တချို့စက်မှုလုပ်ငန်းရှင်ကြီးတွေဟာ သဘာဝဖြစ်လေ့ဖြစ်ထရှိတဲ့အစဉ်အလာတွေကို သဘောပေါက်ကြသူများသာ ဖြစ်ပါတယ်။ နောက်ပြီး အဲဒီသဘောပေါက်မှုကိုအကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်တတ်ကြတယ်။

ဖို့ဒ်ဟာ အသိဉာဏ်ပေါင်းစပ်မှုရဲ့ အကျိုးသက်ရောက်မှုတွေကိုရေရေလည်လည်သဘောပေါက်သူတစ်ယောက်လည်းဖြစ်တယ်။ **ဒါကြောင့် သူဟာ ဟာဗေးဖိုင်းယားစတုံးအပါအဝင် တခြားစီးပွားရေးလုပ်ငန်းရှင် မိတ်ဆွေများနှင့်အတူအေးချမ်းပြီး စိတ်အနှောင့်အယှက်ကင်းတဲ့ နေရာဒေသတွေကို အခါအားလျော်စွာ စုပေါင်းခရီးထွက်လေ့ရှိပါတယ်။**

အဲဒီလို ပုဂ္ဂိုလ်တွေနဲ့အတူ ပေါင်းသင်းဆက်ဆံ ဆွေးနွေးရတဲ့အတွက် သူတို့ရဲ့အကြံဉာဏ်တွေဟာ ဖို့ဒ်အတွက်သိသိသာသာအကျိုးဖြစ်ထွန်းခဲ့ပါတယ်။ သူတို့ရဲ့ ပေါင်းသင်းဆက်ဆံရေးဟာလည်း ပိုမိုခိုင်မြဲလာပါတယ်။ ဒါဟာတစ်နည်းအားဖြင့် အတ္တကိုမထိန်းသိမ်းနိုင်ခဲ့ရင် အဲဒီလိုမိတ်ဆွေတွေနဲ့ အူလှိုက်သည်းလှိုက်ပေါင်းသင်းလို့ရမှာ မဟုတ်ပါဘူး၊ သာမာန် အပေါင်းအသင်းအဆင့်မှာပဲဖြစ်နေမှာပါ။

အတ္တကိုထိန်းသိမ်းနိုင်ဖို့နဲ့ မိနစ်နဲ့အမျှ အတ္တကိုမိမိလိုအင်ဆန္ဒအတိုင်း စေခိုင်းနိုင်သူတွေထဲမှာ ဟင်နရီဖို့ဒ်ဟာ ထိပ်ဆုံးကနေရာယူထားသူဖြစ်တယ်လို့ နပိုလီယံဟေးလ်က ပီပီပြင်ပြင် တင်ပြရေးသားခဲ့ပါတယ်။ ဒါဟာ အကြောင်းမဲ့သက်သက် ချီးမွမ်းခန်းဖွင့်တာမျိုးမဟုတ်ပါဘူး။ တကယ်တော့ နပိုလီယံဟေးလ်က ချမ်းသာကြွယ်ဝမှု အလုံးစုံပိုင်ဆိုင်စေတဲ့နည်းလမ်းအတွက် ရေးသားပြုစုဖို့ အင်ဒရူးကာနေဂျီက စေခိုင်းလိုက်ခြင်းခံရသူပါ။ အဲဒီ အချိန်ကစပြီး နပိုလီယံဟေးလ်အနေနဲ့ ချမ်းသာကြွယ်ဝစေတဲ့ နည်းလမ်းတွေကို ကမ္ဘာကျော်ပုဂ္ဂိုလ်တွေနဲ့တွေ့ဆုံပြီး အဲဒီပုဂ္ဂိုလ်တွေရဲ့ အတွေ့အကြုံ

ချမ်းသာကြွယ်ဝစေတဲ့ နည်းလမ်းတွေကို စူးစမ်းမေးမြန်း လေ့လာဆည်းပူးနာယူပြီး ရေးသားပြုစုခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့ ဖော်ပြချက်ဟာ သူတို့လိုပဲဆောင်ရွက်ရင်း အကျိုးဖြစ်ထွန်းစေမှာ သေချာပါတယ်။

နပိုလီယံဟေးလ်ရဲ့ရေးသားဖော်ပြချက်အရဟင်နရီဖို့ဒ် ဆိုတဲ့လူကြီးဟာ သူ့အတ္တကို ကမ္ဘာ့နဲ့တစ်ဝန်း အသုံးချခဲ့ပါတယ်။ အဲဒီအသုံးချနိုင်ဖို့အတွက် သူ့ကုမ္ပဏီကထုတ်လုပ်တဲ့ ကားတွေကို သိန်းနဲ့ချီပြီးကမ္ဘာ့နိုင်ငံအသီးသီးကိုတင်ပို့ရောင်းချဖို့စီစဉ်ခဲ့ပါတယ်

အဲဒီလိုထုတ်လုပ်ရောင်းချမယ့်အစီအစဉ်မှာအမျိုးသား၊ အမျိုးသမီးတွေ၊ လုပ်သားတွေ၊ ဝန်ထမ်းတွေ ထောင်နဲ့သောင်းနဲ့ချီပြီး လုပ်နိုင်မှုဖြစ်မယ်ဆိုတဲ့ အချက်ကိုလည်း ထည့်သွင်းစဉ်းစားခဲ့ပါတယ်။

အဲဒီ ကြီးကျယ်တဲ့လုပ်ငန်းပမာဏအတွက် အရင်းအနှီးငွေကြေးပမာဏဟာလည်း သိပ်ကိုများပြားနေမှာ သေချာပါတယ်။ ဒါပေမယ့်ဖို့ဒ်ဟာ အစကတည်းက မူတစ်ခု ချမှတ်ထားပါတယ်။ အဲဒါကစီးပွားရေးဆိုင်ရာမူဝါဒပါပဲ။ အဲဒီမူဝါဒကတော့သူ့လုပ်ငန်းထဲကို ပြင်ပကလူတွေ ပါဝင်ပတ်သက်လို့မရပါဘူး။

နောက်တော့သူ့လုပ်သားတွေကို ထိုက်သင့်တဲ့ တန်ရာတန်ကြေးထက် ပိုပြီး လုပ်အား[illegible]ိုးမြှင့်ပေးလိုက်တယ်။ လုပ်ငန်းဝန်းကျင်ကိုလည်း သာယာသန့်ရှင်းသပ်ရပ်နေအောင် ဖန်တီးပေးတယ်။ ဒါဟာ လုပ်ငန်းလုပ်ရာမှာ ပိုပြီး စိတ်ချမ်းသာစေနိုင်ပါတယ်။ ဒါကြောင့်ဖို့ဒ်ရဲ့လုပ်ငန်းမှာလုပ်သားတွေရဲ့ပူးပေါင်းဆောင်ရွက်မှု ပိုမိုအဆင်ပြေလာတယ်။ အဲဒီလို ပိုမိုအဆင်ပြေနိုင်ဖို့အတွက် အမြင်မကြည်လင်တဲ့ အပြုသဘောမဆောင်တဲ့ လုပ်သား အချို့ကိုလည်း လုပ်ငန်းထဲက နေရာရွှေ့ပြောင်းတာမျိုး၊ ထုတ်ဝယ် ပစ်တာမျိုးတွေ လုပ်ခဲ့ရပါသေးတယ်။

အဲဒါကတော့ ဖို့ဒ်အနေနဲ့ သူ့အတ္တကိုထိန်းသိမ်းတဲ့ အရည်

အချင်းတစ်ခုလို့ ပြောရပါလိမ့်မယ်။ လုပ်သားတွေကို အခွင့်အရေးတွေပေးတယ်။ လုပ်အားခတွေ တိုးမြှင့်ပေးတယ်။ ဒါဟာ သူ့အတ္တအကျိုးစီးပွားအတွက် အသုံးပြုတာဖြစ်တယ်။ အဲဒီအတ္တအကျိုးစီးပွားအတွက်နဲ့ပဲ လုပ်ငန်းခွင်မှာအကျိုးမပြုတဲ့ လုပ်သားတွေကိုရွှေ့ပြောင်းထုတ်ပယ်ခဲ့ပါတယ်။

ဒါဟာ အတ္တကို အလွယ်တကူ ထိန်းသိမ်းခြင်းပဲ ဖြစ်ပါတယ်။ အဲဒီထိန်းသိမ်းမှုကို လူတိုင်း အလွယ်တကူ သဘောပေါက်နိုင်ပါတယ်။ အတုခိုးပြီးလိုက်လုပ်ဖို့ရာ မခဲယဉ်းပါဘူး။ ဖို့ဒ်အောင်မြင်တဲ့အချိန်မှာ သူ့လိုပဲ မော်တော်ကားထုတ်လုပ်သူတွေအလျှိုလျှိုပေါ်လာတယ်။

ဒါပေမယ့် ရေရှည် မတည်တံ့ကြပါဘူး။ နှစ်ပိုင်းလပိုင်းအတွင်းမှာပဲ ဆုံးရှုံး ရပ်တန့်သွားကြပါတယ်။ ဖို့ဒ်ကို ယှဉ်ပြိုင်တဲ့ကားထုတ်လုပ်ရေးလုပ်ငန်းရှင်ကြီးတွေ ဘာကြောင့်ဆုံးရှုံးရပ်တန့်သွားရသလဲဆိုရင် အတ္တထိန်းသိမ်းတဲ့ သဘောသဘာဝတွေကို သဘောမပေါက်လို့ပါပဲ၊ အဲဒီလို ရပ်တန့်သွားရတဲ့လူတွေထဲမှာ ဖို့ဒ်ထက် အရည်အချင်းပိုမိုထက်မြက်တဲ့ လူတွေတောင်ပါပါသေးတယ်။ ဖို့ဒ် ရဲ့ပြိုင်ဘက်တွေထဲမှာ တစ်ယောက်ကတော့ ဖို့ဒ် နီးပါးရောက်ရှိခဲ့ပါသေးတယ်။ အဲဒီလူဟာ ဖို့ဒ်ရဲ့အောင်မြင်မှုကိုဖြတ်ကျော်နိုင်တဲ့အလားအလာကောင်းလည်းရှိနေတယ်။ သူ့အောင်မြင်မှု အရှိန်အဟုန်ဟာ အင်မတန် မြန်ဆန်ခဲ့ပါတယ်။

အဲဒီလူဟာ ဖို့ဒ်ထက် ဥပဓိရုပ်လည်း ခံ့ညားတယ်။ ပညာတတ်၊ အရည်အချင်းရှိသူဖြစ်ရုံသာမက ရောင်းချရေးဆိုင်ရာအတတ်ပညာကိုလည်း ကျွမ်းကျင်သူဖြစ်နေပါတယ်။ အဲဒီ လူဟာတစ်ချိန်က ကားအရောင်းတာဝန်ခံဖြစ်ခဲ့ဖူးတယ်။ စာခြားစက်မှုလုပ်ငန်းတွေမှာ သူ့လုပ်ဆောင်ချက်တွေဟာ အောင်မြင်နေခဲ့တယ်။

ဒါကြောင့် သူဟာငွေကြေးအရင်းအနှီးကို ဘယ်သူ့ဆီကမဆို အချိန်မရွေး လိုချင်သလောက်ယူသုံးနိုင်တဲ့ အခြေအနေမျိုးရှိနေ

တယ်။ ဒါကြောင့် တစ်ချိန်ချိန်မှာအဲဒီလူဟာ ဖို့ဒ်ကိုကျော်ဖြတ်တော့မယ်လို့ တခြားစီးပွားရေးလုပ်ငန်းရှင်တွေက တစ်ပေးနေကြပါပြီ။

အဲဒီလူရဲ့ဆန္ဒပြင်းထန်တဲ့ အတ္တကြောင့် ရည်မှန်းချက်နဲ့စွမ်းအင်ဟာ အဆမတန် မြင့်မားနေတယ်။ သူဟာ အမေရိကန်နိုင်ငံမှာ ထိပ်ဆုံးမော်တော်ကား ထုတ်လုပ်ရောင်းချသူဖြစ်ဖို့ သိပ်ကိုနီးကပ်လာပါပြီ။

ဒါပေမယ့် သူဟာမမျှော်လင့်ဘဲ မော်တော်ကားထုတ်လုပ်မှုနယ်မြေကနေ လုံးလုံးလျားလျားပျောက်ကွယ်သွားရပါတယ်။ အဲဒီဖြစ်ရပ်ကို သုံးသပ်ကြည့်တဲ့အခါမှာ အလွန်တရာ အဖိုးတန်တဲ့ လက်တွေ့သင်ခန်းစာတစ်ခု ရရှိနိုင်ပါတယ်လို့ နပိုလီယန်ဟေးလ်ရဲ့ စာအုပ်ထဲမှာဖော်ပြခဲ့ပါတယ်။

အဲဒီ သင်ခန်းစာကတော့…

အရှိန်အဟုန်နဲ့အောင်မြင်မှုဟာ တစိမ့်စိမ့် တိုးတက်လာတာနဲ့လုံးဝမတူပါဘူး။ တစ်ဆင့်ပြီးတစ်ဆင့် လှေကားတစ်ထစ်ချင်းမြင့်လာတာနဲ့မတူပါဘူး။ အဲဒီအောင်မြင်မှုအရှိန်အဟုန်ဟာ ဦးနှောက်ထဲကို ရုတ်တရက်တိုးဝင်သွားခဲ့ပါတယ်။ ဒါကြောင့်အတ္တဟာဖြစ်သင့်တာထက်ပိုပြီး အဆပေါင်းများစွာ ကြီးထွားခဲ့လို့ ပွင့်ထွက်သွားတဲ့ သဘောမျိုးဖြစ်ပါတယ်။

ရှင်းရှင်းပြောရရင် ဘပမြင့်ပြီး အောက်ခြေလွတ်လောက်အောင် အောင်မြင်သွားခြင်းဖြစ်ပါတယ်။ ဒါဟာအတ္တကို ထိန်းသိမ်းနိုင်စွမ်းမရှိတာပါပဲ။ အဲဒီလို မထိန်းနိုင်မသိမ်းနိုင် ရူးသွပ်တဲ့အထိ ဖြစ်သွားနိုင်ပါတယ်။

ဟင်နရီဖို့ဒ်ကတော့ သူ့အောင်မြင်မှုအတွက် သိမ်သိမ်မွေ့မွေ့ အသုံးချလေ့ရှိတယ်။ အတ္တကိုကိုင်တွယ်ရာမှာလည်း ညင်သာတယ်။ အတ္တကိုသူဖြစ်စေချင်သလိုနိုင်နိုင်နင်းနင်းပုံစံသွင်းခဲ့တယ်။

အဲဒီအချက်က ဟင်နရီဖို့ဒ်ကို ဆက်လက်ရေရှည်တည်တံ့ခိုင်မြဲစေခြင်း ဖြစ်စေနိုင်ခဲ့တယ်။ ဟင်နရီဖို့ဒ်ရဲ့ ပြိုင်ဘက်ကျဆုံးသွား

တာဟာ အတ္တကို မထိန်းနိုင်မသိမ်းနိုင်လို့ပါပဲ။

တကယ်တော့ အောင်မြင်ခြင်းနဲ့ကျရှုံးခြင်းဟာ ပြဒါးတိုင်တစ်ခုရဲ့ အစွန်းတစ်ဖက်ဆီမှာတည်ရှိတဲ့ အပူနဲ့အအေးဆန့်ကျင်ဘက်အတိုင်းဖြစ်တည်နေပါတယ်။ အဲဒီ အစွန်းတစ်ဖက်ဆီမှာ တည်ရှိနေတဲ့ အစွန်းတရားနှစ်ခုကို မျှမျှတတသဟဇာတဖြစ်လေအောင် ထိန်းသိမ်းကိုယ်တွယ်မှုဟာ အကျိုးဖြစ်ထွန်းမှာပါ။ အကျိုးဖြစ်ထွန်းမှုဆိုတာကတော့ ကြွယ်ဝချမ်းသာမှုအပေါင်းကို ပိုင်ဆိုင်ခြင်းပဲဖြစ်တယ်။

စီးပွားရေးလုပ်ငန်းရှင်ကြီးတွေဟာလုပ်ငန်းတစ်ခုခုအကောင်အထည်ဖော်ရာမှာဖြစ်စေ၊ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်အမြတ်ထုတ်ဖို့ဖြစ်စေ ပါတီပွဲတွေ ကျင်းပလေ့ရှိပါတယ်။ နယူးယောက်မြို့ရဲ့ ကြယ်ငါးပွင့်အဆင့်ရှိတဲ့ဟိုတယ်ကြီးတွေမှာ ခမ်းခမ်းနားနားကျင်းပကြတာပါ။

အဲဒီလို ပါတီပွဲကြီးတွေမှာ ဟင်နရီဖို့ဒ်ကိုလည်း မမေ့မလျော့ဖိတ်ကြပါတယ်။ ဒါပေမယ့် ဟင်နရီဖို့ဒ်က ဘယ်တော့မှတက်ရောက်လေ့မရှိပါဘူး။

စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်တွေနဲ့ အကြောင်းတွေကို ဦးစားပေးဖော်ပြကြတဲ့ စာနယ်ဇင်းတွေရှိပါတယ်။

အဲဒီ စာနယ်ဇင်းတွေမှာ ဖို့ဒ် ပါတီတက်လာတဲ့သတင်းဓါတ်ပုံ ဘယ်တော့မှမတွေ့ရပါဘူး။ သူဟာ စီးပွားရေးသမားအချင်းချင်းလေးစားရတဲ့ အဆင့်ရောက်နေပေမယ့် ခမြဲတမ်း တည်တည်ငြိမ်ငြိမ်ပြန်လည်ဆက်ဆံလေ့ရှိပါတယ်။ ဘယ်တော့မှ မာန်မာနကြီးတဲ့ အသွင်သဏ္ဌာန်မတွေ့ရပါဘူး။

ဒါကြောင့်လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေပြည့်လျှမ်းနေတဲ့သူနဲ့ ခေတ်ပြိုင်လုပ်ငန်းရှင်ကြီးတွေဟာ အိုမင်းရင့်ရော်လာကြတဲ့အချိန်မှာ ဖို့ဒ်ဟာ ကြံ့ခိုင်သန်စွမ်းဆဲ သွက်သွက်လက်လက်လှုပ်ရှားနိုင်ဆဲပဲဖြစ်နေပါတယ်။ ခန္ဓာကိုယ်ရော စိတ်ခွန်အားရောပြည့်ဝနေပါတယ်။ ဒါဟာသူ့အတ္တကို သူဖြစ်ချင်သလို မိနစ်ပိုင်းနဲ့အ

မှု ထိန်းသိမ်းနိုင်ခဲ့လို့ပါပဲ။

သူနဲ့စီးပွားပြိုင်ဘက် စက်မှုလုပ်ငန်းရှင်ကြီးတွေ အတော်များများဟာ ဖို့ဒ်နဲ့နှိုင်းယှဉ်လိုက်ရင် ဒုတိယအဆင့်မှာပဲ ရှိနေကြပါတယ်။ ဖို့ဒ်ရဲ့လွှမ်းမိုးမှုဟာ စက်မှုခေတ်တစ်ခေတ်မှာ အမှန်တကယ်ဖြစ်ပေါ်ခဲ့ပါတယ်။ ဖို့ဒ်ကို အရမ်းလေးစားတဲ့ လုပ်ငန်းရှင်တချို့ဟာ ဖို့ဒ် လုပ်နည်းကိုင်နည်းအတိုင်း အတုခိုးကြပါတယ်။ တစ်သဝေမတိမ်းတူညီအောင် ဆောင်ရွက်ကြပါတယ်။ ဒါပေမယ့် ဖို့ဒ်လိုဖြစ်မလာတာဟာအချက်တစ်ချက်ကြောင့်ပါပဲ။ အဲဒီအချက်ကတော့အတ္တကို အချိန်နဲ့အမျှ ထိန်းသိမ်းနိုင်စွမ်းမရှိလို့ပါပဲ။

အတ္တကို ထိန်းသိမ်းတဲ့အချက်ဟာ အရမ်းခက်ခဲနေသလားလို့ စဉ်းစားစရာဖြစ်နေပါတယ်။ ဒါပေမယ့် မလွယ်တာတော့သေချာပါတယ်။ မလွယ်တာကို လွယ်ကူအောင် လုပ်လို့ရပါတယ်။ စိတ်အာရုံကို ထိန်းသိမ်းဖို့ရယ်၊ နောက်ပြီးမိမိကိုယ်ကို အစဉ်သဖြင့် ဝေဖန်သုံးသပ်ဖို့ရယ်၊ လုပ်ဆောင်ရမှာကတော့ဒါလောက်ပါပဲ။ တခြားစက်မှုအရင်းရှင် အတော်များများဟာ လုပ်ငန်းအောင်မြင်တာနဲ့အမျှ အတ္တကိုအလေးအနက်ထိန်းသိမ်းဖို့ ပျက်ကွက်လာကြတယ်။ အတ္တမာနတွေ တက်လာကြတယ်။

"ငါမှငါ..ငါ တယ်ဟုတ်ပါလား" ဆိုတဲ့ မိမိလုပ်ရပ်တွေအတိုင်းအတာတစ်ခုအထိ အောင်မြင်ချိန်မှာစည်းကမ်းတွေထိန်းသိမ်းမှုတွေလွှတ်လာကြတယ်။ အဲဒီလိုဖြစ်တာနဲ့တစ်ပြိုင်နက် ကျရှုံးခန်းဟာထပ်ဆင့်ဖြစ်ပေါ်လာတော့တာပါပဲ။ အဲဒီလိုမလွှတ်အောင် ထိန်းသိမ်းဖို့ပါပဲ။ ဒါကြောင့် ချမ်းသာကြွယ်ဝမှုအပေါင်းကို ပိုင်ဆိုင်ဖို့ကြိုးစားနေသူဟာ အချိန်အခါမရွေး မိမိအတ္တကိုထိန်းသိမ်းချုပ်ကိုင်ထားဖို့နဲ့ မိမိဖြစ်စေချင်သလို အတ္တကိုနိုင်းနိုင်ဖို့ပါပဲ။

ဟင်နရီဖို့ဒ်ရဲ့ ငယ်စဉ်ဘဝကို လူတိုင်းလိုလိုသိထားကြပါတယ်။ ဆင်းရဲချို့ငဲ့နွမ်းပါးတဲ့ ဘဝကစခဲ့တာပါ။ ပညာအရည်အချင်းကလည်း အထက်တန်းပညာအဆင့်အထိ သင်ယူခဲ့ဖူးသူလည်းမဟုတ်

ပါဘူး။ ငွေကြေးအရင်းအနှီးဆိုတာ မူးလို့တောင် ရှုစရာမရှိခဲ့ပါဘူး။ မိသားစုရဲ့အရှိန်အဝါကအစ လုံးဝမရှိတဲ့ သူလိုလူတစ်ယောက်ဟာ စက်မှုအရင်းရှင်လောကမှာ အရှိန်အဝါအကြီးဆုံး၊ အအောင်မြင်ဆုံး ချမ်းသာကြွယ်ဝမှုအပေါင်းကို ပိုင်ဆိုင်ထားတယ်။ ဒါကို လူတိုင်း ကအံ့အားသင့်နေကြပါတယ်။ တကယ်တော့ သူ့မှာတိကျခိုင်မာတဲ့ ရည်မှန်းချက်၊ အနစ်နာခံပြီး ဆောင်ရွက်နိုင်တာရယ်၊ နောက်ပြီးအ သိဉာဏ်ပေါင်းစပ်ခြင်းလည်း ရှိတယ်။ အဲဒီအချက်တွေနဲ့ ပြည့်စုံ နေတဲ့ ဖို့ဒ်ဟာ စီးပွားရေးလောကကြီးတစ်ခုလုံးကို တစ်ခေတ်မှာ လွှမ်းမိုးနိုင်ခဲ့တာ အံ့ဩစရာမဟုတ်ပါဘူး။

ဟင်နရီဖို့ဒ်နဲ့ပတ်သက်လို့ စေ့စေ့စပ်စပ် ပြည့်ပြည့်စုံစုံစူး စမ်းလေ့လာပြီး ကိုယ်တိုင်ကိုယ်ကျ ဆွေးနွေးမေးမြန်းခဲ့တဲ့ နပိုလီ ယံဟေးလ်ရဲ့တင်ပြချက်တွေဟာ ချမ်းသာကြွယ်ဝချင်တဲ့ လူတွေအ တွက် အင်မတန် သိသင့်သိထိုက်တဲ့ အချက်အလက်တွေဖြစ်ပါတယ်။ ချမ်းသာကြွယ်ဝမှုအလုံးစုံကိုပိုင်ဆိုင်နေကြတဲ့ကမ္ဘာကျော်စီးပွားရေး လုပ်ငန်းရှင်တိုင်းက **အသိဉာဏ်ပေါင်းစပ်မှု** ဆိုတဲ့ သဘောတရားနဲ့ တစ်ယောက်မှမကင်းကြပါဘူး။

အဲဒီ…အသိဉာဏ်ပေါင်းစပ်မှုဆိုတဲ့သဘောတရားကိုလုံး ဝလက်လွှတ်ရင် ချမ်းသာကြွယ်ဝမှုလုပ်ဆောင်တဲ့နေရာမှာ ထူးထူး ကဲကဲအောင်မြင်နိုင်မှာ မဟုတ်ပါဘူး။

အများအားဖြင့် တခြားချမ်းသာကြွယ်ဝနေကြသူ လုပ်ငန်း ရှင်တွေဟာ သူတို့ရဲ့လုပ်ဖော်ကိုင်ဖက်တွေ၊ လုပ်ငန်းရှင်အချင်းချင်း တွေ၊ သူတို့ရဲ့စီးပွားရေးအကြံပေးပုဂ္ဂိုလ်တွေနဲ့ လစဉ် (လိုအပ်ရင်) အပတ်စဉ် တိုင်ပင်ဆွေးနွေးပြီး **အသိဉာဏ်ပေါင်းစပ်မှု**က ရရှိလာတဲ့ အကြောင်းတရားတွေနဲ့ အကျိုးဖြစ်ထွန်း ဆောင်ရွက်လေ့ရှိပါတယ်။

မစ္စတာဖို့ဒ်ကတော့**အသိဉာဏ်ပေါင်းစပ်မှု**ကိုဖန်တီးရာမှာ သူနဲ့ အနီးကပ်ဆုံးနေရာမှာရှိနေတဲ့ မစ္စက်ဖို့ဒ်ရဲ့ အကြံဉာဏ်ကိုရယူ လေ့ရှိပါတယ်။ ဒါဟာတခြားလုပ်ငန်းရှင်ကြီးတွေနဲ့မတူတဲ့ အချက်

တစ်ချက်လည်းဖြစ်ပါတယ်။

တခြား စီးပွားရေးလုပ်ငန်းရှင်ကြီးတွေက လုပ်ငန်းနဲ့အိမ်ထောင်ရေးကို ဘယ်တော့မှရောနှောလေ့မရှိပါဘူး။ အထူးသဖြင့် သူတို့ရဲ့ဇနီးတွေကို သူတို့စီးပွားရေးလုပ်ငန်းထဲမှာ ဝင်ရောက်စွက်ဖက်ခွင့်မပြုဘဲ ဇနီးပေးမယ့်အကြံဉာဏ်ကိုလည်း လက်ခံလေ့မရှိကြပါဘူး။ သူတို့ရဲ့ဇနီးအတွက် ဘဏ်စာရင်းလုံလောက်အောင်ပဲ ဖွင့်ပေးလေ့ရှိတယ်။ **Joint Account**သဘောမျိုး ပူးတွဲငွေစာရင်းဖွင့်ထားပါတယ်။ တကယ်လို့ သူပေးထားတဲ့ အတိုင်းအတာနဲ့သုံးဖို့မလုံလောက်ရင် (နိုင်မာတဲ့အကြောင်းပြချက်အပေါ် မူတည်ပြီး)အပိုထပ်ဆောင်းပြီး သုံးခွင့်ပြုပါတယ်။အိမ်ထောင်ရေးနဲ့စီးပွားရေးလုပ်ငန်းကို ကဏ္ဍတစ်ခုစီ သီးသီးသန့်သန့် ခွဲခြားသတ်မှတ်ထားကြပါတယ်။

ဖို့ဒ်ကတော့ သူနဲ့သူ့ဇနီးသည်ဟာ လင်မယားအဖြစ်နဲ့သာမကဘဲ တိုင်ပင်ဖော်တိုင်ပင်ဖက်အဖြစ်နဲ့လည်း နေရာပေးထားပါတယ်။ တစ်ခါတစ်လေ သူ့လုပ်ငန်းမှာတွေ့ကြုံရတဲ့ အခက်အခဲတစ်ချို့ကိုတောင်မှ သူ့ဇနီးမစ္စက်ဖို့ဒ်ကိုပြောပြလေ့ရှိ တယ်။ အထူးသဖြင့် သူ့ဇနီးနဲ့သူနဲ့ တွေ့ဆုံရတဲ့အချိန်ဟာ မနက်အိပ်ရာထအပြီး လုပ်ငန်းခွင်ကိုမသွားခင်အချိန်ထိတစ်ချိန်၊ လုပ်ငန်းခွင်ကပြန်လာတဲ့အခါအနားယူအပန်းဖြေ၊ ညစာစားပြီး အိပ်ရာမဝင်မီ တစ်ချိန်၊ စုစုပေါင်းနှစ်ချိန်ပဲဖြစ်ပါတယ်။

အဲဒီနှစ်ချိန်မှာ ဒုတိယအချိန်ဖြစ်တဲ့ ညစာစားအပြီးမှာ သူတို့ဇနီးမောင်နှံအတွက် လောလောဆယ် ဘာတာဝန်မှမရှိကြတော့ပါဘူး။

အဲဒီအချိန်မှာသူတို့လင်မယားနှစ်ဦးဟာအေးအေးဆေးဆေး တိတ်တိတ်ဆိတ်ဆိတ် အနှောင့်အယှက်ကင်းမဲ့စွာ တိုင်ပင်ဆွေးနွေး အကြံဉာဏ်နှီးနှောဖလှယ်မှု ပြုလုပ်ကြပါတယ်။

ဖို့ဒ်ရဲ့ဇနီးဟာ ပညာရေး ထူးချွန်သူဖြစ်ပါတယ်။ အတွေး

အခေါ် ဉာဏ်ရည်အဆင့်မြင့်သူလည်းဖြစ်ပါတယ်။ ဒါကြောင့်တစ်ခါတလေ ဖို့ဒ်အတွက် လိပ်ခဲတည်းလည်း ဖြစ်ပေါ်နေတဲ့ကိစ္စတွေကို မစွက်ဖို့ဒ်က အကြံပေးဖြေရှင်းနိုင်ပါတယ်။ ဒါဟာ ဖို့ဒ်ဟာ ပါးနပ်လိမ္မာစွာနဲ့ သူ့ဇနီးကို အသိဉာဏ်ပေါင်းစပ်မှုအတွက် နေရာပေးထားပြီး ဇနီးရဲ့အကြံဉာဏ်ကို သူ့အတွက် (တစ်နည်းအားဖြင့်) သူ့လုပ်ငန်းခွင်အတွက် အကျိုးဖြစ်ထွန်းလာအောင် ဆောင်ရွက်လိုက်တာပဲဖြစ်ပါတယ်။

သူ့ဇနီးမစွက်ဖို့ဒ်ဟာ ဘာကြောင့်ဟင်နရီဖို့ဒ်ကို အကြံပေးနိုင်လောက်အောင် ဖြစ်နေရတာလဲဆိုတဲ့အချက်ကို နပိုလီယံဟေးလ်က လွယ်လွယ်ကူကူထောက်ပြနိုင်ပါတယ်။ ဖို့ဒ်ဟာ စီးပွားရေးလုပ်ငန်းတစ်ခုလုံးကို တာဝန်ယူဆောင်ရွက်နေသူ တစ်ယောက်ဖြစ်တယ်။

နောက်ပြီးအဲဒီလုပ်ငန်းဟာအဆမတန်ကြီးကျယ်နေပါတယ်။

......

နိုင်ငံတစ်ဝန်းလုံးသာမက နိုင်ငံတကာအဆင့်အထိ ကျယ်ပြန့်နေပါတယ်။အဲဒီလိုလူစားရဲ့ဦးနှောက်ထဲမှာလုပ်ငန်းနဲ့ပတ်သက်တဲ့အချက်အလက်တွေ အားလုံးပြည့်သိပ်နေအောင် ထည့်ထားရပါတယ်။ ဖို့ဒ်တို့ခေတ်မှာ ကွန်ပျူတာ မပေါ်သေးပါဘူး။ ဒါကြောင့် ရုတ်တရက်မမျှော်လင့်ဘဲ မမျှော်လင့်ထားတဲ့ နေရာအစိတ်အပိုင်းကလေး တစ်ခုကဖြစ်ပေါ်လာတဲ့ ပြဿနာအတွက် ဘယ်လိုဖြေရှင်းမလဲဆိုတဲ့အဖြေကို ဖို့ဒ်ဦးနှောက်ထဲမှာ လောလောဆယ်ထည့်မထားနိုင်သေးပါဘူး။

မစွက်ဖို့ဒ်ကတော့ သူ့ရဲ့စံအိမ်နဲ့ပတ်သက်တဲ့ စီမံခန့်ခွဲရေးတာဝန်ဝတ္တရားတွေကို နေ့တစ်နေ့ရဲ့မနက်ပိုင်းထဲက ဆောင်ရွက်ပြီးစီးသွားပါပြီ။ချက်ပြုတ်ရေးကိစ္စကိုချက်ပြုတ်သူတို့ထပ်ဆင့်တာဝန်ခွဲဝေပေးထားတယ်။ လျှော်ဖွပ်ရေးကိစ္စကို အဝတ်လျှော်သူကို စေခိုင်းပြီးပြီ။

အိမ်တွင်း သန့်ရှင်းရေး၊ အိမ်ပြင်ဘက်မှာရှိတဲ့ ခြံဝင်းသန့်

ရှင်းရေး၊ ပန်းဥယျာဉ်စိုက်ခင်းအတွက် စတဲ့ လုပ်ငန်းတွေအတွက် လည်း အသီးသီး တာဝန်ခွဲပေးပြီးဖြစ်ရတယ်။ ဖို့ဒ်ရဲ့စံအိမ်မှာ သူ့ တာဝန်နဲ့သူခွဲဝေစေခိုင်းထားတဲ့အိမ်ဖော်နှစ်ယောက်လည်းရှိပါတယ် အဲဒီအိမ်ဖော်တွေဟာ သူ့တာဝန်နဲ့သူ အကွက်စေ့စေ့ လုပ်နိုင်ကြသူ ချည်းပါပဲ။

ဒါကြောင့်မစ္စက်ဖို့ဒ်ဟာ မနက်စာစားပြီးချိန်ကစပြီး သူမ ရဲ့ဦးခေါင်းထဲမှာ ဘာကိုမှထည့်ထားစရာမရှိပါဘူး။ ဦးနှောက်ထဲမှာ ရှင်းနေပါတယ်။ ဒါကြောင့်မစ္စက်ဖို့ဒ်အတွက် ထစ်ထစ်ငေါ့ငေါ့ဖြစ် လာတဲ့ပြဿနာအသေးအမွှားလေး တစ်ခုနှစ်ခုလောက်ကိုဦးနှောက် ထဲထည့်ပြီး လွယ်လွယ်ကူကူ ဖြေရှင်းနိုင်တာပဲဖြစ်ပါတယ်။

ဒါဟာ…ဖို့ဒ်အတွက်အထူးအသုံးဝင်တဲ့ ဇနီးဖြစ်ပါတယ်။ တစ်နည်းပြောရရင် သူ့ဇနီးဆီကရလာတဲ့ အသိဉာဏ်ပေါင်းစပ်မှု ကြောင့် အဆင်ပြေနေပါတယ်။ အဲဒီလို မှန်မှန်ကန်ကန်အကူအညီ ပေးလေ့ရှိတဲ့ မစ္စက်ဖို့ဒ်ရဲ့ ဩဇာသက်ရောက်မှုဟာ ဖို့ဒ်အပေါ်မှာ အထိုက်အလျောက် လွှမ်းမိုးနေပါတယ်။ ဒါပေမယ့် အဲဒီလွှမ်းမိုးမှု ဟာ ချုပ်ကိုင်မှုမဟုတ်ပါဘူး။ ဖို့ဒ်အတွက် အကျိုးဖြစ်ထွန်းမှု တစ် ရပ်ပါပဲ။

တစ်နည်းအားဖြင့်ပြောရမယ်ဆိုရင် ဖို့ဒ်မှာ မစ္စက်ဖို့ဒ်ဆိုတဲ့ ဇနီးသာမရှိခဲ့ရင် အောင်မြင်မှုတွေဟာ အခုလိုဆယ်စုနှစ်ပေါင်းများ စွာ တည်တံ့နိုင်ဖို့ ခက်ခဲပါလိမ့်မယ်။ ဖို့ဒ်အင်ပါယာဟာလည်း ဒီ လောက်ကြီးကျယ်လာမှာမဟုတ်ပါဘူး။ ဖို့ဒ်ဟာအကြီးအကျယ်ချမ်း သာကြွယ်ဝမှုဖြစ်ထွန်းခဲ့သူ ဖြစ်ပါတယ်။ ဒါပေမယ့် သူ့စီးပွားရေး လုပ်ငန်းတစ်လျှောက်လုံး နှစ်ပေါင်း(၆၀)ခန့်အတွင်းမှာ အမှားအ ယွင်းမဖြစ်ခဲ့ဖူးဘူးလို့ အတိအကျပြောလို့မရပါဘူး။ သူဟာလူသား တစ်ယောက်ဖြစ်တဲ့အတွက် အမှားကျူးလွန်ခဲ့ပါသေးတယ်။ အဲဒီအ မှားတွေထဲမှာ နှစ်ကြိမ်တိုင်တိုင် အကြီးအကျယ် ပြဿနာတက်ခဲ့ ဖူးပါတယ်။ မှားယွင်းတဲ့ သန္နိဋ္ဌာန်ချမှုကြောင့်လို့ ဖို့ဒ်ကဝန်ခံခဲ့တယ်။

ဒါပေမယ့် အဲဒီအချိန်ကစပြီး တတ်နိုင်သမျှအမှားနည်းအောင်၊ နောက်ပြီး အဲဒီနည်းပါးတဲ့အမှားဟာ (ပြန်လည်ပြုပြင်လို့ရတဲ့) အသေးအဖွဲ့အမှားများသာ ဖြစ်အောင်၊ သူ့ကိုယ်သူ ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့အမှားဟာ အတ္တ ထိန်းချုပ်မှုလွန်ကဲခြင်းကြောင့်ဖြစ်ရတယ်လို့ ယူဆစရာအကြောင်းရှိပါတယ်။

ဒါကြောင့်ချမ်းသာကြွယ်ဝမှုအလုံးစုံကိုပိုင်ဆိုင်ချင်တဲ့ လူတိုင်းသတိပြုရမှာက မိမိအတ္တကိုမထိန်းချုပ်ဘဲ လွှတ်ထားခဲ့ရင် အတ္တလွန်ကဲပြီး မိမိရဲ့အောင်မြင်မှုကိုစောစောစီးစီး ပျက်စီးသွားစေနိုင်ပါတယ်။ အတ္တကိုထိန်းချုပ်မှုလွန်ကဲသွားရင်လည်း ဘောင်ခတ်ထားတဲ့အတ္တနဲ့အတူ မိမိပါ ဘောင်ခတ်ခံရမယ့်အခြေအနေမျိုး ဖြစ်ပေါ်နိုင်ပါတယ်။ ဒါကြောင့် အဲဒီလိုမျိုးမဖြစ်ပေါ်ရအောင် အတ္တကိုထိန်းချုပ်ကိုင်တဲ့အခါ မိမိလည်းထိန်းချုပ်မခံရအောင် သတိထားရမှာဖြစ်ပါတယ်။ အတ္တကိုမိမိဖြစ်စေချင်တဲ့ ပုံသဏ္ဌာန်ကိုဖန်တီးနိုင်ပါတယ်။ ပုံဖော်နိုင်ပါတယ်။ ဒါပေမယ့် အဲဒီဖန်တီးချက်ဟာ မိမိကိုဖြစ်စေ၊ မိမိနဲ့လုပ်ဖော်ကိုင်ဖက်ကိုဖြစ်စေ ထိခိုက်နစ်နာဆုံးရှုံးစေတဲ့ အဖြစ်မျိုးကိုမဖြစ်ရအောင် သတိပြုဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဟင်နရီဖို့ဒ်ရဲ့အိမ်ထောင်ရေးဟာ အသိဉာဏ်ပေါင်းစပ်မှုအရ မရှိမဖြစ်လိုအပ်နေတဲ့အကြောင်းကို ရှေ့ပိုင်းမှာဖော်ပြခဲ့ပြီးပါပြီ။ အဲဒီ အကြောင်းနဲ့ပတ်သက်ပြီး သင့်အတွက်ပိုပြီး အကျိုးဖြစ်ထွန်းအောင် တင်ပြပါ့မယ်။

လူသားဟာတစ်ဦးတည်း ဖြစ်ပေါ်လာတာ မဟုတ်ကြောင်းကို အကျယ်ချဲ့ပြောဖို့မလိုပါဘူး။ ဒါပေမယ့်မိသားစုနဲ့ဖြစ်စေ၊ အိမ်ထောင်ရေးနဲ့ဖြစ်စေ တစ်မျိုးမျိုးနဲ့ ပတ်သက်ဆက်နွယ်နေကြပါတယ်။ အဲဒီလို ပတ်သက်ဆက်နွယ်နေတဲ့အတွက် သင့်ရဲ့ချမ်းသာကြွယ်ဝမှုအလုံးစုံဖြစ်ဖို့ဆောင်ရွက်ရာမှာ အဲဒီ အိမ်ထောင်ရေးဟာ အရေးပါတဲ့ အပိုင်းကဏ္ဍတစ်ခု ဖြစ်နေရပါတယ်။

စီးပွားရေးဆိုင်ရာကိစ္စ၊ စိတ်ပိုင်းဆိုင်ရာဖြစ်စဉ်နဲ့ရုပ်ဝတ္ထု

ဖွဲ့စည်းမှုတွေဟာ လူတိုင်းအတွက်အရေးကြီးနေပါတယ်။

အဲဒီ ကိစ္စဖြစ်စဉ်၊ ဖွဲ့စည်းမှုတွေ အားလုံးပါဝင်နေတာက အိမ်ထောင်ရေးပါပဲ။

ဟင်နရီဖို့ဒ်လိုမျိုး ကမ္ဘာကျော် စီးပွားရေးလောကရဲ့အောင်မြင်မှု၊ ချမ်းသာကြွယ်ဝမှုအလုံးစုံရရှိထားတဲ့ လူတစ်ယောက်ဟာ အသိဉာဏ်ပေါင်းစပ်မှုအတွက် ပထမဦးဆုံးစတင် အခြေခံတာဟာ သူ့အိမ်ထောင်ရေးဖြစ်ပါတယ်။ ဒါတွေကို ပြီးခဲ့တဲ့စာမျက်နှာမှာ ဖော်ပြခဲ့ပြီးပါပြီ။

သူ့လို ကြီးကျယ်တဲ့လုပ်ငန်းရှင်တစ်ယောက်ဟာ အသိဉာဏ်ပေါင်းစပ်မှုအတွက် ဇနီးမစ္စက်ဖို့ဒ်ကိုစပြီး အခြေခံပါတယ်။

ဒါကြောင့် ဖို့ဒ်လိုပဲ ကြွယ်ဝချမ်းသာမှုအလုံးစုံကို လက်ဝယ်ရရှိဖို့ ဆောင်ရွက်တဲ့အခါမှာ စိတ်စွမ်းအင်ဖြစ်ပေါ်လာစေဖို့အတွက် သင့်အိမ်ထောင်ရေးကနေ စတင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**"လင်နဲ့မယားလျှာနဲ့သွား"** လို့ စကားပုံတစ်ခုက ဆိုထားပါတယ်။ အဓိပ္ပာယ်ကမကြာခဏ ထိမိ၊ တိုက်မိ၊ ကိုက်မိကြပါတယ် ရန်မဖြစ်ဖူးဘူး၊ စကားမများဖူးဘူးတဲ့ အိမ်ထောင်ရေးဆိုတာ မရှိပါဘူးလို့ ပြောကြတယ်။

အလုံးစုံပြည့်စုံနေတဲ့ ဘုရင်နဲ့မိဖုရား၊ အိမ်ရှေ့စံနဲ့တော်ဝင်မင်းသမီးတို့တောင် တကျက်ကျက်ဖြစ်ကြတယ်။ လမ်းခွဲကြတယ်ဆိုတာတွေဟာ တကယ်တော့ ရုပ်ဝတ္ထုပစ္စည်းသာ ပြည့်စုံနေကြပြီး စိတ်ပိုင်းဆိုင်ရာ ပေါင်းစပ်မှုချို့ယွင်းနေတာက အဓိကပါ။

လင်နဲ့မယားတစ်ဦးနဲ့တစ်ဦး ယုယကြင်နာမှု၊ မြတ်နိုးလေးလာမှု၊ အပြန်အလှန်စာနာထောက်ထားမှုတွေရှိနေဖို့ လိုအပ်ပါတယ်။ အဲဒီအချက်တွေသာ ပြည့်စုံနေတယ်ဆိုရင် လင်ယောကျ်ားရဲ့ချမ်းသာကြွယ်ဝဖို့ ရည်မှန်းချက်ဟာ အမြန်ဆုံးအောင်မြင်နိုင်မှာ သေချာပါတယ်။

ဒါကြောင့် အောင်မြင်မှု ရည်မှန်းချက် ကြီးကြီးထားပြီး

ဆောင်ရွက်နေတဲ့ လင်ယောကျ်ားတစ်ယောက်ဟာ သူ့ဇနီးမယားနဲ့ အိမ်ထောင်ရေးအဆင်မပြေရင် အောင်မြင်မှုကြီးပမ်းရာမှာ ထစ်ထစ်ငေါ့ငေါ့နဲ့ အဆင်မပြေဖြစ်နေမှာပါ။ ဒါဟာအရေးပါတဲ့အချက်တစ်ခု ဖြစ်နေပါတယ်။ အကောင်းဆုံးကတော့ ချို့ငဲ့နွမ်းပါးနေတဲ့ ဘဝကနေ ချမ်းသာကြွယ်ဝတဲ့အခြေအနေကိုရောက်ဖို့အတွက် လင်မယား နှစ်ယောက်စလုံး ပေါင်းသင်းဆက်ဆံရေးပြေလည်နေရပါမယ်။

ဇနီးမယားကို မိမိကြိုက်တဲ့ပုံစံမျိုးဖြစ်အောင် ဖန်တီးနိုင်သူကလင်ယောကျ်ားပဲဖြစ်ပါတယ်။ အဲဒီလိုမျိုးနည်းတူ လင်ယောကျ်ားကို ဆွဲဆောင်စည်းရုံးနိုင်သူဟာလည်း ဇနီးမယားပဲ ဖြစ်နေပါတယ်။

လင်နဲ့မယားဟာ မိသားစုတစ်ခုစီကပေါက်ဖွားကြတဲ့ သူစိမ်းတွေဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီ သူစိမ်းအချင်းချင်းချစ်မြတ်နိုးမှုအရင်းခံပြီးအတူတကွပေါင်းသင်းနေထိုင်ကြတာဖြစ်တဲ့အတွက် အရင်းနှီးဆုံးသူစိမ်းတွေပါပဲ။ မိဘ၊ ဆွေမျိုးသားချင်း၊ အရင်းအချာတွေထက်တောင် ရင်းနှီးချစ်ခင်စုံမက်ကြပါတယ်။

ဒါကြောင့် အဲဒီအကြောင်းရင်းကို ပြန်ကြည့်မယ်ဆိုရင် ငယ်စဉ်ကလေးဘဝကတည်းက သံယောဇဉ်ကြီးစွာနဲ့ အတူနေခဲ့ကြတဲ့ အသိုက်အဝန်းတစ်ခုလုံးထဲကနေ လင်မယားအချစ်တစ်ခုတည်းနဲ့ ခွဲခွာလာခဲ့ကြတယ်။ ဘယ်လို ဆွေမျိုးသားချင်းအပေါင်းအသင်းတွေရဲ့ ဆက်ဆံပေါင်းသင်းမှုချင်းနဲ့မှမတူတဲ့ အရင်းနှီးဆုံးဘဝနဲ့အေးအတူပူအမျှ နေလာကြတယ်။

နောက်ပြီး စိတ်ဓါတ်လှုံ့ဆော်စေနိုင်းမှုတွေထဲမှာ ချစ်ခြင်းမေတ္တာဟာ ပဓာနအကျဆုံးဖြစ်ပါတယ်။ အဲဒီချစ်ခြင်းမေတ္တာကိုအသုံးပြုပြီး လင်ယောကျ်ားဖြစ်သူကို သူ့ကိုယ်သူ ယုံကြည်မှုအပြည့်အဝ ဖြစ်ပေါ်စေနိုင်ပါတယ်။

**အဲဒီလိုမှမဟုတ်ဘဲ ဇနီးမယားဖြစ်သူဟာ တစ်ချိန်လုံးလိုလို လင်ယောကျ်ားကို တပူပူတဆူဆူလုပ်နေရင်၊ အကြောင်းမဲ့သက်သက်**

သဝန်ကြောင်နေရင်၊ အပြစ်မရှိအပြစ်ရှာတာတွေကို ပြုလုပ်နေရင် လင်ယောကျ်ားဟာ သူ့ရည်မှန်းချက်အောင်မြင်ဖို့မပြောနဲ့၊ အဲဒီရည်မှန်းချက်ကိုတောင် စိတ်ဝင်စားတော့မှာမဟုတ်ပါဘူး။ ဒါဟာ ဇနီးမယားရဲ့ကြီးမားတဲ့ အန္တရာယ်ပဲဖြစ်ပါတယ်။ လင်ယောကျ်ားဟာ သည်းမခံနိုင်လွန်းတဲ့အခါကျရင်ပွင့်ထွက်ပေါက်ကွဲလာပါလိမ့်မယ် အချစ်နဲ့စခဲ့တဲ့အိမ်ထောင်ရေးဟာ အမုန်းနဲ့နိဂုံးချုပ်သွားမှာ သေချာပါတယ်။

ရှေ့ပိုင်းမှာဖော်ပြခဲ့တဲ့ ဖို့ဒ်ရဲ့ ဇနီးမစ္စက်ဖို့ဒ်ရဲ့ ပြုမူဆောင်ရွက်ချက်ကို ပြန်ကြည့်မယ်ဆိုရင် သာမန် လင်မယားဟာ သူတို့လောက်မချမ်းသာတဲ့အတွက် အိမ်ဖော်တွေကိုဝေယျာဝစ္စတွေမခိုင်းနိုင်ပါဘူး။ ဒါပေမယ့်လင်မယားနှစ်ဦး အေးအေးချမ်းချမ်း ဆိုးတိုင်ပင် ကောင်းတိုင်ပင် ဆိုတဲ့စကားလို နှစ်ဦးသားလွတ်လွတ်လပ်လပ် အနှောင့်အယှက်ကင်းရှင်းစွာ တိုင်ပင်ဆွေးနွေးဖို့ အချိန်တစ်ချိန်ရှိအောင် လုပ်ရမှာဖြစ်ပါတယ်။

အဲဒီသတ်မှတ်ချက်ဟာ တစ်နာရီဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် အခြေအနေအရ နှစ်နာရီဖြစ်ဖြစ်လိုအပ်ပါတယ်။ အဲဒီအချိန်မှာ အတတ်နိုင်ဆုံးတစ်ယောက်နဲ့တစ်ယောက် အဆင်ပြေထားမှုဖြစ်ပါမယ် ဒါမှသာတိုင်ပင်ဆွေးနွေးဖို့ အကောင်းဆုံးအချိန်ဖြစ်နေမှာပါ။

'တကယ်တော့လင်မယားနှစ်ယောက်စလုံးဟာ အများအားချစ်သူဘဝက ကူးပြောင်းခဲ့ကြတာပါ။ တစ်ယောက်နဲ့တစ်ယောက် မချစ်မနှစ်သက်ဘဲ လင်မယားဖြစ်တာရှားပါးတယ်။ ချစ်သူဘဝမှာ မိန်းမပျိုရော၊ ယောကျ်ားပျိုပါ နှစ်ယောက်စလုံး မိမိကိုယ်ကို အလှပဆုံး၊ အသားနားဆုံးဖြစ်အောင် ဝတ်စားဆင်ယင်ထုံးဖွဲ့လာကြတယ်။ မွှေးမွှေးကြိုင်ကြိုင်နဲ့ ခြယ်မှုန်းလာကြတယ်။ အနှောင့်အယှက်ကင်းပြီး လွတ်လွတ်လပ်လပ် နေရာတစ်နေရာ ရွေးချယ်လေ့ရှိကြတယ်။

အဲဒီအချိန်မှာ တစ်ယောက်နဲ့တစ်ယောက် ခေါ်ဝေါ်သုံးနှုန်းတာကအစ အချိုသာဆုံး၊ အသာယာဆုံးတွေဖြစ်နေပါတယ်။ အတတ်

နိုင်ဆုံး ကြင်နာယုယမှုတွေနဲ့ တစ်ယောက်ကိုတစ်ယောက် ဖွဲ့မက်စေခဲ့ကြတယ်။

အဲဒီအချက်ကြောင့်အိမ်ထောင်သည်ဘဝကိုရောက်ခဲ့ကြတာပါ။ တကယ်လို့(လက်ရှိဘဝထက်ပိုမိုမြင့်မားဖို့) ကြွယ်ဝချမ်းသာမှုအလုံးစုံကို ရည်မှန်းချက်ထားပြီးဆောင်ရွက်ဖို့ ဆွေးနွေးချိန်မှာလည်း ချစ်သူဘဝကလို လိုက်လိုက်လျောလျော ဆောင်ရွက်သင့်ပါတယ်။

**"ငယ်ကအချစ်အနှစ်တစ်ရာ မမေ့သာ၊ ငယ်ကပေါင်း အနှစ်တစ်သောင်း မမေ့ကောင်း"** ဆိုတဲ့ စကားဟာ စကားအဖြစ်သက်သက်တင်စားထားတာ မဟုတ်ပါဘူး။

အိမ်ထောင်သည် ဘဝရောက်နေတဲ့ လင်မယားအတွက်ချစ်ခြင်းမေတ္တာနဲ့လွှမ်းခြုံထားမယ်ဆိုရင် အချိန်အခါမရွေး၊ အသက်အရွယ်မရွေး၊ ပြန်လည်လှုံ့ဆော်နိုင်စွမ်းရှိတာ သေချာပါတယ်။

အဲဒီ လှုံ့ဆော်မှုဟာ လင်မယားနှစ်ယောက်စလုံးအတွက်အကျိုးဖြစ်ထွန်းဖို့ နေ့ဥစ္စာကြွယ်ဝချမ်းသာမှုအတွက် ဖြစ်ပါတယ်။ ဒါကြောင့်နှစ်ယောက်စလုံး စိတ်ဝင်စားကြရမယ့်၊ စိတ်အားထက်သန်ကြရမယ့် အကြောင်းတရားဖြစ်ပါတယ်။

ဆွေးနွေးဖို့အသင့်တော်ဆုံးအချိန်ဟာညစာစားသောက်ပြီးဘာတာဝန်မှမရှိတော့တဲ့ အချိန်မျိုးဟာ အကောင်းဆုံးပါပဲ။

အဲဒီအချိန်မှာ ဘာတာဝန်မှမရှိကြတော့ဘူး မဟုတ်လား။ ညစာစားပြီးတဲ့နောက်ပိုင်းမှာ ဖြစ်ရိုးဖြစ်စဉ်ဆိုရင် အိပ်ရာဝင်ချိန်ပဲရှိတော့တယ်။ ဒါကြောင့် စိတ်ရောလူပါအားလပ်ပြီး သာယာနေတဲ့အချိန်ဖြစ်ပါတယ်။

ညစာမစားခင်ကဆိုရင် ညစာစားဖို့ တာဝန်တစ်ခုကျန်နေပါတယ်။ အထူးသဖြင့် စားသောက်နေကြတဲ့အချိန်မှာ စားသောက်တဲ့ကိစ္စကလွဲလို့တခြားစိတ်ဝင်စားစရာဘာမှမရှိသင့်ပါဘူး တကယ်လို့ စိတ်လှုပ်ရှားစရာအကြောင်းမျိုးပြောဆိုမိရင် စိတ်အာရုံက စား

သောက်တဲ့နေရာက အာရုံပြောင်းသွားတယ်။ ဒါဆိုရင် အစာချေ စနစ်ကို ပျက်ယွင်းစေပါတယ်။

ကျန်းမာရေးဆိုင်ရာ ပါရဂူကြီးတွေရဲ့ စူးစမ်းလေ့လာချက် အရ လူတစ်ယောက်ဟာ အစားအစာကို ပါးစပ်ထဲထည့်လိုက်တာနဲ့ တစ်ပြိုင်နက် လျှာကအရသာခံကြည့်လိုက်တယ်။ အဲဒီလူ ဘာစား နေတယ်ဆိုတာကို လျှာကသိလိုက်တယ်။ သိသိချင်း ဦးနှောက်ကို သတင်းပို့တယ်။ ဒီလူ စားနေတာအသား လို့သိလိုက်တဲ့ ဦးနှောက် အသိအာရုံက တစ်ဆင့်အစာအိမ်ကိုလှမ်းပြီး အကြောင်းကြားတယ်။ အစာအိမ်ရဲ့အတွင်းနံရံမှာ အဖုအကျိတ်ကလေးတွေရှိတယ်။

လူကအသားကိုစားနေချိန်မှာ အစာအိမ်နံရံမှာရှိနေတဲ့ အဖု အကျိတ်ကလေးတွေထဲက လူစားနေတဲ့ အသားကို ကြေညက်ဖို့အ တွက် လုံလောက်တဲ့ အစာချေအရည်(အက်ဆစ်အပျော့စားကို)သင့် လျော်လုံလောက်တဲ့အတိုင်းအတာတစ်ခုအထိ ထုတ်ထားလိုက်တယ် အစာအိမ်ထဲရောက်လာတဲ့ ဝါးပြီးသား အသားကို အဲဒီအစာချေအ ရည်နဲ့ရောနှောသမပြီး အစာအိမ်နံရံထဲမှာ ကျေညက်တဲ့အထိ ပွတ် ချေတယ်။

ကစီနှစ်လိုဖြစ်လာတဲ့အခါ အသွေးအဖြစ် အသားအဖြစ် သက်ဆိုင်ရာကို လုပ်ဆောင်ပေးဖို့ ပို့လိုက်တယ်။ လိုအပ်တာထက် ပိုလျှံနေတာတွေဟာ ဆီးအဖြစ် သို့မဟုတ် ဝမ်းအဖြစ် သွားရာလမ်း ကြောင်းကို စွန့်ပစ်လိုက်တော့တာပါပဲ။

တကယ်လို့ လူစားနေတာ ဟင်းရွက်သီးနှံ ဖြစ်နေရင်တော့ လျှာကအကြောင်းကြားတာကို ဦးနှောက်ကသိတာနဲ့ တစ်ပြိုင်နက် ဟင်းသီးဟင်းရွက်စားနေပြီလို့ အစာအိမ်ကို ဆက်လက်သတင်းပို့ တယ်။ အဲဒီအခါမှာ အစာအိမ်ဟာအသားအတွက်ထုတ်တဲ့အစာချေ အရည်ထက် လျှော့ပြီး ဟင်းသီးဟင်းရွက် ကျေညက်ရုံလောက်ပဲ ထုတ်ထားနှင့်တယ်။ အစာချေစနစ်ကို ဆောင်ရွက်နေချိန်မှာ ခန္ဓာ ကိုယ်တစ်ခုလုံးရော၊ ဦးနှောက်ထဲမှာပါ တခြားအလုပ်တွေကို (မ

လုပ်မဖြစ်တဲ့ကိစ္စကလွဲလို့) အားလုံးရပ်ထားတယ်။ ဒါကြောင့်စား သောက်နေတဲ့ အချိန်မှာ စိတ်ဝင်စားစရာ စိတ်လှုပ်ရှားရမယ့် အ ကြောင်းအရာတွေကိုဘာမှမဆွေးနွေးသင့်ပါဘူး။ ဘာကြောင့်လဲဆို တော့ အစာချေစနစ်ကို အနှောင့်အယှက်ဖြစ်သွားမှာစိုးလို့ပါပဲ။

အဲဒီလိုဖြစ်သွားရင် သတ်မှတ်ထားတဲ့အတိုင်း အစာချေအ ရည်ထုတ်လုပ်မှုဟာ ပုံမှန်ထက်လျော့နည်းသွားပြီး အစာမကြေဖြစ် နိုင်ပါတယ်။ အဲဒီ အကြောင်းနဲ့ပတ်သက်ပြီး အစာအိမ်လမ်းကြောင်း ဆိုင်ရာပါရဂူကြီးတွေက အစာစားချိန်မှာ စိတ်အာရုံဟာ အစာစား တဲ့အထဲကိုသာ ရောက်သင့်တယ်လို့ ညွှန်ကြားထားပါတယ်။ ဒါ ကြောင့် ညစာစားအပြီး အိပ်ရာမဝင်ခင်အချိန်မျိုးမှာ လင်နဲ့မယား စိတ်အေးချမ်းသာစွာနဲ့ ဘဝတိုးတက် အောင်မြင်ရေးကိစ္စကိုဆောင် ရွက်သင့်ပါတယ်။

အဲဒီလိုဆွေးနွေးဖို့ကိစ္စကိုမဆောင်ရွက်ခင်ချမ်းသာကြွယ်ဝ မှုအလုံးစုံကိုပိုင်ဆိုင်ရရှိရေးအတွက်ဆောင်ရွက်မယ့်လင်ယောကျ်ား က သူ့ဇနီးသည်ဟာ ဘယ်လိုအမျိုးအစားလဲဆိုတာကို ပထမဆုံးသိ ရှိရမှာဖြစ်ပါတယ်။ လင်ယောကျ်ားအပေါ်မှာ အနိုင်ရချင်တဲ့ပုံစံမျိုး မဖြစ်သင့်ပါဘူး။ ဇနီးသည်တစ်ယောက်ရှိရမယ့် စိတ်နေသဘော ထားဟာ အင်မတန်အရေးကြီးပါတယ်။ အဲလိုမျိုးစိတ်သဘောထား မရှိရင်ရှိအောင်ဖြစ်အောင်လုပ်ဖို့ ကြိုတင်သတိပြုရပါမယ်။

**လင်ကိုညာစားပေးတဲ့အနေအထားမျိုးမဖြစ်သင့်ပါဘူး။**

ဇနီးမယားကစီးပွားရေးကိစ္စဆွေးနွေးရာမှာလင်ယောကျ်ား ကိုအပြုသဘောမျိုး ဖျောင်းဖျဆွဲဆောင်သိမ်းသွင်းမှသာ အကျိုးဖြစ် ထွန်းမှာပါ။

ဒါကြောင့်ချမ်းသာကြွယ်ဝမှုအလုံးစုံကိုပိုင်ဆိုင်ဖို့ ရည်မှန်း ချက်ထားတဲ့လင်မယားဟာ ပြေပြေလည်လည် ဆွေးနွေးရမှာဖြစ်ပါ တယ်။ ဆွေးနွေးရမယ့်ဇနီးဟာ မိမိယောကျ်ားရဲ့အလုပ်ကို စိတ်ဝင် စားဖို့ကပထမအရေးကြီးဆုံးဖြစ်ပါတယ်။ လင်ယောကျ်ားရဲ့လုပ်ငန်း

တစ်ခုလုံးကို ပြည့်ပြည့်စုံစုံ မဟုတ်သည့်တိုင်အောင် လုပ်ငန်းရဲ့သဘောတရားလောက်ကိုတော့ အကြမ်းဖျင်း သိထားဖို့ ကြိုးစားသင့်ပါတယ်။

ဒီလိုမှ သိမထားရင် လင်နဲ့မယားဆွေးနွေးမှုဟာ အရာရောက်မှာမဟုတ်ပါဘူး။ လင် ဘာတွေလုပ်နေမှန်းမသိ၊ လင်ရဲ့ အလုပ်ကိုလည်း စိတ်မဝင်စား၊ လုပ်ငန်းသဘောတရားကိုလည်းနားမလည်ဘဲ လင်ရှာရသမျှငွေကို ထိုင်ဖြုန်းတတ်တဲ့မိန်းမစား၊ လင်ရှာလာတဲ့ငွေကို အတိုင်းအတာကာလတစ်ခုအထိ ခြိုးခြံစိစစ်မသုံးစွဲဘဲ အချိန်အခါမရွေး လင်ဆီမှာလက်ဖြန့်တောင်းတဲ့ မယားမျိုး၊ လင်က ငွေကို ဖောဖောသီသီထုတ်ပေးရင် ကျေကျေနပ်နပ်ကြီးပြုံးရယ်ပြီးတော့ လက်ခံလေ့ရှိပြီး တောင်းသလောက်မပေးနိုင်ရင် စူစူအောင့်အောင့်မျက်နှာကြီး ပုပ်သိုးနေတဲ့မိန်းမမျိုးတွေဖြစ်နေရင် စီးပွားရေးအတွက် ဆွေးနွေးဖို့ အကျိုးဖြစ်ထွန်းမှာ မဟုတ်ပါဘူး။

ဒါကြောင့်မို့ ဇနီးမယားတစ်ယောက်ဟာ ကိုယ့်ယောကျ်ားရဲ့လုပ်ငန်းကိုစိတ်ဝင်စားပါ။လုပ်ငန်းမှာဆောင်ရွက်ခဲ့တဲ့ယောကျ်ားရဲ့အောင်မြင်မှု၊ ဆုံးရှုံးမှု၊ စိတ်အလိုမကျဖြစ်ခဲ့ရမှုတွေကို စာနာစိတ်နဲ့စိတ်ထားပြီး ကူညီအဖြေရှာပေးပါ၊ လင်ယောကျ်ားဟာ အလုပ်နဲ့ပတ်သက်ပြီးမကျေနပ်လို့ စိတ်လိုက်မာန်ပါပေါက်ကွဲပွင့်ထွက်တော့မယ့် အခြေအနေမျိုးဖြစ်နေပြီဆိုရင်လည်း ညင်ညင်သာသာနဲ့တည်ငြိမ်လာအောင် ဖန်တီးပေးပါ။ စိတ်အာရုံကိုသိမ်မွေ့အောင် အရင်ကြိုးစား၊ လိုင်းပြောင်းတဲ့သဘောမျိုး စိတ်ပြောင်းပေးပါ။ တစ်ခါတလေ လောလောဆယ်အခြေအနေမှာ ကြီးကျယ်တဲ့ပြဿနာလို့ယူဆရပေမယ့် ရက်ပိုင်းအတွင်းမှာ အပြောင်းအလဲကြောင့် ပြဿနာအသေးအမွှားအဖြစ် ပြောင်းလဲသွားတတ်ပါတယ်။ ဒါကကိုင်တွယ်ဖြေရှင်းမှု အပေါ်မှာမူ တည်နေပါတယ်။ အဲဒီလိုဖြေရှင်းနိုင်တဲ့လင်ယောကျ်ားမျိုးဖြစ်အောင်မယားကဖျောင်းဖျနိုင်ပါတယ်။ အဲဒီလိုနှစ်သိမ့်ဖျောင်းဖျမှုမပေးဘဲအတို့အထောင်လုပ်ပေးလိုက်ရင်တော့ လင်

ယာကျိုးအတွက် ဆိုးကျိုးသာဖြစ်သွားပါလိမ့်မယ်။

"ကျွန်မတို့ကတော့ လင့်အလုပ်ကို ဝင်မရှုပ်ပါဘူး၊သူရှာပေးတဲ့ဝင်ငွေနဲ့ သုံးတာပဲရှိပါတယ်။ ပေးနေကျဝင်ငွေထက်လျော့လာရင်တော့ မလွယ်ဘူး ပြဿနာရှာလိုက်တာပဲ၊ ဘယ်မယားငယ်ပေးခဲ့လို့လဲဆိုတဲ့ စကားမျိုးနဲ့ပေါ့နော်၊ ဒါဆို ကိုယ်တော်ချော ကြံဖန်ပြီး မပြည့်ပြည့်အောင် ရှာကြံဖြည့်ပေးရတော့တာပဲ" ဆိုတဲ့စကားမျိုးကို ဂုဏ်ယူတဲ့သဘောမျိုး၊ မြိန်ရေရှက်ရေနဲ့ လူတောထဲချဲ့ပြောနေတတ်တဲ့မိန်းမမျိုးကို သင်ကိုယ်တိုင် မကြာခဏ တွေ့ဖူးမြင်ဖူးကြားဖူးခဲ့မှာပါ။

ဒါပေမယ့် အဲ့ဒီမိန်းမဟာ လင်ယောကျ်ားကို ဘဝအဆင့်အတန်းမြင့်အောင်ကူညီဖို့ထက်ချောက်ထဲကျအောင် တွန်းချမယ့်မိန်းမစားမျိုးဖြစ်နေတာကို သူမကိုယ်သူမ သိပုံမရပါဘူး။

လင်နဲ့မယား စိတ်ချင်းရုပ်ချင်းပေါင်းစပ်ရာမှာ အကြောင်းမရှိအကြောင်းရှာပြီး နားပူနားဆာလုပ်တာတွေ၊ တစ်ယောက်ကိုတစ်ယောက်အနိုင်ရချင်တာတွေဟာ မူလကဖြစ်ပေါ်ခဲ့တဲ့ချစ်ခြင်းမေတ္တာကိုမုန်းတီးမှုအဖြစ် ပြောင်းလဲနေတာနဲ့ အတူတူပါပဲ။

ဒါကြောင့်ချမ်းသာကြွယ်ဝမှုအပေါင်းကို ရယူပိုင်ဆိုင်ဖို့အတွက် ကျယ်ပြန့်တဲ့ရည်မှန်းချက်ဖန်တီးမယ့် ဇနီးမောင်နှံဟာ တစ်ယောက်နဲ့တစ်ယောက် အချစ်မေတ္တာနဲ့ကြင်နာယုယမှု၊ အပြန်အလှန်မြတ်နိုးလေးစားမှုစတဲ့ အချက်အလက်တွေနဲ့ ပြည့်စုံရမှာဖြစ်တယ်။

**Home Sweet Home** လို့ စာတန်းလေးတွေ ချိတ်ဆွဲထားတဲ့အိမ်တချို့ကိုသင်သတိထားမိပါလိမ့်မယ်။ လင်ယောကျ်ားဟာ တစ်နေ့ပတ်လုံးလုပ်ငန်းခွင်မှာစိတ်ရော ခန္ဓာ ကိုယ်ပါနှစ်မြှုပ်ပြီး ပင်ပန်းကြီးစွာလုပ်ကိုင်အားထုတ် ကြိုးပမ်းခဲ့ရသူဖြစ်ပါတယ်။စိတ်ဖိစီးမှုဒဏ်၊ ခန္ဓာကိုယ်အသုံးချ ဆောင်ရွက်ခဲ့တဲ့အတွက်ပင်ပန်းနွမ်းနယ်မှုဒဏ်တွေကိုခံစားလာရတယ်။

သူ့အိမ်ရာကိုပြန်ရောက်လိုက်တာနဲ့တစ်ပြိုင်နက်အဲဒီပင်ပန်း

နွမ်းနယ်မှု အားလုံးပြေပျောက်ပြီး သာယာလန်းဆန်းမှုဖြစ်ရအောင် အောင်ဆိုတဲ့ရည်ရွယ်ချက်နဲ့ အဲဒီစာတန်းလေးကို ချိတ်ဆွဲထားရတာ ပါ။ တကယ်တမ်းဖြစ်ရမှာက အဲဒီစာတန်းလေးရဲ့ရည်ရွယ်ချက်ကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ဖို့က အရေးကြီးပါတယ်။ အိမ်ထဲကို ဝင်လိုက်တာနဲ့ တစ်ပြိုင်နက် စိတ်ဘဝင်လန်းဆန်းစရာ၊ သန့်ရှင်းသပ်ရပ်တဲ့မွှမ်းမံမှု၊ ရုပ်ဝတ္ထုသာမက ကြည်ကြည်လင်လင် အပြုံးနဲ့ ကြိုဆိုလက်ကမ်းနေတဲ့ ဇနီးမယားကိုလည်းတွေ့ရပါတယ်။ အဲဒီကြိုဆိုတဲ့အပြုံးဟာ လင်ယောကျ်ားအတွက် ရင်ထဲအသည်းနှလုံး ထဲမှာ စိတ်ရောကိုယ်ပါ လှိုက်လှိုက်လှဲလှဲဖြစ်စေရပါမယ်။

ဒီလိုသာယာချမ်းမြေ့တဲ့ အိမ်ထောင်ရေးပျော်ရွှင်မှုကို ဇနီး သည်ကဖန်တီးနိုင်ပါတယ်။ အဲဒီလို အိမ်ထောင်ရှင်မနဲ့နေရတဲ့ လင် ယောကျ်ားဟာ ဘယ်လို လုပ်ငန်းမျှော်မှန်းချက်မဆို အောင်မြင်မှု သရဖူကို ဆောင်းနိုင်မှာသေချာနေပါတယ်။

မယားအမျိုးမျိုးအစားစားကို မြန်မာမှုနယ်ပယ်မှာ ရှေးအ စဉ်အလာ ကတည်းက သတ်မှတ်ခဲ့ကြပါတယ်။ သခင်နဲ့တူသော မယား၊ ကျွန်နဲ့တူသောမယား၊ အဆွေခင်ပွန်းနဲ့တူသောမယား၊ ရန် သူနဲ့တူသောမယား၊ ခိုးသူနဲ့တူသောမယား၊ အမိနဲ့တူသောမယား၊ နှမနဲ့တူသောမယား စတဲ့မယားတစ်ယောက်ချင်းရဲ့ စရိုက်လက္ခဏာ တွေပေါ်မှာမူတည်ပြီး ခွဲခြား သတ်မှတ်ထားပါတယ်။ ဒါပေမယ့် ဘယ်လိုမယားအမျိုးအစားမှာပါဝင် နေတာပဲဖြစ်ဖြစ်၊မိန်းမတိုင်းမှာ မိခင်စိတ်ရှိနေတတ်ကြပါတယ်။ အဲဒီမိခင်စိတ်ရှိပုံချင်း အနည်းနဲ့ များတော့ ကွာခြားပါလိမ့်မယ်၊ မိခင်စိတ်ဆိုတာဟာ သားသမီးအ တွက် စွန့်လွှတ်အနစ်နာခံခြင်း ရင်အုပ်မကွာထိန်းသိမ်းပြုစုစောင့် ရှောက်ခြင်း၊ မကောင်းမှုဖြစ်ပေါ်မယ့်ကိစ္စကို တားမြစ်ပိတ်ပင်ခြင်း၊ ကောင်းမှုပြုဖို့ညွှန်ကြားခြင်း စတဲ့ လုပ်ရပ်တွေပါပဲ။

အဲလိုမျိုး မိခင်စိတ်ရှိတဲ့မယားကို မိခင်နှင့်စရိုက်လက္ခဏာ ချင်းတူတယ်လို့သတ်မှတ်ထားခြင်းဖြစ်ပါတယ်။အဲလိုမျိုးဖြစ်အောင်

ဇနီးမယားတွေဟာ ကိုယ့်ကိုယ်ကိုယ်ပြုပြင်ပြောင်းလဲဖို့ လိုအပ်ပါတယ်။ အထူးသဖြင့်ကြွယ်ဝချမ်းသာမှုအလုံးစုံကိုပိုင်ဆိုင်ဖို့အတွက် ရည်မှန်းချက်ထားပြီး ဆောင်ရွက်တဲ့လင်ယောကျ်ားအဖို့ အဲလိုမျိုးဇနီးမယားဟာ ကြီးမားတဲ့အထောက်အကူ ဖြစ်နိုင်ပါတယ်။

ရှင်းရှင်းပြောရရင်တော့ မိမိလင်ယောကျ်ားဟာအောင်မြင်ထင်ရှားနေတဲ့ လုပ်ငန်းရှင်တစ်ယောက်အဖြစ် ချမ်းသာကြွယ်ဝခဲ့ရင် အဲဒီအကျိုးသက်ရောက်မှုကို အနီးကပ်ဆုံးမှာရှိနေတဲ့ ဇနီးမယားက အရင်ဆုံးခံစားစံစားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဲလိုမျိုးစံစားချင်ရင် မိမိလင်ယောကျ်ားကိုအောင်မြင်မှုပန်းတိုင်ရောက်တဲ့အထိမိခင်စိတ်နဲ့ သာယာနှစ်လိုဖွယ်ရာ တွန်းပို့ပေးဖို့လိုပါတယ်။

လင်နဲ့မယား အသိဉာဏ်ပေါင်းစပ်မှုကို ရရှိနိုင်ဖို့အတွက် ရည်မှန်းချက် ကြီးကြီးမားမားထားရှိတဲ့ အိမ်ထောင်ရှင် လင်ယောကျ်ားအနေနဲ့ကလည်း မိမိမယားကို မိမိဖြစ်စေချင်တဲ့ အသွင်သဏ္ဌာန်နဲ့ စိတ်နေသဘောထားမျိုးရရှိဖို့အတွက် ချစ်ခြင်းမေတ္တာကိုကိုအခြေခံပြီး ယုယကြင်နာစွာ စည်းရုံးရမှာဖြစ်ပါတယ်။

လင်နဲ့မယားတိုင်း ပြဿနာတစ်ခုမဟုတ်တစ်ခု ဖြစ်စမြဲဆိုပေမယ့် လင်နဲ့မယားအချင်းချင်း ချစ်မေတ္တာစိတ်နဲ့လွှမ်းခြုံထားခဲ့ရင် ကြီးမားတဲ့ပြဿနာဟာ သေးငယ်သွားပါလိမ့်မယ်။ သေးမွှားတဲ့ပြဿနာဆိုရင်လည်း လုံးဝပျောက်သွားပါလိမ့်မယ်။

အဲဒါဆိုရင် မိမိဖြစ်စေချင်တဲ့ဂ[illegible]န်တွေဟာ ရှောရှောရှူရှူဖြစ်ဖို့ သေချာနေပါပြီ။ အသိဉာဏ်ပေါင်းစပ်မှုကဏ္ဍရဲ့ အနီးကပ်ဆုံးဖြစ်တဲ့ လင်မယားဆက်ဆံရေးပြေပြစ်မှုကို အခြေခံပြီးဖော်ပြပြီးပါပြီ။ ဇနီးမယားဆိုတဲ့နေရာမှာ တကယ်လို့သာချမ်းသာကြွယ်ဝမှုအလုံးစုံကိုပိုင်ဆိုင်ရရှိဖို့အတွက် ရည်မှန်းချက်ထားပြီး ဆောင်ရွက်သူက ဇနီးမယားမရှိသူဖြစ်နေခဲ့ရင်လည်း မိမိနှင့်အတူ နေထိုင်ကြတဲ့မိသားစု(မိဘ၊ ညီအစ်ကို၊ မောင်နှမတွေ)နဲ့ ပြေပြေလည်လည်ဆက်ဆံနိုင်ဖို့လိုပါတယ်။

ဒါဆိုရင် အဲဒီမိသားစုရဲ့အဆင်ပြေမှုဟာ မိမိရဲ့ရည်မှန်းချက်တွေကိုဖော်ဆောင်ရာမှာ အောင်မြင်မှုအတွက် ကြီးမားလှတဲ့ အထောက်အကူတစ်ရပ် ဖြစ်နေမှာပါ။

ဒါကြောင့် ဇနီးမယားရှိသူဖြစ်ဖြစ်၊ မိသားစုနဲ့အတူနေသူပဲဖြစ်ဖြစ်၊ မိမိနဲ့ အနီးကပ်ဆုံးနေရာမှာရှိနေကြသူတွေကို အသိဉာဏ်ပေါင်းစပ်မှု သဘောတရားအဖြစ် စည်းရုံးရမှာဖြစ်ပါတယ်။

ယုံကြည်မှုစွမ်းအင်နဲ့ပတ်သက်လို့ ရှေ့ပိုင်းမှာအလျဉ်းသင့်သလိုဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့်ပိုမိုပြီး ပြည့်ပြည့်စုံစုံတင်ပြစရာအကြောင်းရှိပါတယ်။ စနစ်တကျဖြစ်ပေါ်လေ့ရှိတဲ့ စွမ်းအင်နဲ့ ပတ်သက်ပြီး တင်ပြရမှာပါ။

**စနစ်တကျဖြစ်ပေါ်လေ့ရှိတဲ့စွမ်းအင်** ဆိုတာ ကျွန်ုပ်တို့နေထိုင်ကြတဲ့စကြဝဠာကြီးအတွင်းမှာအစစ်အမှန်ဖြစ်တည်နေပါတယ်။ အဲဒီအချက်ကို သိပ္ပံပညာရှင်တွေက အခိုင်အမာထုတ်ဖော်ပြီးပါပြီ။

နေ့စကြဝဠာတစ်ခုထဲမှာ ဖြစ်တည်နေကြတဲ့ ဂြိုဟ်တွေ၊ နက္ခတ်တာရာတွေအားလုံးဟာ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာဖြစ်နေတာမဟုတ်ပါဘူး။ သဘာဝရဲ့အစီအစဉ်နဲ့ စနစ်တကျဖြစ်လေ့ရှိတဲ့စွမ်းအင်အရ သူ့နေရာနဲ့သူ၊ သူ့လမ်းကြောင်းပေါ်မှာ အချိန်မှန်မှန် ပုံမှန်အရှိန်နှုန်းထားအဲလိုက် နေကိုဗဟိုပြုပြီး သွားလာနေကြတာပါ။

ဒါတွေဟာ အကြီးမားဆုံးဂြိုဟ်ကအစ၊ အသေးငယ်ဆုံး ပရိတ္တန်၊ အီလက်ထရွန်အထိ စနစ်တကျဖြစ်လေ့ရှိတဲ့ စွမ်းအင်ရဲ့ ဆောင်ရွက်မှုတွေကြောင့် ဖြစ်နေကြတာပါ။

အဲဒီစွမ်းအင်ဟာ သက်ရှိ၊ သက်မဲ့ ရုပ်ဒြပ် အားလုံးတို့နဲ့ စိတ်ပိုင်းဆိုင်ရာ အတွေးအခေါ်သဘောတရားတွေမှာလည်း ပါဝင်ပတ်သက်ဆက်နွယ်နေကြပါတယ်။ အဲဒီစွမ်းအင်ဟာအင်မတန်စိတ်ဝင်စားစရာကောင်းနေပါတယ်။ အထူးသဖြင့် ချမ်းသာကြွယ်ဝမှုအလုံးစုံကို ပိုင်ဆိုင်ဖို့အတွက်မျှော်မှန်းဆောင်ရွက်တဲ့ ပုဂ္ဂိုလ်ဟာ အဲဒီစိတ်ဝင်စားစရာကောင်းတဲ့ စနစ်တကျဖြစ်ပေါ်လေ့ရှိတဲ့ စွမ်းအင်

အကြောင်းကို ရေရေလည်လည် နားလည်သဘောပေါက်သိရှိထား မှဖြစ်မှာပါ။

ဒါမှသာသူဖြစ်ချင်တဲ့ဆန္ဒကို ချောချောမောမော အကောင်အထည်ဖော်နိုင်ပါလိမ့်မယ်။ အဲဒီစွမ်းအင်ကိုအသုံးချရမယ့် လူတစ်ယောက်အဖို့ ရည်မှန်းချက်အတွေးအခေါ်နဲ့ ပတ်သက်တဲ့ အချက်တွေကိုကျေညက်အောင်သိရှိထားဖို့လိုပါတယ်။

**စနစ်တကျဖြစ်လေ့ရှိတဲ့ စွမ်းအင်ကိုရရှိဖို့အတွက် သိရှိနားလည်ရမယ့်အချက်ဟာ စုစုပေါင်း(၁၇)ချက်ပဲရှိပါတယ်။** အဲဒီအချက်တွေကို လေ့လာသုံးသပ်ပြီး မိမိလိုအပ်ချက်အားနည်းချက်တွေကို ဖြည့်ဆည်းပေါင်းစပ်လိုက်တာနဲ့တစ်ပြိုင်နက် အအစစရာရာအဆင်ပြေသွားမှာဖြစ်ပါတယ်။

ဒါကြောင့် ··· ဆက်လက်ဖော်ပြမယ့်အချက်(၁၇)ချက်ကိုကိုတော့ သဘောပေါက်တဲ့အထိ မှတ်သားတဲ့အခါမှာ အဲဒီအချက်ချက်တွေနဲ့ စနစ်တကျဖြစ်လေ့ရှိတဲ့စွမ်းအင်ရဲ့ ပတ်သက်ဆက်နွယ်မှုကို တွေ့ရပါလိမ့်မယ်။

ဒါမှသာ မိမိရည်မှန်းချက်ကိုဖော်ဆောင်ရာမှာ တွေကြုံရမယ့် ပြဿနာမှန်သမျှကို ဖြေရှင်းနိုင်ပါလိမ့်မယ်။ အဲဒီအချက်တွေကို သင့်အနေနဲ့အလေးမူမိစေဖို့အတွက် အစီအစဉ်အလိုက် ထပ်မံအထူးပြု ဖော်ပြပေးထားတာဖြစ်ပါတယ်။

······

## စနစ်တကျ ဖြစ်ပေါ်လေ့ရှိတဲ့ စွမ်းအင်

စနစ်တကျဖြစ်ပေါ်လေ့ရှိတဲ့စွမ်းအင်ကို ရရှိဖို့အတွက် သိရှိနားလည်ရမယ့် အချက်(၁၇)ချက်ကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

**(၁) သတ်မှတ်အတိုင်းအတာထက်ကျော်လွန်အောင်လုပ်ဆောင်တဲ့အကျင့်ရှိခြင်း၊**

အဲဒီအလေ့အထကိုဆောင်ရွက်နိုင်သူဟာရည်မှန်းချက်ကို လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်သူ ဖြစ်နိုင်ပါတယ်။ သာမန်လုပ်သားတွေဟာ အလုပ်ချိန်အတိအကျပဲ လုပ်အားပေးကြတယ်။ ဒီနေ့ပစ္စည်း ဘယ်နှစ်ခုထုတ်လုပ်ရမယ့် စံနှုန်းပေးထားရင်လည်း သတ်မှတ်တဲ့အရေအတွက်အထိပဲ လုပ်လေ့ရှိတယ်။ သာမန်အထက် (ဒါမှမဟုတ်) ထူးချွန်အဆင့်ရှိသူတွေမှသာ အလုပ်ချိန်မတိုင်မီ(ဝိရိယကောင်းစွာ)ကြိုတင်ရောက်နှင့်ခြင်း၊ အလုပ်ချိန်ပြီးဆုံးသော်လည်း ဆက်လက်လုပ်ဆောင်လေ့ရှိခြင်း၊ သတ်မှတ်ထားတဲ့အရေအတွက် ထက်ပိုပြီး လုပ်ဆောင်လေ့ရှိခြင်း၊ ဒါဟာအကျိုးဖြစ်ထွန်းနိုင်တဲ့အစဉ်အလာကောင်းဖြစ်လို့ အရေးကြီးပါတယ်။

**(၂) ရည်ရွယ်ချက်တိကျခြင်း**

ဖော်ပြခဲ့တဲ့သတ်မှတ်ချက် အတိုင်းအတာထက်ကျော်လွန်အောင် လုပ်ဆောင်နိုင်တဲ့အလေ့အထရှိသူဟာ ရည်ရွယ်ချက်လည်း တိကျမှန်ကန်ပြီဆိုရင် ရည်မှန်းချက်အောင်မြင်ဖို့ လုံလောက်သေချာနေပါပြီ။

**(၃) ကျွမ်းကျင်စွာ စီစဉ်ညွှန်ကြားခြင်း၊**

ချမ်းသာကြွယ်ဝမှု အလုံးစုံကို ရရှိပိုင်ဆိုင်နိုင်တဲ့ သဘောတရားကို ကျေကျေညက်ညက် လေ့လာဆည်းပူးပြီး သူဟာဘယ်အဆင့်ပြီးရင် ဘာဖြစ်တယ်။ ဘယ်အခြေရောက်ဖို့ ဘာလုပ်ရမယ်ဆို

တာကျွမ်းကျင်စွာစီစဉ်ပြီး ကိုယ်တိုင်ဆောင်ရွက်နိုင်သူဖြစ်သလို အသိဉာဏ်ပေါင်းစပ်မှုမှာ ပါဝင်ပတ်သက် ဆက်နွယ်နေသူတွေကိုလည်း မှန်မှန်ကန်ကန် စည်းရုံးညွှန်ကြားနိုင်ပါတယ်။

(၄) **ယုံကြည်မှု အသုံးချခြင်း၊**

မိမိကိုယ်မိမိ ယုံကြည်မှု အပြည့်အဝရှိနေသူ တစ်ယောက်အတွက် စိုးရွံ့စိတ်နဲ့သံသယ၊ မရေရာမှုအထွေထွေကို လုံးဝဖယ်ရှားပြီးဖြစ်ပါတယ်။ ဒါကြောင့် ကြီးကျယ်တဲ့ဆန္ဒကို အကောင်အထည်ဖော်နေတဲ့လူဟာ မိမိကိုယ်မိမိ အပြည့်အဝ ယုံကြည်မှု ရရှိအောင်ဆောင်ရွက်ရပါမယ်။ မိမိလုပ်ရမည့်အလုပ်ကို ကျွမ်းကျင်စွာလေ့လာသဘောပေါက်ထားတဲ့လူဟာ ယုံကြည်မှုကိုအသုံးပြုပြီး၊ မိမိရှိနေမှာသေချာပါတယ်။ အဲဒီယုံကြည်မှုကို အသုံးပြုပြီး၊ မိမိကိုယ်တိုင်ဆောင်ရွက်ရာမှာ ဖြစ်စေ၊ သူတစ်ပါးကို ညွှန်ကြားရာမှာ ဖြစ်စေ ရာခိုင်နှုန်းပြည့်အောင်မြင်မှာပါ။

(၅) **နှစ်သက်လိုဖွယ်ဥပမိရုပ်ရှိခြင်း၊**

အသိဉာဏ်ပေါင်းစပ်မှုအတွက် ဦးဆောင်မယ့်လူဟာ နှစ်သက်ဖွယ်ရာ ဥပမိရုပ်ရှိနေရင် အများနဲ့ဆက်ဆံရေးမှာ အလွယ်တကူပြေပြစ်နိုင်ပါတယ်။ ဥပမိရုပ်နှစ်သက်ဖွယ်မရှိသူကတော့ သူ့ရဲ့အရည်အသွေးကိုပြသပြီးမှ စည်းရုံးရမှာဖြစ်တဲ့အတွက် အခက်အခဲနည်းနည်းပါးပါးရှိပါတယ်။ အကောင်းဆုံးကတော့ နှစ်သက်ဖွယ်ရာဥပမိရုပ်နဲ့ ပင်ကိုအရည်အသွေးရှိနေတဲ့သူဟာ အောင်မြင်မှုကိုအမြန်ဆုံး ရရှိပိုင်ဆိုင်နိုင်ပါတယ်။ ဥပမိရုပ်သားနားဖို့ဆိုတာဟာ ဖိုသီဖက်သီနဲ့ဖရိုဖရဲဝတ်စားနေထိုင်ခြင်းထက် သပ်သပ်ရပ်ရပ်၊ သန့်သန့်ပြန့်ပြန့်နေတတ်ရင်လည်း အလိုလိုဥပမိရုပ်ကိုပါ သားနားစေနိုင်ပါတယ်။ ဒါကြောင့်ရည်မှန်းချက် အောင်မြင်ဖို့အတွက် မိမိကိုယ်ကိုသူများလေးစားအောင် သပ်သပ်ရပ်ရပ် ဝတ်စားနေထိုင်ရမှာဖြစ်တယ်

(၆) **ဆုံးရှုံးမှုမှ အသိပညာရယူသော အလေ့အကျင့်ရှိခြင်း၊**

စီးပွားရေးလောကကြီးတစ်ခုလုံးကို လွှမ်းမိုးချုပ်ကိုင်နိုင်

တဲ့အဆင့်အထိ ရောက်ရှိနေသူတွေတောင်မှ တစ်ချိန်က(တစ်ကြိမ်ထက်မနည်း) အမှားအယွင်းပြုမိလို့ ဆုံးရှုံးမှု ဖြစ်ခဲ့ရတယ်။ ဒါပေမယ့် အဲဒီဆုံးရှုံးမှုကို အကျိုးမဲ့တသသဖြစ်မနေဘဲ အဲဒီအချက်ကိုအတွေ့အကြုံအဖြစ် အသိပညာယူကြပါတယ်။ အဲလိုအဖြစ်မျိုးနောက်ထပ်တစ်ကြိမ် မဖြစ်ပွားအောင် သတိထား ဆောင်ရွက်ကြပါတယ်။ သင်လည်း အဲဒီအချက်ကို အလေ့အကျင့်တစ်ခုလိုဖြစ်နေအောင် စွဲစွဲမြဲမြဲ မှတ်သားမိအောင် သတိထားဆောင်ရွက်ရင် သင်ဖြစ်ချင်တဲ့အောင်မြင်မှုတွေရမှာပါ။

## (၇) ဖန်တီးတတ်သော အမြော်အမြင်

အဲဒီအချက်ဟာ ကျွမ်းကျင်မှုအပေါ်မှာ မူတည်နေပါတယ်။ မိမိဖန်တီးဆောင်ရွက်ချက်ကို ဖြစ်ဖြစ်၊ တခြားသူရဲ့ ဖန်တီးဆောင်ရွက်ချက်ပဲဖြစ်ဖြစ်၊ ဒါကိုဘယ်လိုဆောင်ရွက်ရင် အလားအလာ ပိုကောင်းလာနိုင်မယ်ဆိုတဲ့ကြိုတင်တွက်ဆမှုအမြင်ကိုဆိုလိုခြင်းဖြစ်ပါတယ်။ အတွေ့အကြုံနဲ့ကျွမ်းကျင်မှုအပေါ် မူတည်ပြီးဖြစ်ပေါ်လာမယ့် အကြောင်းတရားတွေကိုတွေး တောကြံဆခြင်းဖြစ်ပါတယ်။ အတွေ့အကြုံနဲ့ ကျွမ်းကျင်မှုဆိုတာ နှစ်ရှည်လများဆည်းပူးမှ ဖြစ်ပေါ်ခြင်းမဟုတ်ပါဘူး။ ဆန္ဒပြင်းပြမှုနဲ့ အာရုံစူးစိုက်မှုအပေါ်မှာသာ မူတည်နေပါတယ်။ နှစ်များစွာ ဒီအလုပ်တစ်ခုတည်းကို ဝတ်ကျေဝတ်ကုန်လုပ်ရင်၊ သာမန်လုပ်သားတစ်ယောက်လိုနေသွားရင် သေတဲ့အချိန်ကာလအထိ တိုးတက်အောင်မြင်မှုကို မရနိုင်ပါဘူး။ ရက်မိုင်းလပိုင်းအတွင်း အာရုံစူးစိုက်မှုနဲ့ဖြစ်ချင်တဲ့အရာကို ဖြစ်အောင်လုပ်မယ်ဆိုတဲ့ ဆန္ဒပြင်းပြတဲ့သူဟာ အင်မတန်တိုတောင်းတဲ့အချိန်ကာလတစ်ခုအတွင်းမှာဖန်တီးနိုင်စွမ်းတဲ့အမြင်ကိုရရှိလာနိုင်တယ်။

## (၈) ကိုယ်ပိုင်တီထွင်တတ်သော ဉာဏ်၊

ဒီအချက်ဟာလည်းဖန်တီးတတ်တဲ့အမြင်နဲ့ပတ်သက်ဆက်နွယ်နေတယ်။ ဘာကြောင့်လဲဆိုတော့ အရင်းခံအကြောင်းတရားဟာ အတွေ့အကြုံနဲ့ ကျွမ်းကျင်မှု အပေါ်မှာ မူတည်နေလို့ပါပဲ။ ဥပမာ

တစ်ခုကို အနီးစပ်ဆုံး ထင်သာမြင်သာအောင် ဖော်ပြရမယ်ဆိုရင်၊ မိမိရှေ့မှ အမှန်တကယ်ရှိနေတဲ့ပစ္စည်းကိုအခြေခံပြီး ကြံစည်တီထွင်မှုတစ်ခုကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ မိမိ ရှေ့မှာရှိနေတာက ကြွေလက်ဖက်ရည်ပန်းကန်နဲ့ သစ်သားတုံးတစ်တုံး၊ ဒါပေမယ့် အဲဒီ အရာဝတ္ထုနှစ်ခုကို ပေါင်းစပ်ပြီး တကယ်မရှိတဲ့ အရာတစ်ခုကို ကိုယ်ပိုင်တီထွင်ဉာဏ်ရှိတဲ့ သူက "သစ်သားလက်ဖက်ရည်ပန်းကန်လုံးအဖြစ်" စိတ်ကူးလိုက်ပါတယ်။ အဲဒီ စိတ်ကူးကိုအကောင်အထည်ဖော်လိုက်တဲ့အခါမှာ သစ်သားလက်ဖက်ရည်ပန်းကန်စုံတွေကို ထုတ်လုပ်မှုလုပ်ငန်းတစ်ခု ဖြစ်မြောက်အောင်မြင်သွားပါတယ်။

## (၉) တိကျမှန်ကန်သော အတွေးအခေါ်၊

သိုးကျောင်းသားကအစ ဧကရာဇ်ဘုရင်အထိ သူ့အတိုင်းအတာနဲ့သူ အတွေးအခေါ်ဆိုတာ ရှိကြစမြဲပါ။ ဒါပေမယ့် အတွေးအခေါ် မှန်တာနဲ့မှားတာတော့ ကွဲပြားခြားနားနေပါလိမ့်မယ်။ မှန်ကန်တဲ့အတွေးအခေါ်ပဲ ဖြစ်ပါစေ၊ တိကျတဲ့သဘောတရားမပါရင် စိတ်ကူးယဉ် အခြေအနေမှာပဲ လမ်းစပျောက်သွားနိုင်ပါတယ်။ ဒါကြောင့် တွေးခေါ်တာခြင်းတူပေမယ့် အဲဒီအတွေးအခေါ်ဟာမှန်ကန်ရမယ်၊ တိကျရမယ်၊ ဒါဆိုရင်မှန်ကန်တိကျတဲ့အတွေးအခေါ်ကို အခြေခံပြီးဆောင်ရွက်တဲ့ လုပ်ငန်း မှန်သမျှဟာ မိမိအတွက်ရော သုံးစွဲသူတွေအတွက်ပါ အကျိုးသက်ရောက်မှုဖြစ်နေမှာပါ။ ဒါကြောင့် သင့်အနေနဲ့ရည်မှန်းချက် ကြီးကြီးမားမားအောင်မြင်ဖို့ ကြိုးစားနေသူဖြစ်တဲ့အတွက် တိကျမှန်ကန်တဲ့ အတွေးအခေါ်ဖြစ်စေပြီး လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ အားထုတ်ပါ၊ အားလုံးအဆင်ပြေသွားပါလိမ့်မယ်။

## (၁၀) မိမိကိုယ်ကို စည်းစနစ်ကျစေခြင်း၊

လူသားရာခိုင်နှုန်းအတော်များများက လွတ်လွတ်လပ်လပ် လှုပ်ရှားသွားလာ နေထိုင်လုပ်ကိုင်ချင်ကြတယ်။ စည်းကမ်းနဲ့ဘောင်ခတ်တာကို မကြိုက်ကြဘူး။ မတတ်သာလို့စိတ်ကိုလွှတ်ပေးလိုက်

ကြတာပဲ။ နေရာတိုင်းမှာ စည်းကမ်းနဲ့ဘောင်ခတ်ထားတာတွေ မရေမတွက်နိုင်အောင် (သူ့နေရာနဲ့သူ) ရှိနေကြပါတယ်။ အဲဒီစည်းကမ်းတွေကို လစ်ရင်လစ်သလို ချိုးဖောက်လေ့ရှိတာက လူတွေပါပဲ။ ကားစီးရင် ဆေးလိပ်မသောက်ရ၊ လက်အပြင်မထုတ်ရ၊ သတ်မှတ်မိုင်နှုန်းထက်မကျော်လွန်စေရ စတဲ့ စည်းကမ်းတွေကိုထုတ်ထားတဲ့အခါမှာ စည်းကမ်းချက်အတိုင်း လိုက်နာခြင်းရှိ မရှိစစ်ဆေးဖို့ တာဝန်ယူဆောင်ရွက်နေသူရှိပါတယ်။ ဒါပေမယ့် အဲဒီစစ်ဆေးအရေးယူမယ့် လူတွေအလစ်မှာ စည်းကမ်းဖောက်ဖျက်ကြပါတယ်။ မိမိကိုယ်မိမိ စည်းကမ်းမလိုက်နာတာကို မိမိကိုယ်တိုင်သိနေပါတယ်။ တခြားလူကနေ့သတ်ထားတဲ့ စည်းကမ်းမဟုတ်ပါဘူး။ လွယ်လွယ်ကူကူပြောရရင် မိမိကိုယ်မိမိ ထိန်းသိမ်းခြင်းပဲဖြစ်ပါတယ်။ အဲဒီလို ကိုယ့်ကိုယ်ကိုယ် စည်းကမ်းစနစ်တကျရှိနေသူဟာ ဘယ်ဆန္ဒကိုမဆို အောင်မြင်စွာ ဖော်ဆောင်နိုင်သူဖြစ်ပါတယ်။

**(၁၁) ကြိုးပမ်းအားထုတ်ရာတွင် စူးစိုက်ခြင်း၊**

လုပ်ငန်းကြီးတစ်ခု ဆောင်ရွက်တဲ့အခါမှာ ကြိုးပမ်းအားထုတ်မှုမပါဝင်ဘဲနဲ့ အလွယ်တကူ မအောင်မြင်နိုင်ပါဘူး။ ကြိုးပမ်းအားထုတ်တဲ့အခါမှာစူးစူးစိုက်စိုက်အာရုံစိုက်ပြီးလုပ်မှ ထိထိရောက်ရောက်ဖြစ်မှာပါ။ ထင်သာမြင်သာ ဥပမာတစ်ခုဖော်ပြရမယ်ဆိုရင် ဝါဂွမ်းစတစ်ခုကို နေရောင်အောက်မှာ မှန်ဘီလူးနဲ့လောင်ကျွမ်းစေတဲ့ဖြစ်ရပ်နဲ့ ထပ်တူထပ်မျှပါပဲ၊ ဝါဂွမ်းစနဲ့နေရောင်ခြည်ရဲ့ကြားမှာ မှန်ဘီလူးကိုခံထားလိုက်ရင် မှန်ဘီလူးကို ဖြတ်သန်းဝင်ရောက်တဲ့ နေရောင်ခြည်ဟာ စူးရှတဲ့ ဆုံချက်တစ်ခုအဖြစ် ပြောင်းလဲသွားပါလိမ့်မယ်။ အဲဒီပွိုင့်လေးကို စုစည်းလိုက်တာနဲ့တစ်ပြိုင်နက် ဝါဂွမ်းစလေးကို မီးစွဲလောင်သွားတော့တာပါပဲ။ ဒီဖြစ်ရပ်ကို လူတိုင်းသိကြပြီး ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် အဲဒီနည်းလမ်းအရ စီးပွားရေးလုပ်ငန်းကိုလုပ်တဲ့သူဟာ မိမိလုပ်တဲ့အလုပ်ကလွဲပြီး တခြားဘယ်အကြောင်းအရာကိုမှ စိတ်မပျံ့လွင့်စေရပါဘူး။ အဲလိုမျိုးစူးစိုက်အား

ထုတ်လိုက်တာနဲ့ တစ်ပြိုင်နက် ငွမ်းစလေးမှာမီးထတောက်လာသလို မိမိလုပ်ငန်းဟာလည်း ချက်ချင်းလက်ငင်း အကျိုးသက်ရောက်မှာ ဖြစ်ပါတယ်။ အာရုံစူးစိုက်မှု အင်အားများလာလေလေ အောင်မြင်မှု ဖြစ်ပေါ်လာလေလေပါပဲ။

ဒီအချက်ကိုသဘောပေါက်ကြမှာ သေချာပါတယ်။ ဒါပေမယ့် လွယ်လွယ်ကူကူသိနေတဲ့ဥပဒေကို အလေးအနက် တန်ဖိုးမထားတတ်ကြလို့သာ အကျိုးရှိသူ နည်းပါးနေကြတာဖြစ်ပါတယ်။ ဒါကြောင့်ချမ်းသာကြွယ်ဝမှုအပေါင်းကို ပိုင်ဆိုင်ရရှိနိုင်ဖို့ ကြိုးပမ်းအားထုတ်တဲ့သူဟာ တခြားသာမန်လူတွေထက် ပိုပြီးအာရုံစူးစိုက်ရပါမယ်။ ဒါမှတခြားလူတွေရဲ့အထက်ကိုရောက်ရှိနိုင်မှာမလွဲပါဘူး။

## (၁၂) ပူးပေါင်းဆောင်ရွက်ခြင်း၊

"တစ်ယောက်အားဖြင့် ဆောင်သော် မရလျှင် အများအားဖြင့် စုပေါင်းဆောင်ရွက်သော် ရ၏" ဆိုတဲ့စကားအတိုင်းပါပဲ။ မိမိနဲ့ပူပေါင်းဆောင်ရွက်လုပ်ကိုင်ကြတဲ့လူတွေအပေါ်မှာမိမိကစေတနာထားပါ။ မိမိကိုလည်းသူတို့က အပြန်အလှန် စေတနာထားပါစေ။ ဒီ အခြေခံသဘောတရားနဲ့ သမဝါယမစနစ်ဟာ မူအားဖြင့်တူနေပါတယ်။အပြန်အလှန်ပူးပေါင်းဆောင်ရွက်သူအချင်းချင်းတစ်ယောက်နဲ့တစ်ယောက် မှန်မှန်ကန်ကန်ဆောင်ရွက်ကြရင် မလွဲမသွေ အောင်မြင်မယ့်သဘောတရားဖြစ်နေပါတယ်။ အဲဒီလို ပူးပေါင်းဆောင်ရွက်မှု မှန်ကန်တဲ့အတွက် အောင်မြင်မှုရရှိသွားပြန်တော့လည်း နောက်ထပ် ပူးပေါင်းဆောင်ရွက်ဖို့ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒီသဘောတရားကို အသုံးတည့်ခဲ့ကြတဲ့ လူတွေဟာ နေရာဒေသ၊ ဌာန အထွေထွေမှာ နောက်ထပ်ဆက်လက် ပူးပေါင်းဆောင်ရွက်ကြတဲ့အတွက် အောင်မြင်မှုရရှိပြီး အကျိုးဖြစ်ထွန်းနေပါတယ်။

## (၁၃) အလွန်တရာ စိတ်အားထက်သန်ခြင်း၊

ဒီအချက်ဟာလည်း အောင်မြင်မှုကို ထူးထူးခြားခြားရနိုင်တဲ့ သဘောတရားတစ်ခုပါ။ စိတ်မပါဘဲနဲ့လုပ်တာထက် စိတ်အား

ထက်သန်စွာလုပ်ကိုင်တဲ့အတွက် စိတ်ရောကိုယ်ပါ ထပ်တူထပ်မျှ ပါလာပါတယ်။ မိမိက စံပြနမူနာအဖြစ် ဆောင်ရွက်ပြမှုလိုက်တာ ကိုမြင်လိုက်ရတဲ့ လုပ်ဖော်ကိုင်ဖက်တွေဟာ အလိုလိုနေရင်း စိတ်ပါလာကြတယ်။ မိမိ လုပ်တာကိုကြည့်ပြီး သူတို့လည်း စိတ်အားထက်သန်စွာ လိုက်လုပ်လေ့ရှိပါတယ်။ ဒါကြောင့် ကြီးပွားချမ်းသာမှုကို ဆန္ဒရှိသူတိုင်းအရာရာမှာ အလေးအနက်ထားပြီး အလွန်တရာ စိတ်အားထက်သန်စွာ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါဆိုရင်ကျန်တဲ့လူတွေထဲမှာ ရေသာခိုအချောင်လိုက်ချင်သူတွေတောင်မှ သူတို့ကိုယ်သူတို့ သိမ်ငယ်သွားမှာကို စိုးရိမ်စိတ်ဖြစ်ပေါ်လာကြတယ်။ ဒါကြောင့် မိမိနဲ့ထပ်တူထပ်မျှ စိတ်အားထက်သန်စွာ တက်ညီလက်ညီလိုက်လုပ်ရတဲ့ အဖြစ်မျိုးတွေအများကြီးရှိခဲ့ပါတယ်။ အဲဒီဖြစ်ရပ်ကြောင့် လက်တွေ့စည်းရုံးလုပ်ကိုင်မှုမှာ အရှိန်အဟုန်နဲ့အောင်မြင်လာတာကို တွေ့ရပါတယ်။

**(၁၄) ကျန်းမာသန်စွမ်းသော အလေ့အထရှိခြင်း၊**

ချမ်းသာကြွယ်ဝမှုအပေါင်းကို ပိုင်ဆိုင်နေကြတဲ့ လူတိုင်းဟာ သူတို့ရဲ့အောင်မြင်နေတဲ့စီးပွားရေးကို ဆက်လက်ပိုင်ဆိုင်နိုင်ဖို့အတွက် ရပ်စဉ်စွာ ကျန်းမာသန်စွမ်းရေးကို အထူးဂရုပြုကြပါတယ်။ အထူးသဖြင့် အသက်အရွယ်အိုမင်းလာပေမယ့် ကျန်းမာရေးယိုယွင်းမလာစေရန် ခေတ်မီအစွမ်းထက်တဲ့ဆေးဝါးတွေကို မှီဝဲပြီး ကျောထောက်နောက်ခံ ဖန်တီးထားကြပါတယ်။ လူရွယ်လူလတ်ပိုင်းတွေနဲ့ လူငယ်ခြေတတ်တွေကတော့ လေ့ကျင့်ခန်းအတွက် ကျန်းမာသန်စွမ်းရေးအကူပစ္စည်းတွေနဲ့ နေ့စဉ်အချိန်တစ်ချိန် သတ်မှတ်လုပ်ကိုင်ကြပါတယ်။ လမ်းလျှောက်ခြင်း၊ ရေကူးခြင်း၊ ဂေါက်ရိုက်ခြင်းစတဲ့ လေ့ကျင့်ခန်းတွေဟာ ကျန်းမာရေးအထောက်အကူ လုပ်ရပ်တွေဖြစ်ပါတယ်။ အစားအသောက်အနေအထိုင်ကိုလည်းမဆင်ခြင်လို့မဖြစ်ပါဘူး။ ကျန်းမာရေးကောင်းမှသာ လုပ်ငန်းကိုအားကြိုးမာန်တက် စိတ်ထက်သန်စွာဆောင်ရွက်မှာပါ။ ဒါကို လူတိုင်းသိနေကြပါတယ်။

သိထားရုံလောက်နဲ့တော့ အလိုလိုနေရင်း ကျန်းမာရေးကို ကိုယ်တိုင်ကိုယ်ကျဆောင်ရွက်ရပါမယ်။ အကြောင်းအားလျော်စွာစကားအဖြစ်သုံးတဲ့ဖြစ်ရပ်တစ်ခု တင်ပြပါ့မယ်။

အဲဒီစကားကို သင်ကိုယ်တိုင်ကြားဖူးရင်လည်း ကြားဖူးခဲ့ပြီး ဖြစ်ပါလိမ့်မယ်။ " **သူဌေးသာ စိတ်မသလိုမလုပ်နဲ့** " တဲ့။ "သူဌေးသားကစိတ်ကိုဘယ်လိုမလို့တုန်း" ...လို့စပ်စုလိုက်တော့မှ၊ တင်စားတဲ့ ဥပမာကိုသိလိုက်ရတယ်။ ပိန်လှီနေတဲ့ သူဌေးသားကို ကျန်းမာသန်စွမ်းလာအောင်လို့ ဖခင်သူဌေးကြီးက စိတ်မခိုင်းသတဲ့။ ဒါပေမယ့်ပင်ပန်းတဲ့အလုပ်ဆို လေတောင်မှမချန်ချင်တဲ့သူဌေးသားဟာ အလေးမတဲ့အခန်းထဲကို အိမ်ကအလုပ်သမားနဲ့အတူ ဝင်သွားပြီး တံခါးကိုအတွင်းကနေ မင်းတုပ်ထိုးပြီး ပိတ်လိုက်တယ်။ နောက်ပြီး အလုပ်သမားကိုသူ့ကိုယ်စား စိတ်မခိုင်းတော့တာပဲ။ အလုပ်သမားစိတ်မတဲ့အသံတွေ၊ တရှောင်ရှောင်၊ တဂျင်ဂျင်ကြားနေရတော့ ဖခင်သူဌေး ကြီးက ကျေနပ်နေတာပေါ့။ သူဌေးသားကတော့ အလေးမခန်းထဲမှာ တရေးတမော အိပ်စက်နေတာပဲ။ အချိန်ကာလတွေဟာ တစ်ပတ်ပြီးတစ်ပတ်၊တစ်လပြီးတစ်လကုန်ဆုံးသွားတယ်။ သူဌေးသားဟာ ကြံ့ခိုင်မလာတဲ့အပြင် အလေးမခန်းထဲမှာ အိပ်ရလွန်းလို့ မျက်နှာကြီးပွစိပွယောင်းဖြစ်လာတယ်။ သူ့ကိုယ်စားစိတ်မပေးနေတဲ့ အဲဒီအလုပ်သမားကတော့ ကျန်းမာသန်စွမ်းလာတယ်။ အဲဒီအကြောင်းကိုသူဌေးကြီးကနောက်တော့မှသိရသတဲ့။ဒါကြောင့်ကျန်းမာသန်စွမ်းဖို့အတွက် တခြားလူကိုခိုင်းလို့မရဘူး။ ကိုယ်တိုင်ကိုယ်ကျလေ့ကျင့်လုပ်ကိုင်မှသာ မိမိရဲ့ကျန်းမာရေးကြံ့ခိုင်လာမှာပါ။

ခန္ဓာကိုယ် ကျန်းမာသန်စွမ်းနေတာဟာ စိတ်ပိုင်းဆိုင်ရာသန်စွမ်းမှုကိုလည်း အထောက်အကူပြုနေပါတယ်။ လူရဲ့ခန္ဓာကိုယ်မှာ စိတ်နဲ့ရုပ်က ဒွန်တွဲနေတယ်မဟုတ်လား။ မြန်မာမှုနယ်ပယ်မှာ **စိတ်ထားလို့ကိုယ်ကြေ၊စိတ်ပျိုမှကိုယ်နု** ဆိုတဲ့ စကားပုံတွေ ရှိနေကြပါတယ်။ အဲဒီစကားပုံတွေဟာ စိတ်နဲ့ရုပ် ပတ်သက်နေတာကို

အလေးအနက်ဖော်ပြထားတာပါ။

(၁၅) **အချိန်နဲ့ငွေကို ခန့်မှန်းတွက်ချက်ခြင်း၊**

အများအားဖြင့် ပေါ့ပေါ့နေသူတွေဟာ အချိန်ကိုမလေးစားကြပါဘူး။ ငွေကိုလည်း ဝင်ငွေနဲ့ထွက်ငွေကို မျှတအောင် ခန့်မှန်းသုံးစွဲခြင်းမလုပ်ကြပါဘူး။ ဒါကြောင့်အဲလိုမျိုးတွက်ချက်ပြီး ဇယားကိုက်အောင် မလုပ်ကြတဲ့အတွက် သုံးငွေကများနေပြီး ဝင်ငွေနဲ့အချိုးအစား မညီမျှတော့ဘဲ ကြွေးပတ်လည်ဝိုင်းကြတဲ့ အဖြစ်မျိုးနဲ့ ကြုံကြိုက်ကြရတယ်။

ဒါဟာ တစ်ယောက်ချင်းအတွက် ဖော်ပြလိုက်တာပါ။ လုပ်ငန်းကြီးတစ်ခုအောင်မြင်ဖို့ကျတော့ ဒါ့ထက်အဆပေါင်းများစွာကြီးကျယ်နေပါတယ်။ သတ်မှတ်တဲ့ အချိန်ကာလအတွင်း ပြီးစီးရမယ့် လုပ်ငန်းတွေမပြီးစီးလို့ အကျိုးစီးပွားဆုတ်ယုတ်သွားတာတွေ၊ ငွေဝင်ငွေထွက်နဲ့ပတ်သက်ပြီး ရသုံးငွေ ခန့်မှန်းတွက်ချက်တာတွေနဲ့ မကိုက်ညီလို့ ပြဿနာဖြစ်ရတဲ့ဖြစ်ရပ်တွေ မကြာခဏပေါ်ပေါက်ခဲ့ရဖူးပါတယ်။ အဲဒီဖြစ်ရပ်တွေကို အတွေ့အကြုံ သင်ခန်းစာယူပြီး နောက်နောင်အလားတူ ဖြစ်ရပ်မျိုးမဖြစ်ရအောင် နည်းလမ်းတွေရှာကြံပြီး အကာအကွယ် ယူခဲ့ကြပါတယ်။ ဒါကြောင့် အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းကြီးဖြစ်ဖို့အတွက် ဖော်ပြခဲ့တဲ့အချက်တွေကို အလေးအနက်ထားပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အခုဆိုရင် သင့်အတွက်ရှောင်ရန်၊ ဆောင်ရန် အချက်(၁၅)ချက်ကို တိတိကျကျပိုင်ပိုင်နိုင်နိုင် သိနေပါပြီ။ ကျန်တဲ့(၂)ချက်ကိုပါ ဆက်လက်ဖတ်ရှုပြီး လိုက်နာဆောင်ရွက်ရင် သင်ဖြစ်ချင်တဲ့ဘဝကို ရောက်တော့မှာသေချာနေပါပြီ။

(၁၆) **အသုံးချရန် ရွှေရောင်ဆုံးဖြတ်ချက်၊**

ဆုံးဖြတ်ချက်ဆိုတဲ့ စကားလုံးကို **"ရွှေရောင်"**လို့ ဖြည့်စွက်ပေါင်းစပ်အမွမ်းတင်ထားပါတယ်။ ဒါဟာသာမန်ထက်ပိုပြီးအဆင့်အမြင့်ဆုံးဖြစ်နေလို့ပါပဲ။ တစ်မျိုးပြောရရင်မွန်မြတ်တဲ့ဆုံးဖြတ်

ချက်လို့ သတ်မှတ်မယ်ဆိုရင်လည်း ရပါတယ်။ အဲဒီ ဆုံးဖြတ်ချက်အပေါ်မှာ အလေးအနက် စိတ်ချပြီး ဆောင်ရွက်တဲ့အခါမှာလည်း ယုံကြည်မှုအပြည့်အဝရှိနေမှ ဖြစ်မှာပါ။ နောက်ပြီး အကျိုးဖြစ်ထွန်းအောင်လည်း ညွှန်ပြဖို့လိုနေပါတယ်။ ဒီဆုံးဖြတ်ချက်ကို လူမှုဆက်ဆံရေးနဲ့ပတ်သက်သမျှ စွဲစွဲမြဲမြဲ လိုက်နာရမှာပါ။ ဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမပြုခဲ့ရင် ဆိုးကျိုးတရားတွေဖြစ်ပေါ်လာပါလိမ့်မယ်။ ဒါကြောင့် ရွှေရောင်ဆုံးဖြတ်ချက်ကို အမြဲတမ်းလိုက်နာဆောင်ရွက်သူများအတွက် အကျိုးကျေးဇူးတွေကို ခံစားစံစားရမှာ အမှန်ပါပဲ။

## (၁၇) စကြဝဠာဆိုင်ရာ အလေ့အကျင့်၊

စကြဝဠာဆိုင်ရာ အရာခပ်သိမ်းရဲ့တည်ရှိမှုဟာ သူ့နေရာနဲ့သူစနစ်တကျတည်ရှိနေပါတယ်။ အဲဒီတည်ရှိမှုဟာလည်း မပြောင်းမလဲ၊ မပျောက်မပျက် ထာဝရတည်ရှိမှုမျိုးဖြစ်ပါတယ်။ ထိုနည်းတူဖော်ပြခဲ့တဲ့ အချက်(၁၆)ချက်စလုံးဟာ သူ့နေရာနဲ့သူ စနစ်တကျမပြောင်းမလဲ တည်ရှိနေရမှာဖြစ်ပါတယ်။

ဖော်ပြပါ(၁၆)ချက်ရဲ့ ပေါင်းစပ်ဖွဲ့စည်းမှု၊ ဖြစ်တည်မှုအားလုံးဟာ ဒီအခန်းကဏ္ဍမှာ အချက်အားလုံးစုပေါင်းလိုက်တဲ့အတွက် ကြွယ်ဝချမ်းသာမှုအလုံးစုံကိုပိုင်ဆိုင်ရေး အမြဲတမ်းသတိပြုမိနေရအောင်၊ အဲဒီဆန္ဒကိုမမေ့မလျော့နဲ့ အစဉ်ထာဝရ ဦးနှောက်ထဲမှာ စွဲမြဲစိမ့်ဝင်နေအောင် ဖန်တီးလိုက်ခြင်းဖြစ်ပါတယ်။

ရှေ့ကဖော်ပြခဲ့တဲ့အချက်(၁၆)ချက်ကို မလွဲမသွေ သိရှိပြီးရှင်းရှင်းလင်းလင်း နားလည်နေရမှာဖြစ်ပါတယ်။ ဒါပေမယ့်လက်တွေ့ကျင့်သုံးတဲ့ အလေ့အကျင့်ရှိမှသာ မိမိအတွက် ပင်ကိုစွမ်းအားဖြစ်မှာပါ။ ပင်ကိုအစွမ်းအစနဲ့ပတ်သက်တဲ့ ဥပမာတစ်ခုကို ဖော်ပြရမယ်ဆိုရင်...

ဟိမဝန္တာတောင်ပေါ်မှာ နေထိုင်တရားကျင့် နေကြတဲ့လားမားဘုန်းတော်ကြီးတွေဟာ သုံးနှစ်ကိုနှစ်ကြိမ်လောက် လူတွေ

နေတဲ့ ကျေးရွာတွေကို ခရီးသွားကြတယ်။ ရွာတွေကိုရောက်ဖို့ အနည်းဆုံးဆယ်ရက်၊ ဆယ့်ငါးရက်လောက် တောတောင်လျှိုမြောင်၊ စိမ့်စမ်းတွေကို ခက်ခက်ခဲခဲဖြတ်ကျော်သွားရပါမယ်။ လားမားဘုန်းတော်ကြီးတွေဟာ ကျေးရွာမှာနေထိုင်ကြတဲ့ ရွာသူရွာသားတွေဆီက ဆန်၊ ဆား၊ အဝတ်အထည်…စတဲ့အရာတွေကိုအလှူခံကြပါတယ်။ အလှူခံလို့ရလာတဲ့ပစ္စည်းတွေကို သယ်ဆောင်ပြီး အလာခရီးအတိုင်း ပြန်ကြတဲ့အခါမှာ လူပြတ်တဲ့ တောတောင်ထဲမှာ လူဆိုးဓါးပြတွေနဲ့ ရင်ဆိုင်ကြရတယ်။ အဲဒီလူဆိုးဓါးပြတွေဟာ လားမားဘုန်းတော်ကြီးတွေ အလှူခံလို့ရလာတဲ့ပစ္စည်းတွေကို လက်နက်အားကိုးနဲ့ တိုက်ခိုက်လုယူဖို့ တမင်စောင့်နေကြတာပါ။ လားမားဘုန်းတော်ကြီးတွေ အလှူခံလာသမျှ ဆန်၊ ဆားနဲ့အဝတ်အထည်တွေအားလုံးကို ယူသွားကြတော့တာပါပဲ။ အဲဒီ လူဆိုးဓါးပြတွေကို လားမားဘုန်းတော်ကြီးတွေက ပြန်လည်တိုက်ခိုက်ဖို့ကျတော့ သတ်မှတ်စည်းကမ်းချက်အရ လက်နက်ကိုင်ဆောင်ခွင့်မရှိပါဘူး။ကျောက်ခဲတို့တုတ်တို့ကိုတောင်မှ လက်နက်အဖြစ်အသုံးပြုခွင့် မရပါဘူး။ ဒါပေမယ့် ခန္ဓာကိုယ်မှာရှိနေတဲ့ ခြေ၊ လက်၊ ဦးခေါင်း…စတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေနဲ့တော့ မိမိကိုယ်ကို ကာကွယ်ခွင့်ရှိပါတယ်။

ဒါကြောင့် လားမားဘုန်းတော်ကြီးတွေက တိရစ္ဆာန်တွေ၊ ငှက်တွေအချင်းချင်း တိုက်ခိုက်ကြတာကို လေ့လာကြတယ်။ အဲဒီ ငှက်တွေ၊ တိရစ္ဆာန်တွေဟာ သူတို့ခန္ဓာကိုယ်မှာရှိတဲ့ အစိတ်အပိုင်းတွေနဲ့ တိုက်ခိုက်ကြတယ်။ ငှက်တွေက နှုတ်သီးနဲ့ခြေထောက်ကို အသုံးပြုပြီးတိုက်ခိုက်ကြတယ်။ ကျားတွေ၊ ကျားသစ်တွေ၊ ခြင်္သေ့တွေကတော့ လက်ဖျံတွေ၊ လက်သည်းတွေ၊ ပါးစပ်တွေနဲ့ တိုက်ခိုက်ကြတယ်။ တချို့ တိရစ္ဆာန်တွေထဲမှာ ဦးခေါင်းပိုင်းနဲ့တိုက်ခိုက်ကြတာမျိုးလည်း တွေ့ရပါတယ်။

အဲဒီ တိုက်ခိုက်မှုနည်းစနစ်တွေကို လေ့လာပြီး လားမားဘုန်းတော်ကြီးတွေဟာ ပင်ကိုလေ့ကျင့်ထားတဲ့ သမထစွမ်းအားကို

ပိုပြီးထက်မြက်အောင် ကြိုးစားကြတယ်။ ဒါကြောင့် စိတ်အာရုံစုစည်းမှုစွမ်းအားကို ရရှိလာတယ်။ စုစည်းမှုစွမ်းအားအရ ခန္ဓာကိုယ်တစ်ခုလုံးမှာ ရှိရှိသမျှစွမ်းအားတွေကို ရင်ညွန့်အလယ်ဗဟိုကို ပို့ထားလိုက်တယ်။

အဲဒီ အလေ့အကျင့်ခိုင်မြဲလာတဲ့အခါ တိရစ္ဆာန်တွေ၊ ငှက်တွေတိုက်ခိုက်ပုံမျိုး လေ့ကျင့်တိုက်ခိုက်ကြတယ်။ အဲဒီလိုတိုက်ခိုက်ရာမှာလက်သီး၊ လက်ဆစ်၊ လက်ဖျံ၊ တံတောင်ဆစ်တို့နဲ့တိုက်ခိုက်ရင်း ပထမရင်ညွှန့်မှာစုစည်းထားတဲ့ စိတ်အာရုံစုစည်းမှုစွမ်းအင်တွေပို့လိုက်တယ်။ ဒါကြောင့် လားမားဘုန်းတော်ကြီးတွေရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းနဲ့ တိုက်ခိုက်တဲ့အခါမှာလည်း စိတ်အာရုံစုစည်းမှုစွမ်းအင်တွေနဲ့အတူ ထွင်းဖောက်မှုစွမ်းရည်ကိုပါ ပေါင်းထည့်လိုက်တယ် လူဆိုးရဲ့ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ အားနည်းချက်အရှိဆုံးနေရာတွေကို ရွေးချယ်တိုက် ခိုက်လိုက်တယ်။ ဒါကြောင့် လားမားဘုန်းတော်ကြီးတွေဟာ သူတို့အလှူခံလို့ရလာတဲ့ပစ္စည်းတွေကို လုယက်တိုက်ခိုက်လေ့ရှိတဲ့ လူဆိုးတွေကို တိုက်ကွက် တစ်ချက်တည်းနဲ့ (တစ်ချက်ကောင်းစနစ်)အသုံးပြုပြီး ပွဲသိမ်းလိုက်နိုင်ခဲ့ပါတယ်။

လူဆိုးတစ်ယောက်ကို တစ်ချက်တည်းနဲ့ ကိစ္စဖြတ်လိုက်တာပါပဲ။ အဲဒီဖြစ်ရပ်ကို ရှေ့ပိုင်းကဖော်ပြခဲ့ပြီးဖြစ်တဲ့ အချက်(၁၆)ချက်နဲ့ ပြန်လည်နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ... အချက်(၁၆)ချက်ဟာ လားမားဘုန်းတော်ကြီးတွေအနေနဲ့တိရစ္ဆာန်တွေ၊ငှက်တွေအချင်းချင်းတိုက်ခိုက်တာကို သိနေအောင် စူးစမ်း လေ့လာထားတဲ့သဘောမျိုးနဲ့တူပါတယ်။

တိုက်ခိုက်နည်းကိုသိရှိပြီးတဲ့ ဘုန်းတော်ကြီးတွေဟာစိတ်အာရုံအစွမ်းကို ခန္ဓာကိုယ်ရဲ့ဗဟိုချက်မ၊ ရင်ညွန့်တစ်နေရာမှာစုစည်းထားလိုက်ပြီးလူဆိုးတွေနဲ့တိုက်ခိုက်ရာမှာအသုံးပြုရမယ့်ခန္ဓာကိုယ်အစိတ်အပိုင်း၊(လက်ချောင်း၊လက်ဆစ်၊လက်ဖျံ၊တံတောင်ဆစ်)တွေဆီကို **စိတ်အာရုံစုစည်းမှုစွမ်းအား** အပြည့်အဝကို လျှပ်တစ်ပြက်

ပို့လွှတ်လိုက်ပါတယ်။

အဲဒီနည်းအတိုင်း ချမ်းသာကြွယ်ဝမှုအပေါင်းနဲ့ပြည့်စုံဖို့ရာ အချက်အလက်တွေ၊ သဘောတရားတွေကို မိမိရဲ့ ဦးနှောက်ထဲမှာ အသင့် စုစည်းပြီးသားဖြစ်နေသူဟာ မိမိရည်မှန်းချက်အတိုင်းအောင်မြင်ဖို့ ဆောင်ရွက်တဲ့အခါမှာစုစည်းပြီးသား စိတ်အာရုံကို အားကြိုးမာန်တက် စွမ်းအင်အပြည့်အဝနဲ့ အသုံးချလိုက်ရမှာ ဖြစ်ပါတယ်။

ချမ်းသာကြွယ်ဝမှုအလုံးစုံကိုရရှိပိုင်ဆိုင်စေတဲ့ နည်းလမ်းကို အားသွန်ခွန်စိုက် ဆောင်ရွက်နေတဲ့လူတွေဟာ ရည်မှန်းချက်ပန်းတိုင်မရောက်ခင်မှာ (တစ်နည်းအားဖြင့်) ပန်းတိုင်ကိုရောက်ခါနီးအချိန်မှာ အနှောင့်အယှက် ပယောဂတွေ ဝင်လာလေ့ရှိတယ်။ အောင်မြင်ခါနီးလေ တွေ့ရလေလေဖြစ်ပါတယ်။ ဒါကြောင့်မို့ **သင်သတိထားရမယ့် အကြောင်းတရားတွေဟာ လောဘ၊ ဒေါသ၊ မောဟ၊ သောက၊ မာနနဲ့ တဏှာတို့ဖြစ်ပါတယ်။**

လောဘဆိုတာ မိမိရဲ့ဆောင်ရွက်မှုကြောင့် ထိုက်သင့်တဲ့ အမှန်အကန် အကျိုးဖြစ်ထွန်းမှုကိုခံစားစံစားရတာထက် ပိုပြီးခံစားစံစားချင်တဲ့ (မတော်မတရား) ရလိုမှု ဖြစ်ပါတယ်။ ထိုက်သင့်တာထက် ပိုပြီးရချင်တာဟာ လောဘသက်ရောက်မှုပါပဲ။ အဲဒီ သက်ရောက်မှုတိုင်းဟာ တန်ပြန်ခံစားမှုရှိနေပါတယ်။

ဒါကြောင့် မတော်လောဘကြောင့်ရရှိတဲ့ ခံစားစံစားမှုကို မိမိကမလွဲမသွေပြန်လည်ပေးဆပ်ရပါလိမ့်မယ်။အဲဒါဟာမကောင်းကျိုးဖြစ်ထွန်းခြင်းပါပဲ။

အုတ်နံရံ ဖြောင့်ဖြောင့်မတ်မတ် မြင့်မြင့်မားမားပေါ်ကို တက်နေတဲ့ပတ်ကျိကို သင်တွေ့ဖူးကောင်း တွေ့ဖူးပါလိမ့်မယ်။ အဲဒီပတ်ကျိဟာ နှစ်ပေအမြင့်ကို ရောက်ပြီးတိုင်း တစ်ပေအောက်ကို ပြန်လည် လျှောကျလေ့ရှိပါတယ်။ တစ်ကြိမ်တည်းနဲ့ ရှောရှောရှူရှူ အမြင့်ကိုရောက်သွားလေ့မရှိပါဘူး။ဒါကြောင့်လောဘနဲ့ယှဉ်ပြီးရရှိတဲ့အကျိုးဖြစ်ထွန်းမှုဟာပြန်လည်ပေးဆပ်ရတဲ့ (လျှောကျမှုကြောင့်)

ပျက်စီးဆုံးရှုံးမှာ သေချာပါတယ်။ အဲလိုမျိုးဖြစ်ပေါ်လာတဲ့အခါကျ ရင် မိမိရဲ့လောဘကြောင့်ပျက်စီးဆုံးရှုံးရတယ်ဆိုတာကိုဘယ်တော့ မှမတွေးကြပါဘူး။ သူကျင့်သုံးနေတဲ့(တနည်းအားဖြင့်)အကောင်အ ထည်ဖော်နေတဲ့သဘောတရားဟာ မှားများမှားနေပြီလားလို့သံသယ ဝင်သွားတယ်။

တကယ်တော့ အဲဒီသံသယကြောင့် စိတ်ဓါတ်ကျလာတာ ကိုပါ တဆက်တည်း ခံစားလာရမှာမလွဲပါဘူး။ ဒါဆိုရင် သူသွား နေတဲ့ ရည်မှန်းချက်လမ်းကြောင်း ပျောက်သွားဖို့ပဲရှိပါတော့တယ်။ အဲဒါဟာလောဘကြောင့် ဖြစ်ပေါ်နိုင်တဲ့ဆုံးရှုံးမှုပါပဲ။

ဒေါသနဲ့ပတ်သက်တဲ့အကြောင်းတရားကို ရှင်းလင်းအောင် တင်ပြပါ့မယ်။ ဒေါသဟာဘယ်ခေတ်ဘယ်အခါကပဲဖြစ်ဖြစ်၊ဘယ် အကြောင်းကြောင့်ပဲဖြစ်ဖြစ် ကောင်းကျိုးမပြုပါဘူး။ ဆိုးကျိုးကို သာ အမြဲတမ်းဖြစ်ပေါ်စေပါတယ်။ ဒေါသဟာ လူရဲ့ခန္ဓာကိုယ်နဲ့ စိတ်စွမ်းအင်ကို လောင်ကျွမ်းစေပါတယ်။ အဲဒီလောင်ကျွမ်းမှုတိုင်း ဟာ ပြာအဖြစ် ရောက်ရှိသွားနိုင်ပါတယ်။ ဒါကြောင့် မိမိရဲ့ရည်မှန်း ချက်ဟာ အထွတ်အထိပ်မရောက်မီ ရရှိထားတဲ့အောင်မြင်မှုတစ်ခု လုံး လမ်းခုလတ်မှာပျက်စီးဆုံးရှုံးပြီး ပြာကျသွားတဲ့အဖြစ်မျိုးဟာ ဒေါသပြေပျောက်စေတဲ့နည်း အမျိုးမျိုးကို စိတ်ပိုင်းဆိုင်ရာပညာရှင် တွေက အတွေ့အကြုံအဖုံဖုံနဲ့ ကိုယ်တွေ့ဖော်ပြခဲ့တာတွေရှိတယ်။

အဲဒီနည်းလမ်းတွေထဲက တစ်ခုကတော့ အလွယ်ကူဆုံး ဖြစ်ပါတယ်။

တကယ်လို့ သင် ဒေါသဖြစ်နေတယ်ဆိုတာ မိမိကိုယ်မိမိ သိလိုက်တာနဲ့ တစ်ပြိုင်နက်ဒေါသကြောင့် အမှားတစ်ခုခု ကျူး လွန်မိတော့မှာ သေချာနေပါပြီ။ ဒေါသကြောင့်ဖြစ်ပေါ်လာတဲ့ ပြု လုပ်ချက်ဟာ ဘယ်တော့မှအမှန်တရား၊ ကောင်းကျိုးမဖြစ်နိုင်တာ ရာခိုင်နှုန်းပြည့် သေချာနေပါတယ်။ ဒါကြောင့် ဒေါသဖြစ်ဖြစ်ချင်း တခြားဘာမှမလုပ်မိအောင် တစ်ကနေတစ်ရာအထိ သင့်စိတ်ထဲမှာ

ရေတွက်လိုက်ပါ။ ဒါဆိုရင် ဒေါသရဲ့ အရှိန်အဟုန်လျော့နည်းသွား ပါလိမ့်မယ်။ ဒါကြောင့် ဒေါသနဲ့ပြုလုပ်မယ့် အမှားအယွင်းတွေဟာ လည်းလျော့နည်းသွားပါလိမ့်မယ်။ တစ်ကနေတစ်ရာအထိ ရေတွက် ပြီးလောက်ပြီဆိုရင် သင့်ဒေါသ လုံးဝ ပျောက်ပျက်သွားကောင်း ပျောက်ပျက်နိုင်ပါလိမ့်မယ်။ ဒေါသပြေပျောက်ချိန်မှာ ဆင်ခြင်တုံ တရားက မဝံ့မရဲဝင်လာလေ့ရှိပါတယ်။ အဲဒီဆင်ခြင်တုံတရားဟာ သင့်ရဲ့ ဒေါသစိတ်ကို အတိုင်းအတာတစ်ခုအထိထိန်းပေးနိုင်မှာဖြစ် ဖြစ်ပါတယ်။ ဒေါသအလျောက် ငါလုပ်လိုက်မိရင် ဘယ်လိုပြန်ခံရ မှာပဲဆိုတဲ့ အပြစ်မြင်စိတ်ပေါ်လာတာနဲ့ သင် ကျူးလွန်တော့မယ့် ကိစ္စကို လုပ်ဖြစ်တော့မှာ မဟုတ်ပါဘူး။

တကယ်လို့ တစ်ကနေတစ်ရာအထိ ရေတွက်လို့မှ သင့် ဒေါသမပပျောက်သေးရင်၊ တခြားလူတွေ အနှောင့်အယှက်မပေးနိုင် တဲ့နေရာမျိုး(ဥပမာ..သင့်အိပ်ခန်းထဲမှာ၊ ဒါမှမဟုတ်ဘုရားခန်းမှာ) ထိုင်ပြီး နောက်ထပ်ငါးရာအထိ ဒါမှမဟုတ် တစ်ထောင်အထိ ရေ တွက်လိုက်ပါ။ ဒါဆိုရင် လုံးဝ ဒေါသပြေသွားတဲ့အတွက် ဒေါသ ကြောင့် သင်ပြုမိမယ့်အမှားကိုလည်း လုံးဝပြုမိမှာ မဟုတ်တော့ပါ ဘူး။

ဒေါသကြောင့်ရာဇဝတ်မှုကျူးလွန်ခဲ့ကြတဲ့ ဖြစ်ရပ်တွေဟာ နိုင်ငံတစ်ကာမှာ နေ့စဉ်နဲ့အမျှ ဖြစ်ပွားနေကြပါတယ်။ တစ်ယောက် ချင်းဖြစ်ပေါ်တဲ့ဒေါသဟာသူနဲ့သူ့ပတ်ဝန်းကျင်တစ်ခုလုံးကို အကျိုး ပျက်စီးစေရာမှာ မလွဲပါဘူး။ လူမျိုးအလိုက်၊ နိုင်ငံအလိုက်ဖြစ်ပွား တဲ့ ဒေါသမီးတွေကြောင့် အဲဒီလူမျိုးတွေ၊ နိုင်ငံတွေမှာ စစ်မက်ဖြစ် ပွားကြပါတယ်။

လူတွေ ထောင်ပေါင်းများစွာ အသက်အန္တရယ် ဖြစ်ကြရ တယ်။

မြို့ရွာ အိုးအိမ် စည်းစိမ်တွေ ပျက်စီးဆုံးရှုံးကြရတယ်။

အဲဒီအထဲမှာမှ အပြစ်မဲ့တဲ့ ကလေးသူငယ်တွေနဲ့သက်ကြီး

ရှယ်အိုတွေ အများအပြားဟာလည်း အသက်ကိုစတေးကြရတာဟာ ကြေကွဲစရာဖြစ်ရပ်တွေပါပဲ။

ဒါကြောင့် ဒေါသဟာ နည်းရင်နည်းသလို၊ များရင်များသလို အနည်းအများအလိုက် ဒုက္ခပေးတာချည်းပါပဲ။ အဲဒီဖြစ်ရပ်တွေကို ဆင်ခြင်တုံတရားနဲ့ထိန်းသိမ်းနိုင်ရင် သင့်မျှော်မှန်းချက် အောင်မြင်ရေးလမ်းကြောင်းပေါ်ကို မုချပြန်လည်ရောက်ရှိသွားပါလိမ့်မယ်။

**သောက**ဆိုတဲ့ ဖြစ်ရပ်ဟာ လူတိုင်းအတွက် ခံစားကြုံတွေ့ရမှာမလွဲပါဘူး။ သောကကို အမြင့်ဆုံးလူတန်းစားကနေ အနိမ့်ဆုံးလူတန်းစားအထိ မလွဲမသွေ ခံစားဖူးကြမှာပါ။ သောကမခံစားဖူးတဲ့လူရယ်လို့လုံးဝရှိမှာ မဟုတ်ပါဘူး။ မြန်မာမှုနယ်ပယ်က အရေးအသားမှာတော့ "သောကဆိုတဲ့ စာလုံးချည်းသက်သက် ရေးသားဖော်ပြရမှာ" မပြည့်စုံပါဘူး။ ပို၍ ပြည့်စုံအောင်၊ အဓိပ္ပာယ်လည်းဖွင့်ဆိုပြီးသား ဖြစ်သွားအောင်၊ နောက်ထပ် စာလုံးတစ်လုံး ထပ်ဖြည့်လိုက်တဲ့အခါမှာ ပိုပြီးပေါ်လွင်သွားပါတယ်။ "**သောကမီး**"ဆိုတဲ့ စကားဟာအမှန်တရား ဖြစ်ပါတယ်။

အေးချမ်းတဲ့သောကဆိုတာ လုံးဝရှိကိုမရှိပါဘူး။ သောကလို့ဆိုလိုက်ကတည်းက အပူခေါ်ပါလာပြီ။ ဒါဟာလည်း "မီး" လို အပူမျိုးနဲ့ လောင်မြိုက်ခံရမှာ မုချပါ။ သောကကြောင့်ဖြစ်ပေါ်တဲ့ ခံစားမှုဟာ သင့်ရင်ထဲမှာတမြည့်မြည့် လောင်ကျွမ်းစေမှာသေချာပါတယ်။ သောကနဲ့ပတ်သက်တဲ့ဖြစ်ရပ်တစ်ခုကို လူအတော်များများ သိနေကြမှာပါ။ ဒါပေမယ့် အလျဉ်းသင့်လို့ ဖော်ပြပါရစေ။ အဲဒီဖြစ်ရပ်ဟာ သောကကို ထင်ဟပ်တဲ့နေရာမှာ လေးနက်နေတဲ့အတွက် အဲ့ဒီ အကြောင်းတွေကို ဆီလျော်တဲ့ဥပမာတစ်ခုအဖြစ် ဖော်ပြလိုက်ရခြင်းဖြစ်ပါတယ်။ သောကဟာ လူတန်းစားမရွေး၊ လူမျိုးမရွေး၊ အဆင့်အတန်းအလွှာမရွေး ဖြစ်လေ့ရှိပါတယ်။

......

## သောကဆိုတာ

တစ်ခါက အညာဒေသကရွာကြီးတစ်ရွာမှာ ကျောင်းထိုင်ဘုန်းကြီးတစ်ပါးရှိသတဲ့။ သူဟာ စာတတ်ပေတတ်၊ သီလသမာဓိနဲ့ပြည့်စုံတဲ့အတွက် ရွာထိပ်ကကျောင်းကြီးမှာ ကျောင်းထိုင်ဆရာတော်ကြီး ဖြစ်နေပါတယ်။

ရွာမှာကျင်းပလေ့ရှိတဲ့ အလှူမင်္ဂလာပွဲတွေ၊ ရဟန်းခံရှင်ပြုပွဲတွေနဲ့သာရေးနာရေးပါမကျန် အဲဒီဆရာတော်ကြီးကိုပဲပင့်ကြတယ် ဆရာတော်ကြီးကလည်း စေတနာအပြည့်အဝထားပြီး ဆောင်ရွက်ပေးတယ်။ဟောကြားပေးတယ်။ တကယ် လို့ရွာမှာ နာရေး(အသုဘ) ဖြစ်တဲ့အခါတိုင်း ဆရာတော်ကိုယ်တိုင်ကြွပြီး သောကမီးလောင်မြိုက်ခြင်းခံနေကြရတဲ့ မိသားစုကို တရားရေအေးတိုက်ကျွေးပြီး သက်သာငြိမ်းချမ်းစေပါတယ်။ ဆရာတော် ပြောလေ့ပြောထရှိတဲ့ စကားကတော့...

"အေး ... လူရယ်လို့ ဖြစ်လာကြရင် အိုခြင်း၊ နာခြင်း၊ သေခြင်းနဲ့ မလွဲမရှောင်သာ တွေ့ကြရစမြဲပဲမဟုတ်လား။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတောင်မှ အဲဒီအဖြစ်နဲ့ကြုံတွေ့ခဲ့ရတယ်ကွယ့်။ ဒါကြောင့် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ပဋိသန္ဓေ နေရခြင်းဆိုတဲ့ ဘဝကလွတ်မြောက်ရအောင် သူတော်ကောင်းမှန်သမျှ နိဗ္ဗာန်ရောက်ကြောင်း တရားဆိုတာကလည်း သိနေရုံနဲ့မပြီးဘူး။ ကိုယ်တိုင်ကျင့်ကြံအားထုတ်၊ အလုပ်စခန်းဝင်ကြမှ ကိုယ်တိုင်ရောက်ကြမှာပါ" လို့ အစချီပြီးတော့ မအိုခင်၊ မနာခင်၊ မသေခင်လုပ်သင့်လုပ်ထိုက်တဲ့ တရားဘာဝနာကို ဆက်လက်ဟောကြားခဲ့ပါတယ်။ ဒါကြောင့် တရားနာပရိသတ်ဟာ ထိုက်သင့်တဲ့ အတိုင်းအတာတစ်ခု အထိ သောကမီးတွေ ငြိမ်းအေးခဲ့ကြရပါတယ်။

တစ်နေ့ကျတော့ ဒကာကြီးတစ်ယောက်ဟာ ဆရာတော်ရဲ့

ကျောင်းကိုရောက်လာတယ်။သူ့အိမ်မှာအသုဘတစ်လပြည့်အထိမ်း အမှတ်ဆွမ်းကျွေးမှာဖြစ်တဲ့အတွက် ဆရာတော်ကို လာပင့်တာပါ။

ဒကာကြီးကကျောင်းရှေ့လှေကားတစ်ခုမှာထိုင်နေတဲ့ ကို ရင်လေးတစ်ပါးကို ဆရာတော်ရှိမရှိ မေးမြန်းစုံစမ်းသေးတယ်။ ကို ရင်လေးဟာ မျက်နှာညှိုးညှိုးငယ်ငယ်နဲ့ ခေါင်းညိတ်ပြသတဲ့။ ဒါနဲ့ ဒကာကြီးဟာ စိတ်ထင့်သွားတာပေါ့။ ဆရာတော်များ ကျန်းမာရေး မကောင်းလို့လားဆိုတဲ့ အတွေးနဲ့ ကျောင်းတိုက်ထဲဝင်သွားတာပေါ့ နော်။

ကျောင်းတိုက်ထဲက ဘုရာခန်းရှေ့မှာ မျက်ရည်တွေကျပြီး ရှိုက်နေတဲ့ ဆရာတော်ကို တွေ့လိုက်ရတော့ ဒကာကြီးက စိတ်မ ကောင်းဖြစ်သွားတယ်။ ဒါကြောင့်ဒကာကြီးက "ပျာပျာသလဲဘာ များဖြစ်လို့လဲ၊ ဘာများအကူအညီပေးရမလဲ" လို့ မေးမြန်းလျှောက် လှမ်းထားတယ်။ ဆရာတော်ကြီးကလက်ထဲမှာ ကိုင်ထားတဲ့စာရွက် ကို တစ်ချက်ကြည့်ပြီးမှ...

"ကျုပ် မယ်တော်ကြီး အနိစ္စ ရောက်သွားတဲ့အတွက် ကြေးနန်းစာရတယ်"လို့ ပြောပြတယ်။ ဒီတော့ဒကာကြီးက..

"ဒါကတော့ဆရာတော်ရယ်...လူဆိုတာသေမျိုးတွေချည်း ပါပဲမဟုတ်လား။ လူရယ်လို့ ဖြစ်လာကြရင် အိုရမယ်၊ နာရမယ်၊ သေရမယ်..."လို့ နှစ်သိမ့်ဖျောင်းဖျတဲ့စကားမဆုံးခင် ဆရာတော် ကြီးက ဒေါနဲ့မောနဲ့ "တော်စမ်းဒကာ...ကျုပ် အဲဒါ တွေသိပြီးသား၊ ဆက်ပြောစရာမလိုဘူး"လို့ ကြိမ်းသတဲ့။ ဒါပေမယ့် ဒကာကြီးက မရပ်ဘဲ ဆက်လျှောက်သေးတယ်။

"တပည့်တော် အမေဆုံးတုန်းကလည်း အရှင်ဘုရားကိုယ် တိုင်အဲလိုမျိုး တရားချခဲ့တာပဲ မဟုတ်လား"

"အေး...အဲဒီတုန်းက ဒကာကြီးရဲ့အမေသေတာ ကျုပ် တရားချခဲ့ပေမယ့်၊ အခုကျုပ်မိခင်ဆုံးတာကျတော့ ကျုပ်ဘယ်လိုမှ ဖြေလို့ မရတော့ပါလားကွယ်" လို့ပြောပြီး မျက်ရည်တွေစီးကျလာ

တယ်။

ဖြစ်ရပ်ကတော့ ဒါပါပဲ။ သောကဆိုတာ တခြားလူတွေ ဖြစ်နေတဲ့အခါမှာ မိမိကိုယ်တိုင် ခံစားရမိမှာမဟုတ်ပါဘူး။

ဒါပေမယ့် မိမိကိုယ်တိုင်ခံစားရတဲ့အခါကျတော့မှ သတိလက်လွတ်ဖြစ်လေ့ရှိတယ်ဆိုတဲ့ အကြောင်းကို သတိမူမိဖို့ တင်ပြတာပါ။ အဲဒီသောကဆိုတဲ့ မီး၊ ဒေါသဆိုတဲ့ မီးတွေကို လုံးလုံးလျားလျားမဖြစ်ပေါ်အောင် တားဆီးနိုင်ဖို့ အင်မတန် ခက်ခဲပါတယ်။

ဘယ်လိုအကြောင်းကြောင့်ပဲ ဖြစ်ဖြစ်၊ မိမိနဲ့ပတ်သက်ဆက်နွယ်နေတဲ့ သံယောဇဉ်တစ်ခုရဲ့အတိုင်းအတာအရ သောကမီးလောင်မြိုက်တာကို အထိုက်အလျောက်ခံစားရမှာ အမှန်ပါပဲ။ အဲဒီဒေါသတွေ၊ သောကတွေဖြစ်လာရင် အပြီးအပြတ် ဖြစ်သွားအောင် အမြစ်ကနေဖယ်ရှားလိုက်တဲ့ အလေ့အထတစ်ခုအကြောင်း ဖော်ပြပါရစေ။

အဲဒီလို ဆောင်ရွက်နိုင်တဲ့လူက **ကမ္ဘာကျော်စာရေးဆရာကြီး မတ်တွိန်း** ဖြစ်ပါတယ်။

သူဟာ ငယ်စဉ်ကတည်းက သောကနဲ့ကြီးပြင်းခဲ့ရတယ်။ လူလားမြောက်လာချိန်ကျတော့လည်း တခြားလူအပေါ်မှာပဲဖြစ်စေ၊ သူ့ကိုယ်သူဖြစ်စေ၊ မကျေမနပ်နဲ့ဒေါသတွေ ဖြစ်လေ့ဖြစ်ထရှိခဲ့ရပါတယ်။ ဒါကြောင့် ဆင်ခြင်တုံတရားနဲ့ အဲဒီဖြစ်ပေါ်လာတဲ့ ဒေါသတွေ၊ သောကတွေကို ဘယ်လိုဖယ်ရှားနိုင်အောင် လေ့ကျင့်ဆောင်ရွက်သလဲဆိုတဲ့အချက်ဟာ မှတ်သားလောက်ပါတယ်။ လက်တွေ့လေ့ကျင့် ဆောင်ရွက်လို့လည်း ဖြစ်နိုင်စရာ အကြောင်းရှိပါတယ်။ ဒါကြောင့်စာရေးဆရာကြီးမတ်စ်တွိန်းရဲ့ဒေါသနဲ့သောကဖြေဖျောက်နည်းကိုတင်ပြလိုက်ပါတယ်။

ဆရာကြီးမတ်တွိန်းနေတဲ့အိမ်က ပင်လယ်ကမ်းခြေနဲ့ နှစ်ဖာလုံလောက်အကွာအဝေးမှာ တည်ရှိပါတယ်။ သူဟာ လူဖြောင့်စိတ်တိုအမျိုးအစား ဖြစ်နိုင်ပါတယ်။ သူတို့ခေတ်က တစ်ယောက်နဲ့

တစ်ယောက်မကျေနပ်ရင် စိန်ခေါ်ပြီး လူရှင်းတဲ့တစ်နေရာကို ချိန်း လေ့ရှိပါတယ်။ အချိန်းဆိုခံရတဲ့လူကရော၊ ချိန်းဆိုတဲ့လူပါ တခြား ဂုဏ်သရေရှိ အမျိုးသားသက်သေ တစ်ယောက်စီ ခေါ်နိုင်ခွင့်ရှိပါ တယ်။ အဲဒီ အမျိုးသားသက်သေနှစ်ယောက်က သေနတ်နှစ်လက် စလုံးကို စစ်ဆေးကြည့်ရှုကြပြီး သေနတ်တစ်လက်စီမှာ ကျည်ဆန် တစ်တောင့်စီ ထည့်ပေးကြပါတယ်။ အဲဒီသေနတ်တစ်လက်စီ၊ကျည် တစ်တောင့်စီ ထိုးပြီးတဲ့အခါမှာ စိန်ခေါ်တဲ့လူနဲ့ စိန်ခေါ်တာကိုလက် ခံခဲ့တဲ့လူဟာ သေနတ်ကိုယ်စီကိုင်ပြီး၊ ကျောချင်းကပ် ရပ်တည်နေ ရာယူကြပါတယ်။ သက်သေအဖြစ်လိုက်ပါလာတဲ့ အမျိုးသားတစ် ယောက်က အချက်ပေးလိုက်တဲ့အခါမှာ သေနတ်ချင်းယှဉ်ပြိုင်ပစ် ခတ်ကြမယ့် လူနှစ်ယောက်ဟာ မျက်နှာမူရာ ဆန့်ကျင်ဘက်အရပ် ဆီကို ဆယ်လှမ်းတိတိ ခြေလှမ်းမှန်မှန် လျှောက်သွားကြရပါတယ်။ ဆယ်လှမ်းပြည့်တဲ့အခါကျတော့ ရပ်ပြီး တစ်ယောက်နဲ့ တစ်ယောက် မျက်နှာမူလိုက်ကြပါတယ်။ အဲဒီအချိန်မှာ စိတ်ကြိုက်ပစ်လို့ရပါပြီ။

သေနတ်ပစ်ကျွမ်းကျင်သူဖြစ်ဖြစ်၊ မကျွမ်းကျင်သူဖြစ်ဖြစ် လူပုံအလယ်မှာ စိန်ခေါ်တာကို လက်ခံခဲ့ကြတာချည်းဖြစ်ပါတယ်။ လက်မခံရင်တော့ တစ်သက်တာလုံးလိုလို သူသိက္ခာကျတော့မှာ သေချာနေပြီ။ ဒါကြောင့် ဆရာကြီးမတ်စ်တွိန်းက သူ့သက်တမ်းတစ် လျှောက်မှာ သူကစိန်ခေါ်တာနှစ်ကြိမ်၊ သူ့ကိုသူများက စိန်ခေါ်တာ တစ်ကြိမ်၊ စုစုပေါင်းသုံးကြိမ် ကြုံတွေ့ခဲ့ရပါတယ်။

ပထမနဲ့ဒုတိယအကြိမ်မှာ သူနဲ့ယှဉ်ပြိုင်ပစ်ခတ်တဲ့ လူတွေ ဟာ သေနတ်ပစ် မကျွမ်းကျင်ကြတာကြောင့်တစ်ကြောင်း၊ အကြီး အကျယ် စိတ်လှုပ်ရှား နေတဲ့အတွက်ကြောင့် တစ်ကြောင်း၊ သေ လောက်တဲ့နေရာကို မထိခဲ့တာရယ်၊ လွဲချော်ခဲ့ကြရတာရယ်ဖြစ်ခဲ့ပါ တယ်။ ဒဏ်ရာလောက်ပဲ ရရှိခဲ့ပါတယ်။

တတိယနဲ့ နောက်ဆုံးအကြိမ်မှာတော့ ဆရာကြီးမတ်စ်တွိန်း

ကိုယ်တိုင် စိန်ခေါ်ခဲ့တာပါ။ ပါတီပွဲတစ်ပွဲမှာ အငြင်းအခုံဖြစ်နေရာ ကတစ်ဆင့် မတ်စ်တွိန်းရဲ့မျက်နှာကို အရက်ခွက်နဲ့လှမ်းပက်တာခံ လိုက်ရတယ်။ ဒီတော့ မတ်စ်တွိန်းကအရက်ခွက်နဲ့ ပက်လိုက်သူရဲ့ မျက်နှာကို လက်အိတ်ရှည်နဲ့ဖြတ်ရိုက်ပြီး သေနတ်ချင်း ယှဉ်ပစ်ဖို့ စိန်ခေါ်လိုက်တာပါ။

ချိန်းဆိုထားတဲ့ အချိန်မတိုင်မီ တစ်နာရီလောက်အလိုမှာ မတ်စ်တွိန်းနဲ့ ယှဉ်ပြိုင် ပစ်ခတ်ရမယ့် အမျိုးသားရဲ့ဇနီးနဲ့သမီးက မတ်စ်တွိန်းဆီကိုရောက်လာကြတယ်။ ငိုကြီးချက်မနဲ့တောင်းပန်ကြ တယ်။ အဲဒီအမျိုးသားရဲ့ သမီးလေးဟာ ပျိုဖော်ဝင်စအရွယ်ပဲရှိသေး တယ်။ အဲဒီ မိန်းကလေးဟာ မက်စ်တွိန်းရဲ့ခြေထောက်ကိုဖက်ပြီး သူ့အဖေနဲ့ သေနတ်ချင်းယှဉ်ပစ်ကြမယ့် ချိန်းဆိုချက်ကိုပယ်ဖျက်ဖို့ အသနားခံ ရှာပါတယ်။ မိန်းကလေးရဲ့ မိခင်ကလည်း သူမရဲ့ ယောကျ်ားဟာစွာတတ်ပေမယ့် သတ္တိမရှိကြောင်း၊ သေနတ်ကိုကိုင် ရုံသာကိုင်တတ်ပြီး၊ တကယ်တမ်းကျတော့ ဘာကိုမှထိမှန်အောင်မ ပစ်ဖူးကြောင်းရှင်းပြတယ်။

ဒီတော့ မတ်စ်တွိန်းက...

"အခုလိုသေနတ်ချင်း ယှဉ်ပြိုင်ပစ်ခတ်ဖို့ဖြစ်လာရတာက မင်းယောကျ်ားကစခဲ့တာပါ။ တကယ်လို့သာ သူငါ့ကိုလူပုံအလယ် မှာအရက်ခွက်နဲ့မျက်နှာကိုပက်ပြီး အရှက်မခွဲခဲ့ရင်ဒီကိစ္စဖြစ်လာမှာ မဟုတ်ပါဘူး။ ဒါကြောင့် မင်းတို့သားအမိကို ငါ ငဲ့ညှာတဲ့အနေနဲ့ လိုက်လျောမယ်၊မင်းတို့အခုချက်ချင်းအိမ်ပြန်သွားပြီးမင်းယောကျ်ား ကိုယ်တိုင် 'သူမှားပါတယ်လို့' ငါ့ကိုလာတောင်းပန်ခိုင်းလိုက်၊ ဒါ ဆိုရင် ငါခွင့်လွှတ်မယ်၊ ယှဉ်ပြိုင်ပွဲကို ငါ မသွားတော့ဘူး"လို့ ကတိပေးတယ်။

အဲဒီစကားကိုကြားရတဲ့ သားအမိဟာ မတ်စ်တွိန်းကို "သ ဘောထားကြီးပါပေတယ်၊ ကျေးဇူးတင်ပါတယ်"လို့...ပြောပြီးအ ကြိမ်ကြိမ် ဦးညွှတ်ကြတယ်။ မတ်စ်တွိန်းက....

"ကဲ…မြန်မြန်သွားပြောကြ၊ အခုဆိုရင် ချိန်းဆိုထားတဲ့အချိန်ရောက်ဖို့(၄၅)မိနစ်ပဲ လိုတော့တယ်။ အချိန်စေ့လို့မှ သူကိုယ်တိုင်လာပြီးမတောင်းပန်ရင်တော့ ယှဉ်ပြိုင်ပွဲမှာပဲတွေ့ရတော့မှာပဲ။ အဲဒီအချိန်ရောက်ရင် ယှဉ်ပြိုင်ပစ်ဖို့ကလွဲလို့ တခြားဘာမှရွေးချယ်စရာမရှိတော့ဘူး" လို့ မတ်စ်တွိန်းက နောက်ဆုံးစကားနဲ့ သတိပေးလိုက်တယ်။

သူ စောင့်နေပေမယ့် အဲဒီအမျိုးသားက တောင်းပန်ဖို့ရောက်မလာပါဘူး။ ချိန်းဆိုတဲ့နေရာကို ချိန်းဆိုတဲ့အချိန် အတိအကျရောက်လာတယ်။ သတ်မှတ်စည်းကမ်းအတိုင်း ယှဉ်ပြိုင်ပစ်ခတ်တဲ့နေရာမှာ ကံအားလျော်စွာ မတ်စ်တွိန်းပဲအနိုင်ရသွားပါတယ်။ သူနဲ့ယှဉ်ပြိုင်ပစ်ခတ်တဲ့အမျိုးသားကတော့ အကြီးအကျယ်ဒဏ်ရာရသွားပြီး တစ်သက်တာလူစဉ်မမီတဲ့အဖြစ်မျိုး ဖြစ်သွားရတော့တာပါပဲ။

အဲဒီ ဖြစ်ရပ်ကြောင့် မတ်စ်တွိန်းဟာ အကြီးအကျယ်နောင်တရသွားပါတယ်။

ဒေါသဟာ သူ့ကိုရော၊ တခြားလူကိုပါ ကောင်းကျိုးမပေးနိုင်ကြောင်း၊အစဉ်တစိုက်ဆိုးကျိုးကို သာပေးလေ့ရှိကြောင်း သဘောပေါက်သွားတယ်။ ဒါကြောင့် အတတ်နိုင်ဆုံးဆင်ခြင်ဖို့ ထိန်းသိမ်းဖို့သန္နိဋ္ဌာန်ချထားလိုက်တယ်။

အဲဒီအချိန်ကစပြီး သူဟာလူစည်ကားတဲ့ ပါတီပွဲတွေ၊ ညစာစားပွဲတွေကို လုံးဝမသွားတော့ဘဲ ရှောင်ခဲ့တယ်။ ဒါကြောင့်သူ့သူ့အနေနဲ့အကြောင်းတစ်ခုခုကြောင့် ဒေါသတွေ၊ သောကတွေဖြစ်လာရင် အဲဒီဒေါသနဲ့သောကကိုကျောက်စရစ်ခဲလေးတွေနဲ့ ရေတွက်တယ်။

ကျောက်စရစ်ခဲလေးတွေနဲ့ ရေတွက်ပုံက ဒီလိုပါ…

ထမင်းချက် ကပ္ပလီမကြီးနိုရာကြောင့် အသားတွေသိုးသွားလို့ ဖြစ်ပေါ်ရတဲ့ဒေါသကို ကျောက်စရစ်ခဲတစ်လုံးအဖြစ်သတ်မှတ်လိုက်တယ်။ ဒရိုင်ဘာမောရစ်ဟာကားကိုမဆင်မခြင်ဘဲ လမ်းကြမ်း

မှာအရှိန်နဲ့မောင်းခဲ့လို့ ကားဘီးပေါက်သွားတယ်။ အဲဒီဒေါသကို လည်း နောက်ထပ် ကျောက်စရစ်ခဲတစ်လုံးအဖြစ် သတ်မှတ်လိုက်တယ်။ သူရစရာရှိတဲ့ငွေကို ကိုယ်စားလှယ်ကအချိန်မီ လာမပို့လို့ ပေးစရာရှိတဲ့ကြွေးတွေမပေးနိုင်ရန် ပြဿနာတက်တော့မှာပဲဆိုတာကိုတွေးပြီး ပူပန်နေရတဲ့သောကကိုလည်း တတိယကျောက်စရစ်ခဲ အဖြစ် သတ်မှတ်လိုက်တယ်။

ဒါဆိုရင် ဒီနေ့အတွက် သူ့မှာဖြစ်ပေါ်နေတဲ့ ဒေါသနှစ်ခုနဲ့ သောကတစ်ခုကို ကျောက်စရစ်ခဲတွေအဖြစ် ပြောင်းလဲလိုက်တဲ့အတွက် စုစုပေါင်းကျောက်စရစ်ခဲ သုံးလုံးဖြစ်နေပါပြီ။ အဲဒီကျောက်စရစ်ခဲသုံးလုံးကို မက်စ်တွိန်းက လက်ဖဝါးထဲမှာ သေသေချာချာဆုပ်ကိုင်ပြီးညနေဆည်းဆာအချိန်မှာသူတစ်ယောက်တည်းပင်လယ်ကမ်းစပ်ကိုအရောက်သွားတယ်။ သူ့အိမ်နဲ့ ပင်လယ်ကမ်းစပ်ဟာ နှစ်ဖာလုံပဲဝေးပါတယ်။ ဒါကြောင့် ခြေကျင်လျှောက်သွားတယ်။ ပင်လယ်ကမ်းစပ်ရောက်တော့ မတ်စ်တွိန်းဟာ သူ့လက်ဖဝါးကိုဖြန့်လိုက်တယ်။ ပင်လယ်ပြင်ကိုမျက်နှာမူပြီး လက်ထဲကကျောက်စရစ်ခဲတစ်လုံးကို အသာယူလိုက်တယ်။ "ဒိုရာအတွက် ဖြစ်ရတဲ့ဒေါသ သွားလေဦးတော့…ပင်လယ်ထဲကို" ပြောပြောဆိုဆိုနဲ့ မတ်စ်တွိန်းဟာ ကျောက်စရစ်ခဲလေးကို ပင်လယ်ထဲလွှင့်ပစ်လိုက်တယ်။ ပြီးတော့ဒရိုင်ဘာမောရစ်အတွက်ဖြစ်ရတဲ့ဒေါသကိုအသွင်ပြောင်းထားတဲ့ ကျောက်စရစ်ခဲလေးကို ဆက်ကိုင်လိုက်ပြန်တယ်။ "မောရစ်အတွက်ဖြစ်ရတဲ့ဒေါသ…မင်းလည်းပင်လယ်ထဲသွားပေဦးတော့" …မတ်စ်တွိန်းဟာ ပင်လယ်ထဲကို လွှင့်ပစ်လိုက်ပြန်တယ်။ နောက်ဆုံးကျန်တဲ့ တတိယမြောက်ကျောက်စရစ်ခဲဟာ ကိုယ်စားလှယ်ဆီက ရစရာရှိတဲ့ငွေမရောက်လာလို့ ပေးရမယ့်အကြွေးအတွက် ဖြစ်ပေါ်နေတဲ့သောကကို ပြောင်းလဲထားတာပါ။ သူက ကျောက်စရစ်ခဲကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားရာကနေ ပင်လယ်ထဲကိုအဝေးဆုံးရောက်အောင် အားရပါးရလွှင့်ပစ်လိုက်ရင်းနဲ့ "ကြွေးရှင်တွေပေးဖို့

ငွေမရသေးလို့ ဖြစ်နေရတဲ့သောကရေ…မင်း..ဟောဒီပင်လယ်ထဲမှာပဲ နေခဲ့ပေတော့”လို့ ပြောလိုက်တယ်။

အဲဒီကျောက်စရစ်ခဲသုံးလုံးစလုံးပင်လယ်ပြင်အောက်စုံးစုံးမြုပ်နေချိန်မှာပဲ မတ်စ်တွိန်းရဲ့ဦးနှောက်ထဲက ဒေါသတွေ၊ သောကတွေဟာ ကျောက်စရစ်ခဲအဖြစ် ပင်လယ်ထဲမှာ နစ်မြုပ်သွားလို့၊ဘာသောက၊ ဘယ်လိုဒေါသမျိုးမှ သူ့ဦးနှောက်ထဲမှာ၊ ရင်ထဲမှာလုံးဝမကျန်တော့ပါဘူး။ ဒီတော့မှ မတ်စ်တွိန်းဟာ စိတ်လက်ပေါ့ပါးစွာနဲ့ သူ့အိမ်ကို သူပြန်သွားတော့တာပါပဲ။

ဒါဟာ သိပ်ခဲယဉ်းတဲ့အလေ့အထတော့ မဟုတ်ပါဘူး။ အရေးကြီးတဲ့အချက်က မိမိမှာဖြစ်ပေါ်နေတဲ့ ဒေါသတွေ၊ သောကတွေကိုတစ်ခုချင်းကျောက်စရစ်ခဲလေးထဲထည့်တဲ့အခါမှာ စိတ်ရောကိုယ်ပါ ထည့်သွင်းနိုင်ဖို့ပဲဖြစ်ပါတယ်။ အဲဒီလိုထည့်သွင်းလိုက်တဲ့အချိန်မှာ မိမိရဲ့ဒေါသတွေ၊ သောကတွေဟာ ကျောက်စရစ်ခဲလေးထဲကိုရောက်သွားပြီး မိမိဦးနှောက်ထဲ ရင်ထဲမှာလုံးဝ ဘာမှမကျန်တော့တဲ့ အခြေအနေမျိုးဖြစ်ဖို့ လိုအပ်ပါတယ်။

ဒါမှသာ ကျောက်စရစ်ခဲလေးနဲ့အတူ ပင်လယ်ထဲကိုကျရောက်၊ နစ်မြုပ်ပျောက်ကွယ်သွားမှာဖြစ်ပါတယ်။ တကယ်လို့ ပင်လယ်နဲ့နီးနီးနားနားမှာ မနေကြတဲ့လူတွေကတော့ နီးရာရေကန်၊ ရေအိုင်တစ်ခုခုမှာပဲ အဲဒီနည်းလမ်းကို အသုံးပြုနိုင်ပါတယ်။

အဲဒီနည်းလမ်းကို အသုံးပြုပြီး ဒေါသနဲ့သောကကို ဖြေဖျောက်သူတွေအတော်များများဟာ အတိုင်းအတာ အဆင့်တစ်ခုအထိဒေါသနဲ့သောကကိုဖြေဖျောက်နိုင်ကြောင်းထောက်ခံကြပါတယ်။

**အဲဒီနည်းလမ်းထက် ပိုပြီး အောင်မြင်တဲ့နည်းလမ်းကတော့ အာနာပါနလမ်းစဉ်ပါပဲ။** အသက်ရှူသွင်းတဲ့အချိန်၊လေကိုပြန်ထုတ်တဲ့အချိန်တွေမှာ ဝင်လေ၊ ထွက်လေ ထိတွေ့နေတဲ့ နှာသီးဖျားကို အပြည့်အဝအာရုံစူးစိုက်ပြီး စောင့်ကြည့်နေတဲ့ သမာဓိတည်ဆောက်ခြင်း ဖြစ်ပါတယ်။

စိတ်အာရုံဟာ အဲဒီ နှာသီးဖျားကို လုံးလုံးလျားလျားအာရုံ စိုက်ထားနိုင်အောင် လေ့ကျင့်ရမှာပါ။ ဒါဆိုရင် တခြားဘာကိုမှ အာရုံမပျံ့လွင့်အောင်ထိန်းချုပ်နိုင်စွမ်းရှိလာပြီဆိုရင် ဘယ်လိုလောဘ၊ ဒေါသ၊ မောဟနဲ့တဏှာမှ စိတ်အာရုံထဲကို ဝင်မလာနိုင်တော့ပါဘူး။ ဒါကြောင့် အာနာပါနလမ်းစဉ်ဟာ အရာခပ်သိမ်းအေးငြိမ်းစေတဲ့ အကျိုးသက်ရောက်မှုကို ရရှိစေနိုင်ပါတယ်။

**အဲဒီ လုပ်ငန်းတစ်ခုတည်းကိုပဲ နေ့စဉ်အချိန်တစ်ချိန်သတ်မှတ်ပြီး ဆောင်ရွက်မယ်ဆိုရင် လောဘ၊ ဒေါသ၊ သောက၊ မာန… စတဲ့ဆိုးကျိုးတွေ တစ်စတစ်စချုပ်ငြိမ်းပြီး တစ်နေ့နေ့ တစ်ချိန်ချိန်မှာ လုံးဝပျောက်ကွယ်သွားမှာ အမှန်ပါ။**

"အဲဒီ အလေ့အထကို ဘယ်လောက်ကြာကြာလုပ်မှ ဆိုးကျိုးတွေပျောက်ကွယ်မှာလဲ" လို့… မေးလာရင်တော့ အဖြေက သင့်အပေါ်မှာမူတည်နေပါတယ်။ သင်သာ စိတ်အားထက်သန်စွာနဲ့ မပြစ်မနေ ကြိုးစားအားထုတ်ရင် နာရီပိုင်းရက်ပိုင်းအတွင်းမှာ အကျိုးရှိလာတာကို သင်ကိုယ်တိုင်သိရှိလာမှာပါ။

အမေရိကန်နိုင်ငံက အကျဉ်းထောင်တွေထဲမှာ ထည့်ထားရတဲ့ အင်မတန်မှရက်စက်ကြမ်းကြုတ်လှတဲ့ လူသတ်သမားကြီးတွေတောင်မှ အာနာပါနကြောင့် စိတ်သဘောထား နူးညံ့သိမ်မွေ့လာကြတယ်ဆိုတာကို သက်ဆိုင်ရာ ထောင်အာဏာပိုင်တွေက အလေးအနက် ထောက်ခံကြပါတယ်။

ဒါပေမယ့် သင့်မျှော်လင့်ချက်ဖြစ်တဲ့ ကြွယ်ဝချမ်းသာမှုကို အလုံးစုံရရှိရေးနဲ့ သက်ဆိုင်ပါ့မလားလို့ဆိုရင် လုံးဝသက်ဆိုင်ပါတယ်။ သင် မျှော်မှန်းဆောင်ရွက်လုပ်ကိုင်နေတဲ့ လုပ်ငန်းဟာလည်း ပိုပြီးထက်မြက်ထူးချွန်လာနိုင်ပါတယ်။

အခုဆိုရင် နာဆာအာကာသ သိပ္ပံစခန်းမှာရှိတဲ့ သိပ္ပံပညာရှင်ကြီးတွေ ကိုယ်တိုင်အသက်ရှူသွင်း၊ ရှူထုတ်တဲ့အာရုံစူးစိုက်မှုလုပ်ငန်းစဉ်ကြောင့် သူတို့တီထွင်ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်ကို

ပိုမိုထိရောက် လွယ်ကူချောမောစွာဆောင်ရွက်နိုင်ရုံ သာမက အရင် တုန်းကပညာရှင်အချင်းချင်းနဲ့ တခြားလူတွေကိုဆက်ဆံရာမှာ မာန ကြောင့်ဖြစ်ပေါ်လေ့ရှိတဲ့ ပဋိပက္ခစိတ်တွေပါချုပ်ငြိမ်းသွားပြီး အား လုံးနဲ့အဆင်ပြေပြေ ဆက်ဆံနိုင်ပါတယ်လို့ ထုတ်ဖော်ဝန်ခံနေကြပါ ပြီ။ နောင်ဆိုရင်အဲဒီသိပ္ပံပညာရှင်တွေဟာ ရက်သတ္တပတ်တစ်ပတ် ဖြစ်စေ၊ နှစ်ပတ်ဖြစ်စေခွင့်ယူပြီး အာနာပါနလုပ်ငန်းစဉ် လေ့ကျင့် တဲ့စခန်းမှာသွားရောက်လို့ စနစ်တကျ လေ့ကျင့်တော့မှာပါ။ အရင် ကလေ့ကျင့်ခဲ့ တဲ့ သူတို့ရဲ့မိတ်ဆွေတွေက သူတို့ရဲ့စိတ်ကိုအောင်နိုင် လာခဲ့တဲ့ အတွေ့အကြုံတွေကို အချင်းချင်း သတင်းပေးကြတာတွေ ကြောင့်၊ သူတို့ကိုယ်တိုင် စူးစမ်းလေ့လာစမ်းသပ်ဆောင်ရွက်ကြည့် တဲ့အခါမှာ အကျိုးသက်ရောက်မှုတွေကို သိရှိလာကြရာက အခုလို အချိန်ယူပြီး တရားစခန်းမှာ သွားရောက်လေ့ကျင့်ချင်တဲ့ စိတ်တွေ ဖြစ်ပေါ်လာတာပါ။

ဒါကြောင့် အာကာသသိပ္ပံပညာရှင်ကြီးတွေတောင်မှ သူ တို့ရဲ့ အာကာသ သိပ္ပံဆိုင်ရာလုပ်ငန်းတွေ တီထွင်ဆောင်ရွက်ရာမှာ အာနာပါနကျင့်စဉ်ဟာအနှောင့်အယှက်မဖြစ်တဲ့အပြင်၊ အာရုံစူးစိုက် ဆောင်ရွက်မှုလုပ်ငန်းတွေမှာပိုမိုတိုးတက်အောင်မြင်လာပါတယ်ဆို ရင် သင့်ရဲ့မျှော်မှန်းချက်ဖြစ်တဲ့ ချမ်းသာကြွယ်ဝမှုအပေါင်းပြည့်စုံ စေရေးကို ပိုပြီးအထောက်အကူပြုမှာ အမှန်တကယ်ဖြစ်နေပါပြီ။

ဆိုးကျိုးဖြစ်စေနိုင်တဲ့အကြောင်းတရားတွေ လုံးဝပပျောက် စေနိုင်ပါတယ်။ ဆိုးကျိုးတွေဖြစ်ပေါ်စေနိုင်တဲ့ အကြောင်းတရား တွေ ပပျောက်တဲ့အတွက် မကောင်းကျိုးဟာ မဖြစ်တော့ပါဘူး။

ကောင်းမွန်တဲ့ရည်မှန်းချက်တွေ အောင်မြင်လာမှာပါ။

သင် သဘောပေါက်နိုင်မယ့် အလွယ်ကူဆုံး အကြောင်း အရာတစ်ခုကိုဖော်ပြရမယ်ဆိုရင် မကောင်းကျိုး နယ်ပယ်ကျယ်ပြန့် လာတာနဲ့အမျှ ကောင်းကျိုးဖြစ်ထွန်းမယ့်နယ်ပယ်ဟာ ကျဉ်းမြောင်း သွားရသလို၊ ကောင်းကျိုးဖြစ်ထွန်းတဲ့ နယ်ပယ်ကျယ်ပြန့်လာတဲ့အ

ခါမှာလည်း မကောင်းကျိုးနယ်ပယ်ဟာ ကျဉ်းမြောင်းသွားလေ့ရှိပါတယ်။ အလေ့အကျင့်ဆိုတာ နေ့စဉ်နဲ့အမျှ ထပ်တလဲလဲ ဆောင်ရွက်အခါမှာအလေ့အထတစ်ခုဖြစ်ပေါ်လာနိုင်တယ်။ အဲဒီအလေ့အထကိုမလုပ်ရမနေနိုင်တဲ့အခြေအနေမျိုး ရောက်လာတဲ့အခါမျိုးမှာ သင့်ဦးနှောက်ထဲ အသည်းနှလုံးနဲ့ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ သွေးကြောထဲကို စွဲမြဲစိမ့်ဝင်သွားလေ့ရှိပါတယ်။ အဲဒီလိုကောင်းမွန်တဲ့အလေ့အထစွဲမြဲလာတဲ့အခါမှာ ကောင်းကျိုးချမ်းသာ မုန်သမျှ ခံစားစံစားရမှာ သေချာနေပါပြီ။

ပြီးခဲ့တဲ့စာမျက်နှာတွေမှာဖော်ပြခဲ့တဲ့အတိုင်း တိကျခိုင်မာတဲ့ရည်မှန်းချက်ရှိတဲ့ သင်ဟာအနစ်နာခံဆောင်ရွက်တဲ့ အလေ့အထကို စွဲစွဲမြဲမြဲလုပ်ဆောင်တတ်ပြီး၊ အသိဉာဏ်ပေါင်း စပ်ခြင်းကိုလည်းပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်နိုင်ပြီဆိုရင် စနစ်တကျ ဖြစ်ပေါ်လေ့ရှိတဲ့စွမ်းအင်ဟာ သင့်အတွက် ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ အဲဒီစွမ်းအင်ဟာ သင့်ရည်မှန်းချက်ကို အကောင်အထည်ပေါ်အောင်ကောင်းကျိုးပြုဖို့ ရောက်ရှိလာခြင်းဖြစ်ပါတယ်။

ဒါဆိုရင် သင့်မှာ ရှိနေပြီးသားဖြစ်တဲ့ ပြင်းထန်တဲ့ဆန္ဒဟာသင့်လုပ်ငန်းဆောင်ရွက်ရာမှာအကျိုးဖြစ်ထွန်းစေမယ့်အကြံအစည်၊စိတ်ကူးစိတ်သန်းတွေ ပေါ်လာတော့မယ်။ အဲဒီစိတ်တွေကို အကျိုးဖြစ်ထွန်းစေတဲ့လုပ်ရပ်အဖြစ် ပြောင်းလဲဖြစ်ပေါ်စေမှာ အမှန်ပါ။

အဲဒီ နိယာမဟာ နေစကြဝဠာတစ်ခုအတွင်းမှာ အရာအားလုံး စနစ်တကျ၊ သူ့နေရာနဲ့သူ အံဝင်ခွင်ကျဖြစ်တည်ပြီး သူ့လမ်းကြောင်းအတိုင်း ရွေ့လျားသွားလာနေကြပါတယ်။ အဲဒီအတိုင်းပါပဲ။ ဖော်ပြခဲ့တဲ့အချက်(၁၆)ချက်စလုံးဟာ ဘယ်လိုပုံစံနဲ့ ဖြစ်ပေါ်နေပါတယ်ဆိုတာကို အချက်(၁၇)ချက်နဲ့ ရှင်းလင်းဖော်ပြလိုက်ရခြင်းဖြစ်ပါတယ်။

အနောက်တိုင်းကလူတွေဟာ တစ်နေ့ကိုလေးကြိမ် အစားအစာပုံမှန်စားတဲ့ အလေ့အထရှိကြတယ်။ အရှေ့တိုင်းကတော့အများ

အားဖြင့် ထမင်းနှစ်နပ်စားလေ့ရှိတယ်။ သူ့နိုင်ငံနဲ့ သူ၊ သူ့အလေ့အထနဲ့သူစားသောက်ကြတာဖြစ်ပါတယ်။ ဒါကတော့ မိမိနိုင်ငံနဲ့မိမိအလေ့အထကို အလွယ်ကူဆုံး ဥပမာနဲ့ဖော်ပြတာပါ။

အဲဒီနည်းအတိုင်း ဖော်ပြခဲ့တဲ့(၁၆)ချက်ကို ပြန်ကြည့်ရင် အကျိုးရှိစေတဲ့အချက်တွေကိုပဲ တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီအချက်တွေအားလုံးပြည့်စုံအောင်ဆောင်ရွက်တဲ့အခါမှာမိမိရဲ့ကိုယ်ပိုင်နည်းလမ်းကို စနစ်တကျအလေ့အထဖြစ်အောင် လေ့ကျင့်ရမှာဖြစ်တယ်။

ဒါမှသာ အလိုအလျောက်ဖြစ်နေတဲ့ အလေ့အထ ဖြစ်လာမှာပါ။

အဲဒီလိုလုပ်လေ့လုပ်ထ စွဲစွဲမြဲမြဲ ဖြစ်လာတဲ့အခါကျတော့ စွမ်းအင်တစ်ရပ်ဖြစ်လာပြီး ရည်မှန်းချက်ရရှိဖို့ အထောက်အကူဖြစ်လာမှာ သေချာပါတယ်။ ဒါကြောင့် နေ့စဉ်နေ့တိုင်း ထမင်းနှစ်လုပ်စားလေ့ရှိတဲ့ အရှေ့တိုင်းသားတွေဟာအချိန်ကျလာတာနဲ့ တစ်ပြိုင်နက် သူ့အစာအိမ်ထဲကအလိုအလျောက် သတိပေးတယ်။

ဒါဟာ **ဆာလောင်မွတ်သိပ်ခြင်းကို** ဖော်ပြတာပါ။

ဒီလိုပါပဲ၊ ချမ်းသာကြွယ်ဝမှုအလုံးစုံကို လက်ဝယ်ပိုင်ဆိုင်ရရှိဖို့ ဆန္ဒပြင်းပြနေတာဟာ ဆာလောင်မွတ်သိပ်ခြင်းနဲ့ အလားသဏ္ဌာန်တူနေပါတယ်။အဲဒီဆာလောင်ခြင်းကိုဖြေဖျောက်ဖို့အတွက် ရည်မှန်းချက်ပန်းတိုင်ကို မဖြစ်မနေဆောင်ရွက်ရပါတော့မယ်။

အဲဒီ ဆောင်ရွက်မှုတွေဟာ ဆာလောင်မွတ်သိပ်ခြင်း ဖြေဖျောက်ဖို့ ထမင်းစားတဲ့ သဘောမျိုးပါပဲ။ ထမင်းစားတဲ့အခါမှာ ထမင်းကိုလက်က အလိုအလျောက်ယူခြင်း၊ ပါးစပ်ထဲထည့်ဝါးခြင်း မျိုချခြင်းတွေကို လုပ်လေ့ရှိပါတယ်။

အဲဒီအချက်ကအလေ့အကျင့်တစ်ခုကို နေ့စဉ်ရက်ဆက်၊အစဉ် မပြတ်လုပ်လေ့လုပ်ထရှိတဲ့အတွက် သူ့အရှိန်နဲ့သူဖြစ်နေတာပါ။

ဒါကြောင့် ရည်မှန်းချက်ပန်းတိုင်ကိုရောက်ဖို့အတွက် အလေ့အထစွဲမြဲနေတဲ့လူဟာ သူ့အလေ့အထနဲ့သူ လုပ်သွားနိုင်ပါတယ်။

အဲဒီလိုမျိုးအလေ့အထဖြစ်လာတဲ့အထိ အလေ့အကျင့်လုပ်နေတဲ့လူမှသာ သူ့အရှိန်အဟုန်နဲ့ သူ့အောင်မြင်မှုသရုပ်ကို ဆောင်းနိုင်မှာဖြစ်ပါတယ်။

ဖော်ပြခဲ့တဲ့အချက်တွေဟာ စနစ်တကျ လုပ်လေ့လုပ်ထရှိတဲ့အဖြစ်မျိုးရောက်အောင်ညွှန်ပြထားတာပဲဖြစ်ပါတယ်။ ဒါကြောင့် အဲဒီအချက်တွေကို နားလည်သဘောပေါက်တဲ့အထိ ထပ်တလဲလဲ လေ့လာပြီး ကိုယ်တိုင်ကိုယ်ကျ အသုံးချရမှာပါ။

အဲဒီအချက်တွေ ပါဝင်နေတဲ့ သဘောတရားတွေကို အကောင်အထည်ဖော်တဲ့အခါမှာ အောင်မြင်တဲ့အထိမလျှော့တမ်းလုပ်မယ်ဆိုတဲ့ ဖွဲရှိရမှာဖြစ်ပါတယ်။ လှေအသင်းနှစ်သင်းပြိုင်ပွဲဝင်တဲ့အခါ လှေတစ်စင်းနဲ့တစ်စင်း အပြိုင်အဆိုင်လှော်ခတ်ကြတယ်။လှေတစ်စင်းက တစ်လျားလောက်ကျော်ဖြတ်ပြီးချိန်မှာ ပန်းတိုင်နဲ့လည်း သိပ်မဝေးတော့ဘူး။ ဒါကြောင့် ရှေ့ကိုရောက်နှင့်နေတဲ့ လှေကလှေလှော်သမားတွေဟာ အားကြိုးမာန်တက်လှော်ခတ်နေတဲ့ အရှိန်ကို နည်းနည်းလောက်လျှော့လိုက်တယ်။

အဲဒီအချိန်မှာ နောက်က ကျန်ရစ်ခဲ့တဲ့လှေက တစ်ဟုန်ထိုးဖြတ်ကျော်သွားတဲ့အတွက် ပန်းတိုင်ကို ရောက်သွားတော့တာပါပဲ။ အဲဒီဖြစ်ရပ်ကဖွဲ၊ လုံ့လနဲ့ဝီရိယရဲ့အားထုတ်မှုတို့ကြောင့် ပန်းတိုင်ကို အရှိန်အဟုန်နဲ့ရောက်ရှိသွားတာဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ၊ လုံ့လနဲ့ဝီရိယကို ဘယ်နည်းနဲ့မဆို ဖွဲဖွဲမြဲမြဲ ဆောင်ရွက်တဲ့သူတွေဟာ အရာရာမှာအောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေအဖြစ်နဲ့ ချမ်းသာကြွယ်ဝမှုအလုံးစုံကို ပိုင်ဆိုင်နေကြတာဖြစ်ပါတယ်။ မိမိဆန္ဒအတိုင်းဖြစ်စေချင်သလို ဖြစ်နိုင်တဲ့ဘဝကို ရောက်ရှိနိုင်တဲ့နည်းလမ်းတွေ၊လက်တွေ့သဘောတရားတွေကိုပါ အလေ့အထဖြစ်လာအောင် ဒီနေ့ကစပြီး ဆောင်ရွက်စေချင်ပါတယ်။

**"ကျွန်တော့သားဟာ ကျွန်တော်ရှာဖွေခဲ့တဲ့ စည်းစိမ်ပေါ်မှာ အဆင်သင့်နေနိုင်သူ ဖြစ်တဲ့အတွက် လိုတရမင်းသားလေး**

တစ်ယောက်ဖြစ်နေတယ်…

ဒါကြောင့် ကျွန်တော့်ထက်ပိုပြီး အကောင်းဆုံးစား၊အကောင်းဆုံး နေနိုင်တယ်''လို့….ဖို့ဒ်က ပြောခဲ့ဖူးပါတယ်။

သူ့စကားဟာ မှန်သင့်သလောက်မှန်ပါတယ်။ ဒါပေမယ့် ဖို့ဒ်ကိုယ်တိုင်လည်း တစ်ချိန်ကဆင်းရဲမွဲတေပြီး ခြေသလုံးအိမ်တိုင် ဘဝမှာ ချို့ချို့ငဲ့ငဲ့နေခဲ့ရတာတော့ ဟုတ်ပါတယ်။

သူ့ကို စာရေးသူ နပိုလီယံဟောလ်က ကိုယ်တိုင်သွားတွေ့ ချိန်မတိုင်မီကတည်းက ဖို့ဒ်ဟာလိုတရာဘုရင်ကြီး ဖြစ်နေပါပြီ။

ဒါဟာဘာကြောင့်လဲဆိုတော့ ဖို့ဒ်ဟာ အတ္တကိုလိုအပ်သလို ထိန်းချုပ်နိုင်စွမ်းရှိနေတယ်။ နောက်ပြီးအတ္တကိုသူကြိုက်သလို ပုံဖော်နိုင်ပါပြီ။ ဒါဟာဖို့ဒ်ရဲ့ အရည်အသွေးပါပဲ။ အဲလိုမျိုး ထက်မြက်တဲ့ပုဂ္ဂိုလ်တစ်ယောက်အဖြစ် တခြားသူနဲ့ခေတ်ပြိုင် စီးပွားရေး လုပ်ငန်းရှင်ကြီးက အသိအမှတ် ပြုခဲ့ကြရပါတယ်။ တကယ်တော့ အဲဒီ လုပ်ငန်းရှင်ကြီးတွေဟာလည်း ချမ်းသာကြွယ်ဝနေကြသူတွေ ဖြစ်ပါတယ်။

ဒါပေမယ့် အတ္တကိုထိန်းချုပ်တဲ့အခါမှာ ဖို့ဒ်ကိုမမီပါဘူး။

ဒါကြောင့်ဖို့ဒ်ဟာ သူတို့ထက်သာတယ်လို့ အလေးအနက် အသိအမှတ်ပြုနေကြရတာဖြစ်ပါတယ်။ ငွေကြေးချမ်းသာတာခြင်း တူပေမယ့် သူတို့ဟာ ဖို့ဒ်လောက် အရှိန်အဝါသြဇာမရှိကြဘူး။ သူတို့အတိုင်းအတာနဲ့ သူတို့အောင်မြင်နေကြပါတယ်။ ဖို့ဒ်နဲ့ယှဉ်လိုက်တာနဲ့ တစ်ပြိုင်နက် သူတို့ဟာနံပါတ်နှစ်နေရာကို အလိုလိုရောက်သွားကြပါတယ်။ နံပါတ်တစ်နေရာဟာ အစဉ်သဖြင့် ဖို့ဒ်ရဲ့နေရာပဲ ဖြစ်ပါတယ်။ ဒါကို ပွင့်ပွင့်လင်းလင်းပြောလေ့ရှိတဲ့ စီးပွားရေးလုပ်ငန်းကြီးတွေက ဝန်ခံခဲ့ကြတာပါ။ ဖို့ဒ်ဟာ စိတ်ရောကိုယ်ပါချမ်းသာနေသူဖြစ်တယ်လို့နပိုလီယံဟောလ်ကညွှန်းဆိုရေးသားဖော်ပြခဲ့တယ်

ဒါကြောင့် နှစ်ပေါင်းများစွာကြာတဲ့အချိန်ကတည်းက အဲလိုမျိုး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာနေတာဟာ အခြေခံအကြောင်းရင်း

တစ်ချက်ပဲ ရှိပါတယ်။ အဲဒါကတော့ အတွေ့ကို မှန်မှန်ကန်ကန်နဲ့လို အပ်သလို အသုံးပြုနိုင်လို့ပါပဲ။

သူရဲ့အတွေးအခေါ်တွေ၊ အမြော်အမြင်တွေ၊ သဘောတရားတွေနဲ့ အတွေ့ကို ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် ကြွယ်ဝချမ်းသာမှုအလုံးစုံကို ရရှိခဲ့တာဖြစ်ပါတယ်။

သူ့လိုဖြစ်ချင်ရင် သူလုပ်ဆောင်ခဲ့တဲ့ ကိုယ်တွေ့နည်းလမ်းတွေ၊ သဘောတရားတွေကို သင်လည်း ဖတ်ရှုသိရှိသဘောပေါက်နေပါပြီ။ တကယ်လို့ကျေကျေညက်ညက်မဖြစ်သေးဘူးဆိုရင်လည်း အကြိမ်ကြိမ်ပြန်ဖတ်ပါ။ နောက်ပြီး အဲဒီ နည်းလမ်းတွေအတိုင်း ဆောင်ရွက်ပါ။

ဒါဆိုရင် သင်လည်း သူ့လိုပဲ မုချအောင်မြင်ရတော့မှာပါ။

စီးပွားရေးလုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်လာခဲ့တဲ့ နှစ်ပေါင်း (၁၀၀)ကစပြီး မျက်မှောက်ခေတ်ကာလအထိ အောင်မြင်တိုးတက်ခဲ့ကြတဲ့လူတွေဟာ ချမ်းသာကြွယ်ဝမှု ရရှိခံစားခဲ့ကြပါတယ်။ အဲဒီလူတွေကိုယ်တွေ့ကျင့်သုံးပြီး အကျိုးဖြစ်ထွန်းတဲ့နည်းလမ်းတွေဟာလည်း ဒီစာအုပ်ကထပ်ဆင့် သင့်လက်ထဲကိုရောက်ရှိနေပါပြီ။ ဒီစာအုပ်က သဘောတရားတွေကိုလည်း အတတ်နိုင်ဆုံး ရှင်းရှင်းလင်းလင်းဖော်ပြထားပါတယ်။ စာတတ်မြောက်တဲ့လူတိုင်းနားလည်သဘောပေါက်အောင် လွယ်လွယ်ကူကူ ရေးသားဖော်ပြထားပါတယ် ဒါကြောင့်အကြိမ်ကြိမ်အဖန်ဖန် ပြန်လည်ဖတ်ရှုလိုက်တာနဲ့ အလွယ်တကူ လုပ်ငန်းစလို့ရနိုင်ပါပြီ။

ပြီးခဲ့တဲ့ စာမျက်နှာတွေထဲက အတွေ့နဲ့ပတ်သက်လို့ အနှစ်ချုပ်ကိုတင်ပြရမယ်ဆိုရင် မိမိကိုယ်မိမိ ယုံကြည်မှု ခိုင်မြဲနေသမျှ အတွေ့ကိုထိန်းချုပ်နိုင်တယ်။ ကြိုက်သလို ပုံဖော်နိုင်ပါတယ်။ ဒါကြောင့် မိမိကိုယ်မိမိစိတ်ချလက်ချ ယုံကြည်ထားဖို့လိုပါတယ်။ဒါမှသာ အကျိုးသက်ရောက်မှု မြန်ဆန်မှာဖြစ်ပါတယ်။

အဲဒီလို ယုံကြည်မှုနဲ့အတူ ပြင်းပြတဲ့ဆန္ဒကို အကောင်အ

ထည်ဖော်ရာမှာတွေ့ဝေမှုတွေ၊ မပြတ်သားမှုတွေ၊ဖြစ်မှဖြစ်ပါ့မလား ဆိုတဲ့ သံသယတွေနဲ့ယတိပြတ် ဆုံးဖြတ်ချက်မချနိုင်ခဲ့ရင် အကျိုး ဖြစ်ထွန်းလာမှာမဟုတ်ပါဘူး။ သင်ဖြစ်ချင်တာကို ဖြစ်အောင်လုပ် မယ့်နည်းလမ်းတွေကို ဖော်ပြခဲ့ပြီးပါပြီ။ အဲဒီနည်းလမ်းတွေအတိုင်း ဆောင်ရွက်ရင် အောင်မြင်မှုအပြည့်အဝ ရရှိနိုင်ပါတယ်။

ချမ်းသာကြွယ်ဝမှုအပေါင်းနဲ့ ပြည့်စုံနေတဲ့ ဘုံဗိမာန်ကြီး ဟာ ယခုသင်လျှောက်လှမ်းတော့မယ့် လမ်းမကြီးရဲ့ထိပ်တည့်တည့် မှာ တည်ရှိနေပါတယ်။

အဲဒီဘုံဗိမာန်မှာလည်း သင့်အရင်ရောက်နှင့်ပြီး ချမ်းသာ ကြွယ်ဝမှုအပေါင်းကို ရရှိခံစားနေကြသူတွေ ရှိနေပါတယ်။

သင်ရောက်သွားတာနဲ့ တစ်ပြိုင်နက် သင့်အရင်ရောက်နှင့် ပြီးချမ်းသာကြွယ်ဝမှုအပေါင်းကိုရရှိခံသစားနေကြသူတွေရှိနေတယ်

သင် ရောက်သွားတာနဲ့ တစ်ပြိုင်နက် သူတို့ကလှိုက်လှိုက် လှဲလှဲ ဝမ်းသာအားရ ကြိုဆိုလက်ကမ်းနေကြမှာပါ။

ဒါပေမယ့် ...

လမ်းခရီးအစမှာ ခြေတစ်လှမ်းမှ မလှမ်းသေးဘဲရောက်မှ ရောက်ပါ့မလားဆိုတဲ့ သံသယစိတ်ကြောင့် ယုံကြည်မှုနည်းပါးနေ ရင်တော့ အဲဒီဘုံဗိမာန်ကြီးကို သင်ရောက်တော့မှာ မဟုတ်ပါဘူး။

ခရီးရောက်ဖို့ဆိုတာကသွားမှဖြစ်မှာပါ။ ခြေတစ်လှမ်းမှမ လှမ်းသေးဘဲ တွန့်ဆုတ်တွန့်ဆုတ်နဲ့ကုံ့ဘိုင်းနေရင်တော့ မူလနေရာ မှာပဲ ဆင်းရဲချို့ငဲ့နွမ်းပါးစွာနဲ့ အောက်ကျနောက်ကျနေရတော့မှာပါ။

တစ်ချိန်က အဲလိုမျိုးဘဝနဲ့ လူတဟာထက် အောက်ကျ နောက်ကျနေခဲ့ရတဲ့ လူတွေထဲမှာဖို့ဒ်၊ အင်ဒရူးကာနေဂျီတို့လည်းပါ ဝင်နေခဲ့ကြဖူးပါတယ်။ ဒါပေမယ့် အဲဒီလူတွေဟာ သူတို့သွားရမယ့် လမ်းကြောင်းကိုသူတို့ဖာသာရှာဖွေခုတ်ထွင်ရှင်းလင်းပါတယ်။

နောက်တော့မှ ဖြစ်ပေါ်လာတဲ့ လမ်းကြောင်းအတိုင်း ယုံ ကြည်မှုအပြည့်အဝနဲ့ လျှောက်လှမ်းခဲ့ကြတာပါ။ ဒါကြောင့် သူတို့

ဟာ ချမ်းသာကြွယ်ဝမှုအလုံးစုံကို ပိုင်ဆိုင်ခြင်းဆိုတဲ့ ဘုံဗိမာန်ကြီးပေါ်မှာ ခံစားစံစားနေနိုင်ကြတာပါ။

အခုဆိုရင် သင့်အနေနဲ့သူတို့ ရှာဖွေခုတ်ထွင် ရှင်းလင်းပြီးသားလမ်းကြောင်းက အဆင်သင့်ဖြစ်ပေါ်နေပါပြီ။ သင်ကိုယ်တိုင်ခုတ်ထွင်ရှင်းလင်းစရာ မလိုတော့ပါဘူး။

သူတို့ရဲ့ ကိုယ်တွေ့ အတွေ့အကြုံ၊ နည်းလမ်းမှန်တွေ၊ သဘောတရားအစစ်တွေကို ဒီစာအုပ်ထဲမှာ ဖတ်ရှုရင်းနဲ့ ရှင်းရှင်းလင်းလင်း ကျေကျေညက်ညက် သဘောပေါက်နေပါပြီ။

ဖော်ပြခဲ့တဲ့ အချက်(၁၆)ချက်ကိုလည်း ထပ်ဆင့်ရှင်းပြတဲ့နောက်တစ်ချက်ထည့်ပေါင်းပြီး(၁၇)ချက်စလုံးကို သင်သိနေပါပြီ။

တစ်ချိန်က ဖို့ဒ်တို့လို လမ်းကြောင်းရှာဖွေခဲ့ရတဲ့ လူတွေဟာ သင့်ထက်ပိုပြီး ဒုက္ခတွေခံခဲ့ကြရပါတယ်။ သူတို့အတွက် အခုလို နည်းလမ်းသဘောတရားတွေကို ဘယ်သူမှရေးသားဖော်ပြပြီးသား မရှိခဲ့ကြပါဘူး။ အောက်ခြေအနိမ့်ဆုံးအဆင့်မှာ လူသားတစ်ယောက် ဖြစ်ရုံလောက်နဲ့ မွေးဖွားခဲ့ရတာပါ။ အထက်တန်းပညာတောင်မှ သင်ကြားနိုင်တဲ့အခွင့်အရေး မရရှိခဲ့ကြပါဘူး။ ငွေကြေးအရင်းအနှီးလည်း တစ်ပြားတစ်ချက်မျှ မရှိ၊ အရှိန်အဝါ၊ ဩဇာရှိတဲ့လူလည်းမဟုတ်ဘဲနဲ့ စီးပွားရေးလောကရဲ့ ထိပ်ဆုံးနေရာကိုရောက်လာတာဟာ အံ့ဩစရာပါပဲ။

ဒါပေမယ့် အဲဒီလိုထိုင်ပြီး အံ့ဩနေရုံနဲ့မပြီးသေးပါဘူး။

သူတို့ရဲ့ ကိုယ်တွေ့တွေနဲ့ ထုတ်ဖော်ပြောပြခဲ့တဲ့ အချက်(၁၇)ချက်ကို သူတို့ကိုယ်တိုင် ယုံကြည်မှုစွမ်းအင်နဲ့ပေါင်းစပ်မှုစွမ်းအင်နဲ့ ပေါင်းစပ်ဆောင်ရွက်ခဲ့ကြပါတယ်။

......

## ချမ်းသာခြင်းသည် သင့်ခန္ဓာကိုယ်ထဲမှာ ရှိသည်

ဖို့ဒ်တို့ ဆင်းရဲမွဲတေနေတဲ့ဘဝက လွန့်လူးရုန်းကန်လှုပ်ရှားနေချိန်မှာ ဘယ်သူကမှ သူ့ကိုသဘောတရားအနှစ် ချုပ်(၁၇)ချက်ကိုလာမပေးကြပါဘူး။သူ့ဟာသူစူးစမ်းလေ့လာရုန်းကန်ဆောင်ရွက်ရင်းနဲ့ ကိုယ်တွေ့ဖော်ထုတ်ခဲ့ရတာပါ။ အဲဒီအချက်တွေကိုတစ်ချက်ချင်း လက်တွေ့လုပ်ကြည့်ရာက အောင်မြင်မှုရရှိခဲ့တာပါ။

အခုဆိုရင် သင့်အနေနဲ့ သူတို့ကိုယ်တွေ့ နည်းလမ်း (၁၇) ချက်စလုံးကို အလွယ်တကူသိရှိနေပါပြီ။ အဲဒီ(၁၇)ချက်ကိုမှန်မှန်ကန်ကန်အကောင်အထည်ဖော်ပြီး ဆောင်ရွက်လိုက်တာနဲ့ ချမ်းသာကြွယ်ဝမှုအလုံးစုံကို သင်လည်းပိုင်ဆိုင်တော့မှာပါ။

တကယ်တော့ဆင်းရဲတယ်ချမ်းသာတယ်ဆိုတာ ကံကြမ္မာကြောင့် မဟုတ်ပါဘူး။ မိမိနဲ့ ဆိုင်တဲ့နက္ခတ်တွေ၊ အချိန်အခါတွေကြောင့်လည်းမဟုတ်ပါဘူး။ ဖို့ဒ်လို လူစား၊ အင်ဒရူးကာနေဂျီလိုလူစား၊ ဝူးလ်ဝေါ့သ်လို လူစားတွေဟာ စီးပွားရေးလောကရဲ့ထိပ်ဆုံးလုပ်ငန်းရှင်ကြီးတွေဖြစ်လာတာဟာ ယတြာနဲ့ ဓါတ်ရိုက်ဓါတ်ဆင်တာတွေကြောင့်မဟုတ်ပါဘူး။ သူတို့ရဲ့စွမ်းရည်ကို သူတို့ကိုယ်တိုင် ဖန်တီးရင်းနဲ့ ဖြစ်လာကြတာပါ။ အနောက်နိုင်ငံသားတွေက (၁၃)ဂဏန်းနဲ့ပတ်သက်ပြီး အယူသည်းကြပါတယ်။ (၁၃)ရက်နေ့ဟာ ကောင်းကျိုး မပေးဘူးလို့ အစွဲအလမ်းကြီးကြတယ်။ အဲဒီအကြောင်းအရာနဲ့ပတ်သက်ပြီး နိုင်ငံတကာမှာ ကုန်ပဒေသာဆိုင်ကြီးတွေ အကြီးအကျယ်တည်ထောင်ဖွင့်လှစ်ရောင်းချရာက စီးပွားရေးလောကရဲ့ အချမ်းသာဆုံး(၁၀)ယောက်ထဲမှာ တစ်ယောက်အပါအဝင်ဖြစ်နေတဲ့ မစ္စတာဝူးလ်ဝေါ့သ်က အားရပါးရရယ်ပြီးပြောခဲ့ဖူးပါတယ်။

"အဲဒီ(၁၃)ဂဏန်းနဲ့ပတ်သက်လို့ ကျွန်တော်လုံးဝအလေး

အနက်မထားမိခဲ့ပါဘူး။အရေးတယူမစဉ်းစားခဲ့ဖူးပါဘူး။ကျွန်တော် သိတာတစ်ခုပဲရှိပါတယ်။ တကယ်လို့(၁၃)ရက်နေ့ဟာ ကံမကောင်း စေခဲ့ဖူးဆိုတဲ့ အယူအဆ၊ အစွဲအလမ်းနဲ့ ကျွန်တော့် ကုန်ပဒေသာဆိုင် ကြီးတွေ တစ်ရက်ပိတ်လိုက်ရင်တော့ အဲဒီနေ့မှာရောင်းချလို့ရမယ့် ဝင်ငွေတွေမဝင်ရုံဘဲရှိမယ်။ တစ်ရက်စာဝင်ငွေဟာလည်း ဒေါ်လာ သန်းနဲ့ချီပြီးရပါတယ်။ နောက်ပြီး(၁၃)ရက်နေ့မှာ ရောင်းလို့ရတဲ့ဝင် ငွေဟာလည်း တခြားရက်တွေနဲ့ အတူတူပါပဲ။ ထူးထူးခြားခြားပိုပြီး နည်းသွားတာ၊ များသွားတာမဖြစ်ဖူးပါဘူး”

ဖြစ်ရပ်ကတော့ ဒါပါပဲ။ အဲဒီ ချမ်းသာကြွယ်ဝမှုအလုံးစုံ ကိုပိုင်ဆိုင်နေကြတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေဟာ တစ်ချိန်က ဆိုရင် သင့်ထက်ပိုပြီး ဆိုးဆိုးဝါးဝါးအခြေအနေနဲ့ ဘဝကိုအစပြုခဲ့ ကြရတာပါ။ ဒါကြောင့် ချမ်းသာကြွယ်ဝခြင်းဟာ ကံကြမ္မာကြောင့်၊ ပညာအရည်အချင်းကြောင့်၊ ငွေကြေးအရင်းအနှီးမဖူလုံမှုကြောင့် .. စတဲ့ အခြေခံ အခြေခံအကြောင်းတရားတွေကြောင့် လုံးဝမဟုတ်ပါ ဘူး။

ကိုယ်ပိုင်အားထုတ် လုပ်ကိုင်ဆောင်ရွက်မှုကသာ အကျိုး ဖြစ်ထွန်းစေပါတယ်လို့ အဲဒီပုဂ္ဂိုလ်တွေကအတိအလင်း ဝန်ခံခဲ့ကြ ပါတယ်။ အဲဒီလို အားထုတ်လုပ်ကိုင်ရာမှာ မိမိရဲ့စွမ်းအားကိုအပြည့် အဝထုတ်သုံးဖို့ရယ်၊ ဖော်ပြခဲ့တဲ့နည်းလမ်း(၁၇)ချက်နဲ့လည်းကိုက် ညီမယ်ဆိုရင် အပြည့်အဝ အောင်မြင်မှာပါ။ ချမ်းသာကြွယ်ဝမှုအလုံး စုံကို ရရှိပိုင်ဆိုင်နေကြတဲ့ အောင်မြင်ကျော်ကြားသူတွေ၊ စက်မှု လုပ်ငန်းရှင်တွေ၊ ပထမဆုံးတီထွင် ဖန်တီးဖော်ထုတ်ခဲ့တဲ့သူတွေစတဲ့ ပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံဆွေးနွေးပြီး နှစ်ပေါင်း(၂၀)ကြာအောင်အချက် အလက်တွေစုဆောင်း ရေးသားပြုစုဖော်ထုတ်တင်ပြခဲ့သူဟာ နပို လီယံဟေးလ်ဖြစ်ပါတယ်။

အဲဒီလို ချမ်းသာကြွယ်ဝတဲ့ပုဂ္ဂိုလ်တွေရဲ့ ချမ်းသာကြွယ်ဝ လာစေတဲ့ နည်းလမ်းတွေ၊ သဘောတရားတွေ၊ အတွေ့အကြုံတွေ

ကို သူတို့ဆီကမေးမြန်းဆွေးနွေးပြီး စာပေနဲ့မှတ်တမ်းတင်ဖို့အတွက် နပိုလီယံဟေးလ်ကို တာဝန်ပေးသူက အင်ဒရူးကာနေဂျီဖြစ်ပါတယ်။

အင်ဒရူးကာနေဂျီဟာ သူကိုယ်တိုင် ချမ်းသာကြွယ်ဝမှုအလုံးစုံပိုင်ဆိုင်တဲ့အခါမှာ အောက်ကျနောက်ကျ ဘဝနဲ့ဆင်းရဲမွဲတေနေတဲ့သူတွေကို သူ့လိုချမ်းသာကြွယ်ဝစေရအောင် နည်းလမ်းတွေပေးချင်တယ်။ ဒါတင်မကဘူး။ သူ့ခေတ်နဲ့ခေတ်ပြိုင် ချမ်းသာကြွယ်ဝနေတဲ့ဖို့ဒ်တို့လိုလူတွေဆီကလည်း ကိုယ်တွေချမ်းသာကြွယ်ဝလာအောင် လုပ်ကိုင်ခဲ့တဲ့နည်းလမ်းတွေ၊ သဘောတရားတွေကို စုပေါင်းပြီးစာအုပ်စာတမ်းအဖြစ် ထုတ်ဖော်တင်ပြစေချင်တဲ့စေတနာနဲ့ နပိုလီယံဟေးလ်ကို တာဝန်ပေးခဲ့တာပါ။

နပိုလီယံဟေးလ်ဟာသူ့တာဝန်ကိုသူကျေပွန်စွာဆောင်ရွက်ခဲ့ပါတယ်။ သူရရှိခဲ့တဲ့ သဘောတရားတွေ၊ နည်းလမ်းတွေကို ဖော်ထုတ်ရေးသားခဲ့တဲ့အတွက် သူကိုယ်တိုင်လည်း ချမ်းသာကြွယ်ဝသူတစ်ယောက် ဖြစ်သွားခဲ့ပါတယ်။ နပိုလီယံဟေးလ်ရေးသားပြုစုခဲ့တဲ့ စာအုပ်စာတမ်းတွေကို ဖတ်ရှုလေ့လာပြီး ကိုယ်တိုင်ဆောင်ရွက်ခဲ့ကြတဲ့အတွက် ချမ်းသာကြွယ်ဝမှုအလုံးစုံကို ရရှိပိုင်ဆိုင်သွားတဲ့ လူတွေဟာလည်း ကမ္ဘာအနှံ့အပြားမှာ အလွန်တရာများပြားနေပါပြီ။

ဘာကြောင့်လဲဆိုရင်တော့ နပိုလီယံဟေးလ်ရဲ့စာအုပ်ကိုနိုင်ငံတကာမှာ ဘာသာအမျိုးမျိုးနဲ့ပြန်ဆိုရေးသား ထုတ်ဝေဖြန့်ချိခဲ့တဲ့အတွက် ကမ္ဘာ့လူတန်းစားအမျိုးမျိုး အစားစားတွေ ဖတ်ရှုနိုင်ခဲ့ကြတယ်။အားထုတ်လုပ်ကိုင်နိုင်ခဲ့ကြပါတယ်။ ဒါကြောင့်…ချမ်းသာကြွယ်ဝသူတွေလည်း အနမတဂ္ဂ ပေါ်ပေါက်ခဲ့ကြပါတယ်။

တချို့နိုင်ငံတွေမှာဆိုရင် တစ်ကြိမ်ထုတ်ဝေဖြန့်ချိရုံသာမကဘဲ အကြိမ်ပေါင်းများစွာ ထုတ်ဝေဖြန့်ချိခဲ့ပါတယ်။ တချို့နိုင်ငံတွေမှာရှိကြတဲ့ စာရေးဆရာ ဘာသာပြန်ဆိုသူတွေ တစ်ယောက်ပြီးတစ်ယောက် ပြောင်းလဲပြန်ဆိုခဲ့ကြပါသေးတယ်။

နောက်တစ်ခု ထူးခြားချက်က(တစ်ခါတလေကျတော့)ချမ်းသာကြွယ်ဝ၊ အောင်မြင်ကျော်ကြားနေကြတဲ့ လူတွေဆီကရတဲ့ အတွေ့အကြုံ အချက်အလက်တွေဟာ (တစ်ယောက် နဲ့တစ်ယောက်) ထပ်တူထပ်မျှ တူညီနေတတ်ကြပါတယ်။

ဘာပဲဖြစ်ဖြစ်ဒီစာအုပ်ထဲမှာတစ်ခါတလေအချက်အလက်တွေကို တစ်ကြိမ်ထက်ပိုပြီး ဖော်ပြထားပါတယ်။ အဲဒီလိုဖြစ်တဲ့အအတွက် စာဖတ်သူအဖို့ ထပ်တလဲလဲ ဖတ်ရင်းနဲ့ မှတ်သားပြီးသားဖြစ်သွားနိုင်ပါတယ်။

ဒါဟာ အကျိုးသက်ရောက်မှု ဖြစ်နေပါတယ်။

နပိုလီယံဟေးလ်ဟာ သူ အလေးအနက်ဖော်ပြချင်တဲ့ အကြောင်းအရာကို စာအုပ်တစ်အုပ်ထဲမှာတင် မှတ်မိနေအောင်ဖန်တီးခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့် စာဖတ်သူအနေနဲ့ အချက်အလက်တစ်ချက်နဲ့တစ်ချက်၊ သဘောတရားတစ်ခုနဲ့တစ်ခု၊ လျှာထိုးဆက်သဘောမျိုး ဖော်ပြထားခြင်းရဲ့ အကျိုးသက်ရောက်မှုကို သဘောပေါက်နားလည်စေချင်ပါတယ်။

ဖော်ပြခဲ့ပြီးတဲ့ အချက်အလက်(၁၇)ချက်နဲ့ သဘောတရားတွေကို စာဖတ်သူတွေအနေနဲ့ကျေညက်စွာ သိရှိနားလည်သဘောပေါက်နေရုံနဲ့ ပြီးပြည့်စုံသွားပြီလို့ မယူဆနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သင် သိရှိနားလည်သဘောပေါက်ထားတဲ အကြောင်းအရာတွေနဲ့ သင့်လုပ်ငန်းစပြီးဆောင်ရွက်ဖို့ ပြင်ဆင်လုပ်ကိုင်အကောင်အထည်ဖော်ရတော့မှာဖြစ်ပါတယ်။ ဒါမှသာ ချမ်းသာကြွယ်ဝမှုအလုံးစုံဟာ သင့်လက်ထဲကို မလွဲမသွေရောက်လာမှာပါ။

အရေးကြီးတဲ့အချက်ကိုဆက်ပြီး တင်ပြပါ့မယ်။ အဲဒီ အချက်ဟာ သင်ဖြစ်ချင်တဲ့ဘဝကို ရောက်ရှိနိုင်ဖို့အတွက် အရှိန်အဟုန်တစ်ခုအဖြစ် အသုံးဝင်တော့မှာဖြစ်ပါတယ်။ အဲဒါတွေဟာစိတ်ပိုင်းဆိုင်ရာအကြောင်းအရာ တစ်ရပ်ဖြစ်ပါတယ်။ စိတ်ကိုအာရုံစူးစိုက်နည်းနဲ့ပတ်သက်လို့ ပြီးခဲ့တဲ့ အပိုင်းအချို့မှာ တစ်စိတ်တစ်ဒေသ

ဖော်ပြခဲ့ပြီးပါပြီ။

အင်ဒရူးကာနေဂျီနဲ့ ပတ်သက်လို့ သူ့ရဲ့အရင်းနှီးဆုံးမိတ်ဆွေများက....

"အင်ဒရူးမှာ တခြားလူတွေထက် ပိုပြီးထူးခြားချက်တစ်ခုရှိတယ်။ အဲဒါကသူ့စိတ်ကိုသူ နိုင်နိုင်နင်းနင်းနဲ့ စွမ်းဆောင်နိုင်တဲ့အချက်ပဲ။ ဒါကြောင့် သူ့ရဲ့စိတ်စွမ်းအင်နဲ့ ဆုံးဖြတ်ချက်တွေဟာ ဘယ်တော့မှ အမှားအယွင်းမရှိခဲ့ဖူးဘူး။ နောက်ပြီးသူဆုံးဖြတ်ပြီးသား အကြောင်းအရာကိုလည်း ဘယ်တော့မှပြန်မပြင်ဘူး။ ပြန်ပြင်စရာမလိုအောင် တိကျမှန်ကန်နေတယ်လေ" လို့ ချီးကျူးစကားပြောခဲ့ကြတယ်။

ဒါဟာတကယ်တော့အင်ဒရူးကာနေဂျီအနေနဲ့ အကြောင်းအရာတစ်ခုကို သူကြိုတင်လေ့လာထားတယ်။ ပိုင်ပိုင်နိုင်နိုင်သိရှိနားလည်သဘောပေါက်ပြီးမှ ဆုံးဖြတ်ချက်ချတာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီဆုံးဖြတ်ချက်ကိုတင်ပြလိုက်တဲ့အခါမှာ တချို့လူတွေဟာ အပေါ်ယံကိုရှုပ်ထွေးပြီး သူ့ဆုံးဖြတ်ချက်ကိုဝေဖန်ကြတာဖြစ်ပါလိမ့်မယ်။

ဒါပေမယ့် အင်ဒရူးကအစောကြီးကတည်းက သူချတော့မယ့် ဆုံးဖြတ်ချက်နဲ့ပတ်သက်ပြီးအစကအဆုံးအထိ လေ့လာပြီးသားဖြစ်နေတတ်တယ်။ အမှားအယွင်းမရှိတဲ့ ပကတိ အမှန်အကန် ဆုံးဖြတ်ချက်ဖြစ်နေပါပြီ။ ဒါကြောင့်သူမပြင်တာပါ။

လူသားတွေဟာ လူ့သမိုင်းတစ်လျှောက်လုံး ဆင်းရဲမွဲတေခြင်း၊ ရောဂါဝေဒနာဖြစ်ပွားခြင်း၊ စိုးရိမ်သောကဖြစ်ရခြင်း၊ မသိနားမလည်စွာ ညှင်းပန်းခံရခြင်းဆိုတဲ့ အုတ်တံတိုင်းလေးဖက်ကာရံထားတဲ့အထဲမှာ နေနေခဲ့ကြရပါတယ်။ သူတို့ဟာရုပ်ပိုင်းဆိုင်ရာဘဝနဲ့ စိတ်ပိုင်းဆိုင်ရာဘဝရဲ့လွတ်မြောက်မှုကို အပင်ပန်းခံပြီး ရှာဖွေနေကြပါတယ်။

ဒါပေမယ့်အဲဒီလိုရှာဖွေနေကြတဲ့လူတိုင်းမတွေ့ခဲ့ကြပါဘူး။

ဆီလျော်တဲ့ ဥပမာတစ်ခု ဖော်ပြပါရစေ။

တစ်ခါက ပရော်ဖက်ဆာကြီးတစ်ယောက်ဟာ အင်မတန် သတိမေ့တတ်ပါတယ်။ သူ့မှာ မိဘ၊ ဆွေမျိုးသားချင်းတွေ မရှိကြ တော့ပါဘူး။ တည်းခိုဆောင်တစ်ခုရဲ့ အခန်းကျဉ်းလေးတစ်ခန်းမှာ တစ်ယောက်တည်း ငှားရမ်းနေထိုင်ပါတယ်။ သူ့မှာ ချို့ယွင်းချက် တစ်ခု ရှိတယ်။

အဲဒါက သတိမေ့လျော့တတ်ခြင်း ပါပဲ။

သူ့ပစ္စည်းတွေ၊ ကိုင်နေကျ အရာဝတ္ထုတွေကို ဘယ်ထား လို့ထားမှန်းမသိ၊ မေ့လျော့နေလို့ မကြာခဏ (အချိန်ကြာမြင့်စွာ) ပြန်လည်ရှာဖွေနေရတတ်ပါတယ်။

အဲဒီအကြောင်းနဲ့ပတ်သက်ပြီး ပရော်ဖက်ဆာကြီးက ရင်း နှီးတဲ့မိတ်ဆွေတချို့ကို စကားစပ်မိလို့ပြောပြပါတယ်။

"ကျုပ် ညဥ့်နက်မှအိပ်ရာဝင်လေ့ရှိတာ ခင်ဗျားတို့သိနေ ကြပါတယ်။ တစ်ခါတလေ ကျုပ်ဖတ်နေတဲ့စာထဲ စိတ်ရောက်သွား ပြီဆိုရင် အချိန်ကိုသိပ်အလေးအနက်မထားမိဘူး။ အရမ်းအိပ်ချင်လို့ မျက်ခွံတွေလေးလာမှ စာအုပ်ဘေးချပြီး အိပ်ပစ်လိုက်တော့တာပဲ။ သန်းခေါင်ကျော်လို့ နာရီပြန်တစ်ချက်ထိုးပြီးမှ အိပ်ဖြစ်တာများတယ် ခက်နေတာက မနက်နိုးစက်မြည် သံကြောင့်ကျောင်းချိန်အမီထတဲ့ အခါကျတော့ ကျုပ်အတွက်မရှိမဖြစ် ယူဆောင်သွားရမယ့်ပစ္စည်း တွေ၊ ဘယ်ထားလို့ထားမိမှန်း မသိတော့ဘူး။ အိပ်ချင်မူးတူးနဲ့ အိပ် ရာဝင်တာဆိုတော့ ကျုပ်ထားတဲ့နေရာကိုလည်း ကျုပ်ဟာကျုပ်မမှတ် မိတော့ဘူးပေါ့။ ဒါကြောင့် ထပ်ကာတလဲလဲ ပြန်ရှာနေရတာနဲ့ ကျောင်းကိုအချိန်မီမရောက်တာ များတယ်"

ပရော်ဖက်ဆာကြီးရဲ့စကားကို ကြားလိုက်ရတဲ့ မိတ်ဆွေ တစ်ယောက်က...

"ဒါဆိုရင် ကျွန်တော် အကြံတစ်ခုပေးမယ်။ လုပ်ကြည့် ရင်...အကျိုးထူးမယ်။ ခင်ဗျား အိပ်ရာဝင်တော့မယ်ဆိုရင် ဘယ်

လောက်ပဲ အိပ်ချင်နေပါစေ‥ခဏလောက် ကျိတ်မှိတ်အောင့်အည်း သည်းခံပါ။ ဘယ်ပစ္စည်းဘယ်မှာဆိုတာကို စာရွက်တစ်ရွက်နဲ့သေ သေချာချာရေးမှတ်ပြီး၊ ခင်ဗျားအိပ်ရာဘေးက စားပွဲပေါ်မှာ တစ် ခုခုနဲ့ဖိထား၊မနက်မိုးလင်းလို့နိုးစက်မြည်သံနဲ့ထတဲ့အချိန်မှာခင်ဗျား လိုအပ်ပစ္စည်းလေးတွေကို စာရွက်ထဲမှာကြည့်ပြီး တစ်ခုချင်းဆွဲယူ လိုက်ရုံပဲပေါ့ဗျာ''လို့ အကြံပေးလိုက်တယ်။

ပရော်ဖက်ဆာကြီးကလည်း အဲဒီအကြံအစည်ကို သဘော ကျသွားတယ်။

''ဟုတ်ပြီဗျို့‥ ခင်ဗျားအကြံမဆိုးဘူး၊ ဒီညကစပြီးကျုပ် လက်တွေ့စမ်းကြည့်မယ်''လို့ သူက အားပါးတရပြောလိုက်တယ်။

မိတ်ဆွေတစ်ယောက်က ထမ်ပြီး နောက်တယ်။

''သတိလည်း ထားဦးနော်၊ တော်တော်ကြာ ခင်ဗျားပါ ပျောက်ဆုံးနေလိမ့်မယ်''

မိတ်ဆွေအချင်းချင်း ငယ်ပေါင်းကြီးဖော်တွေလို ရယ်ရယ် မောမော ရင်းရင်းနှီးနှီး ပြောဆိုလေ့ရှိကြပါတယ်။ တကယ်တော့ သူတို့အသက်တွေဟာ မငယ်တော့ပါဘူး။ ငါးဆယ်ကျော် ခြောက် ဆယ်ထဲ ရောက်နေကြပါပြီ။

အဲဒီညရောက်တော့ ပရော်ဖက်ဆာကြီးဟာ အိပ်ရာမဝင် ခင်စာရွက်တစ်ရွက်မှာ သူယူသွားရမယ့်ပစ္စည်းနဲ့ ပစ္စည်းထားတဲ့နေ ရာကို အတိအကျရေးမှတ်လိုက်တာပေါ့။ အဲဒီလို ရေးနေချိန်မှာပဲ အိပ်ချင်စိတ်ကလည်း ထားမနိုင်ဆီးမရ၊ မျက်တောင်တွေပါစင်းနေ ပြီလေ။

ပရော်ဖက်ဆာကြီး ရေးတဲ့စာရင်းက‥‥

**ကုတ်အင်္ကျီ၊ ရှပ်အင်္ကျီနဲ့ဘောင်းဘီ၊ လည်းစီး=ဗီရိုထဲမှာ အဆင်သင့်ချိတ်နဲ့ချိတ်ထားတယ်။လက်ပတ်နာရီ=ခေါင်းအုံးအောက် မှာရှိတယ်။ဖောင်တိန်=စားပွဲပေါ်မှာတင်ထားတယ်။ ဆေးတံ၊ ဆေး ဘူး၊ ဂက်စ်မီးခြစ်=စားပွဲ ညာဘက်အံဆွဲထဲမှာ ထည့်ထားတယ်။**

အဲဒီစာရွက်ကိုစားပွဲပေါ်မှာ ဖန်လုံးနဲ့ဖိထားပြီး အိပ်ရာပေါ် ရာပေါ်မှာလဲလျောင်းရာက မိတ်ဆွေတစ်ယောက်ရဲ့နောက်လိုက်တဲ့ စကားကိုပြန်စဉ်းစားမိပြီး စာရွက်ပေါ်မှာနောက်ဆုံးစာကြောင်းထပ် ဖြည့်ရေးမှတ်လိုက်တယ်။

**ပရော်ဖက်ဆာကြီး=အိပ်ရာပေါ်မှာ..**ဆိုတဲ့စာကြောင်းဖြစ် ပါတယ်။ နောက်တော့ သူအိပ်ရာပေါ်မှာ အိပ်မောကျသွား တော့ တာပါပဲ။

မနက်မိုးလင်းလို့နှိုးစက်မြည်သံကြောင့် ပရော်ဖက်ဆာကြီး အိပ်ရာကနိုးလာတယ်။ ကမန်းကတန်း အိပ်ရာကထပြီး ရေချိုးခန်း ဝင်၊ ရေချိုးပြီးပြန်ထွက်လာတယ်။ သူဝတ်ရမယ့်ဝတ်စုံနဲ့လည်စည်း ကို (စာရွက်ပေါ်မှာရေးထားတဲ့အတိုင်း) ဗီရိုထဲမှာရှိတဲ့ချိတ်ကဖြုတ် ပြီး ဝတ်ဆင်လိုက်တယ်။ စာရွက်ကို တစ်ခေါက်ထပ်ဖတ်တယ်။ ခေါင်းအုံးအောက်က လက်ပတ်နာရီကိုဆွဲယူပြီး လက်မှာပတ်လိုက် တယ်။ စားပွဲပေါ်မှာရှိတဲ့ဖောင်တိန်ကိုလှမ်းဆွဲယူပြီး အင်္ကျီအိတ်မှာ ချိတ်လိုက်တယ်။ နောက်တော့ စားပွဲညာဘက်အံဆွဲဖွင့်ပြီး အံဆွဲထဲ က ဆေးတံ၊ ဆေးဘူးနဲ့ဂက်စ်မီးခြစ်ကို ထုတ်ယူလိုက်တယ်။ ရေး မှတ်ထားတဲ့စာရွက်ကို တစ်ခေါက်ပြန်ဖတ်ပြီးတော့သူ့ပိုက်ဆံအိတ် ကို စားပွဲဘယ်ဘက်အံဆွဲထဲက ထုတ်ယူတယ်။ သူဝတ်ထားတဲ့ကုတ် အင်္ကျီအတွင်းအိတ်ထဲ ထည့်လိုက်တယ်။

ဒါဆို အတော်ဟန်ကျသွားပြီ။ သူ့မိတ်ဆွေပေးလိုက်တဲ့အ ကြံဉာဏ်ဟာ အင်မတန်ကောင်းနေတယ်။ သူယူသွားရမယ့်ပစ္စည်း တွေ မေ့ကျန်စရာအကြောင်းမရှိတော့ဘူးဆိုပြီး သူပျော်သွားတယ်။

ဒါပေမယ့်သူရေးမှတ်ထားတဲ့စာရွက်ထဲမှာ နောက်ဆုံးစာ ကြောင်းတစ်ကြောင်းကျန်သေးတယ်။ အဲဒီစာကြောင်းကို သူဖတ် လိုက်တယ်။

"**ပရော်ဖက်ဆာကြီး=အိပ်ရာပေါ်မှာ...**"ဆိုတဲ့စာကိုဖတ် ပြီး အိပ်ရာပေါ်ကို သူလှမ်းကြည့်လိုက်တယ်။ သူရေးမှတ်ထားတဲ့

အတိုင်းဆိုရင်ပရော်ဖက်ဆာကြီးကို အိပ်ရာပေါ်မှာတွေ့ရမှာပေါ့။ အခုအိပ်ရာပေါ်မှာ ပရော်ဖက်ဆာကြီးကို မတွေ့ရတဲ့အတွက် သူပျောက်ပျာယာခပ်သွားတာပါပဲ။ ပရော်ဖက်ဆာကြီးကို ဘယ်နေရာမှာသွားရှာရမလဲဆိုတာ ရုတ်တရက်စဉ်းစားလို့မရအောင် ဖြစ်သွားပါတော့တယ်။

အဖြစ်ကတော့ ဒါပါပဲ။ ဒီဖြစ်ရပ်ဟာ ယုတ္တိရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ချမ်းသာကြွယ်ဝမှုအလုံးစုံကို ရရှိပိုင်ဆိုင်စေမယ့် နည်းလမ်းတွေဆက်တိုက်ဖတ်နေရတဲ့ စာဖတ်သူအတွက် စိတ်တင်းကျပ်မှုဝေဒနာတွေကို သက်သာရာသက်သာကြောင်းနဲ့နည်းနည်းပြုံးစေချင်လို့ဖော်ပြလိုက်တာပါ။ အဲဒီလို မေ့တတ်တဲ့ပရော်ဖက်ဆာကြီးဟာ တစ်ခါကတကယ်ရှိခဲ့ဖူးတာ အမှန်ပါ။ သူ့ကိုယ်သူရှာမတွေ့ဘဲ ပျောက်ဆုံးနေတာ ဖြစ်နိုင်ပါ့မလားဆိုတဲ့ မေးခွန်းကို ခဏလောက် မေ့ထားကြပါ။

စောစောကဖော်ပြခဲ့တဲ့အုတ်နံရံဘောင်လေးဖက်ထဲမှာရောက်ရှိနေတဲ့ လူသားတွေအကြောင်းကို ဆက်လက်ဖော်ပြပါ့မယ်။

**ဆင်းရဲမွဲတေခြင်း ဆိုတဲ့ အုတ်နံရံ၊**

**စိုးရိမ်သောက ဖြစ်ရခြင်း ဆိုတဲ့ အုတ်နံရံ၊**

**ရောဂါဝေဒနာ ဖြစ်ပွားခြင်း ဆိုတဲ့ အုတ်နံရံ၊**

**မသိနားမလည်ဖွာ ညှဉ်းပမ်းခံရခြင်း ဆိုတဲ့ အုတ်နံရံ၊**

စတဲ့..ဘောင်လေးဖက် ပိတ်လှောင်ခံထားရတဲ့ လူသားတွေဟာ ရုပ်ပိုင်းဆိုင်ရာဘဝနဲ့ စိတ်ပိုင်းဆိုင်ရာ ဘဝရဲ့လွတ်မြောက်မှုကိုရှာဖွေနေကြပေမယ့် လူတိုင်းမတွေ့ကြပါဘူး။ သူတို့ရှာဖွေနေကြတဲ့နေရာမှာ မတွေ့ကြတာပါ။ နေရာမှားပြီးရှာနေကြလို့ပဲ ဖြစ်ပါတယ်။

ဒါဟာ ဘာနဲ့တူသလဲဆိုတော့၊ စောစောကသတိမေ့တတ်တဲ့ပရော်ဖက်ဆာကြီးကိုအိပ်ရာပေါ်မှာရှာမတွေ့သလိုပါပဲ။ တကယ်တော့ ပရော်ဖက်ဆာကြီးဟာ အိပ်ရာပေါ်မှာမရှိဘဲ၊ သူရှိတဲ့နေရာဟာ ခုတင်ဘေးမှာရပ်နေတာဖြစ်ပါတယ်။ ခုတင်ဘေးကို ရှာရင်တွေ့မှာ

ပါ။ အဲဒီအတိုင်းပါပဲ။ လူသားတွေဟာ စိတ်နဲ့ရုပ်ပိုင်းဆိုင်ရာ လွတ်လပ်မှုကို တခြားနေရာတွေမှာလိုက်ရှာနေကြတော့ ဘယ်လိုလုပ်ပြီးတော့တွေ့နိုင်ပါ့မလဲ။ တကယ်တော့စိတ်ပိုင်းနဲ့ရုပ်ပိုင်းဆိုင်ရာလွတ်မြောက်မှုဟာ တခြားတစ်နေရာမှာမရှိပါဘူး။ အဲဒီလူသားရဲ့ ခန္ဓာကိုယ်ထဲမှာပဲရှိနေတယ်။

ကြွယ်ဝချမ်းသာမှုအလုံးစုံကို လူသားမှန်သမျှ(အထူးသဖြင့်) ဆင်းရဲမွဲတေတဲ့ဒဏ်တွေကို ခံစားနေကြရသူတွေဟာ မက်မက်မောမောလိုချင်နေကြမှာအမှန်ပါ။ ဒါပေမယ့် သူတို့လိုချင်တာကိုမရကြတာဟာ တကယ်တမ်းရှိတဲ့နေရာကို မသိကြလို့ဘဲဖြစ်ပါတယ်။ အဲဒီအရာဟာ သူတို့ရဲ့စိတ်အတွင်းမှာ အမှန်တကယ်ရှိနေပါတယ်။

စိတ်ပိုင်းဆိုင်ရာဆောင်ရွက်မှု ဆိုတာဟာ စုစည်းထားတဲ့စိတ်စွမ်းအင်ရဲ့လုပ်ဆောင်မှုပဲ ဖြစ်ပါတယ်။ အဲဒီစိတ်စွမ်းအင်နဲ့ပတ်သက်လို့ လားမားဘုန်းတော်ကြီးတွေအကြောင်း၊ နာဆာအာကာသသိပ္ပံစခန်းကသိပ္ပံပညာရှင်တချို့အကြောင်းတွေနဲ့ ရှေ့ပိုင်းမှာဖော်ပြခဲ့ပြီးပါပြီ။

စိတ်စွမ်းအင်ဟာ ကိုယ်တိုင်စနစ်တကျ တိကျသေချာမှုကို ဖော်ဆောင်ပါတယ်။ စိတ်ရဲ့ပြဋ္ဌာန်းချက်အတိုင်း မိမိဖြစ်စေချင်တဲ့နေရာကို ဦးတည်တည့်မတ် ထိန်းကျောင်းပေးလိုက်စာနဲ့ တစ်ပြိုင်နက် ရောက်ရှိသွားနိုင်ပါတယ်။ တကယ်လို့စိတ်စွမ်းအင်ဟာ မော်တော်ကားစက်နဲ့ နှိုင်းယှဉ်လို့ရရင် မိမိရောက်ချင်တဲ့နေရာကို ချောချောမောမောရောက်နိုင်ဖို့အတွက် ကားရဲ့စတီယာရင်ကို တည့်မတ်အောင် ထိန်းသိမ်းပေးလိုက်သလိုပါပဲ။

ထိန်းသိမ်းမှုကောင်းရင် ကောင်းသလို ခရီးလမ်းပေါ်မှာ ဖြောင့်ဖြူးစွာရွေ့လျားနေမှာ အမှန်ပါ။

ဒါဆိုရင်လမ်းဘေးတိမ်းချော်သွားတဲ့သဘောမျိုး၊မအောင်မြင်ခြင်းဆိုတာ ရှိတော့မှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ မှန်မှန်ကန်ကန်တည့်မတ်ထိန်းသိမ်းထားတဲ့စိတ်စွမ်းအင်ဟာဦးတည်

တဲ့ နေရာအထိ ဖြောင့်ဖြောင့်မတ်မတ် သွားနေလို့ပါပဲ။ ဒါကြောင့် အောင်မြင်မှု အသွင်သဏ္ဌာန်ဖြစ်သွားမှာ အမှန်ပါ။ လမ်းကြောင်း ဖြောင့်မတ်ဖို့အတွက် ထိန်းသိမ်းနေတာက စိတ်စွမ်းအင်ဖြစ်ပါတယ်။ အဲဒီစိတ်စွမ်းအင်ကို ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်ထိန်းသိမ်းနေတာက လည်း မိမိကိုယ်တိုင်ဖြစ်နေတဲ့အတွက် မိမိရောက်ရှိလိုတဲ့နေရာကို မလွဲမသွေရောက်သွားမှာပဲဖြစ်ပါတယ်။

သွားရမယ့်လမ်းကြောင်းက မှန်ကန်တိကျသလို၊ စနစ်တကျ ထိန်းသိမ်းနိုင်တာကလည်း သေချာတိကျနေပြီဆိုရင် ချမ်းသာကြွယ်ဝမှုအလုံးစုံကို လက်ဝယ်ရရှိတော့မှာ မလွဲပါဘူး။

စနစ်တကျဆောင်ရွက်မှုအရည်အချင်းရှိတဲ့လူဟာမိမိကိုယ်မိမိယုံကြည်ချက်အပြည့်အဝနဲ့ စိတ်ကိုရည်မှန်းချက်အတွက် အာရုံစူးစိုက်လိုက်တာနဲ့ တစ်ပြိုင်နက် အကျိုးသက်ရောက်မှုဖြစ်ပေါ်လာမှာပါ။ အဲဒီစိတ်စွမ်းအင်ဟာ ခံစားမှုအထွေထွေကို အပြန်အလှန်ထိန်းသိမ်းပေးပါတယ်။ ဒါဆို တိကျမှန်ကန်တဲ့ ဝေဖန်သုံးသပ်မှုတစ်ခုဖြစ်လာတယ်။ နောက်ပြီး ပဓာနကျတဲ့ ရည်မှန်းချက်တွေကိုလည်း အောင်မြင်တဲ့အထိ ဆက်လက်ထိန်းသိမ်းပေးမှာဖြစ်ပါတယ်။ ဒါ့အပြင် လူတစ်ယောက်ကို ဖွံ့လုံ့လရှိအောင် ဖန်တီးနိုင်စွမ်းရှိပါတယ်။ ဖွဲ့လုံ့လနဲ့မဖြစ်မနေရည်မှန်းချက်ပြည့်ဝအောင်မြင်တဲ့အထိလုပ်တတ်တဲ့အလေ့အထကို ကိုယ်တိုင် စနစ်တကျလုပ်ဆောင်မှုက တွန်းပို့ပေးနိုင်စွမ်းရှိပါတယ်။ မိမိကိုယ်မိမိဝေဖန်ရေးနဲ့ အရာရာကိုလုပ်ကိုင်နေကျ အလေ့အထဖြစ်စဉ်ကို ဖန်တီးဖော်ထုတ်တာဟာလည်း စနစ်တကျကိုယ်တိုင်ဆောင်ရွက်မှု စွမ်းအားပါပဲ။ နောက်ပြီးတော့ အကျိုးသက်ရောက်မှုအထိ ပို့ဆောင်ပေးတာကလည်း အဲဒီစွမ်းအားပဲဖြစ်ပါတယ်။

စနစ်တကျကိုယ်တိုင်ဆောင်ရွက်မှုတိုင်းဟာ ရည်မှန်းချက်မရောက်ခင် လမ်းဘေးချော်ထွက်သွားတတ်တဲ့ စိတ်ကိုပြည့်ပြည့်ဝဝ ထိန်းသိမ်းပေးပါတယ်။ နောက်ပြီး မူလ ဦးတည်ချက်အတိုင်း

ရည်မှန်းချက်အရောက်တွန်းပို့ပါသေးတယ်။ဒါတွေဟာ စနစ်တကျ ကိုယ်တိုင်ဆောင်ရွက်မှုရဲ့ရလဒ်ပါပဲ။ ဒီစွမ်းအားဟာသိစိတ်ကိုမဟာမိတ်ဖြစ်စေပြီး ပူးပေါင်းလမ်းပြတဲ့ အခြေအနေမျိုးဖြစ်စေပါတယ်။

ရှင်းရှင်းပြောရရင် မသိစိတ်ရဲ့လုပ်ဆောင်မှုဟာ အလေ့အကျင့်လုပ်တာများလာတော့ အလေ့အထဖြစ်သွားတယ်။ အလေ့အထဟာ မသိစိတ်ကအလိုအလျောက် လုပ်စေခြင်းဖြစ်ပါတယ်။

ထင်သာမြင်သာ ဥပမာတစ်ခုနဲ့ နှိုင်းယှဉ်ဖော်ပြပါရစေ။

တစ်ခါကကျေးရွာတစ်ရွာမှာ မောင်ဘတို့မိသားစု နေထိုင်ကြပါတယ်။ မောင်ဘဟာ သူ့မိသားစုကို တာဝန်ခွဲပေးထားပါတယ်။

မောင်ဘရဲ့ ဇနီးဟာ ထမင်းဟင်းချက်၊ အဝတ်လျှော်ဖွပ်၊ အိမ်ရဲ့ဝေယျာဝစ္စကို ဆောင်ရွက်ဖို့တာဝန်ရှိတယ်။ သားကိုထင်းခွေ၊ ထင်းခွဲတာဝန်ယူခိုင်းထားတယ်။ သမီးကြီးကိုတော့ အိမ်မှာရှိတဲ့ သောက်ရေအိုးနဲ့ စဉ့်အိုးတွေကို နေ့စဉ်ရေခပ်ပြီး ဖြည့်ခိုင်းပါတယ်။ မောင်ဘကိုယ်တိုင်ကတော့ မနက်ထမင်းကြမ်းစားပြီး ယာခင်းထဲသွားတယ်။

အဲဒီအလုပ်တွေကို တာဝန်ကိုယ်စီနဲ့ နေ့စဉ်လုပ်နေတဲ့အခါမှာအလေ့အကျင့်ကနေ အလေ့အထတစ်ခုဖြစ်လာပါတယ်။ အလေ့အထနဲ့ပတ်သက်တဲ့ ရှင်းလင်းဖော်ပြချက်ကို ရှေ့ပိုင်းတစ်နေရာမှာထမင်းစားတဲ့အကြောင်းနဲ့ နှိုင်းယှဉ်ပြီးဖော်ပြခဲ့ပြီးပါပြီ။

အခုဖော်ပြနေတဲ့ ဖြစ်ရပ်မှာ သမီးကြီးက အဓိကဇာတ်ကောင်အဖြစ်ပါဝင်နေပါတယ်။ သမီးကြီးဟာ မနက်စောစော(အိမ်သူအိမ်သားတွေအားလုံးထက် စောစောထပြီး) ရေတွင်းက ရေငင်တယ်။ ပြီးတော့ ရေပုံးနှစ်ပုံးနဲ့အတူ မီးဖိုခန်းထဲက စဉ့်အိုးတွေနဲ့ သောက်ရေအိုးတွေကို ရေဖြည့်လေ့ရှိပါတယ်။

တစ်ခါတစ်ခါ အရုဏ်ကြက်မတွန်မီ နိုးနေလို့" စောပါသေးတယ်"ဆိုပြီး တစ်ရေးပြန်အိပ်တတ်တဲ့ အလေ့အကျင့်လည်းရှိပါတယ်။

အဲဒီလို တစ်ရေးပြန်အိပ်လိုက်ရင် မိုးစင်စင်လင်းလို့တစ်အိမ်သားလုံးနိုးနေကြပြီးလှုပ်လှုပ်ရှားရှားဖြစ်နေတာ သိလိုက်ရတယ်

ဒါနဲ့ သမီးကြီးကရေအိုးတွေ ရေဖြည့်ရဦးမှာပါလားဆိုတဲ့ အသိစိတ်နဲ့သွားကြည့်လိုက်တဲ့အခါမှာ သောက်ရေအိုးတွေရော၊သုံးရေအိုးတွေပါ ရေဖြည့်ပြီးသားဖြစ်နေတာကို တွေ့ရတယ်။ သမီးကြီးက "အမေရေဖြည့်သလား" လို့ မေးတော့.. "ပေါက်ပေါက်ရှာရှာ ကိုယ့်အလုပ်နဲ့ကိုယ်တောင် မအားရပါဘူး" လို့ဖြေသတဲ့။

မောင်လေးကလည်း တောထဲကိုထင်းခွေဖို့သွားပြီ။ အဖေကလည်း ယာတောထဲဆင်းသွားပြီ။ ဒါကြောင့် အဖေနဲ့မောင်လေး တစ်ယောက်ယောက်က သူမကိုယ်စား ရေဖြည့်တာဖြစ်ရမယ့်လို့ထင်မိတယ်။ ညနေစောင်းလို့ မောင်ဘနဲ့သားငယ် အိမ်ပြန်ရောက်တော့ သမီးကြီးက "ရေဖြည့်ထားတာ ဘယ်သူလဲ" လို့ မေးကြည့်တယ်။

အဖေမောင်ဘကလည်း "မဟုတ်ဘူး" တဲ့။ "မနက်မိုးလင်းလင်းချင်း သမီးအမေလုပ်ပေးတဲ့ ထမင်းလှော်နဲ့ အဖန်ရည်သောက်ပြီးတော့ ယာတောထဲဆင်းသွားတာပဲ။ ရေဖြည့်ဖို့စဉ်းတောင် မစဉ်းစားမိပါဘူး"

မောင်လေးကလည်း "အစ်မ ရေပုံးနှစ်ပုံးဆွဲဖို့မပြောနဲ့၊ရေတွင်းထဲကရေတောင် မငင်နိုင်ပါဘူးဗျာ၊ အဖေနဲ့ကျွန်တော် ရှေ့ဆင့်နောက်ဆင့်အိမ်က ထွက်သွားကြတာပဲ" လို့ ဖြေတယ်။

ဒီတော့သမီးကြီးကအစဉ်းစားရကျပ်သွားတယ်။ ဦးခေါင်းထက်ကဆံပင်တွေကို တဗျင်းဗျင်းကုတ်နေလိုက်တယ်။ နောက်တစ်နေ့ကျတော့ သမီးကြီးဟာအရဏ်တက်ချိန်မှာ နိုးပေမယ့် ဆက်ပြီးအိပ်လိုက်တယ်။

အိပ်ရာကနိုးတော့ စဉ့်အိုးထဲမှာကော၊ သောက်ရေအိုးထဲမှာပါ ရေဖြည့်ပြီးသား။ အမေနဲ့အဖေတို့ မောင်လေးတို့ကိုလည်း မေးကြည့်တော့သူတို့ရေဖြည့်စရာအကြောင်းမရှိကြောင်း၊ အိမ်တစ်အိမ်လုံးမှာရှိနေကြတဲ့ မိသားစုလေးယောက်စလုံး ကိုယ့်တာဝန်နဲ့ကိုယ်

မအားလပ်ကြောင်း ပြန်ဖြေကြတယ်။ ဒီလိုနဲ့ တစ်ရက်က နှစ်ရက်၊ နှစ်ရက်က သုံးရက် လေးရက် ကြာလာပါတယ်။

သမီးကြီးအိပ်ရာကမထဘဲ အရဏ်ကြက်တွန်ချိန်နီးပေမယ့် မိုးလင်းတဲ့အထိ ဆက်အိပ်လိုက်တယ်။ သမီးကြီးဖြည့်ရမယ့်ရေအိုးတွေစဥ့်အိုးတွေဟာထုံးစံအတိုင်းပြည့်နေတာကိုပဲတွေ့ရတယ်။မောင်ဘတို့အိမ်ဟာ ရွာစွန်မှာရှိပြီး၊ တခြားအိမ်တွေနဲ့လည်း အလှမ်းဝေးတယ်။ ရေအိုးတွေကို တခြား လူတွေလာဖြည့်သွားစရာလည်း အကြောင်းမရှိပါဘူး။ ဒါကြောင့်သမီးကြီးဟာ တိတ်တဆိတ်ရေလာဖြည့်တဲ့လူကို သူမကိုယ်တိုင်စောင့်ဖမ်းမယ်ဆိုပြီး အိပ်ရာထဲကနားစွင့်နေတုန်း မှေးခနဲအိပ်ပျော်သွားတယ်။

အဲဒီအချိန်မှာ နောက်ဖေးရေခပြင်က "ဝုန်းဒိုင်း"နဲ့ ရေပုံးကျသံကြားလိုက်တာနဲ့ သမီးကြီးကကပျာကယာ မျက်စိဖွင့်ကြည့်လိုက်တယ်။ နောက်ဖေးရေခပြင်မှာ ရေပုံးနဲ့အတူမြေကြီးပေါ်ကိုကျသွားတာကတော့ သမီးကြီးကိုယ်တိုင်ဖြစ်နေတာ တွေ့လိုက်တယ်။ ရေပုံးကထွက်လာတဲ့ရေတွေလည်း တစ်ကိုယ်လုံးရွှဲရွှဲစိုလို့ပေါ့။

အဲဒီတော့မှ ငိုအားထက်ရယ်အားသန်အဖြစ်မျိုးနဲ့ ကြုံတွေ့ရတော့တာပါပဲ။ ဖြစ်ပုံကတော့ ဒီလိုပါ။ သမီးကြီးဟာ ရေတွင်းထဲကရေကိုငင်ပြီး သောက်ရေအိုးတွေ သုံးရေအိုးတွေ ဖြည့်လေ့ရှိတဲ့အလေ့အကျင့်ကို အမြဲတမ်းလုပ်ရာက၊ အလေ့အထတစ်ခုဖြစ်သွားတယ် အဲဒီအလေ့အထစွဲမြဲသွားတော့ မသိစိတ်က ဆက်ပြီးဆောင်ရွက်သွားတယ်။ အဲလိုမျိုး မသိစိတ်ကဆောင်ရွက်တာကို သမီးကြီးကိုယ်တိုင် မသိလိုက်ဘူး။

အဲဒီလို...ဖြစ်ရပ်မျိုးလိုပါပဲ။

တိတိကျကျနဲ့ရည်မှန်းချက်အောင်မြင်ဖို့အတွက် အလေ့အကျင့်လုပ်ဖန်များလာတော့ အလေ့အထတစ်ခုဖြစ်လာတယ်။ အဲဒီအလေ့အထဟာ မသိစိတ်ကနေ သူ့ဟာသူအလိုအလျောက် ဆောင်ရွက်သွားတာမျိုးဖြစ်ပါတယ်။

ဒါပေမယ့်အဲဒီဖြစ်ရပ်မှာ မသိစိတ်စိုးမိုးလုပ်ကိုင်နေတဲ့ အချက်ကိုတစ်ခါတစ်ခါကျရင် သိစိတ်ကဆန့်ကျင်လေ့ရှိတယ်။ အဲဒါဟာထူးခြားတဲ့အကြောင်းအရာတစ်ခုပါပဲ။လူတစ်ယောက်တည်းမှာရှိတဲ့ သိစိတ်နဲ့မသိစိတ်ပဋိပက္ခဖြစ်ရပ်မျိုး ဖြစ်လာတဲ့အခါကျတော့ စနစ်ကျတဲ့အလေ့အထစွမ်းအင်ကနေ သိစိတ်နဲ့မသိစိတ်ကိုပူးပေါင်းစေပြီး ရည်မှန်းချက်အတိုင်း ဆက်လျှောက်အောင် လမ်းညွှန်ပေးပါတယ်။

စနစ်တကျဖြစ်ပေါ်လေ့ရှိတဲ့စွမ်းအင်ဟာ ယုံကြည်ချက်ကိုကို အကောင်အထည်ဖော်တဲ့အချိန်မှာ အရင်ကလိုဆုံးရှုံးမှုများဖြစ်ဦးမှာလားဆိုတဲ့ မဝံ့မရဲဖြစ်နေတဲ့အခါမျိုးကျရင် အဲဒီမဝံ့မရဲစိတ်ကိုပပျောက်သွားအောင် အဲဒီစွမ်းအင်ကပဲ ဖယ်ရှားပေးပါတယ်။

ဒါကြောင့် စနစ်တကျဖြစ်လေ့ရှိတဲ့စွမ်းအင်ဟာ သံသယနဲ့မရေရာတဲ့ အခြေအနေတွေကိုဖယ်ရှားလိုက်ပြီး ချမ်းသာကြွယ်ဝမှုအလုံးစုံကိုရရှိရေးအတွက် အမြဲသတိပြုမိအောင်၊ နောက်တစ်ချက်က ကျန်းမာကြံ့ခိုင်ရေးကိုလည်း အလေးထားဆောင်ရွက်အောင် အစဉ်သဖြင့်လှုံ့ဆော်ပေးပါတယ်။

မိမိကိုယ်တိုင် စနစ်တကျလုပ်ဆောင်တဲ့အခါမှာ အဲဒီစွမ်းအင်က ကူညီပါဝင်ဆောင်ရွက်ပါတယ်။ ဒါကြောင့် စိတ်ပိုင်းဆိုင်ရာလုပ်ဆောင်မှုအကြောင်းတရားကိုသိနေသူဟာ ရည်မှန်းချက်ပန်းတိုင်ကိုသွားနေတဲ့ အရှိန်အဟုန်တွေဟာ ပိုကြီးပြင်းထန်စေပါတယ်။

သိစိတ်နဲ့အာရုံစိုက်ပြီး အားကြိုးမာန်တက်ဆောင်ရွက်နေတဲ့နည်းတူ၊ သိစိတ်ကိုအနားပေးချိန်မှာ အလေ့အထအရ လုပ်ဆောင်မှုအသွင်သဏ္ဍာန်နဲ့ မသိစိတ်ကတစ်လှည့် ဝင်ရောက်ကူညီဆောင်ရွက်ပေးလေ့ရှိပါတယ်။

ဒါကြောင့် သိစိတ်နဲ့မသိစိတ်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍဟာအရေးပါတဲ့ အချက်တစ်ခုဖြစ်လာပါတယ်။

ရှင်းရှင်းပြောရမယ်ဆိုရင်တော့လူတစ်ယောက်ဟာသာမန်

လုပ်ရိုးလုပ်စဉ် ခွန်အားနဲ့တစ်မျိုး၊ ငုပ်လျှိုးနေတဲ့ အတွင်းစိတ်စွမ်းရည်နဲ့ တစ်ဖုံ၊ နည်းလမ်းနှစ်မျိုးနဲ့လုပ်ဆောင်ခဲ့တဲ့အတွက် အဆတိုးပြီး အကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်။

အနှစ်ချုပ်အနေနဲ့ဖော်ပြရရင် ကောင်းမြတ်တဲ့စိတ်ဓါတ်နဲ့ စည်းကမ်းစနစ်ကိုအလေးထားပြီးဆောင်ရွက်ခြင်းဟာ စိတ်စွမ်းအင်အပြည့်အဝရနိုင်ပါတယ်။ အဲဒီ ပြည့်ဝတဲ့ စိတ်စွမ်းအင်ကသာ ယုံကြည်မှုပြင်းထန်စွာနဲ့ မိမိ ဖြစ်စေချင်တဲ့ဆန္ဒကို အကောင်အထည်ဖော်ဆောင်သွားမှာ သေချာနေပါတယ်။

စနစ်တကျစည်းကမ်းနည်းလမ်းနဲ့သာ ဆောင်ရွက်ရမယ်ဆိုရင် ရည်မှန်းချက်အတိုင်းဖြစ်မြောက်အောင်မြင်ဖို့ ရာခိုင်နှုန်းပြည့်သေချာပါတယ်။ စိတ်ဟာ တချို့အကြောင်းအရာတွေမှာ အလိုအလျောက် စိတ်ပါလက်ပါ လှုပ်ရှားဆောင်ရွက်တတ်တယ်။ တစ်ခါတစ်ရံကျပြန်တော့လည်း ငြိမ်နေတဲ့စိတ်ကို လှုပ်ရှားလာအောင် နှိုးပေးရပါတယ်။

ဥပမာ… သင်စိတ်ပါဝင်စားတဲ့ ရသဝတ္ထုတစ်ပုဒ်ကို(အချစ်၊ စွန့်စားခန်း၊ ဟာသစသည်ဖြင့်) ဖတ်နေတဲ့အခါမျိုးမှာ အလိုအလျောက် စိတ်ပါလက်ပါ တစ်မျက်နှာပြီးတစ်မျက်နှာ လွယ်လွယ်ကူကူ ပေါ့ပေါ့ပါးပါးဖတ်ရှုသွားလေ့ရှိတယ်။

အခုသင်လက်ထဲရောက်ရှိနေတဲ့ဒီစာအုပ်ကိုဖတ်တဲ့အခါမှာ ရသစာပေကိုဖတ်သလိုမျိုး ရှောရှောရှူရှူဖြစ်လာမှာ မဟုတ်ပါဘူး။ ဒါပေမယ့် သင်ဟာကြွယ်ဝချမ်းသာမှု အလုံးစုံကိုရရှိပိုင်ဆိုင်ချင်တဲ့သူဖြစ်နေတဲ့အတွက် ဒီစာအုပ်ထဲမှာဖော်ပြပါရှိတဲ့ နည်းလမ်းတွေ၊ သဘောတရားတွေကို သိမှုဖြစ်မယ်ဆိုတဲ့ တွန်းအားနဲ့စိတ်ကိုနှိုးပြီးပြီးဖတ်ရတာမျိုးကို ဆိုလိုတာပါ။

မိမိစိတ်ကိုဝေဖန်သုံးသပ်ဆင်ခြင်တိုင်းတာတဲ့အခါမှာ မှန်မှန်ကန်ကန်ဖြစ်စေမယ့်အကြောင်းတရား(၁၀)မျိုးရှိပါတယ်။

အဲဒီ(၁၀)မျိုးဟာသီးခြားစီ ဖော်ပြမှာဖြစ်ပေမယ့် တစ်မျိုးနဲ့တစ်မျိုး အမှီသဟဲပြုနေကြတယ်။

.....

## မိမိစိတ်ကို ဝေဖန်သုံးသပ်ခြင်း

မိမိစိတ်ကို ဝေဖန်သုံးသပ်ခြင်းနှင့်စပ်လျဉ်း၍ ဖော်ပြရမယ်ဆိုရင် အောက်ပါအတိုင်းဖြစ်ပါတယ်။

(၁) **နက်ရှိုင်းသော အသိဉာဏ်ပညာ၊**

အဲဒီအသိဉာဏ်ဟာ အတိုင်းအဆမရှိ ပကတိကျယ်ပြန့်နေပါတယ်။ မိမိကိုယ်မိမိ အမှားအယွင်းမရှိရအောင် ဝေဖန်တာ၊ သုံးသပ်ဆင်ခြင်တာ၊ တိုင်းတာတဲ့နေရာတွေမှာ ပဓာနအကျဆုံး အခြေခံအကြောင်းတရားဖြစ်ပါတယ်။

အဲဒအသိဉာဏ်ဟာ မိမိကိုယ်တိုင်ဆောင်ရွက်တဲ့အခါမျိုးမှာ ဆောင်ရွက်မှုအားလုံးကို တိကျတဲ့ ရည်မှန်းချက်အဖြစ်ပေါင်းစပ်ပါဝင်ပြီး အောင်မြင်မှုပန်းတိုင်ကိုရောက်အောင် လမ်းကြောင်းထိန်းသိမ်းတည့်မတ်ပေးပါတယ်။

(၂) **သိစိတ်နဲ့မသိစိတ်၊**

ရှေ့မှာဖော်ပြခဲ့တဲ့အတိုင်း လူသားတိုင်းမှာ သိစိတ်နဲ့မသိစိတ်ရယ်လို့ နှစ်မျိုးနှစ်စားရှိနေကြတယ်။ လူတစ်ယောက်ရဲ့မသိစိတ်ဟာ သိစိတ်ထက်ငါးဆပိုများပါတယ်။ **ဒါကြောင့် မသိစိတ်ရဲ့စွမ်းအင်ဟာငါးဆပိုပြီးလုပ်ဆောင်နိုင်ပါတယ်။** မသိစိတ်ဟာနက်ရှိုင်းတဲ့အသိဉာဏ်ပညာကို သိစိတ်နဲ့ ပေါင်းစပ်ပေးနိုင်စွမ်းရှိပါတယ်။ မသိစိတ်ဟာ သိစိတ်ကတစ်ဆင့် သုံးသပ်ဆင်ခြင်မှုကို ဆက်တိုက်ဖော်ထုတ်ပေးနိုင်ပါတယ်။

မသိစိတ်ဟာ နက်ရှိုင်းတဲ့ အသိပညာဉာဏ်ကို အလိုအလျောက်ရရှိအောင် ဖန်တီးနိုင်တဲ့အတွက် ဆန္ဒဖော်ထုတ်ခြင်းနဲ့ဆန္ဒပြည့်ဝမှုဖြစ်ပေါ်ရာ ကြားခံနေရာတစ်ခုလည်း ဖြစ်ပါတယ်။ မိမိရဲ့ပဓာနကျတဲ့ ရည်မှန်းချက်အတွက် အောင်မြင်မှုရရှိဖို့ ဖန်တီးပေးရာမှာ ယထာဘူတနည်းလမ်းတွေကို မှန်မှန်ကန်ကန်အသုံးချပါ။ ဒါ

ဆိုရင် မသိစိတ်ကို ထိန်းသိမ်းညွှန်ကြားရာရောက်ပါတယ်။

မသိစိတ်ဟာ ဆင်ခြင်သုံးသပ် လုပ်ဆောင်မှုအားလုံး အတွက် တုံ့ပြန်မှုရှိပါတယ်။ သိစိတ်ကတော့ အဲဒီဆင်ခြင်သုံးသပ်ထားတာတွေကို အဆုံးသတ်ပိုင်းအထိ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ပါတယ်။

ဆင်ခြင်သုံးသက်ရာမှာ စိတ်အားထက်သန်မှု စွဲမြဲနေတဲ့အခါမှာ မသိစိတ်ကမြန်မြန်ဆန်ဆန် တုံ့ပြန်ပါတယ်။ အဲဒီလိုစွဲမြဲရခြင်းဟာ ထပ်ကာတလဲလဲ သုံးသပ်ဆင်ခြင်မှုကြောင့် ဖြစ်ရတာပါ။

(၃) **စိတ်စွမ်းရည်၊**

စိတ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုတွေထဲမှာ အရေးပါဆုံးက စိတ်ရဲ့စွမ်းရည်ပဲဖြစ်ပါတယ်။ စိတ်စွမ်းရည်ဟာ သုံးသပ်ဆင်ခြင်တဲ့ အလေ့အထတွေကို ပိုပြီးအခြေအနေကောင်းအောင် ညှိနှိုင်းပြောင်းလဲပေးပါတယ်။ စိတ်အားထက်သန်မှုတွေကိုလည်း စိတ်စွမ်းရည်က ထိန်းသိမ်းပေးပါတယ်။ ကိုယ်တိုင်စနစ်တကျရှိမှသာ စိတ်စွမ်းရည်ကို အကောင်းဘက်ကို တွန်းပို့ပေးနိုင်မှာဖြစ်ပါတယ်။ စိတ်စွမ်းရည်ကို ညွှန်ပြအကောင်အထည်ဖော်နိုင်းရမှာက သိစိတ်ပဲဖြစ်ပါတယ်။

(၄) **အကျိုးအကြောင်းသုံးသပ်ဝေဖန်မှု၏လုပ်ဆောင်ချက်**

အကျိုးသင့်အကြောင်းသင့် သုံးသပ်ဝေဖန်မှုဟာ သိစိတ်ကိုဆုံးဖြတ်ပေးပါတယ်။ ကိုယ်တိုင်စနစ်တကျဖြစ်နေရင် သင့်ဆန္ဒမှန်သမျှကို မှန်ကန်ကောင်းမွန်ခြင်း ရှိမရှိ ဆုံးဖြတ်နိုင်စွမ်းရှိပါတယ်။ အကျိုးသင့်အကြောင်းသင့် သုံးသပ်ဝေဖန်မှုဟာ သုံးသပ်ဝေဖန်မှုဟာ သုံးသပ်ဆင်ခြင်မှုတိုင်းကို မှန်ကန်စေပါတယ်။ ဒါပေမယ့်လူတိုင်းဟာအဲလိုမျိုး လုပ်လေ့လုပ်ထမရှိကြတဲ့အတွက် တိတိကျကျ၊ မှန်မှန်ကန်ကန် မသုံးသပ်နိုင်တာပဲဖြစ်ပါတယ်။ ဒါကြောင့် တိကျမှန်ကန်စွာသုံးသပ်ဝေဖန်နိုင်သူဟာလူတစ်သိန်းမှာတစ်ယောက်လောက်ပဲရှိနေပါမယ်။

အများအားဖြင့်လူတွေကျင့်သုံးနေကြတဲ့မိမိကိုယ်မိမိဝေဖန်

မှုဟာ မမှန်ကန်ကြပါဘူး။ အဲဒီလို… မမှန်မကန်ဖြစ်နေရတာဟာ ကိုယ်တိုင်ကိုယ်ကျ စည်းကမ်း စနစ်တကျထိန်းသိမ်းမှုမရှိတာရယ်၊ စိတ်စွမ်းအင်ကို ပိုင်ပိုင်နိုင်နိုင် အသုံးမပြုတာရယ်၊ အကျိုးသင့်အကြောင်းသင့် ဝေဖန်တာမျိုးမလုပ်တာရယ်၊ အဲဒီအချက်တွေမပါဝင်တဲ့အတွက် မှားယွင်းနေကြတာပဲဖြစ်ပါတယ်။

အများအားဖြင့်ဝေဖန်မှုပြုလုပ်သူတိုင်းဟာ စိတ်တည်ငြိမ်စွာ သုံးသပ်ဆုံးဖြတ်ရပါမယ်။ ဒါပေမယ့် စိတ်လှုပ်ရှားပြီး ဆောင်ရွက်ဝေဖန်မှုတွေဖြစ်နေကြတဲ့အတွက် မမှန်မကန်ဖြစ်နေကြတာပါ။ ဒါကြောင့်စိတ်ကို တည်တည်ငြိမ်ငြိမ်နဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

(၅) **စိတ်လှုပ်ရှားခြင်း၊**

စိတ်လှုပ်ရှားခြင်းရဲ့ဆင်ခြင်သုံးသပ်မှု အများအပြားကိုသိစိတ်ရဲ့ကဏ္ဍမှာ ဖော်ထုတ်ပေးပါတယ်။ ဒါပေမယ့် စိတ်လှုပ်ရှားခြင်းဆိုတဲ့…ဆောင်ရွက်မှုမှာ ဟန်ဆောင်မှုတွေပါဝင်နေတဲ့အတွက် အပြည့်အဝ ယုံကြည်လို့မရပါဘူး။

ဒါကြောင့် စိတ်စွမ်းအင် ဦးဆောင်မှု၊ အကျိုးသင့်အကြောင်းသင့် ဝေဖန်မှုမပါတဲ့စိတ်လှုပ်ရှားခြင်းဟာ အန္တရာယ်ရှိပါတယ်။ ဒါပေမယ့် အဲလိုမျိုးအပြည့်အဝ ယုံကြည်လို့မရတာနဲ့တော့ စိတ်လှုပ်ရှားခြင်းကို လျစ်လျူရှုလို့မရပါဘူး။

တကယ်တမ်းပြောရမယ်ဆိုရင် တက်ကြွမှု၊ တီထွင်မှု၊စိတ်ကူးကောင်းမွန်မှုတွေကို စိတ်လှုပ်ရှားခြင်းကသာ ဖော်ထုတ်ပေးနိုင်ပါတယ်။ ဒါကြောင့် မိမိကိုယ်တိုင် စနစ်တကျထိန်းသိမ်းနိုင်ရင် စိတ်လှုပ်ရှားခြင်းဟာ လူတစ်ယောက်ချင်း အောင်မြင်မှုအတွက်အထူး အသုံးဝင်ပါတယ်။ နောက်ပြီးလူကို အရည်အချင်းပြည့်ဝလာအောင် လုပ်ပေးနိုင်ပါတယ်။

စိတ်စွမ်းအင်နဲ့အကျိုးသင့်အကြောင်းသင့် ဝေဖန်မှုတွေဟာ စိတ်လှုပ်ရှားခြင်းကို လိုအပ်သလိုလမ်းကြောင်းပေါ်အရောက်မှန်မှန်

ကန်ကန် လမ်းညွှန် ဦးတည်ပေးလို့ရပါတယ်။ ပြည့်ပြည့်ဝဝထိန်းသိမ်းနိုင်ရင် စိတ်လှုပ်ရှားခြင်းဟာ တိတိကျကျ ဝေဖန်မှု ရရှိနိုင်ပါတယ်။

ဒါကြောင့် စိတ်စွမ်းအင်နဲ့အကျိုးသင့်အကြောင်းသင့် ဝေဖန်မှုပါမှသာ စိတ်လှုပ်ရှားခြင်းကြောင့်ဖြစ်လာတဲ့ အကြောင်းအရာတွေကို ထင်မြင်ချက်၊ ဆုံးဖြတ်ချက်ချနိုင်ပါတယ်။

မိမိကိုယ်တိုင်စနစ်တကျရှိဖို့အတွက် အတွေးအခေါ်အမြော်အမြင်ရှိရမယ်။ တိတိကျကျသုံးသပ် ဝေဖန်နိုင်စွမ်းရှိရမယ်။ ဒါဆိုရင် စိတ်လှုပ်ရှားခြင်းကို ပိုင်ပိုင်နိုင်နိုင် ထိန်းသိမ်းနိုင်ပါပြီ။ ဒါပေမယ့် အဲဒီလို ထိန်းသိမ်းချုပ်ကိုင်တဲ့အခါမှာ စိတ်လှုပ်ရှားခြင်းကို ဖိဖိစီးစီးနှိပ်ကွပ်ထားရင်ဘာမှအကျိုးဖြစ်ထွန်းလာမှာမဟုတ်ပါဘူး။

မိမိရဲ့ ရည်မှန်းချက်လမ်းကြောင်း သွေဖည်မသွားရအောင် ထိန်းသိမ်းဦးတည်ပေးဖို့သာ လိုအပ်တယ်။ ဒါမှသာ ချမ်းသာကြွယ်ဝတဲ့နယ်မြေကို တည့်တည့်မတ်မတ် အောင်မြင်စွာရောက်ရှိသွားမှာပါ။

အများအားဖြင့်လူတွေဟာဖိုမဆက်ဆံရေး၊ ချစ်ခြင်းမေတ္တာ စိုးရိမ်ကြောက်ရွံ့မှုတွေနဲ့ ပတ်သက်လာရင် အကြီးအကျယ်စိတ်လှုပ်ရှားတတ်ကြပါတယ်။ အဲဒီစိတ်လှုပ်ရှားခြင်းတွေဟာ ဖိုမဆက်ဆံရေးနဲ့ချစ်ခြင်းမေတ္တာတွေကို ဖန်တီးဖြစ်ပေါ်နိုင်စွမ်းရှိပါတယ်။

တကယ်လို့သာ အဲဒီဖန်တီးနိုင်စွမ်းကို မိမိလိုအပ်တဲ့ဘက်မှာ ထိန်းသိမ်းပေးနိုင်မယ်ဆိုရင် တီထွင်မှုအာရုံတွေ ရရှိလာမယ်။ ထူးခြားတဲ့အကျိုးသက်ရောက်မှုတွေ ရရှိလာမှာဖြစ်ပါတယ်။

**(၆) စိတ်ကူးခြင်း၊**

စိတ်ကူးလိုက်တဲ့ အကြောင်းအရာကို တီထွင်မှုအာရုံတွေနဲ့ပေါင်းစပ်ပြီး အကောင်အထည်ဖော်နိုင်ခဲ့ရင် ရည်မှန်းချက်အောင်မြင်ဖို့ရာလက်တစ်ကမ်းပဲလိုတော့မှာပါ။ အဲဒီစိတ်ကူးခြင်းကို စိတ်ကူးရုံသက်သက်ပဲရှိနေပြီး လက်တွေ့အကောင်အထည်မဖော်နိုင်ရင်

တော့ ဘာမှအကျိုးသက်ရောက်မှာ မဟုတ်ပါဘူး။ ရှေ့ပိုင်းကဖော်ပြခဲ့တဲ့ သူဌေးရဲ့သမက်လိုစိတ်ကူးယဉ်အဖြစ်မျိုးပဲ ဖြစ်သွားပါမယ်။

**(၇) အသိအမြင် ဖြစ်စဉ်တရား၊**

အသိအမြင်ဖြစ်စဉ်တရားဟာ ရည်မှန်းချက်ကို သဘာဝတရားသဘောနဲ့ ဖြစ်ဖြစ်၊ လူတွေ လက်ခံကျင့်သုံးနေကြတဲ့ ကိုယ်ကျင့်တရားနဲ့ပဲ ဖြစ်ဖြစ် အဆင်ပြေအောင် ညှိနှိုင်းပေးလေ့ရှိပါတယ်။ အခက်အခဲဖြစ်နေတဲ့ သုံးသပ်ဝေဖန်ရေးမှာလည်း အသိအမြင်ဖြစ်စဉ်တရားက ကူညီဖြေရှင်းပေးလေ့ရှိပါတယ်။

အသိအမြင် ဖြစ်စဉ်တရားကို မိမိကိုယ်တိုင် လက်ခံကျင့်သုံးနေရင် ကောင်းကျိုးရနေမှာဖြစ်ပါတယ်။ ဒါပေမယ့်အသိအမြင်ဖြစ်စဉ်တရားကို မိမိက လျစ်လျူရှုလိုက်ပြီဆိုရင်တော့ အဲဒီအသိအမြင်ဖြစ်စဉ်တရားက မိမိကို ကျွမ်းထိုးမှောက်ခုံဖြစ်သွားအောင် ဖန်တီးတတ်ပါတယ်။ ဒါကြောင့် ကောင်းကျိုးရရှိစေနိုင်ရန် မိမိကစည်းကမ်းရှိရှိ စနစ်တကျထိန်းသိမ်းရပါမယ်။

**(၈) ဆဋ္ဌအာရုံ၊**

ဆဋ္ဌအာရုံဟာ တခြားသူရဲ့စိတ်ကို သိရှိခြင်းဖြစ်ပါတယ်။ အဲဒီသိရှိခြင်းအမြင်ကို ဆဋ္ဌအာရုံလို့ သတ်မှတ်သုံးစွဲနေကြပါတယ်။ အဲဒီအာရုံဟာ မသိစိတ်နဲ့ ပတ်သက်ဆက်နွှယ်နေတယ်လို့ ထင်မြင်နေကြောင်း၊ အဲဒီအာရုံကတဆင့် တီထွင်မှုအမြင်အာရုံကို ရရှိနိုင်တယ်လို့လည်း မှတ်ယူနေကြပါတယ်။ တကယ်တမ်းပြောရရင် အဲဒီဆဋ္ဌအာရုံဟာ စိတ်ပိုင်းဆိုင်ရာ (မနောမယ) ပညာရှင်တွေအတွက် တန်ဖိုးသတ်မှတ်လို့ မရနိုင်လောက်တဲ့ ရတနာတစ်ပါးလို့ အဆိုရှိပါတယ်။ သာမန်လူသားတွေအတွက် သိသင့်သိထိုက်တဲ့ အကြောင်းအရာတစ်ခုအဖြစ်နဲ့သာ စိတ်ပိုင်းဆိုင်ရာအကြောင်းအရာထဲမှာထည့်သွင်းဖော်ပြထားတာပါ။

တကယ်တော့ ဆဋ္ဌအာရုံဟာဘဝပေါင်းများစွာ လေ့ကျင့်ပြုစုပျိုးထောင်ခဲ့သူကလွဲရင် ဘယ်သူမှဘဝတစ်ခုနဲ့အစပြုလို့ ဖြစ်

မြောက်နိုင်စွမ်းမရှိပါဘူး။ တကယ်လို့ သင့်အနေနဲ့ အဲဒီအာရုံကိုရနိုင်ဖို့အတွက် ဆောင်ရွက်ရမယ်ဆိုရင်တော့ သင့်ဘ၀တစ်ခုသာ ကုန်ဆုံးသွားမယ်။ အဲဒီဆဋ္ဌအာရုံကို မရရှိနိုင်ပါဘူး။ ခြွင်းချက်တစ်ခုအနေနဲ့ဖော်ပြရရင်တော့ လွန်ခဲ့တဲ့ဘဝတွေတုန်းက သင်ဟာထူးထူးချွန်ချွန် ဆဋ္ဌအာရုံကိုရရှိဖို့ ကြိုးစားခဲ့သူဖြစ်ရင် ဒီဘဝမှာ ဆဋ္ဌအာရုံရနေတဲ့ပါရမီရှင်တစ်ယောက် ပါရမီရှင်တစ်ယောက်လို့ မော်ကြွားနေလို့ မော်ကြွားနေသူတွေ ရှိနေကြပါတယ်။ အဲဒီလူတွေဟာ သင့်ကိုကောင်းကျိုးပေးကြမှာမဟုတ်ပါဘူး။ သူတို့အတွက်ကောင်းကျိုးကိုသာ သင့်ဆီကပြန်ယူသွားကြမှာ သေချာပါတယ်။

**(၉) မှတ်သိစိတ်၊**

မှတ်သိစိတ်ဟာ အတွေ့အကြုံအဖြစ်အပျက်တွေ၊ အာရုံငါးပါးကတစ်ဆင့် ခံစားမိတဲ့ဖြစ်ရပ်တွေ အကြောင်းအရာတွေကို ဦးနှောက်ကနေ လက်ခံသိမ်းဆည်းထားတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် အဲဒီအချက်ဟာ ရာခိုင်နှုန်းပြည့်တော့ မဖြစ်နိုင်ပါဘူး။ ဒီကိစ္စနဲ့ပတ်သက်လို့ စိတ်ပိုင်းဆိုင်ရာပညာရှင်တွေဟာ အခုထက်တိုင် ဝိဝါဒကွဲပြားနေကြဆဲပါပဲ။ အဲဒီမှတ်သိစိတ်ဆိုတာ ရှိနေခဲ့ရင်လည်း မိမိရဲ့စည်းကမ်းစနစ်တကျ ဦးဆောင်မှုရှိမှသာ အသုံးတည့်မှာဖြစ်ပါတယ်။

**(၁၀) ခန္ဓာဗေဒဆိုင်ရာ အာရုံငါးမျိုး၊**

ဒီအာရုံငါးမျိုးဟာ အချက်(၈)နဲ့(၉)လိုပါပဲ။ အာရုံခံစားမှုတွေဖြစ်တဲ့ မျက်စိကအမြင်အာရုံကိုဖြစ်စေတယ်။ နှာခေါင်းကအနံ့အာရုံကိုရရှိတယ်။ နားကအကြားအာရုံကိုဖြစ်စေတယ်။ လျှာကအရသာခံစားတယ်။ ခန္ဓာကိုယ်က ထိတွေ့မှုကိုသိတယ်။ အဲဒီအာရုံတွေကို မိမိရည်မှန်းချက်အောင်မြင်မှုအတွက် အသုံးပြုတဲ့အခါမှာ အဲဒီအကြား၊ အမြင်၊ အနံ့၊ အရသာအတွေ့အထိတွေကို ရာခိုင်နှုန်းပြည့် ယုံကြည်စိတ်ချလို့မရပါဘူး။ အဲဒီအာရုံငါးပါးဟာ မမြင်ဘဲမြင်ယောင်၊ မကြားဘဲကြားယောင်ပြုပြီး သွေးဆောင်လှည့်စားဖြား

ယောင်းတဲ့ သဘောသဘာဝတွေရှိနေကြပါတယ်။ ဒါကြောင့် မိမိကိုယ်တိုင်စနစ်တကျ စည်းကမ်းရှိရှိ ဦးဆောင်ညွှန်ပြနိုင်မှသာ မိမိအတွက်အမှန်တကယ် အသုံးဝင်မှာဖြစ်ပါတယ်။

• • • • •

မိမိကိုယ်တိုင် စနစ်တကျရှိမှုကိုပိုင်းခြားပြီး သုံးသပ်ဆင်ခြင်ရမယ့်ဖြစ်ရပ်အတွက် မှန်မှန်ကန်ကန်၊ တိတိကျကျသုံးသပ်ဆင်ခြင်ဖို့ လိုပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ မှန်သလား၊ မမှန်ဘူးလားဆိုတာကို ပထမဆုံး သိထားမှဖြစ်မှာပါ။

အကောင်းနဲ့အဆိုးမှာ တစ်ခါတစ်ရံ ဒွန်တွဲလွန်ဆွဲတဲ့ ဖြစ်ရပ်တွေရှိနေကြပါတယ်။ ဒါကြောင့် အကောင်းကိုဘေးဖယ်ပြီးအဆိုးကို ရွေးချယ်လိုက်တဲ့အဖြစ်မျိုးတွေမဖြစ်ရအောင် ဆောင်ရွက်ဖို့နည်းလမ်းအချို့ကို တင်ပြပါ့မယ်။ အလွယ်ကူဆုံး ဥပမာတစ်ခုကိုဖော်ပြပါရစေ။

**အရက်သောက်တာ မကောင်းဘူး။ သေရည်သေရက်ဆိုတဲ့စကားလုံးရဲ့ အဓိပ္ပာယ်ကိုက သေစေတတ်တဲ့ အရည်ဖြစ်တယ်လို့ တစ်ဖက်သတ်ပြောတာကို သုံးသပ်ကြည့်မယ်ဆိုရင် အရက်ဟာမသောက်သင့်ဘူးလို့ ဆုံးဖြတ်နိုင်ပါတယ်။**

ဒါပေမယ့် အရက်ကိုဆေးဝါးအဖြစ် သင့်တင့်ရုံမှီဝဲရင်အစာကြေတယ်။ အချမ်းလုံတယ်။ ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်တယ်။ အများအားဖြင့် တရုတ်တိုင်းရင်းဆေးတွေဟာ အရက်နဲ့ရောပြီးသောက်သုံးတဲ့အခါမှာ ဆေးရဲ့အာနိသင်ပိုမိုထက်မြက်စေတဲ့အကြောင်းတွေကလည်း အခိုင်အမာရှိနေပြန်တယ်။

ဒါကြောင့် အရက်သောက်သင့်တယ်။ ဒါမှမဟုတ် မသောက်သင့်ဘူးဆိုတဲ့ ဆန့်ကျင်ဘက် အယူအဆနှစ်ခုအနက်တစ်ခုကို သင်ကိုယ်တိုင်ရွေးချယ်ဖို့ လိုအပ်လာပါပြီ။

သောက်သင့်တယ်ဆိုတာ မှန်သလား။ မသောက်သင့်ဘူးဆိုတာ မှန်သလားလို့မေးရင် သင် ဘယ်လိုဖြေမလဲ။

အကြောင်းအရာဖြစ်ရပ်တစ်ခုကို ထပ်တလဲလဲ ဆင်ခြင်သုံးသပ်မှုများလာရင် စနစ်တကျအလေ့အထ စွမ်းအင်တစ်ခုဖြစ်ပေါ်လာပါတယ်။ အဲဒီအလေ့အထဟာ မသိစိတ်ထဲကို အလိုအလျောက်ရောက်ရှိသွားတာပဲဖြစ်ပါတယ်။အဲ့ဒီအခါမှာမသိစိတ်ကအလေ့အထကို အဖြစ်နိုင်ဆုံးနည်းလမ်းနဲ့ ရည်မှန်းချက်အတိုင်း မရောက်ရောက်အောင် တွန်းပို့လိုက်တော့တာပဲ။

ဆင်ခြင်သုံးသပ်မှုကြောင့် ဖြစ်ပေါ်လာတဲ့ တီထွင်မှုဟာ ရုပ်ဒြပ်ပစ္စည်းတွေဖြစ်နေပါတယ်။ မိမိကိုယ်တိုင် စနစ်တကျရှိမှုကို အသုံးပြုပြီး ရည်မှန်းချက်ကိုအကောင်အထည်ဖော်နိုင်ပါတယ်။ အဲဒီလို အကောင်အထည်ဖော်တဲ့အခါမှာ ဆင်ခြင်သုံးသပ်မှုကိုပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်ထားမှသာ လိုအပ်တဲ့ဖွံ့ဖြိုးတိုးတက်မှုကို ရရှိမှာဖြစ်ပါတယ်။ဒါမှသာရည်မှန်းချက်ရုပ်ဒြပ်ဆိုင်ရာပစ္စည်းဖြစ်လာမှာပါ။

စိတ်ပိုင်းဆိုင်ရာစွမ်းအင်ဟာ ခန္ဓာကိုယ်တစ်ခုလုံးမှာဆဲလ်တွေအားလုံးကို ထိန်းချုပ်ထားတယ်။ အဲဒီလို ထိန်းချုပ်တဲ့အခါမှာ မသိစိတ်ရဲ့ အကူအညီနဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ထိခိုက်မှုကြောင့် သာမန်နာကျင်သည့်အစိတ်အပိုင်း၊ အနည်းအကျဉ်းပျက်စီးတဲ့ အစိတ်အပိုင်းစတဲ့ ဖြစ်ရပ်တွေကို ဖြေဖျောက်ပြုပြင်ရာမှာ သူ့ခန္ဓာကိုယ်အစိတ်အပိုင်းအလိုက် တာဝန်ယူဆောင်ရွက်စေပါတယ်။ ဆိုလိုတာက အဆုတ်နဲ့ပတ်သက်တဲ့ဝေဒနာကို အဆုတ်ဝန်းကျင်အစိတ်အပိုင်းက တာဝန်ယူရသလို၊ နှလုံးကျောက်ကပ်နဲ့ပတ်သက်ပြီး ဖြစ်ပေါ်တာတွေကို နှလုံးဆိုင်ရာ၊ ကျောက်ကပ်ဆိုင်ရာ ခန္ဓာကိုယ်အစိတ်အပိုင်းတွေက ပြုပြင်ဆောင်ရွက်ပါတယ်။

တကယ်လို့ ရောဂါပိုးတွေ ဝင်လာပြီဆိုရင်လည်း ကိုယ်တွင်းစွမ်းအားကို အစိတ်အပိုင်းအလိုက်ဖန်တီးပြီး ရောဂါပိုးတွေကို ကာကွယ်နှိမ်နင်းပါတယ်။ အလွယ်ကူဆုံးနဲ့ ထင်သာမြင်သာတဲ့ဖြစ်ရပ်တစ်ခုကို ဥပမာပြရမယ်ဆိုရင် လက်ညှိုးကိုဆူးစူးလို့ အဲဒီဆူးဟာအရေပြားကိုထွင်းဖောက်ပြီး အသားထဲကိုစိုက်ဝင်သွားပါတယ်၊

ဆူးက အဆုံးဝင်သွားတဲ့အတွက် ဆွဲနုတ်ဖို့ရာ အစပျောက်နေပါတယ်။

ဒါပေမယ့် ခန္ဓာကိုယ် အစိတ်အပိုင်းဆိုင်ရာ တာဝန်ယူဆောင်ရွက်မှုအရ ဆူးရဲ့ပတ်ဝန်းကျင်မှာ ပြည်တွေဖြစ်သွားပါတယ်။ အဲဒီပြည်ကမှည့်သွားလို့ အလိုအလျောက်ပေါက်သွားတဲ့အခါမှာ အသားထဲကိုစူးဝင်နေတဲ့ ဆူးဟာပြည်နဲ့အတူ အသားရဲ့အပြင်ဘက်ကို ရောက်သွားစေပါတယ်။

လူသားတစ်ယောက်ရဲ့ အောင်မြင်မှုတွေအားလုံးဟာလည်း အဲဒီအတိုင်းပါပဲ။ သူ့အပိုင်းနဲ့သူ၊ သူ့ကဏ္ဍနဲ့သူ တာဝန်ယူဆောင်ရွက်ကြပါတယ်။ အကြံအစည်ကိုစဉ်းစားတဲ့ အစိတ်အပိုင်းက စဉ်းစားကြံစည်ပါတယ်။ ရည်မှန်းချက်တစ်ခုဖြစ်လာတဲ့အခါမှာလက်တွေ့အကောင်အထည်ဖော်တဲ့အပိုင်းက အကောင်အထည်ဖော်တော့တာပါ။ အဲဒီလိုဆောင်ရွက်ရာမှာ စိတ်ရဲ့စွမ်းအင်ကသူ့တာဝန်နဲ့သူတွန်းအားပေးပါတယ်။

တကယ်တော့မသိစိတ်နဲ့ သိစိတ်ရဲ့တစ်လှည့်စီဆောင်ရွက်မှုကို စိတ်စွမ်းအင်လို့ခေါ်တွင် အသုံးပြုလိုက်တာပဲဖြစ်ပါတယ်။လူသားရဲ့သီးသန့်ထိန်းချုပ်မှုအောက်မှာ သိစိတ်ရှိနေပါတယ်။ သိစိတ်ကိုလူက ထိန်းသိမ်းချုပ်ကိုင်ပါတယ်။ အဲဒီနည်းအတိုင်းအတိုင်းအဆမရှိ အသိဉာဏ်ရဲ့ ထိန်းသိမ်းချုပ်ကိုင်မှုအောက်မှာ မသိစိတ်ရှိနေပါတယ်။

နောက်ပြီး မသိစိတ်ဟာ သူ့ကိုထိန်းသိမ်းချုပ်ကိုင်ထားတဲ့ အတိုင်းအဆမရှိအသိဉာဏ်ကို သိစိတ်နဲ့ဆက်သွယ်ပေးပါတယ်။ဒါဟာ စိတ်ပိုင်းဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုတွေပဲ ဖြစ်ပါတယ်။ စောစောက တင်ပြခဲ့တဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းဆိုင်ရာ ရှိနေတဲ့ ဆဲလ်တွေလို သူ့နဲ့ဆိုင်ရာအစိတ်အပိုင်းအလိုက် တာဝန်ယူဆောင်ရွက်ကြတဲ့ သဘောအတိုင်းပါပဲ။

နေစကြဝဠာအတွင်းရှိနေကြတဲ့ ဂြိုဟ်တွေ နက္ခတ်တာရာတွေအားလုံးဟာ သူ့နေရာနဲ့သူ နေသားတကျဖြစ်တည်လည်ပတ်သွား

လာနေကြပါတယ်။ ဂြိုလ်တစ်ခုချင်း၊ နက္ခတ်တာရာတစ်ခုချင်း သူ့အပိုင်းလိုက်သူ တာဝန်ယူနေကြသလိုပါပဲ။ ဒီကမ္ဘာကြီးမှာလည်း မိုး၊ မြေ၊ နေ၊ လေ၊ တောတောင် သစ်ပင်ပန်းမန်တွေဟာလည်းတစ်ခုချင်း အသီးသီးတာဝန်ယူ ဆောင်ရွက်နေကြပါတယ်။ နောက်ပြီး တစ်ခုနဲ့တစ်ခု အမှီသဟဲပြုနေကြပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ စွမ်းအင်ဆိုတာလည်း သူ့အတိုင်းအတာနဲ့သူရှိနေကြပါတယ်။

အဲဒီ ဖြစ်တည်ဆောင်ရွက်ချက် အားလုံးကို စကြဝဠာဆိုင်ရာ အတိုင်းအဆမရှိအသိဉာဏ်နဲ့ ထိန်းချုပ်ထားတာပါ။ ဒါကြောင့်သာ အဲဒီရုပ်ဝတ္ထုတွေအားလုံးဟာ ကစဉ့်ကလျား ပျက်စီးမသွားခြင်း ဖြစ်ပါတယ်။

**အတိုင်းအဆမရှိအသိဉာဏ်**ဟာ ဆင်ခြင်သုံးသပ်မှုစွမ်းအင်ထက် အဆပေါင်းများစွာကြီးမားတယ်လို့ ပညာရှင်တချို့ကထင်မြင်ယူဆကြပါတယ်။ စကြဝဠာစွမ်းအင်ကို လူသားရဲ့ဦးနှောက်ထဲမှာ ထည့်သွင်းအသုံးပြုထားတယ်လို့လည်း သီဝရီအရ ကောက်ချက်ချပြောဆိုတာတွေလည်း ရှိပါတယ်။ အဲဒီ ဆင်ခြင်သုံးသပ်မှုတိုင်းတိကျမှန်ကန်တယ်လို့ အခိုင်အမာဆုပ်ကိုင်လို့ မရပါဘူး။

ဒါကြောင့်...တိကျခိုင်မာတဲ့ ဆင်ခြင်သုံးသပ်မှုရရှိဖို့ရရှိဖို့အတွက် အောက်ဖော်ပြပါ အစီအစဉ်တစ်ခုကို ရေးဆွဲထားပါတယ်။

ရှေးဦးစွာဆောင်ရွက်ရမှာက အချက်အလက်တွေကိုရရှိလာတဲ့အခါမှာ အဲဒီအချက်အလက်တွေဟာ တစ်ဆင့်ကြားလာတဲ့စကားလား၊ ဒါမှမဟုတ် ကောလာဟာလလားဆိုတာ အရှိအတိုင်းစိစစ်ဖို့လိုပါတယ်။ တချို့ကောလာဟာလတွေဆိုရင် သဘာဝပတ်ဝန်းကျင်ကိုအမှီပြုပြီး အမှန်တကယ်လိုလိုပုံဆောင်တာမျိုးရှိနေပါတယ်။ အဲဒီလိုထင်မြင်ယူဆတဲ့ ဖြစ်ရပ်တစ်ခုဖော်ပြဆဲအချက်နဲ့ တိုက်ဆိုင်နေတဲ့အတွက် ကောလဟာလနဲ့ပတ်သက်တဲ့ ကိုယ်တွေ့အကြောင်းအရာတစ်ခုကိုတင်ပြပါ့မယ်။

အချက်အလက်တွေချည်းဖော်ပြတာဟာ တစ်ခါတစ်လေ

စိတ်ထဲကို နက်နက်ရှိုင်းရှိုင်းစွဲဝင်ဖို့ မလွယ်ပါဘူး။ ဒါကြောင့်ဖြစ်ရပ်တစ်ခုနဲ့နှိုင်းယှဉ်တင်ပြခြင်းအားဖြင့် အသိဉာဏ်ထဲကိုပိုမိုစိမ့်ဝင်စေနိုင်ပါတယ်။

တစ်ခါက တော်မီဆိုတဲ့ စာရေးဆရာတစ်ယောက်ဟာ ခမ်းနားထည်ဝါတဲ့ ဇိမ်ခံသင်္ဘောကြီးတစ်စီးပေါ်မှာ ခရီးသည်အဖြစ်နဲ့လိုက်ပါလာခဲ့တယ်။ နေ့လယ်စာစားအပြီးမှာ သင်္ဘောကုန်းပတ်ပေါ်ကိုတက်ခဲ့တယ်။ အဲဒီကုန်းပေါ်ပေါ်မှာ ပက်လက်ကုလားထိုင်တွေပေါ်မှာ လူစေ့တက်စေ့ထိုင်နေကြတဲ့အတွက် တော်မီထိုင်ဖို့ကုလားထိုင်အလွတ်တစ်လုံးမှ မရှိတော့ပါဘူး။

နေ့လယ်နေ့ခင်းဖြစ်တဲ့အတွက် ခရီးသည်တွေဟာပင်လယ်ရေပြင်ဘက်ကိုမျက်နှာမူပြီး ပင်လယ်လေကို စိတ်အေးလက်အေးရှူရင်းတစ်ယောက်နဲ့တစ်ယောက် စကားပြောနေကြပါတယ်။ ဒါကြောင့် တော်မီအတွက် ပက်လက်ကုလားထိုင်အလွတ်တစ်လုံးမှာထိုင်ရဖို့တော်တော်နဲ့ မျှော်လင့်လို့မရနိုင်တဲ့အခြေအနေမျိုး ဖြစ်နေပါတယ်။ သူ့လိုပဲ ထိုင်စရာနေရာမရှိလို့ ကုန်းပတ်ရှေ့က ဝရန်တာလိုသင်္ဘောလက်ရန်းမှာရပ်နေတဲ့ လူရှစ်ယောက်ကိုလည်း တွေ့ရပါသေးတယ်။

တကယ်တော့အဲဒီပက်လက်ကုလားထိုင်တွေ အားလုံးဟာ သင်္ဘောကုမ္ပဏီက ချပေးထားတာဖြစ်တဲ့အတွက် ဘယ်သူမဆိုဦးရာလူ ထိုင်ခွင့်ရှိပါတယ်။ ထိုင်နေတဲ့လူမထသမျှ ရပ်စောင့်နေရမယ့်သဘောမျိုးဖြစ်နေပါတယ်။ တကယ်လို့ပက်လက်ကုလားထိုင်တွေပေါ်မှာ ထိုင်နေကြတဲ့လူတွေထဲက တစ်ယောက်ယောက်ထသွားတဲ့နေရာလွတ်ကိုတော့ ဘယ်သူပဲဖြစ်ဖြစ် ဝင်ထိုင်လို့ရပါတယ်။

ဒါကြောင့်တော်မီဟာ သင်္ဘောကုန်းပတ်လက်ရန်းကိုမှီပြီး ခဏရပ်တယ်။ နောက်ပြီး ပက်လက်ကုလားထိုင်တွေပေါ်က ထိုင်နေတဲ့လူအချို့ထလာအောင် တစ်ခုခုလုပ်ဖို့ အကြံထုတ်နေပါတယ်။ တော်မီကအတွေးအခေါ်ကောင်းတဲ့ စာရေးဆရာတစ်ယောက်ဖြစ်နေ

တဲ့အတွက် လောလောဆယ်အကြံတစ်ခုပေါ်လာတယ်။

အဲဒီအကြံကို အကောင်အထည်ဖော်ဖို့အတွက် ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်နေကြတဲ့လူတွေရှိရာကို ကျောခိုင်းလိုက်ပြီး မိုးကောင်းကင်ကိုမော့ကြည့်လိုက်တယ်။

ပြာလဲ့လဲ့မိုးကောင်းကင်မှာ တိမ်ဝါဂွမ်းစိုင်တွေဟာအဆုပ်ဆုပ်အမြွာမြွာပြန့် ကျဲလွင့်ပါးနေကြတယ်။ အဲဒီတိမ်သားတွေကို တလက်လက်တောက်ပနေတဲ့ နေရောင်ခြည်ကဖျန်းပက်ထားတယ်။

တော်မီက အဲဒီမိုးကောင်းကင်တစ်နေရာကို စူးစူးစိုက်စိုက်ကြည့်နေရာကလက်ညှိုးညွှန်ပြီး "ဟော..ဟိုမှာ..ဟိုမှာ..ဟိုဘက်ကိုရွေ့သွားပြီ။ ဟော ဟော နောက်တစ်ခု ဒီဘက်ကိုရောက်လာပြန်ပြီ"လို့ အနီးနားကလူတွေကြားလောက်ရုံ အာရုံစိုက်ပြီးဆက်လက်ကြည့်ရှုနေတယ်။

အဲဒီအချိန်မှာ ထိုင်နေကြတဲ့ လူတစ်ယောက်စနှစ်ယောက်စထလာကြတယ်။ အဲဒီလူတွေလည်း တော်မီလိုပဲ မိုးကောင်းကင်ကိုစိုက်ကြည့်ပြီး တစ်ခုခုထူးခြားတာမြင်ရမလားလို့ ကြည့်နေတယ် ထလာတဲ့လူတစ်ယောက်က "ဟိုမှာ..ဟိုမှာသေချာကြည့်..ပြောင်ပြောင်လက်လက်ကလေးတွေတယ်မဟုတ်လား"လို့မိုးကောင်းကင်ကိုလက်ညှိုးထိုးပြတယ်။ "ဘယ်မှာလဲ...ဘယ်မှာလဲ၊ အဲဒါ ပန်းကန်ပြားပျံဖြစ်နိုင်တယ် သိ^ပေးလွန်းလို့သာ သေးသေးမွှားမွှားလေးမြင်ရတာ"လို့ နောက်တစ်ယောက်က ထပ်ပြောတယ်။

နောက်တော့ ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်နေကြတဲ့ ခရီးသည်တွေ(၂၅)၊(၃၀)ယောက်လောက်ထလာကြပြီး ကောင်းကင်ပြာကို စူးစိုက်ရှာဖွေကြည့်ရှုကြတာပါပဲ။ တော်မီဖြစ်စေချင်သလိုဖြစ်သွားပြီ။ပက်လက်ကုလားထိုင်အရေအတွက်(၃၀)လောက်လွတ်နေပြီ။

တော်မီက နီးရာ ပက်လက်ကုလားထိုင်မှာ ကျကျနနဝင်ထိုင်ပြီးကျောမှီလိုက်တယ်။ ဒါပေမယ့်တစ်စတစ်စနဲ့ တော်မီကလွဲ

ရင် ကျန်တဲ့ခရီးသည်တွေအားလုံးနီးပါးဟာ ပက်လက်ကုလားထိုင်တွေပေါ်ကထသွားကြပြီး သင်္ဘောကုန်းပတ် လက်ရန်းနားမှာအုပ်လိုက် စုပြုံရပ်နေကြပြီး ကောင်းကင်ပြင်ကို မော့ကြည့်နေကြတယ်။ မော့ကြည့်နေကြတယ်။ အဲဒီလူအုပ်ထဲက အမျိုးသမီးတချို့ကလည်း လက်ညှိုးတထိုးထိုးနဲ့ . . .

“ဟော . . . ဟိုမှာ . . . သေချာကြည့်ရင်တွေ့လိမ့်မယ်၊အရှေ့ဘက်ကိုရွေ့လျားနေတာ . . . လှစ်ခနဲ့ . . . လှစ်ခနဲ မြန်လိုက်တာလွန်ရော၊တွေ့တယ်မဟုတ်လား” တဲ့။ ကျန်တဲ့လူတွေကလည်း “တွေ့တယ်၊ တွေ့တယ် . . . အဲဒါဂြိုလ်တုတော့ဟုတ်မယ် မထင်ဘူး၊ တခြားကမ္ဘာကလာတဲ့ယာဉ်ပဲဖြစ်ရမယ်” လို့ ပြောတယ်။ နောက်တစ်ယောက်က “ခင်ဗျား . . ပြောတာသိပ်သေချာတာပဲ။ အဲဒီဟာကရိုးရိုးသတ္တုနဲ့တည်ဆောက်ထားတာ မဟုတ်ဘူးဗျ။ ဂကယ့်ကိုပြာလဲ့နေတာပဲ” လို့ မှတ်ချက်ချလိုက်တယ်။ ကျန်တဲ့အမျိုးသား အမျိုးသမီးတချို့ကလည်း “ဟုတ်တယ် . . သိပ်ဟုတ်တာပဲ” ဆိုပြီးလှိုက်လှိုက်လှဲလှဲထောက်ခံနေကြတယ်။

အဲဒီအချိန်မှာ တော်မီဟာ ဇဝေဇဝါ ဖြစ်သွားတယ်။ တကယ်တော့ ပက်လက်ကုလားထိုင်တစ်လုံးလောက် လွတ်သွားစေချင်လို့ သူကိုယ်တိုင်တမင်တကာ ကောလဟလဖန်တီးလိုက်တာ၊ ဒါပေမယ့် အခုတော့စောစောက ကုလားထိုင်ပေါ်မှာထိုင်နေကြတဲ့လူတွေအားလုံးမိုးကောင်းကင်ကို လက်ညှိုးတွေထိုးပြီးသူတို့အချင်းချင်းညွှန်ပြပြောဆိုနေကြတယ်။ ကျန်တဲ့လူတွေလည်း အခိုင်အမာထောက်ခံနေကြတယ်။ “ဒါဆိုသူစောစောက ရမ်းသန်းပြီးညွှန်ပြခဲ့တာ တက်ယှ့်ပန်းကန်ပြားပျံတွေ အစစ်အမှန်ဖြစ်နေပြီလား” ဆိုတဲ့အတွေးနဲ့ကျကျနနထိုင် နေရာကထပြီး သင်္ဘောကုန်းပတ်လက်ရန်းနားအထိ လျှောက်သွားတော့တာပါပဲ။

အဲဒါဟာ တကယ်တော့သူလုပ်ကြံသတင်းလွှင့် ဖန်တီးခဲ့တဲ့ကောလဟလဟာ သူ့ကိုပြန်ပြီး လှည့်စားလိုက်တာပဲဖြစ်ပါတယ်

နေမွန်းတည့်ချိန်စန်းကျင်မှာ အပူရှိန်နဲ့အလင်းရောင်ဟာ အမြင့်မား ဆုံးဖြစ်ပါတယ်။

အဲဒီအချိန်မှာ မိုးကောင်းကင်ကိုခပ်ကြာကြာလေး စူးစိုက်ကြည့်ရင် အလိုအလျောက် စုစည်းဆွဲငင်ခါတ်နဲ့ ပေါင်းစပ်နေတဲ့ သတ္တုမြူမှုန်လေးတွေဟာ သေးငယ်ပေါ့ပါးတဲ့ အစိုင်အခဲကလေးတွေဖြစ်သွားကြပြီး မြင့်မားတဲ့ကောင်းကင်ယံမှာ လေဟုန်စီးလွင့်ပျံနေလေ့ရှိပါတယ်။ အဲဒါလေးတွေကို အင်မတန် စူးရှတဲ့နေရောင်ခြည်က တိုက်ရိုက်အလင်းရောင်ထိုးမိတဲ့အခါ ပြာလဲ့လဲ့ရောင်ပြန်တွေနဲ့ တလက်လက်ဖြစ်ပေါ်နေတာပါ။

ဒါကို မိမိလိုရာဆွဲတွေးပြီး ပန်းကန်ပြားပျံလို့ပြောလိုပြော တခြားကမ္ဘာလာတဲ့ ကမ္ဘာဆင်းယာဉ်လို့ သတ်မှတ်ကြတာတွေဖြစ်ကြောင်း နာဆာအာကာသ သိပ္ပံစခန်းကသိပ္ပံပညာ ရှင်တွေကိုယ်ကိုင် ရှင်းလင်းတင်ပြကြပါတယ်။

ကောလာဟာလ ဖြစ်ရပ်တစ်ခုကတော့ ဒါပါပဲ။

အဲဒီလိုမျိုးမိမိရရှိတဲ့အချက်ဟာ ကောလာဟာလမဟုတ်ဘဲ အမှန်အကန်ဖြစ်ကြောင်း စိစစ်သိရှိရတဲ့အခါမှာ ပဓာနနဲ့သာမညကို ခွဲခြားဖို့လိုအပ်ပါတယ်။

ရှင်းရှင်းပြောရရင် အရေးကြီးတာနဲ့ အရေးမကြီးတာကို ခွဲခြားတဲ့အခါမှာ အဓိက ရည်မှန်းချက် ဖြစ်ပေါ်စေနိုင်တာဟာ ပဓာနကျပါတယ်။ အဲဒီရည်မှန်းချက်ကို ကူညီပံ့ပိုးမယ့်အချက်အလက်ဟာ သာမညဖြစ်ပါတယ်။

တိကျတဲ့ ရည်မှန်းချက်အပေါ်မှာမူတည်ပြီး အားထုတ်ဆောင်ရွက်တဲ့အခါမှာ အာရုံစိုက်မှုနဲ့အတူ ပြင်းပြတဲ့ဆန္ဒနဲ့ဖော်ထုတ်ရပါလိမ့်မယ်။

အာရုံစူးစိုက်မှုရှိမှသာ ရှေ့ပိုင်းက ရှင်းလင်းတင်ပြခဲ့ပြီးတဲ့. . . .စိတ်စွမ်းအင်တွေ ဖြစ်ပေါ်လာမှာပါ။

ဒါမှသာ မိမိဖြစ်ချင်တဲ့ ကြွယ်ဝချမ်းသာမှု အပေါင်းကို

ပိုင်ဆိုင်ရရှိဖို့အတွက် အရှိန်အဟုန်တစ်ခုရရှိသွားပါလိမ့်မယ်။

**အဲဒီလို လမ်းကြောင်းမှန်မှန် သွားနေတဲ့အချိန်မှာ ယာယီ အရေးနိမ့်ခြင်းမျိုး၊ ဘေးက ဝေဖန်ပြစ်တင်မှုမျိုးတွေ၊ တစ်ခါတစ်ရံ အပျက်စိတ်ဝင်အောင် ဖန်တီးကာမျိုးတွေနဲ့ ရင်ဆိုင်ကောင်းရင်ဆိုင် ရဖွယ် ရှိတတ်ပါတယ်။**

အဲဒီအခါမျိုးကျရင် ယုံကြည်ချက်နဲ့အတူ ဇွဲ၊ လုံ့လနဲ့ ဦး တည်ချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားရင် မကြာမီကာလ အတွင်းမှာ သင်ဟာ **ချမ်းသာကြွယ်ဝမှု အလုံးစုံ**ကို လက်ဝယ်ရရှိ ပိုင်ဆိုင်နိုင်သူတစ်ယောက်အဖြစ် မလွဲမသွေရရှိ ခံစားနိုင်ပါပြီ။

ဖော်ပြခဲ့တဲ့ နည်းလမ်းတွေ…

သဘောတရားတွေဟာ…

နပိုလီယံဟေးလ်ကိုယ်တိုင် ကြွယ်ဝချမ်းသာမှုအလုံးစုံကို ရရှိပိုင်ဆိုင်နေကြတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေနဲ့ တွေ့ဆုံပြီး၊ အဲဒီပုဂ္ဂိုလ်ကြီးရဲ့ ကိုယ်တွေ့အောင်မြင်ခဲ့တဲ့နည်းလမ်းတွေ၊ သဘော တရားတွေကို မခြွင်းမချန်အမှန်အတိုင်း ဖော်ပြခဲ့ခြင်းဖြစ်ပါတယ်။

ဒီစာအုပ်ကို ထပ်တလဲလဲဖတ်ရှုပြီး လိုက်နာဆောင်ရွက်ခဲ့ ကြလို့ ချမ်းသာကြွယ်ဝနေကြတဲ့ နိုင်ငံတကာကလူတွေလိုဖြစ်ချင်ရင် တော့ သင့်အနေနဲ့ ဒီနေ့ကစပြီး လက်တွေ့အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်ဆောင်ရွက်နိုင်ပါပြီ။

**စွမ်းထက်အောင်**

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း - ၂၀၁၄၊ နိုဝင်ဘာလ
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၅၀၀
ထုတ်ဝေသူ - ဒေါ်မျိုးမျိုးလတ် (မြ-၀၅၀၈၉)
ရွှေခေတ်စာပေ၊ အမှတ်(၂၁)၊
ဒါနလမ်း၊ သာယာကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်။
အဖုံးနှင့်အတွင်းပုံနှိပ် - ဒေါ်ခင်ချိုချိုမြင့်
ကောင်းဆုအော့ဖ်ဆက်
အမှတ်(၅၂/ခ)၊ ရွှေယင်းမာလမ်း၊
၁၃ရပ်ကွက်၊ ရန်ကင်း။
ဖြန့်ချိရေး - ရင်ငြိမ်းစာပေ
ဖုန်း - ၀၉၅၁၀၀၈၅၂

**စွမ်းထက်အောင်**
**သူဌေးကြီးဖြစ်နည်း**
စွမ်းထက်အောင်၊ ရန်ကုန်။
မြိတ်စာပေ၊ ၂၀၁၃။
စာ ၁၅၆၊ ၁၇.၄ စင်တီ
သူဌေးကြီးမြင် ...

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးမှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# သူဌေးကြီးဖြစ်နည်း

## စွမ်းထက်အောင်



ဤစာအုပ်သည်နိုင်ငံတကာတွင်...
အကြိမ်ပေါင်း၉ ဒါဇင်ထက်မနည်း
ဘာသာမျိုးစုံဖြင့်ထုတ်ဝေခဲ့ပြီး
အသားတင်အမြတ် US ဒေါ်လာသန်း၇၀ ကျော်ရရှိခဲ့ပြီးဖြစ်သည်။

